www.burmeseclassic.com

ဂန္ဓီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ



# တြိခကွ (၈)

စက္ကောပါလ,စ,မ လိုက်ဂူ

www.burmeseclassic.com

www.burmeseclassic.com




# ဒဿယနုလက်ဆောင်

❖ ကြီးပွားချမ်းသာခြင်းရသူတို့မှာ
ကံကောင်းခြင်းက အနည်းငယ်၊
အခွင့်ကောင်းရခြင်းကအနည်းငယ်နှင့်
မှန်ကန်သောကြိုးစားအားထုတ်ခြင်းကများစွာ
တို့ကြောင့်သာ ရရှိခဲ့ကြခြင်းဖြစ်ပါတယ်၊

❖ အောင်မြင်သူတို့
ပထမဆုံး ကျော်ဖြတ်ရခြင်းမှာ
အခက်အခဲဖြစ်သည်၊
ကြီးပွားချမ်းသာသူတို့
ပထမဆုံး တွေကြုံရခြင်းမှာ
ဆင်းရဲခြင်းပင်ဖြစ်ပေသည်၊

❖ လူတိုင်း ရှုံးနိမ့်ဖို့အတွက်
ပြင်ဆင်လေ့မရှိကြပါ၊
ပြင်ဆင်ဖို့ ပျက်ကွက်ခြင်းကြောင့်သာ
အရှုံးနှင့်ရင်ဆိုင်တွေ့ရခြင်းဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



❖ လမ်းပျောက်နေလျှင်...
ဦးတည်ချက်ပျောက်နေတတ်သည်၊
ဦးတည်ချက်မပျောက်မှ
တွေ့သမျှလမ်းမှ လျှောက်သွားနိုင်ပေမည်၊

❖ ကြယ်ပွင့်တွေဆိုပေမယ့်
မီးတောက်တွေလို့ သံသယရှိနိုင်ပါတယ်၊
သစ္စာတရားကို မုသားတစ်ခုလို
သံသယ ရှိလို့ရပါတယ်၊
ချစ်ခြင်းမေတ္တာကိုတော့ သံသယမရှိပါနှင့်၊

❖ မီးအိမ်ကွဲတဲ့အခါ
အလင်းရောင်မရနိုင်ပါဘူး၊
စောင်းကြိုးပြတ်တဲ့အခါ
သီချင်းတီးလုံးသံ မရနိုင်ပါဘူး၊
ချစ်ခြင်းမေတ္တာ ပျက်ရင်တော့
ဘဝတစ်ခုလုံး ပျက်တော့တာပါပဲ...၊

ဒဿနလက်ဆောင်

❖ ချစ်သူအချင်းချင်း နားလည်သော
လျှို့ဝှက်သင်္ကေတကို
အဖြေရှာဖို့ရန် ခက်လှပါတယ်၊
အသည်းနှလုံးတူမှ...
အဖြေချင်းလည်း တူနိုင်ကြပါတယ်၊

❖ သစ္စာပျက်ခြင်းကြောင့်သော်လည်းကောင်း၊
စိမ်းကားရက်စက်ခြင်းကြောင့်သော်လည်း
ကောင်း..ပျက်စီးသွားသော ချစ်ခြင်းမေတ္တာ
သည် ပြန်လည်တည်ဆောက်၍
ရသည်ဆိုသော်လည်း..
အသစ်မဖြစ်နိုင်တော့ပါချေ....၊

❖ ဘဝမှာ နှစ်သက်စရာတွေ
အများကြီး တွေ့နိုင်ပါတယ်၊
အကောင်းဆုံးကလွဲပြီး
ဘာကိုမှ လက်မခံပါက
အကောင်းဆုံးကိုပဲ ရပါလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ရှုံးနိမ့်သွားသူက
ထိုရလာဒ်ကို မကျေမနပ်ဖြစ်နေချိန်မှာ..
အောင်နိုင်သူကတော့
ထိုရလာဒ်အတွက်
ကျေနပ်ပျော်ရွှင်နေပါလိမ့်မည်၊

❖ ဆေးစွမ်းကောင်းတစ်လက်သည်
အသက်ကို ရှည်စေပါတယ်၊
ကြည်နူးပျော်ရွှင်မှုကတော့
အသက်ရှည်ရုံမကပဲ
ကိုယ်ခန္ဓာပါ နုပျိုလန်းဆန်းလာစေပါတယ်၊

❖ ပစ္စည်းရောင်းသည်ဖြစ်စေ
အစားအသောက်ရောင်းသည်ဖြစ်စေ
ရောင်းသူလိုကြည့်ပြီး မလုပ်ဘဲ
ဝယ်သူလိုကြည့်ပြီး ပြုလုပ်ရောင်းချလျှင်
ကြီးပွားချမ်းသာနိုင်ပါတယ်...၊



# စာရေးသူ၏ အမှာစာ

ကျွန်တော်ရဲ့ စာပေခရီးလမ်းကို ပြန်ကြည့်လျှင်. . နှစ်ပေါင်း (၃၀)ကျော်ခဲ့ပြီ ဖြစ်ပါတယ်။

(၁၉၈၀)ခုနှစ် 'ပါးကွက်ရန်စွယ်' မဂ္ဂဇင်းဝတ္ထုရှည်နဲ့ စခဲ့ပြီး မဂ္ဂဇင်းမှာ ဝတ္ထုရေးသူဘဝနဲ့ (၁၀)နှစ်၊

(၁၉၉၀)ခုနှစ်. . 'အေးဆုပြည့်အောင် ကံကောင်းတစ်ဆောင်' အမည်နဲ့ ဘာသာရေးဆောင်းပါးတွေရေးပြီး မဂ္ဂဇင်းတစ်စောင်မှာ နယ်လှည့်အယ်ဒီတာဘဝနဲ့ (၁၀)နှစ်၊

(၂၀၀၂)ခုနှစ် "စက္ကောပါလသံသေဓား" လုံးချင်းဝတ္ထုနဲ့ အစပြုပြီး လုံးချင်းဝတ္ထုရှည်လောကမှာ ဖြတ်သန်းခဲ့တာ (၁၀)နှစ်ကျော်ခဲ့ပေပြီ။ လုံးချင်းအုပ်ရေလည်း အတော်များခဲ့ပေပြီ။

ခရီးလမ်းတလျှောက်မှာ တွေ့ခဲ့ရသော၊ လက်တွဲခဲ့ရသော၊ လက်တွဲဖြုတ်ခဲ့ရသော စာပေမိတ်ဆွေများ၊ စီးပွားဖက်များကို မမေ့ခဲ့ပါဘူး။

၄င်းတို့နဲ့ပတ်သက်တဲ့ ကျေးဇူးတရားတွေကိုလည်း မမေ့ခဲ့ပါဘူး။ မှန်သောစကားဖြစ်ပါတယ်။

ကျွန်တော့်စာမူများကို ထုတ်ဝေပေးခဲ့သော၊ ဖော်ပြပေးခဲ့သော မဂ္ဂဇင်းများ၊ စာပေတိုက်များကိုလည်း ကျေးဇူးတင်လျှက်ရှိပါတယ်၊ မေတ္တာပို့သလျက်ရှိပါတယ်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လုံးချင်းဝတ္ထုရှည်ကို စတင်ထုတ်ဝေပေးခဲ့သော မြို့
စာပေ၊ ထို့နောက် ရွှေသမင်စာပေ၊ ဉာဏ်ဝင်းစာပေ၊ သုခ
စာပေတို့နှင့် ယခုနောက်ပိုင်း ထုတ်ဝေပေးသော ဝဏ္ဏထွန်း
စာပေ၊ (၂၀၀၅)ခုနှစ် ဝန်းကျင်မှစပြီး ယခုထက်တိုင် လုံးချင်း
စာအုပ်များကို အဆက်မပြတ် ထုတ်ဝေပေးလျှက်ရှိသော
'အောင်မြင်စာပေ' အပါအဝင် စာပေတိုက်များရဲ့ ကျေးဇူးတရား
ကို မမေ့မလျော့ ရှိခဲ့ပါတယ်။

ကျွန်တော်ရဲ့ စာအုပ်များကို ဖြန့်ချိရောင်းချပေးသော
ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်ပါတယ်။

ကျေးဇူးတင်ထိုက်ဆုံးကတော့ ကျွန်တော့်ရဲ့ စာဖတ်
ပရိသတ်များ ဖြစ်ပါတယ်။

လုံးချင်းစာအုပ်များကို အစဉ်တစိုက် ဖတ်ရှုအားပေး
နေကြသော ကျွန်တော့်စာဖတ်ပရိသတ် အပေါင်းကိုလည်း . .
အထူးကျေးဇူးတင်ပါတယ်။ အမြဲ မေတ္တာပို့သပေးပါတယ်။

ထိုကျေးဇူးကိုဆပ်ရာရောက်စေရန် ဆက်လက်ရေး
သားမည့် စာအုပ်များကို သုတရသ၊ ဂုဏ်ရ စုံလင်စွာဖြင့် ရေးသား
ရန် ရည်ရွယ်ထားပါတယ်။


ကျွန်တော့် စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ
ကျမ်းမာချမ်းသာကြပါစေ. . . . .။

စာဖတ်သူများ၏ မေတ္တာရိပ်အောက်မှ. . . .

တြိစကွ







(စာရေးသူ၏ ပထမဆုံး လုံးချင်းဝတ္ထု)
(၂၀၀၂-ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ဘုရင့်နောင်သို့မဟုတ် စကြဝတေးမင်း
အခန်း(၂) စက္ကောပါလနန်းစဉ်ဓားနှင့် ရတနာများ
အခန်း(၃) ခွဲခွာခဲ့ရသော သစ္စာပြုဖက်များ
အခန်း(၄) လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရပညာ
အခန်း(၅) နီမောင်သို့မဟုတ် လက်ဖြောင့်လေးသမား
အခန်း(၆) ဝိညာဉ်ခေါ်လာသော လူသတ်ကောင်
အခန်း(၇) ထူးဆန်းသော ဓလေ့နှင့်အချစ်ကိုတန်ဖိုးထားသူ
အခန်း(၈) စ,မလိုက်ဂူဘယ်သူသိသလဲ
အခန်း(၉) ဘဝဖြင့်ရင်းကာ အလောင်းအစားပြုသူများ
အခန်း(၁၀) တန်ဖိုးရှိသော သဲလွန်စ
အခန်း(၁၁) လျှို့ဝှက်သော မြေပုံတစ်ခြမ်း
အခန်း(၁၂) ဦးဒီပနှင့် စောင့်ကြည့်နေသူများ
အခန်း(၁၃) မြနှင်းဖြူနှင့် ပြန်တွေ့ရခြင်း
အခန်း(၁၄) ဦးစွာရောက်လာသော အန္တရာယ်များ
အခန်း(၁၅) နိမိတ်ပြလာသော ဝိညာဉ်များ
အခန်း(၁၆) ကနှစ်ထပ်၊ တနှစ်ထပ်နေရာမှ ဝိညာဉ်များ
အခန်း(၁၇) စ,မလိုက်ဂူမှ နန်းစဉ်ရတနာများ
အခန်း(၁၈) ချစ်ခြင်းမေတ္တာနှင့် လောက၏အလှတရား




# အခန်း (၁)

## ဘုရင့်နောင် သို့မဟုတ် စကြဝတေးမင်း

မြန်မာနိုင်ငံအကြောင်းကို ရေးမည်၊ ပြောမည် ဆိုလျှင် မြန်မာနိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့ကြသော မင်းကောင်း၊ မင်းမြတ်တို့အကြောင်းကို ပြောရ၊ ရေးသားရပေမည်။

မြန်မာနိုင်ငံတွင် မင်းအဖြစ် စိုးစံခဲ့သော ဘုရင်များစွာ ရှိသည်။ သို့သော် ဘုရင်မဟုတ်သော ဘုရင်အတော်များများရှိပြီး 'မင်း'ဟု ခေါ်ဆိုထိုက်သော ဘုရင်ကတော့ ပြောပလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် မရှိခဲ့ပေ. . .။

ထီးနန်းကို ဖြစ်သလိုသိမ်းပိုက်ပြီး ဘုရင်လုပ်ကြသော်လည်း မင်းအဖြစ်တော့ မရနိုင်ခဲ့ကြပေ။

မင်းဆိုးမင်းညစ်၊ ဘုရင်ဆိုးဘုရင်ညစ်တွေလည်း အများကြီးရှိခဲ့သည်။

မြို့တစ်မြို့မှာ ဘုရင်လုပ်သော ဘုရင်အတော်များများရှိပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်နိုင်သောမင်းကတော့ အတော်နည်းသည်။

အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ ဘုရင့်နောင်မင်းတရားကြီးနှင့် အလောင်းမင်းတရားကြီး. . . စသည့် မင်းများကတော့ မြန်မာနိုင်ငံတော် ရာဇဝင်သမိုင်းမှာ ထင်ရှားခဲ့သော. . မင်းကောင်းမင်းမြတ်များ ဖြစ်ခဲ့ကြသည်။

ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်သော တောင်ငူခေတ်တွင်လည်းကောင်း. . တတိယမြန်မာနိုင်ငံတော်ကို ထူထောင်သော ကုန်းဘောင်ခေတ်တွင်သော်လည်းကောင်း. . မြန်မာနိုင်ငံကို ထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးနှင့် အလောင်းမင်းတရားကြီးတို့လက်ထက်တွင် မြန်မာနိုင်ငံ၏ အကျယ်အဝန်းနယ်နိမိတ်မှာ ယခုအခါထက် ပိုမိုကျယ်ဝန်းခဲ့လေသည်။

ကုန်းဘောင်မင်းများ အာဏာစက်ပြန့်နှံ့ခဲ့သည့် အချိန်က ယခုလက်ရှိ မြန်မာနိုင်ငံ နယ်နိမိတ်အကျယ်အဝန်းထက် သုံးပုံတစ်ပုံခန့် ပိုမိုကျယ်ဝန်းလေသည်။

ယခု ယိုးဒယားနိုင်ငံပိုင်အဖြစ် သတ်မှတ်ထားသော





မဲခေါင်မြစ်ကမ်းအထိ ရောက်လေသည်။

မြန်မာနိုင်ငံအနေဖြင့် တောင်ငူခေတ်တွင် အယုဒ္ဓယကို ဗဟိုပြုသည့် ယိုးဒယားနိုင်ငံနှင့် စတင်ထိတွေ့မှု ပြုလုပ်ခဲ့ကြလေသည်။

ထိုခေတ်အခါက ယိုးဒယားနိုင်ငံ၏ မြို့တော်မှာ အယုဒ္ဓယဖြစ်လေသည်။

အယုဒ္ဓယခေတ်တွင် မြန်မာနှင့် ယိုးဒယားတို့ စတင်ထိတွေ့ဆက်ဆံမှု ပြုခဲ့ကြသည်သာမက တင်းမာမှုများကြောင့် စစ်ပွဲများ စတင်ဖြစ်ပွားခဲ့ရသည်။

မင်းတရားရွှေထီးလက်ထက်တွင် မြန်မာတို့ပိုင်နက်ဖြစ်သော ထားဝယ်ကို ယိုးဒယားတို့က လာရောက်ထိပါးသောကြောင့် စစ်ပွဲများ စတင်ဖြစ်ပွားခဲ့ရသည်။

မင်းတရားရွှေထီးသည် ထားဝယ်ကို ဝင်ရောက်သိမ်းပိုက်ထားသော ယိုးဒယားတပ်များကို တိုက်ထုတ်ရန် စစ်သည် (၄၀၀၀၀)ပါဝင်သော ရေတပ်နှင့်၊ စစ်သည် (၈၀၀၀၀)ပါဝင်သော ကြည်းတပ်တို့ကို ထားဝယ်သို့ ချီစေခဲ့သည်။

မြန်မာတပ်များချီတက်လာသောသတင်းကို ကြားသောအခါ ယိုးဒယားတို့သည် ထားဝယ်မှ တနင်္သာရီသို့ ဆုတ်ခွာသွားကြလေသည်။

မြန်မာတပ်များသည် ထားဝယ်ကို သိမ်းပိုက်ပြီးနောက် ဆုတ်ခွာသွားသော ယိုးဒယားတပ်များကို လိုက်ခံတိုက်ခိုက်ရာ နောက်ပိုင်းမှ စစ်ကူမရသော ယိုးဒယားတပ်များမှာ အကျအဆုံးများစွာဖြင့် ဆုတ်ခွာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်အရေးအခင်းတွင် အောင်ပွဲရခဲ့ပြီးနောက်၊ မင်းတရားရွှေထီးသည် ခရစ်နှစ် (၁၅၄၈)ခုနှစ်တွင် ဟံသာဝတီမှ အယုဒ္ဓယသို့ ချီတက်လာခဲ့သည်။

အယုဒ္ဓယသို့ ချီတက်ရာတွင် မင်းတရားရွှေထီးသည် အနီးဆုံးလမ်းကို ရွေးချယ်အသုံးပြုခဲ့လေသည်။

တပ်များအစုံအညီ မော်လမြိုင်ဘက်ကမ်းသို့ ရောက်သောအခါ အထ္ထရံမြစ်ကြောင်းဖြင့် ဇမိမြို့သို့ ချီတက်သည်။ ဇမိမြို့မှ ကုန်းလမ်းခရီးဖြင့် မယ်ဆက်လခ်မြစ် (Mae Sak Lik)နှင့် မယ်ကရဆက်မြစ် (Mae Kra Sat) တို့ကို ဖြတ်ကျော်ကာ ဘုရားသုံးဆူတောင်ကြားလမ်းအတိုင်း ယိုးဒယားနယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ယိုးဒယားနယ်မြေအတွင်းသို့ ရောက်လျှင် မဲန္နိုက် (Mai Noi) မြစ်ကြောင်းဖြင့် စိုင်းယွတ် (Sai Yok) မြို့သို့ ချီသည်။

ထိုမှတစ်ဆင့် ခွေယိုင်မြစ် (Khwe Yai) မြစ်ကြောင်းအတိုင်း ကန်ချနဗူရီ (Kanchanaburi)သို့ ချီတက်လေသည်။ ကန်ချနဗူရီသို့ရောက်သောအခါ အခုအခံမရှိဘဲနှင့် မြန်မာတို့ အလွယ်တကူ ရလိုက်သည်။

ထိုမှ ယိုးဒယားတို့ အခိုင်အမာတပ်စွဲရာ ဆူပန်းဗူရီ (Supanburi) ရှေ့ရှုချီတက်ကာ တိုက်ခိုက်လေသည်။ မင်းတရားရွှေထီးလက်ထက်၌လည်း ယိုးဒယားတို့အား အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။

ထိုအခြေအနေမှာ ယိုးဒယားတို့နှင့် ပထမအကြိမ် စစ်ဖြစ်ရသောအကြောင်းဖြစ်သည်။





ဘုရင့်နောင်လက်ထက် ပထမအကြိမ် မြန်မာ-ယိုးဒယား စစ်ဖြစ်ရသည့် အကြောင်းရင်းမှာ ယိုးဒယား၌ ဆင်ဖြူလေးစီးရှိသည့်အနက် နှစ်စီးတောင်းသည်ကို မပေးသောကြောင့် ဖြစ်ရသည်။

ဆင်ဖြူသည် ဗုဒ္ဓဘာသာဝင်တို့အတွက် မြင့်မြတ်သောရတနာတစ်ပါးဖြစ်ပြီး ဆင်ဖြူရရှိပိုင်ဆိုင်သူသည် ဘုန်းတန်ခိုးကြီးမြတ်သည်ဟု အယူရှိကြသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်သော မြန်မာနှင့်ယိုးဒယားဘုရင်တို့သည် ဘုန်းတန်ခိုးကြီးသူများအဖြစ် ခံယူလိုကြသဖြင့် ဆင်ဖြူများကို ပိုင်ဆိုင်လိုကြသည်။

ထို့ကြောင့် ဘုရင့်နောင်သည် ဆင်ဖြူပိုင်ဆိုင်သော ယိုးဒယားဘုရင်ထံမှ ဆင်ဖြူနှစ်စီးပေးရန် သံစေလွှတ်၍ တောင်းဆိုခဲ့သည်။

ယိုးဒယားသည် မင်းတရားရွှေထီး လက်ထက်ကတည်းက ပဏ္ဏာဆက်နိုင်ငံ ဖြစ်ခဲ့သောကြောင့် ထိုသို့တောင်းဆိုခြင်းဖြစ်သည်။

ယိုးဒယားတို့က ဆင်ဖြူပေးရန် ငြင်းဆိုသည့်အပြင် အချေမင် တုန့်ပြန်သောကြောင့် ဘုရင့်နောင်သည် ခရစ်နှစ် (၁၅၆၃)ခုနှစ်တွင် ဟံသာဝတီမှ ယိုးဒယားသို့ ချီတက်ခဲ့သည်။

ဘုရင့်နောင်လက်ထက် ယိုးဒယားနိုင်ငံသို့ ချီရာတွင် မင်းတရားရွှေထီး ချီတက်စဉ်ကထက် စနစ်ကျပြီး ပိုမိုကောင်းနေသည့် အခြေအနေများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

ဘုရင့်နောင်သည် မင်းတရားရွှေထီးလက်ထက် ယိုးဒ



www.burmeseclassic.com

www.burmeseclassic.com

ယားသို့ ချီစဉ်က ပါဝင်ခဲ့သဖြင့် ယိုးဒယားနိုင်ငံ၏ ပထဝီဝင် အနေအထား၊ လူ့အင်အား၊ စစ်သည်လက်နက်အင်အား စသည်တို့ကို သိရှိခဲ့သည်။

သို့ဖြစ်၍ မိမိကိုယ်တိုင် ခေါင်းဆောင်ချီတက်သော အခါ မိမိ၏တပ်များကို ပြည့်စုံအောင် စီစဉ်နိုင်ခဲ့သည်။ စစ်အင်အားမှာလည်း မင်းတရားရွှေထီးလက်ထက်ကထက် ပို၍အင်အားကြီးမားသည်။

ထို့အပြင် ဘုရင့်နောင်သည် ယိုးဒယားတို့၏ စစ်ပရိယာယ်နှင့် သုံးစွဲသည့် လက်နက်များ၏ စွမ်းအင်ကို သိပြီးဖြစ်၍ ပိုမိုပစ်အားပြင်းထန်ထိရောက်သော အမြောက်ကြီးများကို ယူဆောင်လာနိုင်ခဲ့သည်။

ယိုးဒယားနိုင်ငံတွင်းသို့ ချီတက်ရာ၌လည်း ဘုရားသုံးဆူလမ်းမှ မချီတက်ဘဲ မယ်လမောင်းလမ်းမှ ချီတက်သဖြင့် လက်အောက်ခံဖြစ်သော ဇင်းမယ်မှ စားနပ်ရိက္ခာအမြောက်အများကို ရေကြောင်းမှ ရရှိနိုင်သည်။

ဘုရင့်နောင်သည် မြောက်ဘက်မယ်လမောင်းလမ်းမှ ဝင်ရောက်လာခြင်းကြောင့် ယိုးဒယားမြောက်ပိုင်းရှိ မြို့ရွာများကို အလွယ်တကူ သိမ်းပိုက်ရရှိလိုက်သည်။

ဘုရင့်နောင်သည် မြောက်ပိုင်းဒေသများကို ရရှိပြီးနောက် အယုဒ္ဓယသို့ ချက်ချင်းချီတက်ခြင်း မပြုခဲ့ပေ။ ၎င်း၏ အရံမြို့များကို ဦးစွာသိမ်းပိုက်ပြီးမှ အယုဒ္ဓယကို လုပ်ကြံရန် စီစဉ်သည်။

ဤသို့စီစဉ်ခြင်းသည် အယုဒ္ဓယကို ဝိုင်းရံလုပ်ကြံသည့်





အခါတွင် ၎င်း၏အရံမြို့များထံမှ အကူအညီလုံးဝ မရနိုင်အောင် ဖြစ်သည်။

ထို့ပြင် . . အရံမြို့များဖြစ်သော သောက္ကတဲ၊ ပိသာလောက်၊ သဝန်ခလောက်၊ ပိစဲ စသည်တို့ကို တိုက်ခိုက်ရာ၌ တစ်မြို့ပြီးမှတစ်မြို့ တိုက်ခိုက်ခြင်းမပြုဘဲ အားလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်သည့်အတွက် တစ်မြို့နှင့်တစ်မြို့ အကူအညီ မပေးနိုင်တော့ချေ။

အရံမြို့များကို သိမ်းပိုက်ပြီးသောအခါမှ အယုဒ္ဓယကို တိုက်ခိုက်ရန် စီစဉ်သည်။

အယုဒ္ဓယ၏ အပြင်ခံစစ်ကြောင်းကို အပြင်းအထန် တိုက်ခိုက်ပြီးမှသာ မြို့ကိုပိတ်ဆို့ဝိုင်းရံထားနိုင်သည်။

ယိုးဒယားဘုရင် ချက္ကရဖတ်သည် မင်းတရားရွှေထီး သာရောက်တိုက်ခိုက်စဉ်ကကဲ့သို့ပင် အယုဒ္ဓယမြို့၏ ပထဝီဝင် အနေအထားကို အားကိုးနေဆဲဖြစ်သည်။

ရိက္ခာပြတ်လတ်ခြင်းနှင့် မိုးရာသီရောက်လျှင် မြောက်ဘက်မှ စီးဆင်းလာသော ရေများက မြို့ပတ်ဝန်းကျင်ကို လွှမ်းမိုးခြင်း စသည်တို့ကြောင့် မြန်မာတပ်များ ဆုတ်ခွာသွားလိမ့်မည်ဟု မျှော်လင့်ထားသည်။

သို့သော် ဘုရင့်နောင်သည် အယုဒ္ဓယ၏ ပထဝီဝင် အနေအထားကို ကောင်းစွာသိထားသူဖြစ်သဖြင့် အယုဒ္ဓယကို ဝိုင်းရံလုပ်ကြံသည့်အခါ လိုအပ်မည့် အရာများကို ကြိုတင်ပြင်ဆင်ယူဆောင်လာခဲ့သည်။

အယုဒ္ဓယ ပတ်ဝန်းကျင်ရှိ မြစ်ချောင်းများတွင် အလွယ်


www.burmeseclassic.com

www.burmeseclassic.com



တကူသွားလာနိုင်ရန် လှေအမြောက်အများကို ယိုးဒယား မြောက်ပိုင်းမှ ယူဆောင်လာခဲ့သည်။

ထို့ပြင် မင်းတရားရွှေထီး ပိုင်းရံစဉ်က မြို့တွင်းသို့ ပ ခတ်သော အမြောက်များမှာ အားနည်း၍ ထိရောက်မှုမရှိသဖြ ယခုအကြိမ်တွင် မြို့တွင်းသို့ ထိထိရောက်ရောက် ပစ်ခတ်နိုင် အင်အားကောင်းသော အမြောက်ကြီးများကို ယူဆောင်ခဲ့သည်

ရိက္ခာပြဿနာနှင့် ပတ်သက်၍လည်း ဇင်းမယ်ကို သိ ပိုက်ရရှိထားပြီးနောက် ယိုးဒယားမြောက်ဘက်တစ်လွှားရှိ ဒေ များမှ ရိက္ခာများကို စုဆောင်း၍ . ဇင်းမယ်လှေတပ်ဖြင့် ကြောင်းမှ အလွယ်တကူ သယ်ယူရရှိနိုင်သည့် အခြေအ တွင် ရှိနေပေသည်။

ထိုသို့သော အခြေအနေများကြောင့် ချက္ကရဖတ် လင့်ထားသကဲ့သို့ မြန်မာတပ်များသည် ရိက္ခာပြတ်၍လည ကောင်း၊ ရေလွှမ်းမိုး၍လည်းကောင်း ပြန်လည်ဆုတ်ခွာသွား အကြောင်းမရှိသလောက် ဖြစ်နေပေသည်။

မြန်မာတပ်များသည် အမြောက်ကြီးများဖြင့် အယုဒ္ဓ မြို့တွင်းသို့ နေ့စဉ်ပစ်ခတ်ကြသဖြင့် မြို့သူမြို့သားတို့ စိတ်ဓာ ကျဆင်းလာသည်။

မူလကပင် စစ်မတိုက်လိုကြသည့် အရာရှိများကလည အမြန်ဆုံး စစ်ရပ်စဲရေးအတွက် မြန်မာတို့နှင့် စေ့စပ်ဆွေး ရန် ဘုရင်ကိုတိုက်တွန်းကြသည်။

ယိုးဒယားဘုရင်လည်း စစ်ရပ်စဲရန်မှတစ်ပါး အခြ နည်းလမ်းမမြင်သဖြင့် မြန်မာတို့နှင့် စစ်ရပ်စဲရေးအတွက် ဆွေး





ရန်၊ ဆင်ဖြူတစ်စီးကို လက်ဆောင်အဖြစ်ပေးရန် ဆရာတော် အချို့ကို စေလွှတ်ညှိနှိုင်းသည်။

ဘုရင့်နောင်က စစ်ရပ်စဲရန် သဘောတူလိုက်သောအ ခါ ယိုးဒယားဘုရင် ချက္ကရဖတ်ကိုယ်တိုင် လက်ဆောင်ပဏ္ဏာ များပေးဆက်ပြီး သစ္စာခံလာသည်။

ဘုရင့်နောင်သည် ယိုးဒယားဘုရင်ကို ဆက်ဆံရာ၌ စစ်သုံ့ပန်း အကျဉ်းသားတစ်ဦးကဲ့သို့ မဆက်ဆံခဲ့ချေ။

မိမိထက်နိမ့်သောနေရာ၌ ယိုးဒယားဘုရင်ကို နေစေ သော်လည်း မြန်မာဘုရင်အဆောင်အယောင်အားလုံးကို သုံးစွဲ ခွင့်ပေးသည့်အပြင် ဘုရင့်နောင်ကို ရှိမခိုးဘဲ နေခွင့်ပြုခဲ့သည်။

ချက္ကရဖတ်၏သားတော်ကြီး ပြမဟိန်ကို အယုဒ္ဓယ၌ နန်းတင်ခဲ့ပြီး ချက္ကရဖတ်ကိုသာ ဟံသာဝတီသို့ ခေါ်ထားသည်။

ဟံသာဝတီတွင် နေထိုင်နေစဉ် အတွင်းမှာလည်း ချက္က ရဖတ်ကို စကြောနှစ်ထပ်အိမ်ဖြူပေး၍ လွတ်လပ်စွာ နေခွင့် ပေးသည်။

ဤကဲ့သို့သော သဘောထားကြီးမှုမျိုးကို . မည်သည့် နိုင်ငံ၊ မည်သည့်ဘုရင်ကမျှ ပေးမည်မဟုတ်ပေ။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည်ဟု ခံယူထား သော အနောက်တိုင်းအရင်းရှင် နိုင်ငံကြီးများပင်လျှင် မိမိတို့ သိမ်းခဲ့၍ရရှိသော ဒေသများကို ကိုလိုနီအဖြစ် အပြီးအပိုင် သိမ်းပိုက်ခဲ့ကြသည်သာဖြစ်သည်။

ဘုရင့်နောင်အနေဖြင့် ယိုးဒယားဘုရင် ချက္ကရဖတ်ကို လွတ်လပ်စွာနေထိုင်ခွင့်ပေးခဲ့သဖြင့် ယိုးဒယားသို့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ချီတက်ရန် အကြောင်းပေါ်ပေါက်လာသည်။

ယိုးဒယားဘုရင်ဟောင်း ချက္ကရဖတ်သည် ဟံသာဝတီ တွင် ရဟန်းပြုနေရာမှ အယုဒ္ဓယသို့ ဘုရားဖူးရန်ဟု အကြောင် ပြကာ ထွက်သွားပြီး သားတော်နှင့်ပေါင်း၍ ပုန်ကန်သည်။

ထို့ကြောင့် "ဆင်ဖြူများရှင်" ဘွဲ့ခံ ဘုရင့်နောင်သည် ဒုတိယအကြိမ် ယိုးဒယားသို့ စစ်ချီရသည်။

ဤအကြိမ်တွင် ယိုးဒယားနိုင်ငံဘက်မှ လင်းဇင်း ကူညီသဖြင့် လင်းဇင်းတပ်များကို တိုက်ခိုက်နှိမ်နင်းပြီးမှ အ ဒ္ဓယကို ဝိုင်းရံပိတ်ဆို့ထားနိုင်သည်။

အယုဒ္ဓယမြို့မှ အမြောက်များဖြင့် ခုခံတိုက်ခိုက်သ မြန်မာတို့သည် မြို့ရိုးအနီးသို့ မချဉ်းကပ်နိုင်ဘဲ အမြောက်တ ကမ်းခွာ၍ တပ်စွဲရသည်။

တောင်ငူစား၊ ပုသိမ်စားတို့၏ တပ်များနှင့် မုတ္တမမှ တပ်များက မြို့၏မြောက်ဘက်တွင်လည်းကောင်း၊

မဟာဥပရာဇာနှင့် ပိဿလောက်မြို့စားတို့၏ တပ် က အရှေ့ဘက်တွင် လည်းကောင်း၊

အင်းဝမြို့စား၏ တပ်များက မြို့၏တောင်ဘက် လည်းကောင်း၊

သာယာဝတီစားနှင့် ဇင်းမယ်မှ အရံတပ်ဖွဲ့များက မြို့ အနောက်ဘက်တွင်လည်းကောင်း အသီးသီး တပ်စခန်းမ ၍ မြို့ကိုဝိုင်းရံထားကြသည်။

အယုဒ္ဓယမြို့တွင်းမှ အမြောက်ကြီးများဖြင့် ပစ်ခတ် သည့်အပြင် မြို့မှာ ကျွန်းဝိုင်းရံနေသဖြင့် မြို့၏ အရပ်လေး





မှ အလုံးအရင်းနှင့် တစ်ပြိုင်တည်းဝင်တိုက်ရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် မြောက်ဘက်၊ အနောက်ဘက်နှင့် တောင် ဘက်မျက်နှာတို့တွင် အယောင်ပြသဘောဖြင့် တပ်အနည်းငယ် သာ ချထားပြီး ကျွန်းကျဉ်းမြောင်းသည့် အရှေ့ဘက်မှ အလုံး အရင်းနှင့် ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်သည်။

ဘုရင့်နောင်ကိုယ်တိုင် အရှေ့ဘက်ခြမ်းတွင် တပ်စခန်း ကာ လိုအပ်သည်များကို စီစဉ်သည်။

ဘုရင့်နောင်သည် တိုက်ပွဲမြေအနေအထားနှင့် ရန်သူ ၏ ပစ်အားကို ချင့်ချိန်ကာ တပ်စခန်းမှ ကျွန်းနှုတ်ခမ်းအထိ ကတုတ်သုံးခုကို အဆင့်ဆင့် တည်ဆောက်ပြီး မြို့ကို ချဉ်းကပ် စီစဉ်ခဲ့သည်။

ယိုးဒယားတို့ဘက်က ပြင်းပြင်းထန်ထန် ပစ်ခတ်လာ ဖြင့် ခံကတုတ်တည်ဆောက်ခြင်းကို နေ့အချိန်တွင်မပြုလုပ် ဘဲ ညအချိန်တွင်သာ ပြုလုပ်နိုင်သည်။

နောက်ဆုံးခံကတုတ်ပြီးသွားသောအခါ မြန်မာတပ် သည် ကျွန်းနှုတ်ခမ်းသို့ တိုင်အောင် ချီတက်တပ်စွဲထားနိုင် သည်။

သို့သော် မြို့ကိုတိုက်ခိုက်ရန် ကျွန်းကို ဦးစွာကျော်ဖြတ် ည်ဖြစ်သဖြင့် ကျွန်းကိုဖြတ်ရန် မြေဖို့၍ ကျွန်းဖြတ်လမ်းများ လုပ်သုံးစွဲရန် စီစဉ်ရပြန်သည်။

ပြီးမြောက်သွားသော ကျွန်းဖြတ်လမ်းသုံးခုမှ မြန်မာ ကြောင်းသုံးခုသည် အလုံးအရင်းနှင့် အယုဒ္ဓယမြို့ကို တစ်ပြိုင် ည်းတိုက်ခိုက်ကြရာ မြို့ရိုးနှင့်ကျွန်းအကြားရှိ ယိုးဒယားခံတပ်



www.burmeseclassic.com

www.burmeseclassic.com


များကို သိမ်းပိုက်ရရှိခဲ့သည်။

မြန်မာတပ်များသည် မြို့ရိုးကို ချိုးဖောက်ဝင်ရောက်နိုင်သော်လည်း အတွင်းခံတုတ်များကို မသိမ်းနိုင်ချေ။

မြန်မာတို့သည် ယိုးဒယားမြို့တော်၏ မြို့ရိုးနီးပါးမြင့်သော မြေတောင်များဖို့ကာ ထိုတောင်ကုန်းထိပ်၌ အမြောက်ကြီးများတင်၍ မြို့တွင်းသို့ နေ့စဉ်ရက်ဆက် ပစ်ခတ်ကြပြန်သည်။

ယိုးဒယားဘုရင်ဟောင်း ချက္ကရာဖတ်သည် မြန်မာတပ်များဝိုင်းရံတိုက်ခိုက်နေစဉ် ကွယ်လွန်သွားသောအခါ ဗြမဟိန်ကစစ်ပြေငြိမ်းရန် စကားကမ်းလှမ်းခဲ့သည်။

သို့ရာတွင် မြန်မာတို့အနေဖြင့် အယုဒ္ဓယမြို့ကို လုံးဝသိမ်းပိုက်အောင်မြင်သည်အထိ တိုက်ခိုက်ရန်ရည်ရွယ်သည်။

ယိုးဒယားတို့ဘက်ကလည်း စစ်ကိုသာ ရပ်စဲလိုပြီး အညံ့ခံရန်ကိုမူ လုံးဝငြင်းဆိုလိုက်သည်။

ထို့ကြောင့် မြန်မာတပ်များသည် အယုဒ္ဓယကို ဆက်လက်ဝိုင်းရံခဲ့သည်။

ယိုးဒယားတို့ဘက်မှလည်း ဆက်လက်၍ အပြင်းအထန်ခုခံသဖြင့် မြန်မာတို့ အယုဒ္ဓယကို မသိမ်းပိုက်နိုင်ပေ။

ဘုရင့်နောင်သည် အယုဒ္ဓယမြို့ပြင်ကို ဝိုင်းရံတိုက်ခိုက်၍ မရနိုင်သောအခါ ယိုးဒယားလူမျိုး သူလျှိုကို အသုံးပြု၍ မြို့တွင်းသို့ စိမ့်ဝင်ထိုးဖောက်ကာ ရန်သူ၏စစ်ရေးကျဆုံးအောင် စီစဉ်ခဲ့သည်။

နောက်ဆုံးတွင် မြန်မာတို့သည် အယုဒ္ဓယမြို့တော်ကို သိမ်းပိုက်ရရှိခဲ့သည်။

ဘုရင့်နောင်သည် ယိုးဒယားနိုင်ငံကို မိမိ၏သစ္စာခံအဖြစ် အရှည်အကြာထားရှိနိုင်စေရန် မြန်မာတို့ဘက်က ကူညီတိုက်ခိုက်ခဲ့သော ယိုးဒယားဘုရင်ဟောင်း ချက္ကရဖတ်၏သားတော်ပိဿလောက်မြို့စား ဗြမဟာဓမ္မရာဇာ (စော်ဘွားသောင်ကျည်)ကို ယိုးဒယားဘုရင်အဖြစ် ခရစ်နှစ် (၁၅၆၉)ခုနှစ်တွင် တင်မြှောက်ခဲ့သည်။

ဤသို့ဖြင့် ဘုရင့်နောင် နတ်ရွာစံသည့်အချိန်အထိ ယိုးဒယားသည် မြန်မာတို့၏လက်အောက်ခံအဖြစ် ပြေလည်စွာ ဆက်ခံခဲ့သည်။

အယုဒ္ဓယကို ဘုရင့်နောင်လက်ထက်တွင် ရခဲ့ပြန်ရာ နှစ်ကြိမ်မြောက် ရရှိခြင်းပင်ဖြစ်သည်။

သို့ကြောင့် ယိုးဒယားတို့က ဘုရင့်နောင်ကို "စကြဝတေးမင်း" အဖြစ် လက်ခံခဲ့ကြသည်။


ယိုးဒယားရာဇဝင်များတွင် ဘုရင့်နောင်အား အလွန်ဘုန်းကြီးသော မင်းဖြစ်သည်ဟု အသိအမှတ်ပြုကြရသည်။

စစ်သည်အင်အား (၉၀၀၀၀၀)ကိုးသိန်းခန့်ရှိသော တပ်တော်ကြီး ချီတက်လာသောအသံမှာ မိုးခြိမ်းသံကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းကြောင်း မှတ်တမ်းတင်ထားခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com


တတိယမြန်မာနိုင်ငံတော်မြေပုံ



# အခန်း (၂)

## စကြ္ကာပါလနန်းဝင်ဓားနှင့် ရတနာများ

မြန်မာရာဇဝင်ကျမ်းများတွင် ဇင်းမယ် (Chiangmai) ကို ဟရိပုဉ္စတိုင်း ယွန်းပြည်ဟု ဖော်ပြလေ့ရှိသည်။

မဲနမ်မြစ်ဖျား၌ရှိသော ဇင်းမယ်သည် ရှေးအခါက အယုဒ္ဓယ၏ ပြိုင်ဘက်ပြည်ထောင်တစ်ခု ဖြစ်ခဲ့လေသည်။

အယုဒ္ဓယသည် မြောက်ဘက်ပြည်ထောင်များဖြစ်သော ဇင်းမယ်၊ ကျိုင်းရဲတို့နှင့် စစ်အကြိမ်ကြိမ် ဖြစ်ပွားခဲ့ရသည်။

ဇင်းမယ်သည် ခရစ်နှစ်(၁၂၉၆)ခုနှစ်တွင် စတင်တည်


www.burmeseclassic.com

www.burmeseclassic.com

ထောင်သည့်အချိန်မှစပြီး (၁၈)ရာစု အလယ်အထိ နှစ်ပေါင်း (၄၀၀)ကျော်အထိ မြန်မာနိုင်ငံနှင့် ဆက်ဆံမှုရှိခဲ့သည်။

အယုဒ္ဓယကို စစ်ရေးအရ ချီတက်တိုက်ခိုက်ရာတွင် ဇင်းမယ်သည် မြန်မာတပ်များအတွက် အထောက်အပံ့များစွာ ရခဲ့သောနေရာလည်း ဖြစ်ခဲ့လေသည်။

နောက်ပိုင်း ဘုရင့်နောင်ကွယ်လွန်ပြီးနောက် နန်းတက်လာသော နန္ဒဘုရင်လက်ထက်တွင် အဆင်မပြေ ဖြစ်လာကြပြီးနောက် ဇင်းမယ်သည် အယုဒ္ဓယနှင့် ပိုမိုနီးစပ်မှုရှိလာခဲ့လေသည်။

ထိုအခြေအနေကြောင့်. . ဘုရင့်နောင်လက်ထက်က မြန်မာဘုရင်၏ သစ္စာတော်ခံဖြစ်သော အယုဒ္ဓယသည် တစ်ကျော့ပြန်ကာ ခေါင်းထောင်ထလာလေတော့သည်။

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာရှိသော မြို့ရွာများကို ပြန်လည်ထိပါးလာပြန်လေသည်။

အလောင်းမင်းတရားလက်ထက် ရောက်သောအခါ ယိုးဒယားမြန်မာစစ်ပွဲများ ပြန်လည်ပေါ်ပေါက်လာရပြန်သည်။

ဖြစ်ပွားရသောအကြောင်းအရင်းမှာလည်း မြန်မာနိုင်ငံ နယ်နိမိတ်တို့ကို ထိပါးသိမ်းပိုက်လာသောကြောင့်ပင်ဖြစ်သည်။ အလောင်းမင်းတရားလက်ထက်၌ ဖြစ်ပေသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားလက်ထက်တွင် မြန်မာ-ယိုးဒယား စစ်ပွဲများ ပေါ်ပေါက်လာခဲ့သည်။

အလောင်းမင်းတရားလက်ထက် မြန်မာ-ယိုးဒယား





စစ်ပွဲ ဖြစ်ပွားရသည့် အကြောင်းရင်းမှာလည်း ယိုးဒယားတို့က မြန်မာတို့ပိုင်နက်ဖြစ်သော ထားဝယ်မြို့ ကျေးစွန်ရွာများကို ထိပါးလာခြင်းကြောင့်ဖြစ်သည်။ မြန်မာတို့က စတင်ကျူးကျော်ခြင်းကြောင့်မဟုတ်ပေ။

ယိုးဒယားတို့သည် မြန်မာတို့ ထားဝယ်မြို့သို့ စေလွှတ်သည့် သင်္ဘော၊ သမ္ဗာန်များကို သိမ်းယူကြောင်းကို ကြားသိသဖြင့် အလောင်းမင်းတရားကိုယ်တော်တိုင် ချီတက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပထမဦးစွာထားဝယ်မြို့ကို ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတက်တိုက်ခိုက်သည်။

ထို့နောက် တနင်္သာရီနှင့် မြိတ်မြို့ကို ဆက်လက်တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်သည်။

ယင်းနှစ်မြို့လုံးကို အလွယ်တကူပင် သိမ်းပိုင်နိုင်ခဲ့သည်။ မြန်မာတပ်များသည် အောင်ပွဲဆက်တိုက် ရရှိပြီးနောက် ယိုးဒယားနယ်မြေတွင်းသို့ ဆက်လက်ချီတက်သည်။

အလောင်းမင်းတရား၏ တပ်များသည် ယခင်ချီတက်နေကျ ဘုရားသုံးဆူတောင်ကြားလမ်းနှင့် မဲလမောင်းလမ်းမှ မချီတက်ဘဲ ယိုးဒယားတို့ မမျှော်လင့်သည့် တနင်္သာရီတောင်တန်းများကို ဖြတ်ကျော်ပြီး ကွေး (Kuey)နှင့် ပရမ်မြို့များသို့ ချီတက်ရောက်ရှိလာသည်။

အလောင်းမင်းတရားသည် စစ်ချီစစ်တက်မှုတွင် တိကျသေချာမှုရှိသည်။ မိမိတပ်များ စစ်ရေးငင်စဉ် လမ်းခရီးတွင် စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရန် အထူးဂရုစိုက် ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရှိရသည်။

စခန်းချတပ်စွဲရာ ဒေသများတွင်လည်း မြန်မာစစ်သည်တော်များ ရမ်းကားဟော့ရမ်းမှုမရှိစေရန် ကြပ်ကြပ်မတ်မတ် အမိန့်တော်များ ထုတ်ပြန်ပြီး ဥဒဟို ဝင်ထွက်သွားလာခြင်းကို တားမြစ်သည်။

ဤသည်မှာ စည်းကမ်းကောင်းသော တပ်မတော်ဖြစ်စေရန် အလောင်းမင်းတရား ရည်ရွယ်ကြောင်း ထင်ရှားပေသည်။

မြန်မာတပ်များသည် ကွေး (Kuey) မြို့ကို သိမ်းပိုက်ရရှိပြီးနောက် ပက်ချာဘူရီမြို့ကို ဆက်လက်သိမ်းပိုက်ရရှိခဲ့သည်။

အလောင်းမင်းတရားသည် မိမိတပ်သားများ၏ ရိက္ခာအတွက်သာမက မိမိသိမ်းပိုက်ရရှိထားသော ဒေသခံပြည်သူတို့၏ စားနပ်ရိက္ခာဖူလုံမှုကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြောင်း ၎င်းထုတ်ပြန်သောအမိန့်တော်တွင် တွေ့ရှိရသည်။

အလောင်းမင်းတရားသည် ပျက်ချာဘူရီမြို့ကို သိမ်းပိုက်ရရှိပြီးနောက် ရပ်ဗူရီ(Ratburi) မြို့သို့ ဆက်လက်ချီတက်သည်။

ရက်ဗူရီမြို့သို့ ဦးစွာရောက်ရှိလာသော မင်းခေါင်နော်ရထာ၏ တပ်များကို ယိုးဒယားတပ်များက အလုံးအရင်းနှင့် ဖိဖိစီးစီး တိုက်ကြသော်လည်း ကြာရှည်ခုခံတိုက်ခိုက်နိုင်စွမ်း မရှိဘဲ ယိုးဒယားတို့ စစ်ရှုံးနိမ့်ရခြင်းဖြစ်သည်။

မြန်မာတပ်များသည် ဆူဖန်ဘူရီ (Suphenburi) မြို့ကိုလည်း အလွယ်တကူပင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။





ဤကဲ့သို့ ယိုးဒယားတပ်များ အစဉ်အမြဲ အရေးနိမ့်နေသဖြင့် အယုဒ္ဓယမြို့သူမြို့သားများသည် တုန်လှုပ်ခြောက်ခြားလာပြီး လက်ရှိ ဘုရင်ဆွန်ဒက်ဖရာ့ချောက်ဧကထာဒ် (Somdet Phra Chow Akatat) အပေါ် ယုံကြည်အားထားမှု လျော့ပါးလာသည်။ သို့ဖြစ်၍ နန်းတွင်းအရှုပ်အထွေးများ၊ ဆန့်ကျင်မှုများ ပေါ်ပေါက်လာသည်။

ထို့ကြောင့် အယုဒ္ဓယမြို့တွင်းရှိ မှူးကြီးမတ်ကြီးများက ယိုးဒယားမင်းသားကြီး ဥတမ်ပုံ (Utumpum)အား မင်းအဖြစ် တင်မြှောက်ပြီး မြန်မာတို့အား ခုခံတိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်ခဲ့သည်။

မြန်မာတို့သည် ချက္ကရတ်(Chakarat) မြစ်ကို ဖြတ်ကူး၍ ခံကတုတ်ပေါင်းများစွာကို တိုက်ခိုက်ဖျက်ဆီးကြသည်။

တိုက်ပွဲဖြစ်ပွားရာနေရာသို့ အလောင်းမင်းတရား ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲသည်။

ယိုးဒယားတို့သည် အယုဒ္ဓယမြို့ကို ခိုင်လုံအောင်ပြုပြီး ခံစစ်သာ တိုက်ခိုက်လာခဲ့သည်။

မြန်မာတပ်များသည်လည်း အယုဒ္ဓယမြို့နှင့် အနီးဆုံးတွင် တပ်စွဲထားကြသည်။

စစ်သဘောအရ ယိုးဒယားတို့သည် မြန်မာတို့နှင့် ရင်ဆိုင်တိုက်ခိုက်လိုခြင်းမရှိဘဲ မြန်မာတပ်များ အခက်အခဲနှင့် ပြန်လည်ဆုတ်ခွာမည့်အချိန်ကိုသာ စောင့်ဆိုင်းလိုသည်။

ဆုတ်ခွာမည့် မြန်မာတပ်များနောက်မှ လိုက်လံတိုက်ခိုက်လိုသည့် စိတ်ဓာတ်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားမင်းသည် စစ်ကိုအချိန်ဆွဲလိုသဖြင့်. . အလောင်းမင်းတရားထံသို့ ဆင်ကြီး၊ မြင်းကြီး လက်ဆောင်တော်များနှင့်အတူ ယိုးဒယားအမတ်ကြီးသုံးဦးကို စေလွှတ်ဆက်သလာသည်။

ယိုးဒယားတို့သည် မိမိတို့နိုင်ငံတွင် စည်းစိမ်မပျက် ထီးနန်းအဆက်ဆက် အုပ်ချုပ်လိုကြောင်းများကို လျှောက်ထားလာကြသည်။

အလောင်းမင်းတရားကလည်း ယိုးဒယားအမတ်ကြီးသုံးဦးတို့အား မြန်မာတို့၏ စိတ်သဘောရင်းကို ယိုးဒယားမင်းသိစေရန် အမိန့်တော်ရှိရာတွင် ယိုးဒယားပြည်၌ သာသနာတော်မပွင့်လင်း၍ သာသနာပြုရန် လာခြင်းသက်သက်မျှသာဖြစ်ကြောင်း၊ ယိုးဒယားမင်းနှင့် တိုင်းပြည်၏ စည်းစိမ်ထီးနန်းကိုဖျက်ဆီးလိုသည့် ဆန္ဒမရှိကြောင်း ထည့်သွင်းမိန့်ကြားခဲ့သည်။

ထိုအတောအတွင်း အလောင်းမင်းတရားကြီး မကျန်းမမာဖြစ်လာသဖြင့် သားတော်မြေဒူးမင်းနှင့် မင်းခေါင်နော်ရထာတို့က အယုဒ္ဓယမြို့ကို တိုက်ခိုက်ခြင်း မပြုတော့ဘဲ မိုးကုန်သည့်အခါမှသာ တိုက်ခိုက်ရန် လျှောက်ထားကြသည်။

အလောင်းမင်းတရားကလည်း သဘောတူသဖြင့်. . အယုဒ္ဓယကို ဝိုင်းရံနေခြင်းမှ အရံဖြုတ်ပြီး တပ်များဆုတ်ခွာရန် အမိန့်ပေးသည်။

မင်းခေါင်နော်ရထာ ဦးဆောင်သည့် တပ်ကို နောက်ချန်ထားပြီး မြန်မာတပ်များသည် ခရစ်နှစ် (၁၇၆၀)ပြည့်နှစ်၊ ဧပြီလ (၁၇)ရက်နေ့တွင် ယိုးဒယားမှ ပြန်လည်ဆုတ်ခွာလာခဲ့သည်။





ထိုသို့ဆုတ်ခွာလာခဲ့ရာ မုတ္တမမြို့၊ ကျေးကင်းရွာသို့ အရောက်တွင် နာမကျန်းဖြစ်နေသည့် အလောင်းမင်းတရားသည် ခရစ်နှစ် (၁၇၆၀)ပြည့်နှစ်၊ မေလ (၁၁)ရက်နေ့တွင် နတ်ရွာစံခဲ့သည်။

အလောင်းမင်းတရား နတ်ရွာစံခဲ့ပြီးနောက်ပိုင်းမှာလည်း ယိုးဒယားမြန်မာစစ်ပွဲများကတော့ ဆက်လက်ဖြစ်ပွားခဲ့ကြရသေးသည်။

ယခုရေးသားသော ဝတ္ထုစတင်ဖြစ်ပေါ်ခဲ့ရသော အကြောင်းအရာအချို့မှာ အလောင်းမင်းတရားကြီးနတ်ရွာစံခဲ့ပြီးနောက်ပိုင်းအချိန်မှ စတင်ခဲ့ခြင်းဖြစ်ပေသည်။

အလောင်းမင်းတရား အယုဒ္ဓယသို့ ချီတက်သောအချိန်တွင် မြန်မာဘုရင်တပ်တွင် လူမျိုးပေါင်းစုံတို့ပါဝင်လေသည်။ ထိုတပ်မတော်တွင် ယိုးဒယားဘက်မှ သစ္စာတော်ခံလာသူအချို့ပင် ပါဝင်လေသည်။

ထိုအထဲတွင်. . ဗိုလ်စက္ကာ၊ ဗိုလ်ခေသ၊ ဗိုလ်ဗလ၊ ဗိုလ်ဝဏ္ဏ တို့လေးယောက်လည်း အပါအဝင်ဖြစ်လေသည်။

၎င်းတို့လေးယောက်သည် ရမ်ဗူရီမြို့နှင့် ဆူဖန်ဘူရီမြို့များကို တိုက်ခိုက်သိမ်းပိုက်ရာတွင် ဦးဆောင်တိုက်ခိုက်ကြသူများဖြစ်ကြလေသည်။

ဆူဖန်ဘူရီမြို့ကို တိုက်ခိုက်သိမ်းပိုက်သောအချိန်တွင် နန်းတွင်းရတနာများ ထည့်ထားသော ရတနာသေတ္တာတစ်လုံးနှင့် ပတ္တမြားကျောက်စီဓားတစ်လက်ကို ရကြလေသည်။

ကျောက်စီဓားမှာ နန်းစဉ်ဓားတစ်လက်ဖြစ်ပြီး "စက္ကာ



www.burmeseclassic.com

www.burmeseclassic.com



ပါလ လက်သုံးတော် နန်းစဥ်ဓား" ဟု စာတန်းရေးထိုးထားလေသည်။ သူတို့လေးယောက်မှာ ရတနာသေတ္တာကို ရသည်ထက် နန်းစဥ်ဓားကိုရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ထိုအချိန်က အလောင်းမင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်ခဲ့သည့် အချိန်လည်းဖြစ်သဖြင့် အခြေအနေက ရှုတ်ထွေးနေသော အချိန်လည်းဖြစ်သည်။

ထို့ကြောင့် သားတော် မြေဒူးမင်းနှင့် မင်းခေါင်နော်ရ တာတို့က စစ်ကြောင်းများကို တပ်ခေါက်ပြီး နောက်ကြောင်းပြန် ရန် ပြင်ဆင်ကြလေသည်။

ထိုအချိန်တွင် တပ်မတော်တွင် ဝင်ရောက်တာဝန်ထမ်း ဆောင်နေကြသော စစ်သည်ရဲမက်အချို့မှာ ဟံသာဝတီသို့ ပြန် မလိုက်လိုကြတော့သဖြင့်. . .

"နောက်တစ်ကြိမ် စစ်ရေးစစ်ရာပြင်ပါက လာရောက် အကူအညီပေးပါမည်"

ဟု ကတိသစ္စာခံယူကာ ၄င်းတို့နေရပ်သို့ ပြန်သွားကြ လေသည်။

သားတော် မြေဒူးမင်းကလည်း ခွင့်ပြုပေးခဲ့လေသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူကာ ဗိုလ်စက္ကတို့ လေး ယောက်လည်း နေရပ်သို့ ပြန်ခွင့်ပြုရန် ခွင့်တောင်းပြီး ပြန်ကြ လေသည်။

၄င်းတို့လေးယောက်ကတော့ အခြားသူများကဲ့သို့ ဒိုးဒိုး ပြန်ကြသည်မဟုတ်ဘဲ အကြံအစည်ရှိသဖြင့် ဥပါယ်တံမျဥ်ဖြ





ထွက်ကြခြင်းဖြစ်ပေသည်။

ထိုသို့ပြန်ထွက်ခဲ့ကြပြီးနောက်တွင် သိုဝှက်ထားသော နန်းစဥ်ရတနာများ ထည့်ထားသော ရတနာသေတ္တာနှင့် နန်းစဥ် ဓားကိုပါ လျှို့ဝှက်စွာယူဆောင်သွားကြလေသည်။

ထိုစစ်ဗိုလ်လေးယောက်တို့အကြောင်းကိုလည်း အ သေးငယ်ထည့်သွင်းရေးသားရပေမည်။

ထိုလေးယောက်ကို ခေါင်းဆောင်သော ဗိုလ်စက္ကမှာ မြန်မာလူမျိုးတစ်ဦးဖြစ်ပြီး ရဲစွမ်းသတ္တိလည်းရှိ၊ ကြံရည်ဖန်ရည် လည်းကောင်းသူဖြစ်သည်။

ဗိုလ်ခေသဆိုသူကတော့ ယိုးဒယားလူမျိုးဖြစ်ပြီး အ လောင်းမင်းတရားကြီး ယိုးဒယားကို ချီတက်တိုက်ခိုက်စဥ်က တစ်ဖက်မှ ဝင်ရောက်ခိုလှုံလာသော စစ်ဗိုလ်တစ်ဦးဖြစ်သည်။

သူတို့ရလာသော ရတနာများနှင့် နန်းစဥ်ဓားကိုရရှိခြင်း မှာ ဗိုလ်ခေသ ပြောပြသောကြောင့် ရခဲ့ကြခြင်းဖြစ်ပေသည်။

ဗိုလ်ဗလ ဆိုသူက ရှမ်းလူမျိုးတစ်ဦးဖြစ်ပြီး နယ်စပ် ဒေသများကို ကျွမ်းကျင်မှုရှိသူတစ်ဦးဖြစ်သည်။

ဗိုလ်ဝဏ္ဏက မွန်လူမျိုးဖြစ်ပြီး တိုက်ခိုက်မှုကောင်းသူ တစ်ဦး ဖြစ်ကြလေသည်။

သူတို့လေးယောက်သည် ဘုရင်တပ်မှ ထွက်ခဲ့ကြပြီး နောက်တွင် ဝှက်ထားသော နန်းစဥ်ဓားနှင့် ရတနာများကို ယူပြီး နယ်စပ်ဘက်သို့ ထွက်ခဲ့ကြလေသည်။

၄င်းတို့အကြောင်းကိုသိသော တပ်သားအချို့က မြေဒူး မင်းနှင့် မင်းခေါင်နော်ရထာတို့ကို ပြန်လည်လျှောက်တင်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ထိုစကားကြားသောအခါ မြေဒူးမင်းမှာ များစွာဒေါ
ဖြစ်သဖြင့် ထိုလေးယောက်ကို မတွေ့တွေ့အောင်ရှာဖွေပြီး ရှေ
တော်မှောက် ခေါ်ဆောင်လာရန် မင်းခေါင်နော်ရထာအား အ
မိန့်တော်ပေးသည်။

မင်းခေါင်နော်ရထာလည်း တိုက်ရည်ခိုက်ရည်ကော
သော တပ်သားနှစ်ကျိပ်တို့ကို စုရုံးစေပြီး ဗိုလ်ဇုဋ္ဌဆိုသော
ဗိုလ်တစ်ဦးအား ဦးဆောင်စေလျှက် ထွက်သွားသော စစ်ဗိုလ
လေးယောက်နောက်သို့ လိုက်စေသည်။

"ဒင်းတို့လေးယောက်ကို အသေပဲရရ၊ အရှင်ပဲရရ
ငါ့ရှေ့တော်မှောက် ရောက်အောင်ဖမ်းဆီး ခေါ်ဆောင်လာခဲ့
တော့"

ဟု အမိန့်ပေးလိုက်ရာ ဗိုလ်ဇုဋ္ဌလည်း လက်ရွေးစင်တ
သားနှစ်ကျိပ် (စစ်သည်-၂၀)တို့ကို လက်နက်လေးမြား၊ သေန
မီးပေါက်တို့ အစုံအလင်ယူဆောင်စေလျှက် ၎င်းနောက
လိုက်ပါစေရန် ခေါ်ဆောင်ပြီး နောက်မှလိုက်ကြလေသည်။

ရှေ့မှထွက်သွားသော ဗိုလ်စက္ကတို့လေးယောက
လည်း ထိုအခြေအနေကို ကြိုတင်တွက်ဆမိပြီးဖြစ်လေသည
"ငါတို့ နန်းစဉ်ဓားနဲ့ နန်းစဉ်ရတနာတွေ ရခဲ့တာ
ကျန်တဲ့အကြပ်တပ်သားတွေထဲက သိတဲ့လူတွေ သိခဲ့ကြတ
"ဟုတ်တယ်"

"ငါတို့လေးယောက်စလုံး တစ်ပြိုင်နက်တည်း အ
တကွ ထွက်ခွာခဲ့ကြတဲ့နောက်ပိုင်း သူတို့က ဘုရင်ကို သံတေ





တင်ရင် သိမှာပဲ"

ဗိုလ်စက္ကစကားကို ကျန်သုံးယောက်က စိတ်ဝင်စားစွာ
နားထောင်နေကြသည်။

"ဒီကိစ္စကို ဘုရင်သိရင်တော့ ဘယ်နည်းနဲ့မဆို ငါတို့
ကို ဖမ်းဆီးဖို့ တပ်သားတွေ စေလွှတ်မှာ သေချာတယ်"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဒီအတိုင်း ဆက်ပြေးရင်တော့ နောက်ကလိုက်လာတဲ့
တပ်သားတွေနဲ့ တစ်နေရာမဟုတ် တစ်နေရာတွေ့ကြရမှာပဲ
ငါတို့ အသက်နဲ့ရင်းပြီး ယူလာခဲ့တဲ့ နန်းစဉ်ဓားနဲ့ ရတနာတွေကို
တော့ ဘယ်နည်းနဲ့မှ သူတို့နောက် ပြန်အပ်မခံနိုင်ဘူး"

"ဗိုလ်စက္ကပြောတာမှန်တယ်၊ အခုဆိုရင် ကျုပ်တို့က
ဆဖဝတ်သားတွေ ဖြစ်နေပြီ၊ ရတနာပစ္စည်းတွေ ပြန်အပ်လည်း
အသတ်ခံရမှာပဲ၊ မပေးလည်း တွေ့တာနဲ့သတ်မှာပဲ၊ ဒီတော့
သူတို့လက်ထဲ ပြန်ပါမသွားအောင်တော့ ကြိုးစားကာကွယ်ကြရ
မှာပဲ"

ဗိုလ်ဝဏ္ဏက ဝင်ပြောသည်။

ထိုအခါ ဗိုလ်ဗလက မေးသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ရတနာတွေ ပစ္စည်းတွေနဲ့ ဆက်ပြေးနေရင် သူတို့နဲ့
တွေ့သွားတဲ့အခါ ဆုံးရှုံးမှာပဲ ဒီတော့ ငါတို့လေးယောက် ရတနာ
ပစ္စည်းတွေကို လုံခြုံစိတ်ချတဲ့နေရာမှာ ဝှက်ထားပြီး လူခွဲပြီး
လွတ်ပြေးကြရင် ပိုကောင်းမယ်"

"ကောင်းတော့ကောင်းပါတယ်. . . ဒါပေမယ့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်က သစ္စာဖောက်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဗိုလ်သေက စိတ်ပူစွာဖြင့် ဝင်ပြောလိုက်သည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဒီနေရာတွေက လူသ အရောက်အပေါက်မရှိတဲ့ တောရိုင်းတွေပဲ၊ မြေပုံမပါရင် သွား မရဘူး၊ ဒီတော့ ရတနာတွေနဲ့ နန်းစဉ်ဓားမြှုပ်နှံထားတဲ့နေရာ မြေပုံအမှတ်အသားဆွဲပြီး တစ်ယောက်တစ်ခြမ်းစီ ယူထားမယ်"

"မြေပုံစာရွက်ကို လေးစိပ်ခွဲပြီး တစ်ယောက်တစ်ခု ယူကြမှာလား"

"ဟုတ်တယ်. . မကောင်းဘူးလား၊ နောက်အခြေအနေ အေးချမ်းသွားတော့မှ ငါတို့လေးယောက်ပြန်ဆုံပြီး တစ်ခေါ ပြန်လာရှာပြီး ခွဲဝေယူကြတာပေါ့"

"ဗိုလ်စက္ကပြောတဲ့ အကြံအစည်က ကောင်းပါတယ် ကျုပ်တို့ အသက်နဲ့ရင်းပြီး ယူလာခဲ့တဲ့ ရတနာတွေကိုတော့ ဘယ် နည်းနဲ့မှ သူတို့လက်ထဲ ပြန်အပ်မခံနိုင်ဘူး၊ ဒီအတိုင်းဆို တော့ သူတို့နဲ့တွေ့ရင် ပြန်ပါသွားမှာပဲ"

"ဒါဖြင့် ရတနာပစ္စည်းတွေ ထားခဲ့မယ့်နေရာကိုတော့ သေသေချာချာရွေးချယ်ရမယ်"

ဟု လေးယောက်သား တိုင်ပင်ဆွေးနွေးကြလေသည်။





# အခန်း (၃)

## ခွဲခွာခဲ့ရသော သစ္စာပြုမှက်များ

နန်းစဉ်ရတနာများနှင့် နန်းစဉ်ဓားကို တစ်နေရာတွင် သိုဝှက်ထားခဲ့ရန် ကြံစည်စိတ်ကူးရင်းနှင့် သင့်တော်သောနေရာ ရှာဖွေနေကြသော ဗိုလ်စက္ကတို့လေးယောက်မှာ နောက်မှ လိုက်လာသော ဘုရင့်တပ်သားများနှင့် အတော်ပင် နီးသော အခြေအနေသို့ ရောက်လာကြလေပြီ. . .။

ထိုအခြေအနေကိုသိသော သူတို့လေးယောက်မှာ. .



www.burmeseclassic.com

www.burmeseclassic.com


ရန်သူများနှင့် ဝေးသောနေရာကို ရှောင်တိမ်းရင်းမှ မဲခေါင်မြစ်နှင့်နီးသော နယ်စပ်တစ်နေရာသို့ ရောက်ခဲ့ကြလေတော့သည်။

ထိုနေရာ ရောက်သောအခါ ထူးခြားသော နေရာတစ်နေရာကို တွေ့ကြရလေသည်။

အခြားမဟုတ်ပေ။

တောင်ကုန်းထိပ်ပေါ်မှာ လေးထောင့်ပုံသဏ္ဍာန်ပေါက်နေသော အထိကရသစ်ပင်ကြီးလေးပင်ကို လှမ်းမြင်ကြရခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် အချင်းချင်းတိုင်ပင်ပြီး ထိုသစ်ပင်ကြီး လေးပင်ရှိသောနေရာသို့ တက်ခဲ့ကြလေသည်။

ကျောက်တောင်ထိပ်ပေါ် ရောက်သောအခါမှ သစ်ပင်ကြီးလေးပင် ပေါက်နေသော အနေအထားကို တွေ့ကြရသည်။

အရှေ့ဘက်တွင် ကျွန်းပင်၊ အနောက်ဘက်တွင် ကညင်ပင်၊ တောင်ဘက်တွင် ထိန်ပင်၊ မြောက်ဘက်တွင် တောင်သရက်ပင်ကြီးတို့ ဖြစ်ကြလေသည်။

"ဒီသစ်ပင်ကြီးလေးပင်ကတော့ အတော်ထူးထူးခြားခြားရှိနေတာပဲ၊ အမှတ်အသားတစ်ခုအနေနဲ့လည်း မှတ်သားလို့လွယ်တယ်၊ ဒီနေရာတစ်ဝိုက်မှာ ငါတို့ယူလာတဲ့ ရတနာပစ္စည်းတွေ မြှုပ်နှံဝှက်ခဲ့ရင် ကောင်းမယ်"

ဗိုလ်စက္ကစကားကို ကျန်သုံးယောက်ကလည်း သဘောတူသဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုသောအခါ. . သစ်ပင်ကြီးများရှိသောနေရာနှင့် သစ်တစ်ပြန်ကျော် နှစ်ပြန်ခန့်



နေရာလောက်တွင် လျှို့ဝှက်သော ဂူပေါက်ကြီးကို တွေ့ရသဖြင့် အတွင်းသို့ ဝင်ကြည့်ကြလေသည်။

ထိုဂူကြီးမှာ အတွင်းသို့ဝင်ရသည်မှာ ခက်ခက်ခဲခဲ ဝင်ရခြင်းမကဘဲ အတွင်းရောက်သောအခါမှာလည်း ကြောက်စရာကောင်းသော အနေအထားမျိုး တွေ့ကြရသည်။

သို့သော်လည်း လေးယောက်သား ဂူအတွင်းပိုင်းနေရာအထိ ရောက်အောင်သွားပြီး လျှို့ဝှက်သောနေရာတစ်နေရာတွင် နန်းစဉ်ရတနာများနှင့် နန်းစဉ်ဓားကို မြှုပ်နှံရန် ပြင်ကြသည်။

ထိုကဲ့သို့ မြှုပ်နှံပြီးမှ ဂူနံရံများတွင် အမှတ်အသားများပြုလုပ်ခြင်း၊ မြေပုံလမ်းညွှန်များရေးကာ အပြင်သို့ ပြန်ထွက်ကြသည်။ ၎င်းတို့ အပြင်ရောက်သောအခါမှာလည်း နောက်မှလိုက်လာသော ရန်သူများ မတွေ့ရသောကြောင့် သစ်ပင်ကြီးလေးပင်တွင် အမှတ်အသားလေးခု ထွင်းထုထားခဲ့သည်။ ပြီးမှ နယ်မြေကို ကျွမ်းကျင်သော ဗိုလ်ဗလက ထိုနေရာတစ်ဝိုက်မှာရှိသော တောတောင်မြစ်ချောင်းတို့ကို ပြောပြသဖြင့် မြေပုံမှာ ရေးထည့်လေသည်။

မြေပုံတစ်ချပ်လုံးရေးပြီးသောအခါမှ လေးပိုင်းပိုင်းလိုက်သည်။

ထိုလေးပိုင်းမှာလည်း တစ်ပိုင်းစီ တစ်ပိုင်းစီ၌ မိမိတို့နှင့်ဆက်ဆိုင်သော သင်္ကေတစာလုံးများကို ရေးထားကြကာ ခွဲယူကြသည်။ ထို့နောက်. . .

"ငါတို့ ဒီနေရာကပဲ လမ်းခွဲကြမယ်၊ အခုမြှုပ်ထားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နန်းစဉ်မားနဲ့ နန်းစဉ်ရတနာတွေက ငါတို့လေးယောက်စလုံး ပိုင်ဆိုင်ခွင့်ရှိတဲ့ ပစ္စည်းတွေပဲ . . ၊ ဒီတော့ လေးယောက်မဆုံဘဲ ယူလို့မရအောင် သစ္စာပြုကြရမယ်၊ ကျိန်စာဆိုထားခဲ့ရမယ်"

"ဘယ်လိုကျိန်စာမျိုး ဆိုမှာလဲ"

"တစ်ယောက်ယောက်က သစ္စာဖောက်ပြီး ကျန်သုံး ယောက်ကို အသိမပေးဘဲနဲ့ ဒီပစ္စည်းတွေ လာယူခဲ့ရင် ယူလို့မ ဘဲ ဘေးအန္တရာယ်နဲ့တွေ့ပြီး အသေဆိုးနဲ့ သေပါစေလို့ သစ္စာ ပြုရမယ်"

"ဒါကတော့ ပြုနိုင်ပါတယ်၊ ငါတို့လေးယောက်ထဲက တစ်ယောက်ယောက် သေဆုံးသွားရင် ဘယ်လိုလုပ်မလဲ"

"သေတဲ့လူနဲ့ပတ်သက်တဲ့ သူတစ်ယောက်ယောက်က ဆက်လုပ်ပေါ့၊ ဒီလိုမှ မရှိဘူးဆိုရင်တော့လည်း . . ကျန်တဲ့သုံး ယောက်က သဘောတူလုပ်ရုံပေါ့"

"ကောင်းပါတယ်၊ ဒီအစီအစဉ်ကို သဘောတူပါတယ်"

ဟု လေးယောက်စလုံးက သဘောတူကြသဖြင့် လင်း မောင်းသွေးဖောက်ကာ သစ္စာရေသောက်ကြသည်။

ပြီးမှ ထိုသွေးရည်နှင့်ပင် ထိုနေရာတစ်ဝိုက်မှာ ကျိန်စာ ဆိုထားကြလေသည်။

ကိစ္စများပြီးသော ထိုနေရာမှ ထွက်လာကြရာ နောက် တစ်နေ့နံနက်ပိုင်းအချိန်ရောက်ကာ ထိုနေရာမှပင် လမ်းခွဲ ပြင်ဆင်နှုတ်ဆက်နေကြစဉ်မှာပင် . . နောက်မှလိုက်လာသော ဘုရင့်တပ်သားများ ရောက်လာကြလေတော့သည်။

ထိုအခါ လေးယောက်သား သူသေကိုယ်သေ တိုက်





ခိုက်ရလေတော့သည်။

တိတ်ဆိတ်နေသော တောတွင်းမှာ ဓားသံ၊ လှံသံ၊ သေ နတ်သံများဖြင့် ဆူညံသွားလေတော့သည်။

ဗိုလ်စက္ကတို့လေးယောက်မှာ တိုက်ခိုက်မှုစွမ်းရည် ကောင်းကြသူများဖြစ်သောကြောင့် ဗိုလ်ဗျူဟ ခေါင်းဆောင်သော ဘုရင့်တပ်သားများကို ပြန်လည်တိုက်ခိုက်နိုင်ကြလေသည်။

သို့သော် လက်နက်ချင်းက မတူပေ။

ဘုရင့်တပ်သားများမှာ မီးပေါက်သေနတ်အချို့ ပါလာ သောကြောင့် ဗိုလ်ဓေသနှင့် ဗိုလ်ဝဏ္ဏတို့နှစ်ယောက် ကျည်ဆံထိ မှန်ခံကြရသည်။

ဗိုလ်ဝဏ္ဏ ဒဏ်ရာက သိပ်မများသောကြောင့် မစိုးရိမ် ရသော်လည်း ဗိုလ်ဓေသ ဒဏ်ရာကတော့ သေလောက်သောနေ ရာမှာဖြစ်ပြီး ဒဏ်ရာက ပြင်းသည်။

ဗိုလ်စက္ကနှင့် ဗိုလ်ဗလတို့ နှစ်ယောက်တော့ ကောင်းမွန် စွာ ပြန်လည်တိုက်ခိုက်နိုင်ကြသောကြောင့် ရန်သူအတော်များ များကို သုတ်သင်ပစ်နိုင်ကြသည်။

တိုက်ခိုက်ရင်းနှင့် ဆုတ်ပြေးကြရာ တစ်နေရာရောက် တော့ ဗိုလ်ဓေသအခြေအနေကို ကြည့်ရသည်။

အခြေအနေက မကောင်းလှပေ။

ရင်ဝမှာထိမှန်ထားသော ကျည်ဆံပေါက်မှ သွေးများ ဒလဟောထွက်နေရာ တစ်ယောက်က အဝတ်ဖြင့် တင်းတင်း စည်းပေးထားလိုက်သည်။

"ငါ မနေရတော့ဘူး၊ ငါ့ဆီမှာရှိတဲ့မြေပုံကို မင်းတို့ယူပြီး



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာက ပြေးကြပေတော့၊ နောက်ကလိုက်လာတဲ့ ရန်သူတွေကို ငါခုခံပေးထားမယ်”

“မင်းကို ဒီအတိုင်းမထားခဲ့နိုင်ဘူး၊ သေအတူ နေအတူ တပါတည်းခေါ်သွားမယ်”

“ငါ့အခြေအနေကို ငါသိပါတယ် ငါမနေရတော့ပါဘူး၊ ငါ့အတွက်ကြောင့် မင်းတို့သုံးယောက်ပါ သေလို့မဖြစ်ဘူး၊ မင်းတို့သေရင် ငါတို့အသက်နဲ့ရင်းပြီးယူလာတဲ့ ရတနာတွေ အလကားဖြစ်ကုန်မှာပေါ့၊ ဒီတော့ ငါ့အတွက် ဘာမှမငဲ့ကြနဲ့၊ အချိန်ရှိတုန်း ပြေးကြပေတော့. . .”

ထိုသို့ပြောနေစဉ်မှာ နောက်မှလိုက်လာသော ဆူဆူညံညံအသံများကို ကြားလာရသည်။

သို့ကြောင့် မတတ်နိုင်တော့ဘဲ ဗိုလ်ခသေထံမှ မြေပုံတစ်ရွက်ကို ယူပြီး. . ထိုနေရာမှ ထွက်ပြေးကြရလေသည်။

နောက်ဘက်မှာတော့ ဗိုလ်ခသေနှင့် ရန်သူများတွေ့ပြီး တိုက်ခိုက်နေကြသော အော်သံဟစ်သံ၊ ဆူညံသံများကို ကြားရသေးသည်။

ထိုနေရာနှင့် အတော်ဝေးဝေး ရောက်သွားသောအခါ မကြားရတော့ပေ။ ဘာမှမတတ်နိုင်ကြတော့ပေ. . .။

သူတို့သုံးယောက်အဖို့ကတော့ အသက်ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ဝေးနိုင်သမျှ ဝေးဝေးရောက်သည်အထိ ပြေးခဲ့ကြရာမှ နောက်ဆုံး တောနက်ကြီးတစ်ခုအတွင်း ရောက်သွားသောအခါမှ. . . နောက်မှလိုက်လာသော ရန်သူများမှာ မျက်ခြည်ပြတ် ကျန်ခဲ့ကြလေတော့သည်။





သို့သော်လည်း စိတ်ချလက်ချမနေဝံ့ကြသေးသောကြောင့် ဆက်ပြေးကြရာ ဂူတစ်ဂူအတွင်းသို့ ရောက်သောအခါမှ ဝင်ရောက်နားကြလေသည်။

သူတို့သုံးယောက်မှာ စားနပ်ရိက္ခာလည်းမရှိ၊ ဆေးဝါးလည်းမရှိသဖြင့် ဒဏ်ရာရလာသော ဗိုလ်ဝဏ္ဏကို ကုသရန်. . အခက်အခဲဖြစ်ကြရလေသည်။

ဗိုလ်ဝဏ္ဏရလာသော ဒဏ်ရာမှာ သေလောက်သော ဒဏ်ရာဒဏ်ချက်မျိုး မဟုတ်စေကာမူ နောက်ထပ်ဝင်လာသော ငှက်ဖျားရောဂါအခြေအနေကတော့ မကောင်းလှပေ။

ငှက်ဖျားရောဂါမှာ သေလောက်သောရောဂါဖြစ်သည်၊ တစ်ခုခက်သည်က သူတို့မှာ ပြေးလွှားပုန်းအောင်းနေရသူများဖြစ်သည်ကတစ်ကြောင်း၊

နောက်မှ ရန်သူများကလည်း ထပ်ကြပ်မကွာ လိုက်နေသည်ကတစ်ကြောင်းကြောင့် မီးမဖိုဝံ့ပေ. . .။

မီးဖိုလိုက်သည်နှင့် မီးခိုးငွေ့ကိုမြင်ပြီး ရန်သူက ခြေရာခံကောက်ပြီး ရောက်လာပေလိမ့်မည်။

သို့ကြောင့် ဒီအတိုင်းသာနေရသည်။

တောထဲမှာ ရှာဖွေရသော သစ်သီး၊ သစ်ဥလောက်သာ စားသောက်ရသောကြောင့် အဟာရကလည်း ချို့တဲ့လာသည်။

တစ်ညမှာတော့ ဗိုလ်ဝဏ္ဏ၏ အခြေအနေမှာ ပိုမိုဆိုးဝါးလာလေသည်။

လူမှန်းမသိ၊ သူမှန်းမသိသော အခြေအနေမျိုး ဆိုးဝါးလာလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်ကြမလဲ၊ သူ့အခြေအနေက အတော်က လေးဆိုးနေပြီ၊ ဒဏ်ရာရထားတဲ့အပြင် ငှက်ဖျားရောဂါဝင်နေပြီ"

"ဟုတ်တယ်. . ငါတို့မှာ ဆေးဝါးလည်းမရှိဘူး၊ ရိက္ခာကလည်း မရှိနဲ့ ဘယ်လိုလုပ်ကြမလဲ"

"သူ့ကို အနွေးဓာတ်ရဖို့ မီးလိုတယ်၊ ဒါပေမယ့်. . မီးဖိုလိုက်တာနဲ့ ရန်သူတွေရောက်လာမှာ အသေအချာပဲ"

"ဒုက္ခပါပဲကွာ"

ထိုသို့ပြောနေကြစဉ်မှာ ဗိုလ်ဝဏ္ဏ၏ ငြီးငြူသံကြီး ပေါ်ထွက်လာလေသည်။

"ငါ့ကိုကယ်ကြပါဦးကွာ၊ ငါမနေရတော့ဘူး ထင်ပါရဲ့"

"အားတင်းထားစမ်းပါဦးကွာ၊ နောက်တစ်နေ့ ရောက်တာနဲ့ မင်းကိုဒီနေရာက ခေါ်သွားပါ့မယ်၊ ကံကောင်းထောက်မလို့ ရွာတစ်ရွာကိုရောက်သွားရင် မင်းအသက်ချမ်းသာရာ ရမှာပါ"

ဟု ဗိုလ်ဗလက ပြောလေသည်။

"ငါ့အကြောင်းကို ငါသိပါတယ်ကွာ. . ငါဒီတောင်က မကျော်နိုင်တော့ပါဘူး၊ ငါ့အတွက်နဲ့တော့ ဒုက္ခမရှာကြပါနဲ့တော့၊ မင်းတို့နှစ်ယောက် ငါ့ကို ရန်သူလက်ချက်နဲ့ အသက်မသေအောင် အကူအညီပေးခဲ့ကြတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ဒါတွေပြောမနေပါနဲ့တော့ကွာ၊ ငါတို့လေးယောက်က သွေးသောက်ရဲဘော်ရဲဖက်တွေပဲ. . ."

"တကယ်လို့ ငါသေသွားရင် ငါ့အလောင်းကို ဒီဂူထဲမှာပဲ ထားခဲ့ကြပါ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ကို မှာစရာရှိတာ





တွေ မှာခဲ့ပါရစေ. ."

ကျန်နှစ်ယောက်က ဘာမှပြန်မပြောပဲ စိတ်မကောင်းစွာဖြင့် ကြည့်နေကြလေသည်။

"ငါထွက်လာတော့ ငါ့မိန်းမနဲ့ သားသမီးတွေ ကျန်ခဲ့ကြတယ်၊ မင်းတို့နှစ်ယောက် ရတနာတွေကို ရတဲ့အချိန်ကျရင် သူတို့ကိုရှာဖွေစုံစမ်းပြီး ပေးသင့်သလောက် ပေးလိုက်ပါကွာ. ."

ဗိုလ်ဝဏ္ဏမှာ မွန်ပြည်နယ်ဘက်မှလိုက်လာသော မွန်လူမျိုးတစ်ဦးဖြစ်သည်မှလွဲပြီး ကျန်တာကိုတော့ မသိကြပေ။

"စိတ်မကောင်းစရာစကားတွေ ပြောမနေပါနဲ့ကွာ၊ မင်းဘာမှမဖြစ်နိုင်ပါဘူး၊ စကားတွေသိပ်မပြောနဲ့ မောနေလိမ့်မယ်"

ဟုပြောပြီး ၄င်းတို့မှာပါလာသော အဝတ်အချို့ကို ဗိုလ်ဝဏ္ဏကိုယ်ပေါ်သို့ ခြုံပေးလိုက်ရာ အတန်ကြာတော့ ငြိမ်ကျသွားလေသည်။

ဗိုလ်စက္ကနှင့် ဗိုလ်ဗလတို့နှစ်ယောက်မှာလည်း ပင်ပန်းလာကြသောကြောင့် မကြာမီ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားကြလေတော့သည်။

ဗိုလ်စက္ကနှင့် ဗိုလ်ဗလတို့နှစ်ယောက်လည်း ဗိုလ်ဝဏ္ဏအခြေအနေကို စောင့်ကြည့်နေကြပြီး စိတ်ချရတော့မှ ဂူနံရံ၌ ကျောမှီပြီး ခဏမှေးကြရာ နောက်တော့ ပင်ပန်းမှုအရှိန်ကြောင့် အိပ်မောကျသွားခြင်းဖြစ်သည်။

နှစ်ယောက်စလုံး အနှောင့်အယှက်ကင်းစွာဖြင့် အိပ်ပျော်သွားကြရာ ပြန်နိုးလာကြသောအခါ. . အပြင်ဘက်တွင် အလင်းရောင်အတော်ရနေချေပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ငြိမ်သက်နေသော ဗိုလ်ဝဏ္ဏ အခြေအနေကို ကြည့်ကြသောအခါ ဗိုလ်ဝဏ္ဏတစ်ယောက် သေဆုံးနေသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့ကြရလေသည်။

ဘာမှမတတ်နိုင်ကြတော့ပေ။

"သူတော့ သေသွားပြီ . ."

"ဟုတ်တယ်၊ ဗိုလ်မသေနဲ့ ဗိုလ်ဝဏ္ဏတို့နှစ်ယောက် သေသွားတော့ ငါတို့နှစ်ယောက်ပဲ ကျန်ခဲ့တော့တယ်"

"ဘယ်တတ်နိုင်မလဲကွာ ကံစီမံရာအတိုင်းပေါ့"

"ဒါထက် . . ငါတို့နှစ်ယောက် ဘယ်လိုလုပ်ကြမလဲ"

"ဒီအချိန်မှာတော့ ရတနာတွေကို ပြန်ယူဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး၊ ရန်သူတွေက ငါတို့နောက်ကို လိုက်ရှာနေကြတယ်"

"ဟုတ်တယ်၊ ဒီအချိန်မှာတော့ ငါတို့နှစ်ယောက် ဘေးအန္တရာယ်လွတ်မြောက်အောင် အရင်ကြိုးစားကြရမယ်၊ နောင်တစ်ချိန် အခါအခွင့်သင့်တော့မှာပဲ ငါတို့နှစ်ယောက် ပြန်တွေ့ပြီး ရတနာတွေကို ပြန်လာပြီးယူကြရင် ပိုကောင်းမယ်"

"ဟုတ်တယ် . . အခုလောလောဆယ် သေသွားတဲ့သူနှစ်ယောက်ဆီက မြေပုံနှစ်ခြမ်းကို မင်းတစ်ခု ငါတစ်ခု ယူထားကြတာပေါ့"

"အေး . . ကောင်းတယ်၊ နောက်တစ်ချိန် အခြေအနေအေးချမ်းသွားတော့မှာပဲ မင်းနဲ့ငါပြန်တွေ့ကြတာပေါ့"

ဟုပြောဆိုကာ သေဆုံးသွားသော ဗိုလ်မသေနှင့် ဗိုလ်ဝဏ္ဏတို့ထံမှ မြေပုံနှစ်ခုကို ခွဲယူပြီးနောက် အခြေအနေကြည့်ကာ





အပြင်သို့ထွက်ကြလေသည်။

ထို့နောက် ထိုနေရာမှာပင် နှစ်ယောက်သား လမ်းခွဲကာ တစ်ယောက်တစ်နေရာစီ သွားကြလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရပညာ

အချိန်မှာ (၁၉၀၀)ပြည့်နှစ် အချိန်ကာလသို့ ရောက်ခဲ့ပြီ၊ မြန်မာနိုင်ငံအပါအဝင် အာရှတိုက်တစ်ခုလုံး ဗြိတိသျှ ...ခဲ့တို့လက်အောက်သို့ ကျရောက်ခဲ့ရပေပြီ. . .။

မြန်မာနိုင်ငံမှာလည်း တိုင်းပြည်အုပ်ချုပ်သော ရှင်ဘုရင် ...တော့ဘဲ၊ တိုင်းတပါးသားတို့ အုပ်ချုပ်မှုလက်အောက်မှာသာ ...ကြုံရသော အချိန်ကာလရောက်ခဲ့ပေပြီ။

ကုန်းဘောင်ခေတ်ကို စတင်ထူထောင်ခဲ့သော. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီး နောက်ပိုင်း နန်းတက်သောဘုရင်များမှာ တိုင်းပြည်အခြေအနေကို ကောင်းမွန်စွာ ထိမ်းချုပ်ကိုင်တွယ်နိုင်စွမ်း မရှိကြသောကြောင့် . . သီပေါဘုရင် လက်ထက်ရောက်သောအခါ မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်တို့လက်သို့ ပါသွားရပေတော့သည်။

ဗြိတိသျှနယ်ချဲ့များကတော့ မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်မိသောအခါ ၎င်းတို့စိတ်ကြိုက် စီမံဖန်တီးကာ မြန်မာနိုင်ငံထွက်အဖိုးတန်ပစ္စည်းများကို သယ်ဆောင်ယူကြလေသည်။ သို့သော် ဘာမှမတတ်နိုင်ကြတော့ပါပေ. . ။

(၁၉၀၀)ပြည့်နှစ်အချိန်က ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသူကျောင်းသားများထဲတွင် ဒေါက်တာမင်းထင်ကျော်နှင့် မြနှင်းဖြူတို့လည်း ပါဝင်လေသည်။

ဒေါက်တာမင်းထင်ကျော်က ရန်ကုန်မှဖြစ်ပြီး ဘူမိဗေ ဘာသာရပ်ကို အထူးပြုကာ ပညာသင်ကြားနေပြီး မြနှင်းဖြူက တော့ ရှမ်းပြည်နယ်ဘက်မှ လာရောက်ပညာသင်ကြားနေသူ ဖြစ်လေသည်။

မြနှင်းဖြူက ရှမ်းသွေးပါသူဖြစ်သောကြောင့် ချောမော လှပသူတစ်ဦးဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကလည်း တက္ကသိုလ်ကျောင်းသားဘဝကတည်းက ပညာသင်ကြားခြင်း ကိုသာ အာရုံစူးစိုက်မှုရှိပြီး တည်တည်ခန့်ခန့်နေသူတစ်ဦးဖြစ် သည်။

အချိန်ရလျှင် စာကြည့်တိုက်သို့သွားကာ လက်လှမ်း





မှုစာအုပ်များကို ရှာဖွေဖတ်ရှုလေသည်။ မြနှင်းဖြူကလည်း ဖတ်ဝါသနာပါသူဖြစ်သောကြောင့် တက္ကသိုလ်စာကြည့်တိုက် သို့ မကြာခဏရောက်လေရာ. . ဒေါက်တာမင်းထင်ကျော်နှင့် မကြာခဏ တွေ့ဆုံကြသည်။

ထိုအချိန်က ဒေါက်တာမင်းထင်ကျော်မှာ ဒေါက်တာ ဘွဲ့ပင် မရသေးဘဲ သာမန်တက္ကသိုလ်ကျောင်းသားဘဝမှာပင် ရှိသေးသည်။

နောက်ပိုင်းမှာတော့ စာကြည့်တိုက်မှာ တွေ့ဆုံမှုများ များပြီးသည့်နောက်ပိုင်းမှာ ဒေါက်တာမင်းထင်ကျော်နှင့် မြနှင်းဖြူတို့နှစ်ယောက်မှာ ဝါသနာတူချင်းဖြစ်သဖြင့် သိကျွမ်းခင်မင် သောအဆင့်သို့ ရောက်ကြလေသည်။

"ကျွန်တော်က ဘူမိဗေဒ ပညာအဓိကနဲ့ ပညာသင်နေ တာပါ၊ နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ကျွန်မကတော့ သမိုင်းဘာသာရပ်ကို အဓိကယူပါ တယ်၊ နာမည်က မြနှင်းဖြူလို့ ခေါ်ပါတယ်"

"အခုလို တွေ့ကြုံဆုံဆည်းခွင့်ရတာ ဝမ်းသာပါတယ်၊ ပြီးတော့ မြနှင်းဖြူက တိုင်းရင်းသူတစ်ယောက်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ်. . ကျွန်မက ရှမ်းပြည်နယ် မြောက်ပိုင်း ဘက်ကလာပြီး ပညာသင်ရတာပါ"

ဟုပြောဆိုကာ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီး ခင်မင်သွားကြလေသည်။

အားလပ်ချိန်များတွင် အရိပ်ကောင်းသော သစ်ပင်ရိပ် အောက်ရှိသော ထိုင်ခုံကလေးများတွင်သော်လည်းကောင်း၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ဆိုင်မှာသော်လည်းကောင်း နှစ်ယောက်အတူတူ ထိုင် ရင်း စာအကြောင်းပေအကြောင်း ပြောဆိုကြသည်။ အခါကာ တော့ မိမိတို့ဝါသနာပါသော ဘာသာရပ်များကို ပြောဆိုဆွေး နွေးကြခြင်းဖြစ်သည်။

"မြနှင်းဖြူက ဘယ်လိုကြောင့်များ သမိုင်းဘာသာရပ်ကို စိတ်ဝင်စားတာလဲ"

"သမိုင်းဆိုတာ. . လူတိုင်း၊ နေရာတိုင်းမှာ ရှိနေတာ မဟုတ်လား ကိုမင်းထင်ကျော်ရဲ့၊ သမိုင်းဆိုတာ ကမ္ဘာကြီးဖြ တည်မှုနဲ့အတူ ဦးစွာပေါ်ပေါက်ခဲ့တဲ့ အရာတစ်ခုမဟုတ်လား"

"မှန်ပါတယ်. ."

"အထူးသဖြင့်တော့. . မဟာသမ္မတမင်းကစပြီး အ နောက်ပိုင်းခေတ်အဆက်ဆက်မှာ ပေါ်ပေါက်ခဲ့တဲ့ မင်းတေ ရှင်ဘုရင်တွေရဲ့ သမိုင်းကြောင်းတွေကို ပိုပြီးစိတ်ဝင်စားပါတယ်"

"မင်းနဲ့ ရှင်ဘုရင်ဆိုတာ အတူတူပဲမဟုတ်လား"

"ရှင်ဘုရင်ဆိုတာ. . မြို့တစ်မြို့၊ နယ်တစ်နယ်လော သာ ပိုင်ဆိုင်အုပ်ချုပ်ခွင့်ရတာကို ဘုရင်လို့ခေါ်တာပါ. . 'မင်း' ဆိုတာက တစ်နိုင်ငံလုံးကိုသာမက အခြားနိုင်ငံတွေကိုပါ ဆိုင်အုပ်ချုပ်ခွင့်ရမှသာ 'မင်း' လို့ခေါ်ဆိုထိုက်တာပါ"

"ဘယ်လိုကြောင့် ရှင်ဘုရင်တွေ မင်းတွေရဲ့ အကြော ကိုမှ ရွေးပြီးစိတ်ဝင်စားရတာလဲ ပြောပါဦး"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသော အ အရာဖြင့်မေးလိုက်သည်။

"တိုင်းပြည်တစ်ပြည် နိုင်ငံတစ်ခုကို စီမံအုပ်ချုပ်တဲ့ မင်း





ရှင်ဘုရင်ဆိုတာ အဲဒီတိုင်းပြည်နိုင်ငံရဲ့ ကံကြမ္မာတွေကို ပြုပြင် ပြောင်းလဲပေးနိုင်တဲ့သူတွေပဲ၊ ကောင်းအောင် တိုးတက်အောင် လည်း လုပ်လို့ရတယ်၊ ဆုတ်ယုတ်ပျက်စီးအောင်လည်း လုပ်လို့ ရတယ်၊ သူတို့မှာ ပြုပြင်ဖန်တီးနိုင်တဲ့ အာဏာရှိကြတယ်"

"မှန်ပါတယ်"

"အုပ်ချုပ်တဲ့ ရှင်ဘုရင်တွေ မင်းတွေ ကောင်းတဲ့ခေတ် ကာလတွေမှာ တိုင်းပြည်နိုင်ငံတွေ တိုးတက်ဖွံ့ဖြိုးမှုတွေ ရရှိခဲ့ ပြီး မကောင်းတဲ့ အရည်အချင်းမရှိတဲ့ ရှင်ဘုရင်တွေ မင်းတွေ နဲ့ မတော်တွေ့ရှိတဲ့ ခေတ်ကာလရောက်ရင်တော့ တိုင်းပြည်နိုင်ငံ ပျက်စီးဆုံးမှုတွေ ကြုံခဲ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အနောက် သိုးဆောင်းနိုင်ငံလို့ခေါ်တဲ့ ရောမအင်ပါ ယာနိုင်ငံကို ထူထောင်ခဲ့တဲ့ အလက်ဇန္ဒားမင်းလို ပုဂ္ဂိုလ်မျိုးတွေ၊ မောရိယအင်ပါယာနိုင်ငံကြီးကို ထူထောင်ခဲ့တဲ့ အသောကမင်း လို ပုဂ္ဂိုလ်တွေဟာ. . တိုင်းပြည်နိုင်ငံတိုးတက်အောင် ကြိုးစား ဆောင်ရွက်ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်မတို့မြန်မာနိုင်ငံမှာလည်း တိုင်းပြည်ကို တိုးတက် ထွန်းကားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြတဲ့ မင်းကောင်း မင်း မြတ်တွေ အများကြီးပေါ်ပေါက်ခဲ့ကြတာပဲ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်. . ပထမမြန်မာနိုင်ငံတော်ကို ထူထောင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့မင်းတွေ. . ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့တဲ့မင် တွေ. . တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြတဲ့ မင် ကောင်းမင်းမြတ်တွေ ရှိခဲ့ကြပါတယ်”

“ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ အနော် ရထာမင်း၊ ကျန်စစ်သားမင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို ထ ထောင်ခဲ့တဲ့ ဘုရင့်နောင်မင်းတရားကြီး၊ တတိယမြန်မာနိုင် တော်ကို ထူထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီး စတဲ့မင်းတွေ လက်ထက်မှာ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံအကျယ်အဝန်းဟာ ယ လက်ရှိအခြေအနေထက် သုံးပုံတစ်ပုံလောက် ပိုပြီးကျယ်ဝန်း တယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဟိုတုန်းကတော့ ပြည့်ပြည့်ဝဝနဲ့ ကြ ကောင်းတဲ့အနေအထားပေါ့၊ အခုမှသာ ဘေးကဖဲ့လိုက် နံက လိုက်နဲ့ ပိန်ကပ်သွားတော့တာပါ”

ဒေါက်တာမင်းထင်ကျော်စကားကြောင့် မြနှင်းဖြူ သဘောကျစွာ ပြုံးလိုက်လေသည်။

“မှန်ပါတယ် ကိုမင်းထင်ကျော် ပြောသလိုပါပဲ၊ အရေ အချင်းမရှိတဲ့ ဘုရင်တွေလက်ထက်ရောက်လာတဲ့အခါမှာ ရှေ့ ကအရည်အချင်းရှိတဲ့ဘုရင်တွေ ကြိုးစားတည်ထောင်ထားခဲ့ မြန်မာနိုင်ငံတော်ကြီးရဲ့ အခြေအနေဟာ တဖြည်းဖြည်း လုံး ပါးခဲ့ရရုံမကဘူး၊ အခုတော့ တိုင်းပြည်တစ်ခုလုံး တိုင်းတပါးသာ တွေရဲ့ လက်ထဲရောက်ခဲ့ရပြီး၊ အလိုလိုနေရင်း ကျွန်မတို့တ ကျွန်ဘဝရောက်ခဲ့ကြရတယ် မဟုတ်လား”

“မှန်တာပေါ့ မြနှင်းဖြူရယ် လူတစ်စုရဲ့ ညံ့ဖျင်းမှုကြော





တိုင်းပြည်တစ်ပြည်လုံး တိုင်းတစ်ပါးသားတွေရဲ့လက်ထဲ ရောက် သွားတာကတော့ အသည်းနာစရာပါပဲ”

“ကျွန်မ သမိုင်းကို လေ့လာသင်ယူတဲ့အချက်တွေထဲမှာ ဒီအချက်တွေလည်း အများကြီးပါတယ်၊ သမိုင်းကြောင်းကို သိ တော့မှ အတုယူစရာတွေ၊ သင်ခန်းစာယူစရာတွေ ရှိရင်ယူပြီး၊ ဆင်ခြင်သင့်တာတွေရှိရင် ဆင်ခြင်ရမှာပေါ့”

မြနှင်းဖြူထံမှ ထိုစကားမျိုးကြားသောအခါ ဒေါက်တာ မင်းထင်ကျော်က လေးစားမှုဖြစ်သွားလေသည်။

“မြနှင်းဖြူထံက ဒီလိုစကားမျိုးကြားရတာ ကျွန်တော် လေးစားမိပါတယ်”

“ဒီလောက်လည်း မဟုတ်သေးပါဘူး ကိုမင်းထင်ကျော် ရယ်၊ ကျွန်မက အခုမှ ကြိုးစားလေ့လာနေတဲ့ အဆင့်မျိုးပဲရှိပါ သေးတယ်၊ ကဲ. . ကျွန်မရည်ရွယ်ချက်တော့ပြောပြီးပြီ၊ ကိုမင်း ထင်ကျော်ကရော ဘာကြောင့် ဘူမိဗေဒဘာသာရပ်ကို စိတ်ဝင် စားရတယ်ဆိုတာ တစ်လှည့်ပြန်ပြောပြဦးလေ. . ”

“ကျွန်တော်ကတော့ ဂမ္ဘီရလို့ခေါ်တဲ့ ထူးခြားဆန်းကြယ် တဲ့ အကြောင်းအရာမျိုးတွေကို စိတ်ဝင်စားပါတယ်၊ ဘူမိဗေဒ ပညာရပ်ကို သင်ကြားတယ်ဆိုတဲ့အကြောင်းကလည်း မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်မှာရှိတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားလို့ သင်ယူနေတာပါ”

“ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက်မှာရှိကြတဲ့ ထူးခြားဆန်းကြယ်တဲ့ အရာတွေဆိုတာ ဘယ်လိုမျိုးတွေလည်း ဟင်၊ ရတနာပစ္စည်းတွေကို ပြောတာလားဟင်”


www.burmeseclassic.com

www.burmeseclassic.com



“ရွှေ ငွေ ရတနာတွေ၊ ရေနံတွေ၊ ဓာတ်သတ္တုတွေ ပျောက်ဆုံးနေတဲ့ မြို့ပျက်ကြီးတွေ၊ ထူးခြားဆန်းကြယ်တဲ့ ရှေးဟောင်းပညာရပ်တွေ၊ ရှေးခေတ်လူတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ အများကြီးပါတယ်၊ အမှန်တော့ ကျွန်တော်က လျှို့ဝှက်ချက်တွေနဲ့ ဉာဏ်ချင်းပြိုင်ရတာတွေ၊ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးရတာမျိုးတွေကို စိတ်ဝင်စားပါတယ်”

ထိုစကားကြားသောအခါ မြနှင်းဖြူက သဘောကျစွာ ပြုံးလိုက်လေသည်။

“မြနှင်းဖြူက ဘာကိုသဘောကျလို့ ပြုံးတာလဲဟင်”

“ကိုမင်းထင်ကျော်ပြောတဲ့စကား နားထောင်ပြီး ပုလိပ်အလုပ်၊ စုံထောက်အလုပ်မျိုး လုပ်သင့်တယ်ထင်လို့ ပြုံးမိတာပါ”

“လျှို့ဝှက်ချက်တစ်ခုကို ဖြေရှင်းပေးရတာမျိုး. . ဖော်ထုတ်ပေးရတာမျိုးကိုလည်း စိတ်ဝင်စားပါတယ်၊ ဒါပေမယ့်. . ကျွန်တော်က ဂမ္ဘီရလို့ခေါ်တဲ့ ဆန်းကြယ်တဲ့ အကြောင်းအရာတွေကို ပိုပြီးစိတ်ဝင်စားပါတယ်”

“ဒီအကြောင်းမျိုးတွေကိုတော့ ကျွန်မလည်း စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် သိပ်တော့နားမလည်လှဘူး”

ဒေါက်တာမင်းထင်ကျော်က သူလေ့လာဖတ်မှတ်ထားသော ဂမ္ဘီရစာပေနှင့်ပတ်သက်ပြီး ဦးစားပေးဖော်ပြထားသော ကျမ်းများမှ အချက်အလက်အချို့ကို အတိုချုပ်ပြီး နားလည်သဘောပေါက်လွယ်အောင် ပြောပြလေသည်။

“ဂမ္ဘီရ” ဟူသော ဝေါဟာရမှာပင် ဝိဇ္ဇာပညာနှင့် သိုပညာဟူ၍ နှစ်မျိုးခွဲခြားလေသည်။





ဂမ္ဘီရ သိပ္ပံပညာနှင့် ဝိဇ္ဇာဟုခေါ်သော ဂမ္ဘီရနည်းပညာပင်ဖြစ်သည်။ ထိုအချက်အလက်များမှာ ဂမ္ဘီရလက်စွဲကျမ်း၌ ရေးသားဖော်ပြထားသည်။

ဂမ္ဘီရလက်စွဲကျမ်း(MANUAL OF OCCULTISM)ကို စာရေးဆရာ ဆက်ဖာရီယယ်(လ) (SEPHERIAL) ရေးသားခဲ့၍ (၁၉၁၀)ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

စာရေးသူ ဆက်ဖာရီယယ်(လ)သည် ကိုယ်တိုင် ဂမ္ဘီရပညာရှင်ဖြစ်ပြီး စိတ်စွမ်းအင်များကိုလည်း ပိုင်ဆိုင်သူဖြစ်သည်။

ဆက်ဖာရီယယ်(လ)သည် ဂမ္ဘီရပညာရပ်များကို နက်နက်နဲနဲ လေ့လာထားသူဖြစ်၍ ဂမ္ဘီရပညာလောကတွင် ထင်ရှားလေးစားခဲ့ရသူဖြစ်သည်။

အဆိုပါကျမ်းတွင် အပိုင်းနှစ်ပိုင်း ခွဲထားသည်။ ၄င်းတို့မှာ ဂမ္ဘီရသိပ္ပံနှင့် ဂမ္ဘီရနည်းပညာဟူ၍ဖြစ်သည်။

ဂမ္ဘီရသိပ္ပံ ကဏ္ဍတွင်. . . နက္ခတ်ဗေဒင်၊ လက္ခဏာ၊ မဟာသိဒ္ဓိ ပညာဟူ၍ ခေါ်သော ကဗာလာပညာ၊ ဂဏန်းဗေဒင်ပညာ၊ အဆောင်လက်ဖွဲ့စီရင်နည်းနှင့် စိတ်ညှို့ပညာများ ပါဝင်သည်။

ဂမ္ဘီရနည်းပညာ ကဏ္ဍတွင်. . . ရှေ့ဖြစ်နောက်ဖြစ်ဟောပညာ၊ တားရော့၊ ဖဲဗေဒင်၊ ဓာတ်ဖန်လုံးကြည့်ဟောပညာ၊ အမြင်အာရုံထူး၊ အကြားအာရုံထူး(GEOMANCY) ခေါ် ရှေးဟောင်းသင်္ကေတပညာ၊ မြေအောက်ရေရှာ အတတ်ပညာ၊ အိပ်မက်၊ လက်ထောက်ဗေဒင်နှင့် အင်္ဂရတ်ပညာများ ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကျမ်းသည် ဂမ္ဘီရပညာရပ်အကြောင်းကို နက်နက်နဲနဲ လက်တဆုံးရေးထားခြင်း မဟုတ်သော်လည်း ဂမ္ဘီရပညာအများကြီး၏ အခြေခံအချက်များနှင့် သိမှတ်ဖွယ်အချက်များကို ရေးထားသည်။

သို့ဖြစ်၍ ဤကျမ်းသည် ဂမ္ဘီရပညာလိုက်စားလိုသူများအတွက် လက်စွဲပြုရမည့် ကျမ်းဖြစ်ပေသည်။

ပထမကဏ္ဍဖြစ်သော ဂမ္ဘီရသိပ္ပံကဏ္ဍတွင် . နက္ခတ်ဗေဒင်အကြောင်းကို အခြေခံနက္ခတ်များ ဖွဲ့စည်းပုံ၊ စကြဝဠာနှင့် နက္ခတ်၊ တာရာ၊ ဂြိုဟ်များဖွဲ့စည်းပုံ၊ နက္ခတ်ဗေဒင်တွက်နည်းပညာ၊ အဟောပညာများကို အကျယ်တဝင့် ရေးသားဖော်ပြထားသည်။

ထို့ပြင် နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ရာသီအိမ်၊ ဘာဝ(၁၂)ပါးအမြင်နှင့် ဇာတာဖွဲ့ပုံအထိ ရေးသားထားသည်။

လက္ခဏာပညာတွင် လက်ပုံသဏ္ဌာန်၊ ဗွေ၊ လိုင်းများနှင့် ထူးခြားသော အမှတ်အသားများအကြောင်းကို ကိုင်ရိုးနည်းစနစ်အတိုင်း ရေးသားထားသည်။

မဟာသိဒ္ဓိဟူသော ခေါင်းစဉ်တပ်ထားသည့် အောက်တွင် ကဗလာပညာ၊ ပိုက်သာဂိုရပ်၏ သင်္ချာဗေဒင်၊ ဂဏန်းသင်္ချာဗေဒင်၊ အဆောင်လက်ဖွဲ့ဟူ၍ ခွဲခြားရေးသားထားသည်။

ကဗ္ဗာလာဂန္ဓာရီပညာရဲ့ အနက်နဲဆုံးအပိုင်းမှာ ဝိညာဉ်(၃)မျိုးရှိသည်။

အဆိုပါဝိညာဉ် (၃)မျိုးမှာ . . .

- ရှိုင်းသည့်ဘဝမှ တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလာသော လူ၏ မနောဝိညာဉ်
- နတ်မိစ္ဆာများပူးကပ်နေသည့် ဝိညာဉ်
- ဘူတဟုခေါ်သော သဘာဝနတ်မျိုးများ၏ ဝိညာဉ် ဟူ၍ ခွဲခြားထားခြင်းဖြစ်သည်။





ဤဝိညာဉ်(၃)မျိုးကို ထိန်းချုပ်အသုံးချနိုင်ပါက မဟာသိဒ္ဓိပြီးစီးသည်ဟု အကျဉ်းအားဖြင့် ဖော်ပြထားသည်။

ကဗ္ဗာလာပညာ၏ မဟာသိဒ္ဓိ အခြေခံတရားဖြစ်သည်။

ပိုက်သာဂိုရပ်သည် သာမန်သင်္ချာ၊ ဂျီဩမေထရီသင်္ချာပညာများအပြင် ဂမ္ဘီရသင်္ချာပညာရပ်ကိုလည်း တီထွင်ချမှတ်ထားသည်။

ကိန်းဂဏန်းတစ်ခုစီ၏ တန်ဖိုးနှင့် အဓိပ္ပါယ်များကို ဖွင့်ဆိုသည်။

ကိန်းဂဏန်းများ စုပေါင်းထားသည့် ကိန်းဂဏန်းစဉ်များ၏ ဂမ္ဘီရ အဓိပ္ပါယ်များကိုလည်း ဖွင့်ဆိုထားသည်။

ဤသို့ ဂဏန်းတစ်လုံးချင်း၏ အဓိပ္ပါယ်ဖွင့်ဆိုပုံနှင့် . စုပေါင်းဂဏန်းစု၏ အဓိပ္ပါယ်ဖွင့်ဆိုပုံတို့သည် ဗေဒင်ကဖွင့်ပုံ၊ ကဗ္ဗာလာကဖွင့်ပုံနှင့် မတူဘဲ တစ်မူထူးခြားသည်။

ဂဏန်းသင်္ချာဗေဒင်သည် နာမည်စာလုံးပေါင်း၏ ကိန်းဂဏန်း၊ မွေးနေ့ကိန်းဂဏန်းများကို အဓိပ္ပါယ်ဖွင့်ဆို ဟောပြောနိုင်သည်။

ကဗ္ဗာလာပညာအရ နတ်ဆိုးများ၏အကြောင်းကို အကျယ်တဝင့်ခွဲခြားပြထားပေသည်။ မိစ္ဆာနတ်ဆိုး(၉)မျိုး ရှိသည်ဟု ဖေါ်ပြကာ တစ်မျိုးစီ၏ သဘာဝနှင့် ၎င်းတို့၏ တန်ခိုးများကို



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြထားသည်။

မိစ္ဆာနတ်ဆိုး (၉)မျိုးမှာ . . . . .

၁။ သမ္မာဒေဝနတ်ဟန်ဆောင်သော မိစ္ဆာနတ်ဆိုး။

ဥပမာ - စေတန်နတ်ဆိုး။

၂။ မုသာဝါဒ လိမ်လည်ပြောဆိုတတ်သော မိစ္ဆာနတ်ဆိုး။

၃။ ဒေါသကြီးသော အဖျက်နတ်ဆိုး။

၄။ လက်စားချေတတ်သော အငြိုးကြီးမိစ္ဆာနတ်ဆိုး။

၅။ ပရိယာယ် မာယာဆင်တတ်သော မိစ္ဆာနတ်ဆိုး။

၆။ လူတွေကို ဒေါသနှင့် ရမ္မက်တွေဆွပေးသော မိစ္ဆာနတ်ဆိုး။

၇။ အဖျက်လုပ်ငန်းတွေ လုပ်သော မိစ္ဆာနတ်ဆိုး။

၈။ အချင်းချင်း စိတ်ဝမ်းကွဲအောင် မြှောက်ပင့်ပေးသော မိစ္ဆာနတ်ဆိုး။

၉။ လောဘ၊ ဒေါသများ ထွက်လာအောင် မြူဆွယ်တတ်သော မိစ္ဆာနတ်ဆိုး

တို့ဖြစ်သည်။

ဖော်ပြပါ မိစ္ဆာနတ်မျိုးများသည် ဂမ္ဘီရပညာ ရှာဖွေသူများကို ဟန့်တားသွေးဆောင်မှုပြုမည့် နတ်မိစ္ဆာများဖြစ်သည်။

သို့ဖြစ်၍. . အဆိုပါမိစ္ဆာနတ်များကို ဂမ္ဘီရပညာတွင် "ဝိညာဉ်၏ ဝင်ထွက်ပေါက်၌နေသူ" (DWELLER ON THRESHOLD) ဟုခေါ်သည်။

ဤနတ်မိစ္ဆာများကို နှိမ်နင်းနိုင်သည့် သမ္မာဒေဝနတ်အမျိုးမျိုးကိုလည်း ဖော်ပြထားသည်။ ဂျယ်ဘရီရယ်၊ မိုက်ကယ်





စသောနတ်များ (ARCH ANGELS) တို့ဖြစ်သည်။

နောက်အခန်းတွင် အဆောင်လက်ဖွဲ့ အမျိုးမျိုး စီရင်နည်းကို ဖော်ပြထားသည်။

အဆောင်လက်ဖွဲ့ ကဏ္ဍတွင်. . . အင်း(SQUARE)သည် လေးထောင့်ကွက်ထဲမှာ အကွက်များ ထပ်မံစိတ်ဖြာပြီး အင်းဆံဂဏန်းများ သွင်းထားသည်။

(၉)ကွက်အင်းမှာ (၁)မှ (၉)အထိ ဂဏန်း (၉)လုံး သွင်းထားသည်။

အလယ်ကွက်မှာ (၅)ထည့်ထားပြီး ဒေါင်လိုက် (၃)ကွက်ပေါင်းလျှင် (၁၅)ရသည်။

အလျားလိုက် (၃)ကွက်ပေါင်းလျှင် (၁၅)ရသည်။

မြန်မာ့ အင်းပညာသည် စမ္ဗနာဝအင်းနှင့် တူပါသည်။

ရှေးခေတ် တရုတ်ပြည်မှာ လိပ်ခွံပေါ်တွင် ရေးထားသော တရုတ်စမ္ဗနဝ အင်းကိုလည်း ဖော်ပြထားသည်။

ဒေါင်လိုက် (၆)ကွက်၊ အလျားလိုက် (၆)ကွက် စုစုပေါင်း (၃၆)ကွက်ရှိသော ဆော်လမွန်၏ အင်းကိုလည်း ပြသထားသည်။

အဆိုပါကျမ်းတွင် စိတ်ညှို့ပညာနှင့် မက်စမာရစ်ဇင်းကိုလည်း သီးခြားရေးသားထားသည်။

ဒေါက်တာမက်စမာကြီး၏ မက်စမာရစ်ဇင်းနှင့် စိတ်ညှို့ပညာ၏ အရေးပါပုံကို ဖော်ပြထားသည်။

ဒေါက်တာမက်စမာကြီး၏ စိတ်ညှို့ပညာ၏ ပဓာနအင်အားသည် တိရစ္ဆာန်ဆွဲငင်ဓာတ်ဟုခေါ်သည့် မိမိ၏ စိတ်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းအင်နှင့် ဆွဲငင်မှု စွမ်းအင်သည် လူတိုင်းမှာရှိပုံ၊ ဆွဲငင်မှု စွမ်းအင်ကို အသုံးချပုံများကို ရေးသားဖော်ပြထားသည်။

ပထမကဏ္ဍမှာပါသည့် ဂမ္ဘီရသိပ္ပံ အပိုင်းမှာ လေးနက်သော ပညာရပ်များအကြောင်းကို အသားပေးရေးထားသည်။

ဒုတိယကဏ္ဍမှာပါသည့် ဂမ္ဘီရနည်းပညာများမှာမူ လေးနက်ခြင်းမရှိလှပေ။ ထိုပညာရပ်များကို အသုံးပြုပြီး ဂမ္ဘီရနယ်သို့ ဝင်ရန်အတွက်သာ ဖြစ်ပေသည်။

ဒုတိယကဏ္ဍတွင်ပါသော ရှေ့ဖြစ်နောက်ဖြစ်ဟောပညာများတွင် တားရော့ကတ်ပြားများ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြထားသည်။

ဗေဒင်ဟောရန် အနက်အဓိပ္ပါယ်နှင့် ဂမ္ဘီရပညာ အဓိပ္ပါယ်ကို နှိုင်းယှဉ်ဖော်ပြထားသည်။

တားရော့ကတ်ပြားသာမက အခြားကတ်ပြားအမျိုးမျိုးနှင့် ဟောပြောမှုကို ဖော်ပြထားသည်။

ထို့ပြင် အရုပ်လက်ထောက်ဗေဒင်၊ ကြွေဗေဒင်၊ အန်စာတုံးဗေဒင် အစရှိသော ကံစမ်းဗေဒင်မျိုးစုံကို ဖော်ပြထားပေသည်။

အကြားအမြင်နှင့် ဓာတ်ဖန်လုံးကြည့်နည်းများကိုလည်း ပြည့်စုံစွာဖော်ပြထားသည်။

ဓာတ်ဖန်လုံးအမျိုးမျိုးအကြောင်း၊ ဓာတ်ဖန်လုံးကို ကိုင်တွယ်သိမ်းဆည်းနည်း၊ သိဒ္ဓိတင်နည်း၊ ကြည့်ရှုနည်း၊ အမြင်အာရုံကို အဓိပ္ပါယ်ဖွင့်နည်းများ ပါဝင်သည်။

အကြားအမြင်နှင့် ဓာတ်ဖန်လုံးကြည့်နည်းတို့၏ အခြေ





ခံသည် "မသိစိတ်"သာဖြစ်သည်။

မသိစိတ်ဖြင့်သာ အကြားအာရုံထူး၊ အမြင်အာရုံထူးများကို ရနိုင်သည်။

သို့ဖြစ်၍ "မသိစိတ်"ကိုပေါ်အောင် ကျင့်ရန်သာ အရေးကြီးသည်။ ဓာတ်ဖန်လုံးတွင် သိဒ္ဓိရှိခြင်း မဟုတ်ပေ။ ဓာတ်ဖန်လုံးသည် အာရုံပြုစရာ ကိရိယာတစ်ခုသာ ဖြစ်သည်ဟု ဖွင့်ဟရေးသား ဖော်ပြထားသည်။

ဂျီအိုမဲစီ(GEOMENCY)ဟုခေါ်သော . . သင်္ကေတပုံသဏ္ဌာန်များ၏ ရှေ့ဖြစ်နောက်ဖြစ်ဟောသည့် ပညာကို စိတ်ဝင်စားဖွယ်ကောင်းအောင် ဖော်ပြထားပေသည်။

ဤပညာ၏အစသည် ယိကျင်းကို အခြေခံသည်။

၎င်းမှာ တရုတ်ရှေးဟောင်းပညာဖြစ်ပြီး လိပ်ခွံပေါ်တွင် ရေးထားသော စမ္မာန၀ (၉)ကွက်အင်းကို တရုတ်ဘာသာဖြင့် "ပါတောက်" ဟုခေါ်သည်။

အလယ်မှ (၅)ဂဏန်းသည် "လူ" ကိုညွှန်းပြီး ဘေးပတ်သည်ဂဏန်း (၈)ကွက်သည် လူ၏ကံကြမ္မာကို ဟောခြင်းဖြစ်သည်။

မြေကြီးပေါ်တွင် အကွက်ဆွဲပြီး ချသော အင်းသည် . . မူလအစဖြစ်သည်။ ထို့နောက်တွင် အင်းကို ပုရပိုက်၊ စက္ကူသည်တို့ပေါ်တွင် ဆွဲသည်။

အင်း၏ အခြေခံပုံသဏ္ဌာန် (၁၆)မျိုးရှိသည်။

ကွက်လပ်ပေါ်တွင် သင်္ကေတပုံများကို ပုံဖော်ဆွဲခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်္ကေတ ပုံသဏ္ဍာန်များကိုကြည့်ပြီး ဟောခြင်းဖြစ်သည်။

ရေးဆွဲထားသော သင်္ကေတများသည် တရုတ်ပါကျောင်း (သို့မဟုတ်) ကတ်မှာရေးထားသည့် အပွင့်များကဲ့သို့ ဖြစ်သည်။

ဂေဟာဗေဒပညာသည်. . ဤအခြေခံပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

အိပ်မက်ကို ဂမ္ဘီရပညာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယူဆ၍ အဓိပ္ပါယ်ဖွင့်သည်။

အဂ္ဂိရတ်ပညာကိုလည်း ဂမ္ဘီရနည်းပညာ၏ အစိတ်အပိုင်းအဖြစ် ဖော်ပြသည်။

"အဂ္ဂိရတ်" ဆိုသည်မှာ မသန့်ရှင်းသော ဓာတ်တစ်ခုကို သန့်ရှင်းအောင်လုပ်ခြင်း ဖြစ်သည်။

မသန့်ရှင်းသော မနောဝိညာဉ်များကို သန့်စင်အောင် လေ့ကျင့်ဆောင်ရွက်ခြင်းသည် ဂမ္ဘီရပညာ၏ အဓိကလုပ်ငန်း ဖြစ်သည်။

ဤကဲ့သို့ နာမ်ဓာတ်သန့်ရှင်းမှုလုပ်ခြင်းကို ရုပ်ဓာတ်သန့်အောင်လုပ်ခြင်းနှင့် သရုပ်ဖော်ပြခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဂမ္ဘီရပညာ လက်စွဲကျမ်းသည် ဂမ္ဘီရပညာကို လိုက်စားမည့် လက်သင်များ. . ကနဦး ဖတ်ထားသင့်သည့် စာအုပ်ဖြစ်သည်။ ဤသို့ကြိုတင်လေ့လာထားခြင်းဖြင့် ရေလိုက်လွဲမည့် အန္တရာယ်ကို ရှောင်နိုင်ပေမည်။

ဒေါက်တာမင်းထင်ကျော် ပြောပြသော ဂမ္ဘီရပညာဆိုသည်မှာ နိဒါန်းအဆင့်မျှသာရှိသေးပြီး လျှို့ဝှက်နက်နဲလွန်းသောကြောင့် သာမန်လူတို့ လွယ်လွယ်နှင့် နားမလည်နိုင်သော ပညာမျိုးလည်းဖြစ်သည်။

သို့သော်လည်း လောကကြီး တစ်ဝှမ်းလုံးတွင် ဂမ္ဘီရဟုဆိုသော လျှို့ဝှက်နက်နဲမှု၊ ဆန်းကြယ်မှုများဖြင့် ပြည့်နေသည်ဆိုတာ မများပါချေ. . .။

ဒေါက်တာမင်းထင်ကျော်ပြောပြသော အကြောင်းအရာများကို မြင်နှင်းဖြူကလည်း များစွာ စိတ်ဝင်စားမှုရှိလေသည်။

နောက်ပိုင်းမှာလည်း သူတို့နှစ်ယောက်မှာ မကြာခဏတွေ့ဆုံကြပြီး ပညာရပ်များနှင့်ပတ်သက်သော အကြောင်းများကို ပြောဆိုဆွေးနွေးကြရင်းမှ ရင်းနှီးမှုများ ပိုမိုရှိလာကာ နောက်ပိုင်းမှာတော့ ချစ်သူများဘဝ ရောက်ခဲ့ကြလေသည်။

သာမန်ခင်မင်ရင်းနှီးသောဘဝ အခြေအနေမျိုးမှ ဘဝအစိတ်အပိုင်း တစ်ခုကဲ့သို့ ဖြစ်လာသော ချစ်သူဘဝရောက်လာသောအခါ ပျော်ရွှင်မှုများ၊ ဘဝနှင့်ပတ်သက်သော ရည်မှန်းချက်များက. . တသီတစ်တန်းကြီး ပေါ်လာလေတော့သည်။

သို့သော်လည်း ထိုပျော်ရွှင်မှုများမှာ မကြာခင် အချိန်အတောအတွင်းမှာပင် ဝမ်းနည်းကြေကွဲမှုများက ရောက်လာလေတော့သည်။

မြနှင်းဖြူမှာ တစ်ခုသော ကျောင်းပိတ်ရက်အချိန်တွင် နေရပ်သို့ ပြန်ရလေသည်။

"ဖေဖေ နေမကောင်းလို့ ကျွန်မပြန်ရတော့မယ်၊ လာမည့်နှစ် ကျောင်းဖွင့်ရင်တော့ ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ရေစက်မကုန်သေးရင်တော့ ပြန်ပြီးဆုံကြရဦးမှာပေါ့ မြရယ်၊ မောင်လည်း မြနဲ့ အခုလိုခွဲခွာရတာ စိတ်မကောင်းပါဘူး"

"ကျွန်မလည်း မောင်နဲ့ခွဲခွာရမှာကို စိတ်မကောင်းဖြစ်မိပါတယ်၊ ဒါပေမယ့် တစ်နေ့ကျရင်တော့ ကျွန်မတို့နှစ်ယောက် ပြန်တွေ့ကြဦးမယ်လို့တော့ စိတ်ထဲက ထင်နေမိပါတယ်"

"မောင်တို့နှစ်ယောက် အခြေအနေမပေးလို့ လူချင်း ဝေးနေကြရပေမယ့် စိတ်ချင်းတော့ နီးနေကြမှာပါ၊ အခါအခွင့် သင့်ရင်တော့ မြရှိတဲ့နေရာကို မောင် အရောက်လာခဲ့ပါ့မယ်"

"မြ မျှော်နေပါမယ်မောင်၊ ဒီစကားကြားရတာ စိတ်ထဲ မှာ အားရှိလှသလိုလည်း ခံစားရပါတယ်၊ လူတွေဟာ မျှော်လင့် ချက်တစ်ခုနဲ့ အသက်ရှင်နေကြရတာဆိုတော့. . ကျွန်မလည်း မောင်နဲ့ဝေးနေကြရတဲ့အချိန်မှာ မောင်နဲ့ပတ်သက်တဲ့ မျှော်လင့် ချက်ကလေးတစ်ခုနဲ့ အသက်ရှင်နေရတော့ စိတ်သက်သာ ရတာပေါ့"

"ကောင်းပါပြီ. . အခြေအနေပေးတဲ့တစ်နေ့မှာ မြရှိ နေရာကို မောင် ရောက်အောင်လာခဲ့ပါ့မယ်"

ဟုပြောဆိုနှုတ်ဆက်ကာ မြနှင်းဖြူတစ်ယောက် နေရာ သို့ ပြန်သွားလေသည်။

နောက်တစ်နှစ် တက္ကသိုလ်ပြန်ဖွင့်သောအခါမှာ မြနှင်းဖြူတစ်ယောက် ပြန်ရောက်မလာတော့ပါချေ. . .။





# အခန်း (၅)

## နီမောင် သို့မဟုတ် လက်ပြောင့်လေးသမား

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာရှိကြသော တိုင်းနှင့် ပြည်နယ်များထဲတွင် ရှမ်းပြည်နယ်သည် နေရာနယ်နိမိတ် အ ကျယ်ဆုံးဖြစ်သည်။

မြန်မာနိုင်ငံ အကျယ်အဝန်း၏ သုံးပုံတစ်ပုံက နေရာယူ ထားသည်ဆိုပါက မမှားပေ။

မြန်မာနိုင်ငံ၏ လူဦးရေအများနေထိုင်သော တိုင်းနှင့် ပြည်နယ်များတွင် မြစ်ဝကျွန်းပေါ်ဒေသဟုခေါ်သော ရာဝတီ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဒေသကြီးမှာ လူဦးရေအများဆုံးရှိပြီး ရှမ်းပြည်နယ်၌ လူဦးရေမှာ ဒုတိယအများဆုံးဖြစ်လေသည်။ ရှမ်းပြည်နယ်အတွင်း၌ မြို့နယ်ပေါင်း (၅၄)မြို့နယ်ပါဝင်လေသည်။

(ထိုမှတ်တမ်းများက ယခုနောက်ပိုင်း ကောက်ယူသော မှတ်တမ်းအခြေအနေဖြစ်ပြီး ရှေးအခါကတော့ မြို့အဖြစ် သတ်မှတ်သောနေရာ ထိုမျှလောက်မများလှပေ)

ထိုမြို့နယ်များထဲတွင် 'မိုင်းယောင်း'မြို့လည်း တစ်မြို့ အပါအဝင်ဖြစ်လေသည်။

မိုင်းယောင်းမြို့သည် တည်ရှိသော နေရာမှာ ရှမ်းပြည်နယ် အရှေ့ဖျားဘက်တွင်ရှိသည်။

ပေ(၄၀၀)ကျော်ခန့်မြင့်သော တောင်ကုန်းတစ်ခုပေါ် မှာတည်ထားသော မြို့ငယ်တစ်မြို့ဖြစ်သည်။

ယခုနောက်ပိုင်း စည်ကားလာသဖြင့် မြို့ပြပုံသဏ္ဌာန် ပြောင်းလဲလာသော်လည်း ရှေးအခါကတော့ ရွာကြီးတစ်ရွာမျှ သာရှိခဲ့လေသည်။

မိုင်းယောင်းမှသွားလျှင် တရုတ်ပြည်ဘက်သို့ (၂၆)မိုင် ခန့်သာဝေးပြီး လာအိုနိုင်ငံဘက်သို့ (၁၅)မိုင်ခန့်သာ ကွာဝေးလေ သည်။

ဘိန်းနှင့်ပတ်သက်လျှင် ကမ္ဘာအထိ နာမည်ကျော်ကြား သော ရွှေတြိဂံနယ်မြေနှင့်လည်း ခရီးမဝေးလှပေ. .။

ရှေးအခါက ထိုနေရာဒေသတစ်ဝိုက်မှာ နေထိုင်ကြသူ များမှာ ဘိန်းစိုက်ပျိုးခြင်းကိုသာ အဓိကအားပြုပြီး လုပ်ကိုင်ကြ လေသည်။





ကိုလိုနီနယ်ချဲ့ခေတ်ကာလတလျှောက်မှာ ထိုအရပ် ဒေသတလျှောက်တွင် ဘိန်းစိုက်ခင်းများက နေရာမလပ်ရှိနေ ခဲ့ကြလေသည်။

ထို့ပြင်. . ဘိန်းကုန်ကူးခြင်းကို အဓိကထားပြီး လုပ်နေ ကြသော တရုတ်ဖြူတပ်များလည်း ထိုအရပ်ဒေသတွင် ရှိနေကြ သေးသည်။ မိုင်းဆတ်၊ မိုင်းယောင်း စသောဒေသများမှာ နယ် စပ်ဒေသနှင့်နီးပြီး အုပ်ချုပ်ရေးနှင့် အလှမ်းဝေးသောနေရာ ဖြစ် သောကြောင့် ရှေးအခါက သူတလူငါတစ်မင်း နေကြသော နေ ရာများလည်းဖြစ်သည်။

အမှန်တော့ မိုင်းဆတ်၊ မိုင်းယောင်းဟုခေါ်သောနေရာ များကို မြို့ဟုခေါ်သော်လည်း တကယ်တော့ တောင်ပေါ်ရွာစု များ စုပေါင်းထားသည်ကို မိုင်းဆတ်၊ မိုင်းယောင်းဟု. . ခြုံပြီး ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဥပမာပြောရလျှင် လှည်းတံ၊ ဝင်ရိုး၊ လှည်းဘီး၊ ထမ်းပိုး၊ လှည်းအိမ် စသည်တို့ စုပေါင်းတပ်ဆင်ထားသောအရာကို. . 'လှည်း'ဟုခေါ်သကဲ့သို့. . . ।

တောင်ပေါ်ရွာများ စုပေါင်းထားသော နေရာများကို မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့ဟု အလွယ်တကူ ခေါ်ဝေါ်နေကြ ခြင်းဖြစ်သည်။

အချို့မှာ ရွာဟုခေါ်သော်လည်း အိမ်ခြေလေးငါးလုံး သာရှိသော နေရာများလည်းရှိကြသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ထိုအရပ်ဒေသကို ဂျပန်နှာဖြူတပ်များက စီမံအုပ်ချုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့ပြည်တွင်းသို့ တနင်္သာရီဘက်မှ ဂျပန်တပ်မှ
ဝင်ရောက်လာသောအခါ ပန်ချာပီတပ်များကို ပြန်လည်ရုပ်သိမ်း
သွားပြီး မဟာမိတ် ချန်ကေရှိတ်၏ ကူမင်တန်တပ်ရင်းတစ်ရင်း
ရောက်လာပြီး စီမံအုပ်ချုပ်ခဲ့ကြသည်။

နောက်ပိုင်း ဂျပန်တပ်များ ဝင်ရောက်လာသောအခါ
ယူနန်သို့ ဆုတ်ခွာသွားကြသည်။

ဂျပန်တို့ဝင်လာသောအခါ ၄င်းနောက်မှပါလာသော
ယိုးဒယားတပ်များက ထိုဒေသကို စီမံအုပ်ချုပ်ကြလေသည်။

နောက်ပိုင်း ဒုတိယကမ္ဘာစစ်ဖြစ်ပြီး နောက်ပိုင်း
ကူမင်တန်တရုတ်ဖြူတပ်များ ခြေကုပ်ယူကာ ဘိန်းကုန်ကူးသော
အရပ်ဒေသဖြစ်ခဲ့ရပေသည်။

မိုင်းယောင်းမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ရွာ
ကလေးများရှိသည်။

ထိုရွာကလေးများကို စုပေါင်းပြီး 'မိုင်းယောင်းမြို့'
ခေါ်နေကြခြင်းဖြစ်သည်။

ထိုရွာကလေးများမှာ အိမ်ခြေလေးငါးလုံးရှိသော ရွာ
ကလေးများမှ အိမ်နှစ်ဆယ် သုံးဆယ်ရှိသော ရွာကြီးများအထိ
ရှိကြလေသည်။

ထိုအထဲတွင် နမ်းလိမ်းခံရွာလည်း တစ်ရွာအပါအဝင်
ဖြစ်ပေသည်။ ထိုရွာကလေးမှာ အိမ်ခြေ(၂၀)ကျော်ခန့်ရှိပြီး ရှမ်း
တိုင်းရင်သားအများစု နေထိုင်သော ရွာတစ်ရွာဖြစ်သည်။

ထိုရွာမှာ နေကြသူအများစုမှာ စပါးစိုက်ခြင်း၊ တော
ယာစိုက်ခြင်း၊ ဘိန်းစိုက်ခြင်း၊ အမဲလိုက်ခြင်း၊ တောတောင်း



ထဲ တက်ပြီး ပျားရည်ရှာခြင်း၊ သဘာဝဆေးပင်ဆေးဥများ ရှာဖွေ
ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

အချို့လည်း နွား၊ ဝက်၊ သိုး၊ ဆိတ် စသော သတ္တဝါများ
မွေးမြူကြသည်။

ရရှိသောပစ္စည်းများကို မိုင်းယောင်းဈေးသို့သွားရောက်
ရောင်းချကြသည်။

မိုင်းယောင်းဈေးမှာ နေ့စဉ်တော့ မရှိပေ။သုံးရက်တစ်
ကြိမ်၊ ငါးရက်တစ်ကြိမ်မှ ခင်းကျင်းရောင်းချသော ရက်ပတ်ဈေး
ဖြစ်သည်။

အနီးပတ်ဝန်းကျင်မှာ နေထိုင်ကြသောလူများက ဈေး
နေ့ရောက်သောအခါမှ ရောက်လာကြပြီး ရောင်းစရာရှိသည့်
ပစ္စည်းကိုရောင်း၊ ဝယ်စရာရှိသည့်ပစ္စည်းကို ဝယ်ယူကြသည်။

နီမောင်က နမ်းလိမ်းခံရွာမှာ နေသူတစ်ယောက်ဖြစ်
သည်။ သူသည် အသက်(၂၅)နှစ် အရွယ်ခန့်ရှိပြီး ထိုရွာမှာမွေး
ထိုရွာမှာကြီးသော လူတစ်ယောက်တော့ မဟုတ်ပေ။

သူနှင့်အတူနေသော ဦးစိုင်းနောင်မှာ ရှမ်းအမျိုးသား
တစ်ယောက်ဖြစ်သည်။

အသက်ငါးဆယ်ကျော်အရွယ်ပင် ရှိသေးပြီး သဘော
ကောင်းသူတစ်ဦး ဖြစ်သည်။

နီမောင်နှင့် သွေးသားမတော်စပ်သော်လည်း တူအရင်း၊
သားအရင်းကဲ့သို့ ချစ်ခင်ကာ ပြုစုစောင့်ရှောက်ပေးထားခဲ့ခြင်း
ဖြစ်လေသည်။

အမှန်တော့ နီမောင်က မြန်မာလူမျိုးတစ်ဦးဖြစ်သည်။


www.burmeseclassic.com

သူက ရှမ်းပြည်အရှေ့ပိုင်း နယ်စွန်နယ်ဖျား ရောက်နေရသော်လည်း ၎င်း၏မိဘဆွေမျိုးများကတော့ မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဘက်၌ ကျန်ခဲ့ကြလေသည်။

နီမောင်တစ်ယောက် ဦးစိုင်းနောင်ထံသို့ ရောက်နေခဲ့သည်မှာ (၅)နှစ်ကျော် (၆)နှစ်ဝန်းကျင်ခန့်ရှိနေခဲ့ပေပြီ၊ ရောက်စက မနေတတ်မစားတတ်ရှိသော်လည်း နှစ်ကြာလာသော အခါမှာတော့ နေသားကျလာခဲ့သည်။

လူကလည်း ရှမ်းလူရွယ်တစ်ယောက်နှင့် တူလာပြီး ထိုအရပ်ဒေသမှာ အသုံးများသော 'လီ'ရှမ်းဘာသာစကားကိုပင် ကောင်းစွာတတ်ကျွမ်းလျက် ပြောနိုင်ဆိုနိုင် နားလည်နိုင်ခဲ့ပေပြီ။

ဦးစိုင်းနောင်က သူ့အပေါ်မှာ သားသမီးတစ်ယောက်လို ခင်မင်တွယ်တာသလို နီမောင်ကလည်း ဦးစိုင်းနောင်အပေါ်၌ ဖခင်အရင်းကဲ့သို့ သံယောဇဉ်ရှိလေသည်။

ဦးစိုင်းနောင်ကလည်း ဇနီး၊ သားသမီး မရှိ။ နီမောင်ကလည်း တစ်ကိုယ်တည်းရောက်လာခဲ့သူ ဖြစ်သောကြောင့် နှစ်ယောက်ပေါင်းပြီး တစ်ဘဝဖြစ်နေကြသည်။

၎င်းတို့တွင် တောင်ယာစိုက်ခင်းတစ်ကွက်နှင့် စပါးစိုက်ပျိုးသော လယ်မြေတစ်ကွက်ရှိသည်။

ထိုလယ်ကွက်၊ ယာကွက်များမှထွက်သော ဆန်စပါး အသီးအနှံတို့မှာ သူတို့နှစ်ယောက်အတွက် လောက်ငရုံမက ပိုလျှံနေသေးသည်။

၎င်းတို့မှာ အခြားသူများကဲ့သို့ ဘိန်းစိုက်ခြင်းတော့ မပြုကြပေ။



လယ်နှင့်တောင်ယာစိုက်ခင်းများကို ဦးစိုင်းနောင်က တာဝန်ယူလုပ်ကိုင်ပြီး နီမောင်က တစ်ခါတရံမှသာ အကူအညီ ပေးရလေသည်။

နီမောင်က ထိုအလုပ်မျိုးကိုလည်း ဝါသနာမပါလှပေ။

သူဝါသနာပါသောအလုပ်က တောတက်ပြီး အမဲလိုက်ရသော အလုပ်မျိုးဖြစ်သည်။

ကိုယ်ကျပ်အင်္ကျီ၊ ဘောင်းဘီ၊ ခြေသိုင်းဖိနပ်၊ ကျားသစ်ခေနဖူးစည်း၊ ကိုင်းသန်လှသော လင်းလေးတစ်လက်၊ အဆိပ်အမျိုးမျိုး သုပ်လိမ်းထားသော သံချွန်တပ်မြားတံများ၊ လှံမတစ်ချောင်း၊ ဓားတစ်လက်တို့နှင့် သူ၏ပုံပန်းသဏ္ဌာန်မှာ သာမန်သူတစ်ယောက်နှင့် မတူတော့ဘဲ တောတွင်းသားတစ်ယောက်နှင့် ပိုတူနေလေတော့သည်။

နီမောင်အသုံးပြုသော လက်နက်များထဲတွင် လေးနှင့်မြားကို အားကိုးသူဖြစ်ပြီး မြားပစ်ရာမှာလည်း သူမတူအောင် ကျွမ်းကျင်သူဖြစ်သည်။

လေထဲမှာ ပျံဝဲနေသောငှက်၊ မြေပေါ်မှာ ပြေးလွှားနေသော သားကောင်ကို မလွတ်တမ်း ပစ်ခတ်နိုင်သည်။

ဦးစိုင်းနောင်ဆီ ရောက်စကတည်းက ဦးစိုင်းနောင်က သူ့ကို လေးမြားအတတ်ကို သင်ကြားပေးခဲ့သည်။

"ဓားတို့ လှံတို့က အနားရောက်လာတော့မှ အသုံးပြုနိုင်ရတယ်၊ တောထဲမှာနေတဲ့ သားကောင်တွေ တောကောင်းတွေဆိုတာ လူကိုအန္တရာယ်ပေးမယ့် တောကောင်ကသာ ကိုယ့်အနားလာတတ်ပြီး၊ ကိုယ်လိုချင်တဲ့ တောကောင် သားကောင်



www.burmeseclassic.com

တွေကတော့ လူမြင်တာနဲ့ အနံ့ရတာနဲ့ ထွက်ပြေးတော့တာပဲ"

"ဟုတ်ကဲ့ အဘ. . ."

"ဒီတော့ သူတို့ကိုလိုချင်တယ်၊ ဖမ်းချင်တယ်ဆိုရင်. . အဝေးပစ်လို့ရတဲ့ လက်နက်လိုတယ်"

"သေနတ်ကိုပြောတာလားအဘ"

"သေနတ်လည်း ပါတာပေါ့၊ ဒါပေမယ့်. . သေနတ်က နေရာတကာ မရနိုင်ဘူး၊ ဒီတော့. . တောထဲမှာသုံးဖို့ အဝေးပစ် လက်နက်အဖြစ်သုံးရင် ပိုပြီးအဆင်ပြေတဲ့ လေးနဲ့မြားက ဘယ် သူမဆို ကိုင်နိုင်တယ်"

"မှန်ပါတယ်"

"လေးနဲ့မြား ကျွမ်းကျင်လာရင် သေနတ်တစ်လက်လိုပဲ အားကိုးရတယ်၊ လေးက သေနတ်လို အသုံးပြုနိုင်သလို မြားတံ တစ်ချောင်းကလည်း ကျည်ဆံတစ်တောင့်လိုပဲ အသုံးပြုလို့ရ တယ်၊ ကျည်ဆံထိမှန်ရင်တောမှ ချက်ချင်းသေချင်မှသေမယ် အဆိပ်လူးတဲ့မြား တစ်ချက်ထိရင် တစ်လက်မတောင် နေရာ မရွှေ့နိုင်တော့ဘူး"

ထိုစကားကြားကတည်းက နီမောင်က လေးနှင့်မြားကို သဘောကျနေသည်။

ဦးစိုင်းနောင်ကလည်း လေးပစ်မြားပစ် ကျွမ်းကျင်သူ ဖြစ်သောကြောင့် စိတ်ရှည်လက်ရှည် သင်ပြပေးသည်။

လေးကိုင်တွယ်ပုံ၊ ညှို့ကြိုးတပ်ပုံ၊ ပစ်ခတ်ပုံများကအစ စနစ်တကျသင်ပေးသည်။

ထို့ပြင် မြားတံပြုလုပ်ပုံ၊ သံချွန်တပ်ပုံ၊ အဆိပ်အမျိုးမျိုး





ဖော်စပ်ပုံတို့ကိုလည်း ပြောပြပေးသည်။

တောတက်သူများ၊ အမဲလိုက်သူများအဖို့ အဆိပ်အ ကြောင်း နားလည်ဖို့ကလည်း အရေးကြီးလှသည်။

အန္တရာယ်ပြုလာသော တောကောင်ကို ပစ်ခတ်ရာတွင် အသုံးပြုသောအဆိပ်နှင့် စားသောက်ရန်အတွက် ပစ်ခတ်သော သားကောင်ကို ပစ်ခတ်သောအခါ အသုံးပြုသောအဆိပ်များကို လည်း ခွဲခြားသိရသည်။

တောလိုက်သမားများ အသုံးပြုသောအဆိပ်ကို အဆိပ် ပင်မှသော်လည်းကောင်း၊ အဆိပ်ပင်မရှိသော အရပ်ဒေသမျိုး မှာ မိမိတို့ဘာသာ ဖော်စပ်၍သော်လည်းကောင်း အသုံးပြုကြ သည်။

အဆိပ်ပင်မှ အဆိပ်ရည်ယူသည့်အခါ. . မည်မျှအန္တ ရာယ်များပြီး ခက်ခဲကြောင်းကို အခြားရေးသားထုတ်ဝေပြီးသော စာအုပ်များတွင် အတန်အသင့် ထည့်သွင်းရေးသားခဲ့ပေပြီ။

ကိုယ်တိုင်ဖော်စပ်သော အဆိပ်များကတော့ တိရစ္ဆာန် များမှရသော ပစ္စည်းများ၊ သဘာဝအပင်၊ အမြစ်၊ အသီးတို့ဖြင့် စုပေါင်းဖော်စပ်ထားသော အဆိပ်များဖြစ်ကြလေသည်။

ထိသေအဆိပ်၊ တစ်ဆွေ့ခုန်အဆိပ်၊ တောင်လုံးကျော် အဆိပ်၊ တစ်တောင်ကျော် အဆိပ်၊ တစ်တုံးကျော်အဆိပ်. . . ဟူ၍ အမျိုးမျိုးအသုံးပြုကြသည်။

ထိသေအဆိပ်မှာ. . ထိသည်နှင့် ချက်ချင်းသေစေ လောက်အောင် အဆိပ်ပြင်းသောကြောင့် မိမိအား အန္တရာယ် ပေးလာမည့် တောကောင်ကြီးများနှင့် တွေ့သောအခါမှသာ

www.burmeseclassic.com

အသုံးပြုကြသည်။

တစ်ဆွေ့ခုန်အဆိပ်မှာ ထိသည်နှင့် တစ်ချက်သာခုန်နိုင်ပြီး လဲကျသောအဆိပ်ဖြစ်သည်။

သားကောင်များကို ပစ်ခတ်ဖမ်းဆီးရာတွင် အသုံးမပြုကြပေ။

တောင်လုံးကျော်အဆိပ်မှာ ထိသော်လည်း တစ်တောင်ကျော်သည်အထိ ပြေးနိုင်သော အဆိပ်မျိုးဖြစ်သည်။

တစ်တောင်ကျော်အဆိပ်၊ တစ်တုံးကျော်အဆိပ်တို့မှာလည်း တောင်ကုန်းတစ်ကုန်း၊ တုံးတစ်တုံးလောက်သာ ကျော်နိုင်ပြီး လဲကျစေသော အဆိပ်မျိုးဖြစ်ကြလေသည်။

နီမောင်က အဆိပ်ဖော်စပ် အသုံးပြုပုံများကိုလည်း ဦးစိုင်းနောင်ထံမှ သေသေချာချာသင်ကြားရုံမကဘဲ လေးပစ်ကျွမ်းကျင်အောင်လည်း လေ့ကျင့်လေသည်။

ပထမ တောထဲမှာတစ်ယောက်တည်း လေ့ကျင့်သည်။ ငှက်ပျောပင်များကို သားကောင်းအမှတ်ဖြင့် ပစ်သည်။ ပြီးမှ သစ်ပင်မှာ စက်ဝိုင်းပုံသဏ္ဍာန်ရေးထားသော ပျဉ်ချပ်ကို ချိတ်ပြီး ပစ်မှတ်ကိုထိအောင်ပစ်သည်။ ပထမတော့ မနီးစပ်ပေ။

စက်ဝိုင်းချိတ်ထားသောနေရာက တစ်နေရာ၊ မြားထိသောနေရာကတခြား ဖြစ်နေတတ်သည်။

တစ်ခါတစ်ရံ ဦးစိုင်းနောင် နံဘေးမှာရှိနေသော အခါမျိုးတွင် ပြောပြပေးသည်။

"မြားပစ်တော့မယ်ဆိုရင် ဘယ်တော့မှ လူကို တည့်တည့်မရပ်ရဘူး၊ ကိုယ်တစောင်းရပ်ရတယ်၊ လေးကိုင်ထားတဲ့





လက်က သန်မာတောင့်တင်းရတယ်၊ ငြိမ်နေရတယ်၊ ကြိုးကိုဆွဲပြီး လွှတ်တဲ့နေရာမှာလည်း အလောတကြီး မလွှတ်ရဘူး၊ စိတ်ကို ငြိမ်အောင်ထားပြီး ဖြေးဖြေးချင်းလွှတ်ရတယ်၊ မြားလွှတ်ကာနီးရင်လည်း မြားထိပ်နဲ့ မျက်လုံးနဲ့ တစ်ဖြောင့်တည်းဖြစ်အောင် ချိန်ရတယ်"

"ဟုတ်ကဲ့"

"အရေးကြီးတာက သေနတ်ကိုပဲ အသုံးပြုပြု၊ လေးနဲ့မြားကိုပဲအသုံးပြုပြု . စိတ်တည်ငြိမ်ဖို့က အရေးကြီးဆုံးပဲ"

"ကျွန်တော် ကြိုးစားပါ့မယ်အဘ. . ."

ထိုကဲ့သို့သင်ကြားပြသပေးရာ နီမောင်ကလည်း နေ့စဉ်ကြိုးစားမှုရှိသောကြောင့် နှစ်လကြာသောအခါမှာတော့ လက်ဖြောင့်လေးသမားတစ်ယောက်အဖြစ်သို့ ရောက်လာခဲ့ရခြင်းဖြစ်ပေသည်။

နောက်ပိုင်းမှာ နီမောင်သည် လေးနှင့်မြားကို ယူဆောင်ပြီး တစ်ယောက်တည်း တောသို့ဝင်ကာ အမဲပစ်နိုင်သောအဆင့်မျိုး ရောက်ခဲ့ပေသည်။

နန်းလိမ့်ခံရွာတွင် နီမောင်နှင့် လက်တွဲဖော်နှစ်ယောက်ရှိကြသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင်ဖြစ်သည်။

၎င်းတို့သုံးယောက်မှာ စိတ်တူကိုယ်တူ အရွယ်တူများဖြစ်သောကြောင့် တောတက်လျှင် အတူတကွ သွားလာလေ့ရှိကြသည်။

ယခုလည်း သုံးယောက်သား လက်နက်အပြည့်အစုံနိုင်


www.burmeseclassic.com

www.burmeseclassic.com



ပြီး အရှေ့ဘက်တောင်တန်းတစ်ခုပေါ်သို့ ရောက်နေကြသည်။

ငှင်းတို့တောင်ပေါ်တက်လာသော ရည်ရွယ်ချက်မှာ သစ်နက်ဟုခေါ်သော ကျားသစ်နက်ပစ်ခတ်ရန်အတွက်ပင် ဖြစ်သည်။

သစ်နက်မှာ . . ကျား၊ ကျားသစ်မျိုးနွယ်ဝင်ဖြစ်သောကြောင့် လျင်မြန်ဖျတ်လတ်ပြီး လူကိုအန္တရာယ်ပြုသော သတ္တဝါမျိုးပင်ဖြစ်သည်။

သာမန်ကျားနှင့် ကျားသစ်တို့က ကိုယ်ပေါ်မှာ အဝါနှင့် အနက်အစင်း၊ အဝါနှင့်အနက်ပြောက်များ ပါသော်လည်း သစ်နက်ကတော့ တစ်ကောင်လုံး အနက်ရောင်သာဖြစ်လေသည်။

ထိုအနက်ရောင် သားရေချပ်ကပင် တန်ဖိုးကြီးသော ပစ္စည်းဖြစ်နေတော့သည်။ ကျားသစ်နက်တစ်ကောင်၏ သားရေချပ်ကို သွားရောက်ရောင်းချပါက ဝယ်မည့်သူမရှားပေ။

ဈေးမရှောင်ပဲ ပေးဝယ်လေ့ရှိသည်။

တောထဲမှာ ကျောက်မျက်ရတနာတစ်လုံးထက်ပင် ပိုမိုတန်ဖိုးရရှိလေသည်။

သို့သော် . . သာမန်ကျား၊ ကျားသစ်တို့က မကြာခဏတွေ့ရသော်လည်း ကျားသစ်နက်ကတော့ တွေ့ရခဲသည်။

တစ်ခါတစ်ရံမှသာ တွေ့ရသည်။

ယခုတော့ နီမောင်တို့နေသော ရွာစုများရှိသောနေရာနှင့် မနီးမဝေးတောင်တန်းပေါ်မှာ ကျားသစ်နက်တစ်ကောင် ရောက်လာသည်ဆိုသောသတင်း ထွက်လာသည်။

ထိုသတင်းက တောပစ်သမားများ၊ အမဲလိုက်သမားများ





အတွက် စိတ်ဝင်စားဖွယ်ရာ ကောင်းသောသတင်း ဖြစ်လာလေသည်။

ထိုသတင်းထွက်လာပြီး မရှေးမနှောင်းမှာပင် တောင်ပေါ်တက်သော လူသုံးယောက်အနက် တစ်ယောက်ကို ကျားသစ်နက်ဆွဲသွားသည်ဟူသောသတင်း ထွက်လာသည်။

တောင်ပေါ်တက်သူများ၊ တောထဲဝင်သူများ၊ တောနှင့်နီးသော တောင်ယာစိုက်ခင်းများတွင် သွားရောက်အလုပ်လုပ်ကြသူများမှာ တထိတ်ထိတ်နှင့် . . အလုပ်ကိုပင် ဖြောင့်အောင်မလုပ်နိုင်လောက်အောင် ဖြစ်နေကြရသည်။

နောက်တော့ ရက်အတန်ကြာအောင် ကျားသစ်နက်သတင်းမကြားရဘဲ ရှိသဖြင့် မေ့မေ့ပျောက်ပျောက်နှင့်ဖြစ်ကာ တောထဲ သွားမြဲသွားကြရာမှ နန်းလိမ်းခံရွာမှ လူတစ်ယောက်မှာ ကျားသစ်နက်ဆွဲခြင်း ခံလိုက်ရသည်။

ထိုသတင်းကြားတော့ တစ်ရွာလုံး ထိတ်လန့်ချောက်ချားသွားကြလေတော့သည်။

"လူက လူနေရာနေပြီး တိရစ္ဆာန်က တိရစ္ဆာန်နေရာမှာ နေရင် ဒီလိုပြဿနာတွေ ပေါ်မှာမဟုတ်ဘူး၊ အခုတော့ . . ."

ဦးစိုင်းနှောင်က မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေသည်။

"ဒီတော့ ဘယ်လိုလုပ်မလဲအဘ"

"ကိုယ်ကလက်ဦးအောင် မသတ်ရင် . . သူကကိုယ့်ကို တွေ့တာနဲ့ သတ်မှာပေါ့ . . ၊ ဒီတော့ ဒီကျားသစ်နက်ကို မတွေ့ တွေ့အောင်ရှာပြီး သတ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျားသစ်နက်ကို ကျွန်တော်ကိုယ်တိုင် သွားသတ်ပါ့မယ်"

"မင်းတစ်ယောက်တည်းတော့ မသွားနဲ့၊ စောထီးနဲ့ ငမဲအောင်ကိုပါခေါ်ပြီး သူတို့နဲ့ အတူတူသွားပေတော့၊ တကယ်လို့ ကျားသစ်နက်ကိုရရင် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်မှာပဲ"

"ဘယ်လိုမျိုးလဲ အဘ"

"ကျားသစ်နက်ကိုရတော့ လူတွေအန္တရာယ်ကင်းသွားတာပေ့ါ၊ နောက်တစ်ချက်က ကျားသစ်နက်က ဈေးကောင်းရတယ်၊ ငါတို့သားအဖ ဝမ်းစာရမှာပေ့ါ"

ဟုပြောသဖြင့် နီမောင်မှာ တက်တက်ကြွကြွနှင့်ပင် စောထီးနှင့် ငမဲအောင်တို့ကိုပါခေါ်ပြီး တောထဲသို့ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ပေသည်။





# အခန်း (၄)

# ဝိညာဉ်ခေါ်လာသော လူသတ်ကောင်

တောက နက်ရှိုင်းသည်။ သစ်ပင်ကြီးငယ်တို့က နေပြောက်မထိုးအောင် အုပ်မိုးထားကြလေသည်။

သုံးယောက်သား မျက်စေ့လျှင်လျှင်၊ သတိကြီးစွာဖြင့် ဆက်လာကြရာ ညနေပိုင်းအချိန်လောက်တွင် အခင်းဖြစ်သော ပတ်ဝန်းကျင်တစ်ဝိုက်သို့ ရောက်လာကြလေသည်။

ထိုနေရာရောက်လာသည်အထိ ထူးထူးခြားခြားတော့ ဘာမှမတွေ့ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



“နီမောင် ဒီနရာတစ်ဝိုက်က ကျားသစ်နက်တွေ့တဲ့ ရာ မဟုတ်လား”

“ဟုတ်တယ် သူတို့ပြောတာ ဒီနေရာတစ်ဝိုက်လော ဖြစ်မှာပဲ၊ လူအဆွဲခံရတာ ဒီနေရာမှာပဲ”

နီမောင်က ပတ်ဝန်းကျင်အခြေအနေကို အကဲခတ် လို တစ်ချက်ကြည့်ရင်း ပြောလိုက်သည်။

“လူတစ်ယောက်လုံးကို သတ်ပြီး ဆွဲယူသွားနိုင်လော တယ်ဆိုတော့ အကောင်အရွယ်အစားက သေးမယ်မထင် တောကောင်ကြီးတွေလောက်များ ဖြစ်မလားပဲ”

“ရှိနိုင်တာပေါ့”

“အရင်က ဒီနေရာတွေမှာ အဲဒီလိုသတင်းမျိုး မကြ ရပါဘူး၊ အခုမှ ဘယ်နေရာက တောပြောင်းလာတဲ့ သတ္တဝါ လည်း မသိဘူး”

“တောတွေတောင်တွေက ဆက်နေတာဆိုတော့ နေရာက ရောက်လာတာလည်း ဖြစ်နိုင်တယ်”

“ဒီနေရာတစ်ဝိုက်မှာလည်း တောကောင်ကြီးတွေ ကျ သစ်တွေ ရှိနေကြတာပါပဲ၊ ဒါပေမယ့် လူတွေကိုတော့ အန္တရာ မပေးကြပါဘူး၊ ဒီအကောင်ကြီးကျမှ လူတွေချည်း လိုက်ဆွဲ တယ်. . ”

ငမဲအောင်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

ထိုအခါ နီမောင်က သူသိသမျှ ပြန်ပြောပြလိုက် သည်။

“တောကောင်ကြီးတွေ၊ ကျားသစ်တွေက. . လူတွေ





န္တရာယ်ပေးလေ့မရှိပါဘူး၊ လူတွေ့ရင်တောင် ရှောင်သွားကြ တယ်၊ လူသံကြားတာနဲ့ အဝေးကိုရှောင်သွားလေ့ ရှိကြပါတယ်”

“ဒါဖြင့် အခုဟာက. . ”

“တောကောင်တွေက အများအားဖြင့် တောတိရစ္ဆာန် ချင်းချင်းကိုပဲ ဖမ်းဆီးသတ်ဖြတ်ပြီး စားသောက်လေ့ရှိတယ်၊ တွေကိုသတ်စားတယ်ဆိုတာ အကြောင်းနှစ်ချက်၊ သုံးချက် ောက်ပဲရှိတယ်”

“ပြောပါဦး”

“တစ်ချက်က တောကောင်ကြီးတွေ အိုလာတဲ့အခါ ားကောင်တွေကို လိုက်မဖမ်းနိုင်တော့ဘူး၊ အဲဒီအချိန်မှာ လွယ်တကူ တွေ့တဲ့လူကို သတ်စားလေ့ရှိတယ်၊ နောက်တစ် က်က ရင်ဆိုင်တွေ့ပြီး မရှောင်သာတဲ့အခါမှာ သတ်ဖြတ်လေ့ တယ်”

“နောက်တစ်ခုကရော. . ”

“နောက်တစ်ခုကတော့ လူသားစားမိပြီးရင် တခြား သားတွေ မစားချင်တော့ဘူး၊ ဒါကြောင့် လူတွေကို လိုက်ရှာ သတ်စားကြတာပဲ”

ထိုအခါ စောထီးကပါဝင်ပြောသည်။

“ငါကြားဖူးတာက ဒဏ်ရာရထားတဲ့ ကျားနာတွေက ည်း လူတွေကို အန္တရာယ်ပေးကြတယ်လို့ ကြားဖူးတယ်”

“ဟုတ်တယ်. . ဒါကြောင့် ကျားနာခဲရင် သေတယ်လို့ ကြတာ၊ ဒဏ်ရာရပြီး မသေသေးတဲ့ တိရစ္ဆာန်ဟာ ဒေါသပို တယ်၊ အန္တရာယ်ပိုကြီးတယ်၊ အခု ဒီနယ်ဘက်ရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်နက်ကြီးဟာ အဲဒီအချက်တွေထဲက တစ်ချက်ချ
တော့ သက်ဆိုင်နေတာဖြစ်မှာပေါ့၊ ဒါကြောင့် လူတွေကို ချော
ပြီးဖမ်းဆီးသတ်ဖြတ်နေတာဖြစ်မယ်"

နီမောင်ထင်မြင်ချက်ပေးသည်ကို ကျန်နှစ်ယောက်
လည်း လက်ခံကြလေသည်။

"ဒါထက် ငါတို့ဘယ်လိုလုပ်ကြမလဲ. ."

"အချိန်မရှိတော့ဘူး မကြာခင်နေဝင်သွားပြီး တော
မှာ မှောင်လာတော့မယ်၊ မှောင်လာရင် ကျားသစ်နက်ကို ရှာ
ရတာပိုခက်ပြီး ငါတို့အတွက် အန္တရာယ်လည်း ရှိလာနိုင်တ
ဒီတော့ အလင်းရောင်မပျောက်ခင် ငါတို့လုပ်စရာရှိတာ
ကြရမယ်"

"ဘာအရင်လုပ်မလဲ"

"ပထမ. . ဒီနားတစ်ဝိုက်မှာ ကျားသစ်နက်ဆွဲသွ
အလောင်းကို ရှာရမယ်၊ တွေ့တော့မှ အလောင်းနဲ့ မနီးမဝေ
ရာက စောင့်ပြီးပစ်ကြမယ်"

ဟုပြောပြီး သုံးယောက်သား ထိုနေရာမှ ထွက်သွား
သည်။ သူတို့သုံးယောက်ထဲမှာ နီမောင်က ခေါင်းဆောင်
သဖြင့် သူပြောသမျှကို ကျန်နှစ်ယောက်က လိုက်နာကြသ

နောက်ဆုံး ကျားသစ်နက်အဆွဲခံရသူမှာ နန်းလိမ်
မှ နန်းမှုံဆိုသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

တောထဲသို့ မျှစ်ချိုးမှိုရှာသွားရင်းမှ ကျားသစ်နက်
ရခြင်း ဖြစ်လေသည်။

နီမောင်တို့သုံးယောက်သား နန်းမှုံအလောင်းကို

☺ အောင်မြင်စာပေ ☺



ရှာဖွေကြလေသည်။

အချိန်က ညနေပိုင်းရောက်နေပြီဆိုသော်လည်း နေ
င်မပြောက်သေးသောကြောင့်. . အလင်းရောင်ရှိနေသေး
ည်။ တစ်နေရာရောက်တော့ သစ်ရွက်များ သစ်ကိုင်းများပေါ်
သွေးကွက်များ စွန်းပေနေသည်ကို တွေ့ကြရသည်။

ပထမဆုံးတွေ့သော သဲလွန်စပင်ဖြစ်သည်။

အခြေအနေကိုကြည့်တော့ ထိုနေရာတစ်ဝိုက်မှာ ဝါးရုံ
ာအချို့ရှိသည်။

မျှစ်ချိုး၊ မှိုရှာသူက ဝါးရုံတောအတွင်းဝင်ပြီး မျှစ်ချိုး
မှာ အသင့်စောင့်နေသော တောကောင်က သတ်ဖြတ်ဆွဲယူ
ခြင်း ဖြစ်ဟန်ရှိသည်။

နီမောင်က သွေးစက်များစွန်းပေးနေသော ထိုနေရာ
ဝိုက်ကို လိုက်ကြည့်သောအခါ. . တစ်နေရာသို့ ဆွဲယူသွား
ာ စွတ်ကြောင်းကြီးကိုတွေ့ရသဖြင့် သတိကြီးစွာဖြင့် လိုက်
ည့်ကြသည်။

အလောင်းကောင်ကို ဆွဲယူသွားသောလမ်းတလျှောက်
ာတော့ သစ်ပင်သစ်ကိုင်းအချို့မှာ ကျိုးပွဲကျန်ခဲ့ရုံသာမက
နေရာများတွင် သေဆုံးသူကိုယ်ပေါ်မှ ကျန်ခဲ့သော သွေးစက်
ကွက်များ၊ အဝတ်အစားအပိုင်းအပြတ်များနှင့် သစ်ကိုင်း
ငြိကျန်နေခဲ့သော ဆံပင်အချို့ကိုပါ တွေ့ကြရသည်။

အချို့နေရာများတွင် သွေးကွက်၊ သွေးစက်များကို ဝိုင်း
နေသော ယင်မမည်းရိုင်းများကို တွေ့ရသည်။

သူတို့အနားရောက်သွားတော့မှ ဝေါခနဲထပျံသွားကြ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

သည်။ သုံးယောက်သား လက်နက်များကို အဆင့်သင့်ပြင်ပြီ
သတိဖြင့်သွားကြရာ တစ်နေရာရောက်တော့ သွေးညှီနံ့ အပုတ်
နံ့များ ရလာသည်။

ယင်မမည်းရိုင်းများ တဝေါဝေါနှင့် ပျံ့နေသော အ
များကိုလည်း ကြားနေကြသည်။

သို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် အချက်
လိုက်ပြီး တဖြေးဖြေး ရှေ့သို့တိုးသွားကြရာ နောက်ဆုံး
သစ်ပင်များ ပိုင်းရံနေသော သစ်ပင်များကြားမှာ မှောက်လျက်
သား သေဆုံးနေသော နန်းမှုံအလောင်းကို တွေ့ကြရသည်။

ထိုသို့တွေ့သော်လည်း ချက်ချင်းမသွားဝံ့ဘဲ အခြေ
နေ ကြည့်ရသေးသည်။

ပတ်ဝန်းကျင်အခြေအနေက တိတ်ဆိတ်ငြိမ်သက်
ပြီး စိတ်ချရသော အခြေအနေမျိုးရှိမှ သတိကြီးစွာထားကာ
ပြင်ဘက်သို့ ထွက်သွားကြသည်။

သူတို့ရောက်သွားတော့ အလောင်းကောင်ကို ဝိုင်း
စားသောက်နေသော တောတိရစ္ဆာန်ငယ်ကလေးများနှင့် ယင်
မည်းရိုင်းများက ပြန်ပြေးသွားကြသည်။

သုံးယောက်သား စိတ်မကောင်းစွာဖြင့် အလောင်း
ခြေအနေကို ကြည့်လိုက်ကြသည်။

နန်းမှုံအလောင်းမှာ မှောက်လျှက်သား အနေအထား
နေပြီး ကိုယ်ပေါ်မှာဝတ်ထားသော အဝတ်အစားများက စုတ်
နေကြလေပြီ. . ။

ဝမ်းဗိုက်နှင့် ခါးတစ်ဝိုက်မှာ အသားမရှိတော့ပေ၊





ကလီစာများက အပိုင်းပိုင်း အတစ်တစ်ဖြစ်ကာ နံဘေး
ဝိုက်မှာ ပြန့်ကျဲနေသည်။

နီမောင်က အလောင်းအခြေအနေကိုကြည့်ပြီး. . အ
စိတ်မကောင်းဖြစ်သွားသည်။

"ကျားသစ်နက် အကိုက်ခံရတာ သေချာသွားပြီ"

"ဘာကြောင့်လဲ"

"အလောင်းကိုကြည့်ရင် သိနိုင်တယ်၊ စကားတစ်ခုရှိ
တယ် (ကြောင်အကြီး ခေါင်းကချီ၊ သစ်အလတ် ခါးကဖြတ်၊
ကျားအထွေး ဖင်ကလွေး) ဆိုတဲ့စကားပဲ၊ ကြောင်တွေက သား
ကောင်ရရင် ခေါင်းကစစားတယ်၊ ကျားသစ်တွေက ခါးပိုင်းက
ပြီး၊ ကျားက တင်ပါးသားတွေက စပြီးစားလေ့ရှိတယ်. . "

ထိုသို့ပြောတော့မှ ခါးတစ်ပိုင်းလုံး မရှိတော့သော အ
လောင်းကိုကြည့်ပြီး သဘောပေါက်သွားကြလေတော့သည်။

"ဘယ်လိုလုပ်မလဲ နီမောင်"

"ငါ့အဘသင်ပေးထားတဲ့နည်းအတိုင်း သူကိုသတ်သွား
တဲ့ တောကောင်ကို ဒီနေရာပြန်ရောက်လာအောင် ပြန်ခေါ်ရ
မယ် လာကြ. . အချိန်ရှိတုံး လုပ်ကြရအောင်"

ဟုပြောကာ. . . မှောက်လျက်သားဖြစ်နေသော အ
လောင်းအနီးသို့ သွားကြသည်။

အနားရောက်လာတော့ သွေးညှီနံ့သာမကပဲ အပုတ်နံ့
ပင် ရနေပြီ။

နီမောင်က မှောက်လျက်ဖြစ်နေသော အလောင်း၏
ကိုကိုင်ပြီး မျက်နှာကို အပေါ်လှန်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇက်ကျိုးနေပြီဖြစ်သောကြောင့် အလွယ်တကူ မျက်နှာ
က ကျောဘက်ရောက်လာသည်။

မျက်နှာချင်းဆိုင်တွေ့ရတော့မှ မျက်နှာမှာ ကြောက်စ
ရာကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကို
တွေ့ကြရသည်။

သို့သော်လည်း သူ့မျက်နှာကိုကြည့်မနေတော့ဘဲ တော
ပန်းအချို့ယူပြီး ပန်းပန်ပေးခြင်း၊

သွေးနှင့်မြေမှုန့်များကိုရောပြီး မျက်နှာကို သနပ်ခါးလိမ်း
ပေးသကဲ့သို့ ပြုလုပ်ပေးခြင်း၊

ခြေနှင့်လက်တို့ကို ပြောင်ပြန်လှန်ထားခြင်းများကို
တက်ညီလက်ညီ ပြုလုပ်ကြလေသည်။

တကယ်တော့ . . သူတို့သုံးယောက်စလုံးမှာ ကြောက်
တတ်မှုကင်းပြီး လူညီသောကြောင့်သာ ထိုကဲ့သို့ လုပ်ဝံ့ကြခြင်း
ဖြစ်လေသည်။

သို့မဟုတ်ပါလျှင် အလင်းရောင်ပျောက်ပြီး၊ မှောင်စပြု
လာသောအချိန်တွင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လူသေအ
လောင်းကို ထိုကဲ့သို့ စိမ်ပြေနပြေ ပြုလုပ်ဝံ့ကြမည်မဟုတ်ပေ။

မျက်နှာပေါ် သို့ သနပ်ခါးလိမ်းပေးသကဲ့သို့ ပြုလုပ်စဉ်
က လူသေမျက်နှာနှင့် မျက်လုံးများက သူ့မျက်နှာကို လိုက်ကြည့်
နေသကဲ့သို့ ရှိလေသည်။

တော်ရုံသတ္တိမကောင်းသူဖြစ်ပါက ထိုနေရာမှာပင် လန့်
ဖျပ်ပြီး အသက်ပျောက်သွားစေနိုင်လောက်အောင် အခြေအနေ
မျိုးဖြစ်သည်။





ကိစ္စအားလုံးပြီးတော့ အလောင်းကို ကောင်းစွာမြင်ရ
သော နေရာမှာရှိသည့် သစ်ပင်ကြီးတစ်ပင်၏ ခွဆုံပေါ် တက်
ကာ လင့်စင်ထိုးပြီး နေကြလေသည်။

သစ်သားနှင့်ဝါးများအသုံးပြုပြီး ထိုးထားသော လင့်စင်
မှာ သူတို့သုံးယောက်အတွက် ကောင်းစွာနေနိုင်လောက်အောင်
ကျယ်ဝန်းလေသည်။

သစ်ပင်ပေါ် ရောက်ကြပြီး မကြာခင်မှာ နေဝင်သွားပြီး
နောက် တောထဲမှာ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ထိုအချိန်မှာ တစ်နေကုန်အစာရှာထွက်နေကြသော
တောတိရစ္ဆာန်လေးများ အိပ်ဖို့နေရာရှာကြပြီး၊ တစ်နေ့လုံး အိပ်
နေကြသော တောကောင်ကြီးများ အစာရှာဖွေရန်အတွက် နိုးထ
လာသော အချိန်လည်းဖြစ်ပေသည်။

သူတို့ရှိနေသောနေရာနှင့် မနီးမဝေးနေရာများမှာ . .
တောကောင်ကြီးများ အော်သံအချို့ ကြားလာရသည်။

ကျားသစ်တစ်သံ၊ ကျားဟစ်သံများလည်း ကြားရသည်။
နေဝင်သွားသောအခါ သုံးယောက်သား လင့်စင်ပေါ် ရောက်နေ
ပြီး ပါလာသောအစားအသောက်များကို တောပိုင်တောင်ပိုင်
များ တင်မြှောက်စားသောက်နေကြသည်။

ထိုသို့စားသောက်နေရင်းမှ ငမဲအောင်က ခတ်တိုးတိုး
မေးလိုက်သည်။

"နီမောင် စောစောက မင်းလူသေကောင်ကို သနပ်ခါး
လိမ်း ပန်းပန်ပေးနေတုန်းက ပါးစပ်က ဘာတွေပြောနေတာလဲ"

"သူ့ကိုသတ်သွားတဲ့တောကောင်ကို . . သူ့အနားပြန်


www.burmeseclassic.com

www.burmeseclassic.com

ရောက်လာအောင် ပြန်ခေါ်ခိုင်းနေတာ. ."

"ဟင်. . ဘယ်သူ့ကို ခေါ်ခိုင်းတာလဲ"

"သူ့ဝိညာဉ်ကိုပေါ့"

"သေတာဖြင့် တစ်ရက်နှစ်ရက်ရှိနေပြီ သူ့ဝိညာဉ်က ရှိပါတော့မလား"

"ရှိဦးမှာပါ၊ သူရုပ်အလောင်း မပျက်စီးမချင်း၊ ကျန်တဲ့သူတွေက မြေမြှုပ်တာတို့၊ မီးရှို့တာတို့ မလုပ်ပေးမချင်း. . အနီးပတ်ဝန်းကျင်မှာပဲ ရှိနေတတ်တယ်"

"အံ့သြစရာပဲ၊ မင်းကိုဘယ်သူပြောသလဲ"

"ဘဘပြောပြထားတာလေ. . ."

"ဝိညာဉ်က သွားခေါ်ရင်ကော တောကောင်ကပြန်လာပါ့မလား"

"စောစောက ငါတို့လုပ်တာတွေက တန်ပြန်တယ်လို့ခေါ်တယ် အဲဒီလိုလုပ်ထားရင် ကိုယ်သတ်သွားတဲ့တောကောင်က ပြန်မလာဘဲ မနေနိုင်ဘူး"

"ကြားရတာနဲ့တင် ကြောက်စရာကောင်းလှပြီ"

"မင်းတို့နှစ်ယောက်ကို မှာထားရဦးမယ်"

"ဘာလဲ. . ."

"ဒီလိုကိစ္စတွေလုပ်တဲ့အခါ. . အနှောင့်အယှက်တွေရောက်လာတတ်တယ်၊ ညဘက် သစ်ပင်အောက်က ဘယ်သူပဲရောက်လာလာ ဘာပဲပြောပြော စကားပြန်မပြောကြနဲ့"

"မပြောပါဘူး၊ ပြောမိရင်ဘာဖြစ်မလဲ"

"အစီအရင်ဓာတ်ပျယ်သွားမှာပေါ့၊ ကံမကောင်းရင်





မှဆိုးဘဝကနေ သားကောင်ဘဝ ပြန်ရောက်သွားနိုင်တယ်"

ထိုစကားကြားတော့. . စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မှဲ့ပြုံလိုက်ကြသည်။

ထိုသို့စကားတပြောပြောနှင့်နေကြရာ တဖြည်းဖြည်းနှင့်တောထဲမှာ အလင်းရောင်ပျောက်သွားလေပြီ။

အမှောင်ရိပ်များ ကျရောက်လာပြီး တောထဲမှာ အစာရှာထွက်လာကြသော တောကောင်ကြီးများ ဟစ်သံ၊ တစ်သံအချို့ ခတ်စိပ်စိပ်ကြားလာရသည်။

အပေါ်မှကြည့်နေရာ အမှောင်ရိပ်ထဲမှာ သွားလာလှုပ်ရှားနေသော သဏ္ဌာန်အချို့ကို ဝိုးတဝါးမြင်လာရသည်။ အချို့လည်း တောကောင်များ၏ ပုံသဏ္ဌာန်မျိုးမြင်ရပြီး အချို့ကျတော့လည်း မဟုတ်ပေ. . .။

အချို့မှာ အမှောင်ထဲမှာ လူများသွားလာနေသကဲ့သို့ ဝိုးတဝါးမြင်ရလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ အရှေ့ဘက်ကောင်းကင်မှ လထွက်လာပြီး အလင်းရောင်ရလာသည်။

သို့ကြောင့် ပတ်ဝန်းကျင်အခြေအနေကို အတော်များများ လှမ်းမြင်လာရသည်။

သူတို့ပြင်ဆင်ပေးထားသော အလောင်းကောင်အနီးမှာ သွားလာနေကြသော လူပုံရိပ်အချို့ကို မြင်ရသည်။

အပေါ်မှကြည့်သောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။ အတန်ကြာသောအခါ စောထီးက တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"နီမောင်. ."

"ဘာလဲ"

"မင်းပြင်ဆင်ပေးထားတဲ့အလောင်းကောင်က ထထိုင်နေပါလား၊ အသက်ပြန်ရှင်လာသလား မပြောတတ်ဘူး"

"မဟုတ်ပါဘူး၊ ဗိုက်တောင်မရှိတော့တဲ့သူက ဘယ်လိုအသက်ပြန်ရှင်မလဲ"

"ငါမြင်တာတော့ ဟိုမှာထထိုင်ပြီး ငါတို့ကိုလှမ်းကြည့်နေတယ်"

"မင်းကို တောခြောက်နေတာ၊ သူရှိတဲ့နေရာကိုမကြည့်ဘဲ တခြားနေရာကြည့်ပြီးမှ တစ်ချက်ပြန်ကြည့်လိုက်"

ဟုပြောသဖြင့်. . တခြားနေရာသို့ လှမ်းကြည့်ပြီးမှ ပြန်ကြည့်လိုက်သောအခါ လူသေအလောင်းမှာ စောစောက အခြေအနေအတိုင်း မြေပေါ်မှာလဲနေသည်ကို မြင်ရတော့သည်။

ညဥ့်နက်လာတော့ အအေးဓာတ်ပိုလာသည်. .။ ထို့ကြောင့် ပါလာသောအဝတ်များဖြင့် ပတ်ထားကြရသည်။ ခဏကြာတော့ မနီးမဝေးနေရာမှ အိပ်တန်းတက်နေသော တောကြက်နှင့် ငှက်များ အလန့်တကြား ထပျံသံ၊ အော်သံများ ပေါ်ထွက်လာသည်။

ထို့ကြောင့် စကားပြောနေခြင်းကိုရပ်ပြီး နံဘေးမှာ ချထားသော လက်နက်များကို ကောက်ယူကာ အဆင်သင့် ပြင်ထားလိုက်ကြလေသည်။

နီမောင်က လေးကိုကိုင်ပြီး စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ဒူးလေးတစ်လက်စီ ပါသည်။





မြားတံများကတော့ တိုတာနှင့် ရှည်တာပဲ ကွာသည်။ လေးနှင့်ပစ်သော မြားတံကရှည်ပြီး၊ ဒူးလေးနှင့်ပစ်သော မြားတံက တိုသည်။

မြားတံများတွင်အသုံးပြုသော အဆိပ်ကတော့ အတူတူပင်ဖြစ်သည်။ ယခုတစ်ကြိမ်မှာတော့ သုံးယောက်စလုံး သွေးစို့ရုံနှင့်သေစေနိုင်သော 'ထိသေ' အဆိပ်မြားကို အသုံးပြုကြသည်။ လက်နက်များကို အဆင်သင့်ကိုင်ပြီး အောက်မှအခြေအနေကို မှုက်တောင်မခတ် ကြည့်နေကြစဉ်မှာ တော၏အခြေအနေမှာ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

သို့ကြောင့် နီမောင်က ကျန်နှစ်ယောက်ကို အချက်ပြလိုက်သည်။ ယခုအခြေအနေကတော့ သုံးယောက်စလုံး အသက်ပြင်းပြင်းပင် မရှူနိုင်လောက်အောင် ငြိမ်သက်နေကြခြင်းဖြစ်သည်။

ထိုအချိန်မှာပင် တောထဲမှ ဦးခေါင်းပိုင်းကြီးတစ်ခု တိုးထွက်လာသည်။

ဦးခေါင်းတစ်ခုလုံး နက်မှောင်နေသော ကျားသစ်နက်တစ်ကောင်၏ ဦးခေါင်းပိုင်းပင်ဖြစ်သည်။

၄င်းထွက်လာသောနေရာမှာ လူသေကောင်ရှိသောနေရာနှင့် မနီးမဝေးဖြစ်သည်။

ထိုသို့ထွက်လာပြီး လူသေအလောင်းကိုကြည့်ပြီး. . ဘဂီးဂီးနှင့် မာန်ဖီနေလေသည်။

လူသေအလောင်းက သူထားခဲ့သော ပုံသဏ္ဍာန်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သနပ်ခါးလိမ်း၊ ပန်းပန်လျက် မျက်နှာပြောင်းပြန်ဖြစ်နေသည့် သာမကပဲ ခြေလက်များပါ ပြောင်းပြန်ဖြစ်နေသောကြောင့်. . တဂီးဂီးနှင့် မာန်ဖီနေခြင်းဖြစ်သည်။

ခဏကြာမှ တောထဲမှ ရှေ့သို့တိုးထွက်လာသည်။ တစ်ကောင်းလုံး နက်မှောင်နေသော အမွေးများရှိသည့် ကြီးမားလှသောကျားသစ်နက်ကြီးတစ်ကောင်ပင် ဖြစ်ပေတော့သည်။

အလျားရှည်ပြီး အလုံးအထည်က ကြီးမားသည်။

အပြင်ရောက်လာသော ကျားသစ်နက်ကြီးက လေထဲသို့ ဦးခေါင်းမော့ကာ အနံ့ခံသည်။

နီမောင်တို့ရှိနေသော သစ်ပင်ရှိရာသို့ တစ်ချက်မော့ကြည့်သည်။

သစ်ပင်ရိပ်များကြားမှ ထိုးကျနေသော လရောင်ဖြင့် နီရဲနေသော မျက်လုံးအရောင်ကို မြင်လိုက်ရသည်။

ထိုအခြေအနေက စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးအခြေအနေဖြစ်သည်။

အကယ်၍. . ကျားသစ်နက်ကြီးက သူတို့အနံ့ကိုရ၍သော်လည်းကောင်း၊ သူတို့အခြေအနေကိုသိ၍သော်လည်းကောင်း တစ်ခုခုသိသွားပါက ထိုနေရာမှ ချက်ချင်းပြန်လှည့်သွားပေလိမ့်မည်။

သို့သော် မသွားပေ. .။

ထို့နောက် အလောင်းကိုယ်ပေါ်သို့ခွကာ တဂီးဂီးနှင့် မာန်ဖီလျက် ဦးခေါင်းမှာစိုက်ထားသော တောပန်းများကို ကိုက်ပစ်ခြင်း၊ ပြောင်းပြန်ဖြစ်နေသော မျက်နှာကို မှောက်လျက်ပြန်ဖြစ်အောင် ဆွဲချနေသည်။





(ကျား အစရှိသော တောကောင်များမှာ လူကိုဖမ်းမိသော်လည်း မျက်နှာချင်းဆိုင်မစားဝံ့သောကြောင့် မှောက်လျက်ထားပြီးမှ စားလေ့ရှိသည်။

ခုန်အုပ်လျှင်လည်း မျက်နှာချင်းဆိုင် မခုန်အုပ်ဝံ့ဘဲ အနောက်မှသော်လည်းကောင်း ခုန်အုပ်ပြီးမှ သတ်ဖြတ်လေ့ရှိကြလေသည်။

အာဖရိကတောထဲမှာနေသော လူရိုင်းအချို့မှာ တောထဲသွားလာသောအခါတွင် ကျားခုန်အုပ်မည် စိုးသောကြောင့် သူမျက်နှာနှင့်တူသော မျက်နှာတစ်ခုကို နောက်စေ့ဘက်၌ ကပ်ဆင်ကာ မျက်နှာနှစ်ခုဖြင့် သွားလာကြသည်။)

ထိုအခြေအနေက အခွင့်ကောင်းပင်ဖြစ်သည်။

ကျားသစ်နက်ကြီးက လူသေမျက်နှာကို မှောက်လျက်ဖြစ်အောင်ဆွဲချနေစဉ် ပစ်ခတ်ရန် အခွင့်အရေးကောင်းပင်ဖြစ်သည်။

ပထမစောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က စတင်ပစ်သည်။

လေးကိုင်းခတ်သံ၊ မြားဖြတ်သွားသံများ တဆက်တည်းပေါ်လာပြီးနောက် ပိတုံးကောင်များသဖွယ် လှစ်ခနဲထွက်သွားသော မြားတံနှစ်ချောင်းက ကျားသစ်နက်ကိုယ်ပေါ်သို့ သွားရောက်စိုက်ဝင်ကြလေသည်။

"ဒုတ်. . ဒုတ်. ."

ထိုအခြေအနေကြောင့် ကျားသစ်နက်ကြီးက လှစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်သို့ ခုန်ထွက်သွားသည်။

ပြန်အကျတွင် နီမောင်ဝစ်လိုက်သော မြားတံက ချက် ကောင်းနေရာတွင် ထပ်မံစိုက်ဝင်သွားလေတော့သည်။

ထိုသို့ထိပြီး တောထဲဝင်ပြေးသွားသည်။

"တောထဲဝင်ပြေးသွားပြီ"

"ပြေးလည်း ဝေးဝေးမသွားနိုင်ပါဘူး၊ သေမှာပဲ"

ထိုသို့ပြောနေစဉ်မှာ ဖနီးမဝေးနေရာဆီမှ မာန်ဖီသံ လူးလှိမ့်နေသံများ ကြားနေရသေးသည်။

နောက်တော့ တဖြည်းဖြည်းအသံပျောက်ပြီး ငြိမ်သ သွားသည်။

နီမောင်တို့သုံးယောက်လည်း တစ်ညလုံး လင့်စင်ပေ မှာပင် နေကြပြီး . . နောက်တစ်နေ့ မိုးလင်းတော့မှ အောက်သို့ ပြန်ဆင်းကြသည်။

အောက်သို့ရောက်သည်နှင့် ကျားသစ်နက်ကြီးဝင်သွား သောနေရာဘက်သို့ လိုက်ရှာကြည့်ရာ တစ်နေရာရောက်တော မြားတံသုံးချောင်း စိုက်လျက်နှင့် သေဆုံးနေပြီဖြစ်သော ကျား သစ်နက်ကြီးကို တွေ့ကြရသည်။

ထို့နောက်မှာတော့ နန်းမှုံအလောင်းကို ထိုနေရာမှာပင် မြေကျင်းတူးပြီး မြှုပ်နှံပေးလိုက်ကြသည်။

ပြီးမှ သုံးယောက်သား ကျားသစ်နက်ကြီးကို မနိုင်မနင်း သယ်ဆောင်ကာ ရွာသို့ပြန်ခဲ့ကြလေတော့သည်။

သူတို့ပြန်ဆင်းလာတော့ နံနက်ခင်းအလင်းရောင်မှာ ပင် အတော်ပင်ရနေချေပြီ . . . ။





နန်းလိမ်းခံ တစ်ရွာလုံးကတော့ ဓားဆင့်စကားတဆင့် ကြားပြီး ရွာအပြင်မှပင် ထွက်ကြည့်နေကြသည်။

အချို့ကလည်း ပြေးလာပြီး ဝိုင်းကူသယ်ပေးကြသည်။

ခြေအနေကတော့ သူတို့သုံးယောက်အဖို့ သူရဲကောင်းများ ဖြစ်နေကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## ူးဆန်းသောဓလေ့နှင့်
## ချစ်ကိုတန်ဖိုးထားသူ

နီမောင်တို့သုံးယောက် ကျားသစ်နက်တစ်ကောင်
သောသတင်းက နန်းလိမ်းခံရွာ၌ သာမက အနီးပတ်ဝန်း
င်တစ်ဝိုက်မှာရှိကြသော ရွာများကိုပါ. တစ်ယောက်စကား
ယောက်ကြားပြီး သတင်းပြန့်နှံ့သွားလေသည်။

သူတို့အရပ်ဒေသတွင်. . ရွှေကိုသော်လည်းကောင်း၊
ာက်ကိုသော်လည်းကောင်း ရရှိလာပါက ထူးခြားသော
င်းမဟုတ်ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရွှေတို့ကျောက်တို့က ကံကောင်းလျှင် လူတိုင်းတွေ့နိုင် ရနိုင်သည်။ ထို့ပြင် သူတို့လိုနယ်စွန်နယ်ဖျားအရပ်ဒေသမျိုးတွင် ရွှေနှင့် ကျောက်ရသော်လည်း တန်ဖိုးကြီးကြီးပေးဝယ်မည့်သူ မရှိလှပေ။

ကျားသစ်နက်ကတော့ ကံကောင်းရုံနှင့် မရနိုင်ပေ။

သတ္တိလည်းကောင်း၊ ကြံရည်ဖန်ရည်လည်းကောင်းမှ ရနိုင်သော သတ္တဝါမျိုးဖြစ်သည်။

ထို့ပြင် ကျားသစ်နက်ဆိုသော သတ္တဝါမှာ တစ်နှစ်နေ လို့ တစ်ခါမတွေ့ရတတ်ပေ။

တစ်ခါတစ်ရံမှသာ တွေ့ရပြီး၊ တွေ့နိုင်ရန် ခဲယဉ်းသော သတ္တဝါမျိုးဖြစ်သောကြောင့် အားလုံးက တန်ဖိုးထားကြသည်။ ရလာလျှင် လိုချင်သည့်သူ ဝိုင်းဝိုင်းလည်နေကြသည်။

သတင်းကြားသည်နှင့် ရပ်ဝေးမှ ကုန်သည်များပင် ရောက်လာပြီး ဈေးကောင်းပေးပြီး ဝယ်ယူလေ့ရှိကြသည်။

သစ်နက်ရေမှာ တန်ဖိုးရှိသည်။

မိမိတို့ နေအိမ်တွင် သစ်နက်ရေကို ချိတ်ဆွဲထားပါက စုန်း၊ ပယောဂ၊ တစ္ဆေသရဲတို့ မကပ်နိုင် မရောက်နိုင်ဟုလည်း အယူအဆွဲရှိကြသည်။

စုန်းနတ်ကဝေတို့မှာ သစ်နက်ရေရှိသော အိမ်မှလူများ ကို မပြုစားနိုင်၊ မနှောင့်ယှက်နိုင်ကြပေ။

သရဲသဘက် စသောမကောင်းဆိုးဝါးတို့လည်း မကပ် ရောက်နိုင်ကြပေ။

ထို့ပြင် သစ်နက်ရေကို အဲဝတ်တန်ဆာအဖြစ် ဝတ်ဆင်





သော် ရောဂါဘယများ ကင်းစေသည်ဟု အယူရှိကြလေသည်။

နီမောင်တို့သုံးယောက် သစ်နက်တစ်ကောင်ရလာ သည်ကို ဦးစိုင်းနောင်ကတော့ အကျေနပ်ကြီး ကျေနပ်နေလေ သည်။

"မင်း တကယ့်မုဆိုးကောင်းတစ်ယောက်ဖြစ်ပြီ"

ဟုလည်း မှတ်ချက်ချလေသည်။

နီမောင်တို့ရလာသော သစ်နက်သားရေမှာ ဓားလှံတို့ နှင့် ထိုးခုတ်သတ်ဖြတ်၍ ရခြင်းမဟုတ်ပဲ မြားချက်ဖြင့် သေဆုံး သော သစ်နက်ရေဖြစ်သောကြောင့် သားရေချပ်မှာ အပေါက် အပြဲ မပါပေ. . .။

သို့ကြောင့် အကောင်လိုက်အတိုင်း ပုံစံမပျက် ရရှိလေ သည်။ အသားများကိုတော့ တစ်ရွာလုံး ဝေငှပေးလိုက်လေ သည်။

တစ်နေ့သ၌ နီမောင်တို့နေအိမ်သို့ လူအချို့ ရောက်လာ လေသည်။ လူ (၅)ယောက်ဖြစ်သည်။

အခြားမဟုတ်ပေ။

နန်းလိမ်းခံရွာနှင့် မဝေးလှသော နေရာမှာရှိသည့် ဘမန်ရွာမှ ရွာလူကြီး(ကျောက်ဖ) ဇမုန်းထန်တို့အဖွဲ့ပင်ဖြစ် သည်။

သူနှင့်အတူ သမီးဖြစ်သူ မြသင်းကြူလည်း ပါလာသည်။ မြသင်းကြူက အသက် (၂၀)ကျော်ပတ်ဝန်းကျင်သာ ရှိသေးပြီး ရှမ်းသွေးပါသူတစ်ယောက် ဖြစ်သဖြင့် လှပချောမောသည်။

မာနကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ရှမ်းဘောင်းဘီ၊ အကျႌတို့ကို ဝတ်ဆင်
သောကြောင့် ဖြူဝင်းသော အသားအရေနှင့် သူမအလှမှာ
လွင်လှပေသည်။

သူတို့ သားအဖနှင့်အတူ ဘိန်းကုန်ကူးသော ကုန်သ
(၃)ယောက်တို့လည်း ပါလာကြသည်။

ခေါင်းဆောင်လုပ်သူမှာ စိုင်းလီဖြစ်ပြီး အသက်(
ဝန်းကျင်ခန့်ရှိသည်။

ရှမ်းတရုတ်သွေးပါသူ ဖြစ်သောကြောင့် သတ္တိကေ
ကာ ဘာမဆိုလုပ်ရဲကိုင်ရဲရှိသူတစ်ဦးလည်းဖြစ်သည်။

သူနှင့်အတူပါလာသော လူနှစ်ယောက်တို့မှာလ
ရှမ်းတရုတ်များဖြစ်ကြပြီး သေနတ်များကို လွယ်ထားကြသ

ဇမုန်းထန်ရောက်လာတော့ ဦးစိုင်းနောင်နှင့် နီမော
အပြင်ထွက်သွားပြီးမေးသည်။

"ဘာကိစ္စရှိလို့လဲ"

"ကျုပ်က ကမန်ရွာက ကျောက်ဖ(ရွာလူကြီး)ပဲ
ဗျားတို့ သစ်နက်တစ်ကောင်ရတယ်ဆိုလို့ လာတာ"

"ဟုတ်ပါတယ်"

"တခြားတော့မဟုတ်ပါဘူး၊ သစ်နက်ရေကို ဝယ
လို့ပါ"

"သစ်နက်က ကျုပ်ပစ်တာမဟုတ်ဘူး၊ သူပစ်လာ
သူ့မေးကြည့်ပါ"

ဦးစိုင်းနောင်က နီမောင်ကို လက်ညှိုးထိုးပြသည်

"ဘယ်လောက်ရရင် ရောင်းမလဲ"





အတူပါလာသော စိုင်းလီက ဝင်မေးလိုက်သည်။

"မရောင်းပါဘူး"

မေးသူက လေသံမာမာဖြင့် မေးလိုက်သလို ပြန်ဖြေသူ
လည်း လေသံမာမာနှင့်ပင် ပြန်ဖြေလိုက်သည်။

နီမောင်စကားကြောင့် စိုင်းလီမှာ ဒေါသဖြစ်သွားသော
ပုံအရာဖြင့် ရှေ့သို့တိုးလာပြီး ထပ်မေးသည်။

"မင်းက ဘယ်လောက်လိုချင်လို့လဲ"

"ဘယ်လောက်ပေးပေး ငါမရောင်းဘူး"

အခြေအနေက တင်းမာသော အခြေအနေမျိုးဖြစ်လာ
သောကြောင့် အတူပါလာသော မြသင်းကြူက ကြားမှ ဝင်လာရ
သည်။

"ကျားသစ်ရေက ရောင်းမှာမဟုတ်လား"

"မရောင်းပါဘူး"

"ဘာကြောင့် မရောင်းတာလဲ"

"ငါ့လက်နဲ့ပစ်လို့ ရတာမို့ အမှတ်တရ သိမ်းထားချင်လို့
ရောင်းတာပါ"

မြသင်းကြူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေးလေ ဒါကတော့ နင့်သဘောပေါ့၊ ဒါပေမယ့် သူ
နဲ့ အတိုက်အခံဖြစ်ရင်တော့ မကောင်းဘူး"

"ငါ့ကိုခြိမ်းခြောက်နေတာလား. .၊ ငါဘယ်သူ့ကိုမှ မ
ကြောက်ဘူး"

နီမောင်က ပြန်ပြောသောအခါ မြသင်းကြူက တောက်
သော မျက်လုံးများဖြင့် နီမောင်မျက်နှာကို စိုက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ နီမောင်ကလည်း တစ်ချက်ကလေးမှ အကြည့်မလွှဲ
ပြန်ကြည့်လေရာ မျက်လုံးချင်းဆုံမိကြလေသည်။

ထိုအခိုက်အတန့်လေးမှာပင် နီမောင်မှာ သာမန်လူ
နှင့်မတူဘဲ အတွင်းစိတ်စွမ်းအားရှိသူတစ်ယောက်ဖြစ်မှန်း
ချင်းအကဲခတ်မိလိုက်လေသည်။

ခဏကြာတော့မှ မြသင်းကြူက အကြည့်ပြန်လွှဲသွား
သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အေးလေ. . နင်လည်း စဉ်းစားထားဦးပေါ့ ငါတို့
ခေါက်လာခဲ့ဦးမယ်"

ဟုပြောကာ ကျန်လေးယောက်ကိုပါ ခေါ်ပြီး ထို
မှ ပြန်ထွက်လာကြလေသည်။

မြသင်းကြူခေါ်သဖြင့်သာ လိုက်ခဲ့ရသော်လည်း စိုင်း
ကတော့ မကျေမနပ်ဖြစ်နေဟန်ရှိသည်။

ဒေါသဖြစ်နေသောကြောင့် မျက်နှာတစ်ခုလုံး နီမြန်
သည်။

"ဘာကြောင့်ပြန်လာတာလဲ ပိုက်ဆံပေးဝယ်တာပဲ
ရောင်းရမှာပေါ့"

"နင်ဒီလိုမပြောနဲ့ စိုင်းလီ ပစ္စည်းဝယ်တယ်ဆိုတာ
ရောင်းချင်မှ ဝယ်လို့ရမှာပေါ့။ ဓားပြတိုက်သလို အတင်းလု
ရတာမျိုးမှာမဟုတ်တာ"

"ငါကလိုချင်လို့ဝယ်ရင် ရမှကြိုက်တယ်၊ အဲဒီလိုမ
ရင် မရရအောင် လုပ်ချင်တယ်၊ ဒါမှ ကျေနပ်တယ်"

"ဒါက မတရားတဲ့နည်းနဲ့လုပ်တာပဲ၊ ဒီမှာ. . စိုင်း





လူတိုင်းကိုလျှော့မတွက်နဲ့၊ တချို့လူတွေက နင်ထင်သလိုမဟုတ်
ဘူး၊ တချို့က ငွေမက်ပေမယ့်. . တချို့က သူတို့တန်ဖိုးထားတဲ့
ပစ္စည်းဆိုရင် ဘာနဲ့မှမလဲဘူး၊ ငွေဘယ်လောက်ပေးပေး ရောင်း
မှာမဟုတ်ဘူး"

မြသင်းကြူစကားကြားသောအခါ စိုင်းလီမှာ မကျေ
မနပ်နိုင်သေးဘဲ အံတကြိတ်ကြိတ်နှင့် ဖြစ်နေသေးသည်။

သို့သော် ဘာမှမတတ်နိုင်ပေ. . .။

တစ်နေ့သ၌ နီမောင်တစ်ယောက်တည်း တောင်ပေါ်
မှ ပြန်ဆင်းလာရာ အပြန်မှာ ဘိန်းခင်းတစ်ခင်းကို ဖြတ်ကျော်
လာရလေသည်။

ဘိန်းခင်းထဲမှာတော့ ဘိန်းသိမ်းနေကြသော မိန်းမပျို
အချို့လည်းတွေ့ရသည်။

ထိုမိန်းမပျိုလေးများ အနီးမှာ ယောကျာ်းပျိုအချို့လည်း
ရှိနေကြသည်။ အတူတကွ အလုပ်လုပ်နေကြခြင်းတော့ မဟုတ်
ပါချေ။

မိန်းမပျိုလေးများက သူတို့နေ့စဉ်ပြုလုပ်နေကြဖြစ်
သော ဘိန်းသိမ်းသောအလုပ်ကို လုပ်နေကြခြင်းဖြစ်ပြီး ထိုနေ
ရာတစ်ဝိုက်တွင် ရောက်နေကြသော လူရွယ်များကတော့ အပျို
များကို လူပျိုစကားလာပြောနေကြခြင်း ဖြစ်လေသည်။ အချို့
သည်း မိန်းမပျိုများ၏ ပခုံးကိုဖက်ပြီး လူပျိုစကား ပြောနေကြ
သည်။

ထိုကဲ့သို့ ပခုံးဖက်ပြီး စကားပြောနေတိုင်း ချစ်သူဘဝ
ရောက်နေခြင်းမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ယောက်ကို ယောကျ်ားပျိုတစ်ယောက်က ပခုံးဖက်ထားတိုင်း ထိုမိန်းမပျိုက သဘောတူလက်ခံထားခြင်း မျိုးတော့ မဟုတ်ပေ။

ပခုံးဖက်ပြီး လူပျိုစကားပြောသော ဓလေ့မှာ ထိုအရပ် ဒေသ၏ ဓလေ့ထုံးစံပင်ဖြစ်သည်။

ဘိန်းခင်းထဲမှာဖြစ်စေ၊ လမ်းသွားရင်း၌ဖြစ်စေ မိန်းမ ပျိုတစ်ယောက်ကို သဘောကျလျှင် ပခုံးဖက်ပြီး လူပျိုစကား ပြောခွင့်ရှိသည်။

အဖက်ခံရသော မိန်းမပျိုက အတင်းရုန်းဖယ်ခြင်း မပြု ရပေ. . .။

အကယ်၍ မိန်းမပျိုမှာ အခြားအဖော်တစ်ယောက် ပါ လာလျှင်ပင် ထိုအဖော်က မနီးမဝေးမှ ရပ်စောင့်ပေးရသည်။

အကယ်၍ နောက်တွင် လေးလံသောခြင်းတောင်းတစ် လုံးကို လွယ်ထားရလျှင်ပင် စကားပြောသူက ပခုံးကို မလွှတ် မချင်း ထိုနေရာမှ ထွက်သွားခွင့်မရှိပေ။

မိန်းမပျိုက လက်မခံလျှင် လက်မခံကြောင်းကို ပြန်ပြော ရသည်။ ထိုသို့လက်မခံကြောင်းပြောလျှင် ပခုံးဖက်သူက ပြေ လွှတ်ပေးရသည်။

၎င်းတို့အရပ်ဒေသ၏ ထူးဆန်းသော ဓလေ့ထုံးစံတစ်ခု ဖြစ်သော်လည်း မိန်းကလေးဘက်ကတော့ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ပခုံးဖက်တာကိုတော့ သည်းခံပေးရပေ သည်။

ဘိန်းခင်းထဲမှာဖြစ်စေ၊ လမ်းမပေါ်မှာဖြစ်စေ၊ လူမြင် ကွင်းမှာဖြစ်စေ ထိုကဲ့သို့ ပခုံးအဖက်ခံရသည်မှာ မိန်းကလေးများ အတွက် အထူးအဆန်းမဖြစ်ကြတော့ပေ။ အချို့အရပ်ဒေသများ မှာတော့ မိန်းကလေးတစ်ယောက်က မနှစ်သက်လျှင် ပခုံးဖက် ခံဖို့နေနေသာ အနားကပ်လာသည်ကိုပင် နှစ်သက်ကြမည် မဟုတ်ပေ။

ထိုကဲ့သို့ ကိုယ်ထိလက်ရောက်ပြုလုပ်လာလျှင်တော့ အ နည်းဆုံး အပြောအဆိုခံရမည်သာဖြစ်သည်။

မိန်းကလေးက မနှစ်သက်ဘဲ ကိုယ်ထိလက်ရောက်ထိ ပါးလာပါက ဥပဒေကြောင်းဖြင့်လည်း အရေးယူခံရပေမည်။

ဓလေ့ထုံးစံတို့မှာ တစ်ခံနေရာနှင့်တစ်နေရာ လူမျိုးစု တစ်ခုနှင့်တစ်ခု မတူကြသောကြောင့် အမှားအမှန် ပြောဆိုရန် မလွယ်လှပေ။

မိုင်းဆတ်၊ မိုင်းလီ၊ မိုင်းယောင်း စသော ဒေသများမှာ လူပျိုက အပျိုကိုကြိုက်လျှင်. . အပျိုက ကြိုက်သည်ဖြစ်စေ. . မကြိုက်သည်ဖြစ်စေ အနည်းဆုံး ပခုံးဖက်ပြီး စကားပြော၍ ရသော ဓလေ့မျိုးရှိသလို. . .၊

နာဂတိုင်းရင်းသားတချို့မှာလည်း လူပျိုဆောင် အပျို ဆောင်တွင် လူပျိုနှင့်အပျို အတူတူအိပ်စက်ကြသော ဓလေ့မျိုး ရှိကြလေသည်။

လက်ထပ်ဖို့နေနေသာ ချစ်သူဘဝပင် မရောက်သေး သော လူပျိုနှင့်အပျို အတူတူအိပ်စက်ကြသောဓလေ့နှင့်စာလျှင် ပခုံးဖက်ပြီး စကားပြောခံရတာက တော်သေးသည်ဟုပင် ပြော ရပေတော့မည်။

☺ အောင်မြင်စာပေ ☺

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ပခုံးဖက်ပြီး စကားပြောခြင်းမှာ ၎င်းတို့အရပ်ဒေသ
အတွက် အစဉ်အလာဖြစ်ပြီး ထိုနှင့်ပတ်သက်သော ဒဏ္ဍာရီယ
ရှိသေးသည်။

ထိုဒဏ္ဍာရီနှင့် ပတ်သက်ပြီး စကားပုံတစ်ခုပင်ရှိသည်
"အကျီအသစ်ချုပ်ရင် အပေါင်းနှင့်တိုင်းရတယ်"
ဟူသော စကားပုံဖြစ်သည်။

အဓိပ္ပါယ်ကတော့ "ရှေးကရှိခဲ့သော ဓလေ့ထုံးစံ
အတုယူပြီး ယခုပြုလုပ်ကြခြင်းဖြစ်သည်" ဟူသော အဓိပ္ပာ
ဖြစ်သည်။

ရှေးဟောင်းဒဏ္ဍာရီမှာ. . .

ကမ္ဘာမြေပေါ်မှာ လူသားများ မပေါ်ပေါက်သေးသေ
အချိန်က 'ဂျဗီဂျလွန်' ဟု ခေါ်သော နတ်ကြီးတစ်ပါး ဆင်းသ
လာပြီး လူသားများကို ဖန်ဆင်းခဲ့ပေသည်။

ထိုနတ်ကြီးဖန်ဆင်းလိုက်သော လူများမှာ ယောက်
များချည်း ဖြစ်ကြလေသည်။

ယောကျ်ားများချည်းသာရှိသော လူလောကမှာ ပျင်
ငြီးငွေ့ဖွယ်ရာဖြစ်နေသောကြောင့် နောက်ထပ် မိန်းမများ
ဆင်းပြီး ယောကျ်ားတစ်ယောက်လျှင် မိန်းမတစ်ယောက်စီ
တွဲဖက်ပေးလိုက်သည်။

သို့သော် နောက်ဆုံးတွင် ယောကျ်ားတစ်ယောက် ပို
ပြီး မိန်းမတစ်ယောက်လိုနေသည်။

ထိုအခါ နတ်မင်းကြီးက. . .

"မင်းအတွက် တွဲဖက်ပေးဖို့မိန်းမ မရှိတော့ဘူး၊ ဒီတော





ဒီမှာမြင်နေရတဲ့ တောင်မြင့်ကြီးပေါ်ကို သီချင်းကျယ်ကျယ်
ဆိုပြီး တက်သွားပေတော့၊ တောင်ထိပ်ပေါ်ရောက်လို့ မိန်းမ
တွေ့ရင် ပခုံးဖက်ခေါ်သွားပေတော့"

ဟု မှာကြားလိုက်သဖြင့် ထိုသူလည်း သီချင်းကျယ်
ကျယ်အော်ဆိုရင်း တောင်ထိပ်ပေါ်ကို တက်သွားလေတော့
သည်။

(ထိုအရပ်ဒေသတွင် လူပျိုအပျိုများ လမ်းသွားရင်း . .
သီချင်းအော်ဆိုသွားသော ဓလေ့လည်းရှိသေးသည်။

သီချင်းဆိုသံကြားလျှင် ချစ်သူမတွေ့သေးသောသူတစ်
ယောက် ဖြစ်မည်ဟု သိနိုင်ကြသည်။)

တောင်မှာမြင့်လွန်းသောကြောင့် ရက်အတော်ကြာ
အောင် တက်သွားသောအခါမှ တောင်ထိပ်ပေါ် ရောက်သွား
သေသည်။ တောင်ထိပ်ပေါ်ရောက်တော့လည်း နတ်မင်းကြီးမှာ
ထိတ်သည့်အတိုင်း သီချင်းကျယ်ကျယ် ဆိုပြန်လေရာ သူ့သီချင်း
သံကိုကြားသဖြင့် နှစ်သက်သော နတ်သမီးတစ်ယောက်က ဆင်း
လာပြီး လာကြည့်လေသည်။

ထိုနတ်သမီးကိုမြင်သောအခါ 'ဂျဗီဂျလွန်' နတ်မင်းကြီး
ပေးခဲ့သောမိန်းမမှာ ဒီမိန်းမပင်ဖြစ်မည်ဟု မှတ်ထင်ပြီးနောက်
ခုံးကိုဖက်ပြီး ခေါ်သွားလေတော့သည်။

ထိုဒဏ္ဍာရီကြောင့် 'အပျိုဖက်ခြင်း'ဓလေ့ ပေါ်ပေါက်ခဲ့
ကြောင်း ဒေသခံများက ယုံကြည်လက်ခံကြသည်။

ဖခင်ရှိသော အပျိုတစ်ယောက်အိမ်ကို လူပျိုလှည့်သွား
လျှင် အိမ်ခြေရရဖြင့် ပြောဆိုကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖေမရှိဘဲ အမေနှင့်နေသော အပျိုတစ်ယောက် အိမ်ကိုသွားပြီး လူပျိုလှည့်လျှင် အပျိုကိုမှီပြီး စကားပြောခွင့်ရှိ သည်။ 'တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း'ဆိုသကဲ့ သို့ အရပ်ဓလေ့ထုံးစံတို့မှာ တစ်နေရာနှင့်တစ်နေရာ မတူညီ ကြဘဲ သူနေရာနှင့်သူ ဓလေ့ထုံးစံတို့ရှိကြသည်။

အခြားအရပ်ဒေသမှာရှိကြသော မိန်းကလေးများက ဘဝကြင်ဖက် ရွေးချယ်သည့်နေရာတွင် မိမိအား တစ်သက်လုံး လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ပေးမည့် ယောကျ်ားမျိုးကို ရွေး ချယ်ကြသည်။

မိုင်းဆက်၊ မိုင်းယောင်း ဒေသဘက်မှာ နေကြသော အမျိုးသမီးများကတော့ သူတို့က လုပ်ကိုင်ကျွေးမွေးရသည်ဖြစ် သောကြောင့် သူတို့လုပ်စာကို အေးအေးထိုင်စားပြီး မနှိပ်စက် မည့်ယောကျ်ားမျိုးကို ရွေးချယ်ပေါင်းသင်းကြရသည်။

နေရာအတော်များများမှာရှိသော အမျိုးသမီးများက မိမိကို လုပ်ကျွေးမည့်သူ ရွေးကြသော်လည်း သူတို့ကတော့ တစ် သက်လုံး လုပ်ကျွေးရမည့် လင်ယောကျ်ားတစ်ယောက်ကို ရွေး ချယ်ကြရခြင်းပင်ဖြစ်ပေသည်။

နီမောင်တစ်ယောက်တည်း တောင်ကြောပေါ်မှ ပြ ဆင်းလာပြီး ဘိန်းခင်းတစ်ခင်းအနီးမှ ဖြတ်လျှောက်လာစဉ် ဘိန်း ခင်းထဲမှာ ဘိန်းသိမ်းနေကြသော မိန်းမပျိုများကို လာရောက် လူပျိုလှည့်နေသူများကို တွေ့ရလေသည်။

ရောက်စကတော့ ထိုမြင်ကွင်းများမှာ သူ့အတွက် ထူး ထူးအဆန်းဖြစ်နေခဲ့သည်။





ယခုတော့ ထိုအရပ်ဒေသသို့ ရောက်ခဲ့သည်မှာ နှစ် အတော်ကြာခဲ့ပြီဖြစ်သောကြောင့် တစ်ဖြည်းဖြည်း သိလာရပြီး မထူးဆန်းတော့ပေ။

တစ်နေရာသို့ ရောက်သောအခါ ဘိန်းခင်းထဲမှ အမျိုး သမီးသုံးယောက်ထွက်လာကြသည်။

နောက်ဘက်တွင် ပလိုင်းတစ်လုံးစီ လွယ်ထားကြသည်။

မြသင်းကြူနှင့် အဖော်နှစ်ယောက်တို့ဖြစ်သည်။

မြသင်းကြူကသူ့ကိုမြင်တော့ ချက်ချင်းမှတ်မိသလို နီမောင်ကလည်း မှတ်မိသည်။

မျက်နှာချင်းဆိုင်တွေ့တော့ မတိုင်ပင်ဘဲ ရပ်လိုက်ကြ သည်။ အဖော်ပါလာသော မိန်းမပျိုနှစ်ယောက်က လူပျိုစကား ပြောမည် ထင်ကြသဖြင့် အတော်လှမ်းလှမ်းအထိ လျှောက်သွား ပြီးမှ ရပ်စောင့်နေကြသည်။

"နင့်နာမည် ဘယ်သူလဲ"

"ငါ့နာမည် နီမောင်၊ နင့်နာမည်ကရော ဘယ်လိုခေါ် သလဲ"

"ငါ့နာမည် မြသင်းကြူလို့ခေါ်တယ်"

"မြန်မာနာမည်မျိုးပဲ"

"နင်ကရော ဗမာတစ်ယောက်မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်၊

"ငါထင်တာမမှားဘူး၊ ဒါကြောင့် နင်က တခြားလူတွေ နဲ့မတူဘဲ သတ္တိရှိတာ. ."

"ဘယ်လိုကြောင့်လဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့ကလာတဲ့ စိုင်းလီတို့အုပ်စုကို ဒီမှာရှိတဲ့ လူတွေက ဘယ်သူမှ အဲသည်လို ပြန်မပြောဝံ့ကြဘူး"

"ငါက မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ မကြောက်ဘူး"

"နင့်အမူအရာကိုကြည့်ရုံနဲ့ သိနိုင်ပါတယ်၊ ဒါထက် ကျားသစ်နက်ကြီးကို နင်သတ်ခဲ့တာလား"

"ဟုတ်တယ် ငါနဲ့ အဖော်နှစ်ယောက် သတ်ခဲ့တာ"

"ဘာကြောင့် မရောင်းတာလဲဟင်"

နီမောင်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်၊ တင်းမာနေသော နီမောင်မျက်နှာပေါ်မှာ ရှားရှားပါးပါး တွေ့ရခဲ့သည့် အပြုံးပင်ဖြစ်သည်။

"ရည်ရွယ်ချက်တစ်ခုရှိလို့ မရောင်းတာပါ"

"ဘယ်လိုရည်ရွယ်ချက်မျိုးလဲ"

"ငါချစ်တဲ့သူတွေ့ရင် ပေးမလို့ပါ"

"နင့်မှာ ချစ်သူမရှိသေးဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"ဒီမှာတော့ ဘယ်အပျိုမဆို သဘောကျရင် ပခုံးဖက်ပြီး စကားပြောလို့ရတာပဲ"

"အဲဒီလို ငါမလုပ်ဘူး"

"ဟင်. . ဘာဖြစ်လို့လဲ၊ ဒီအရပ်မှာတော့ ဓလေ့ထုံးစံပဲ"

"ဒီဓလေ့ထုံးစံကို ငါသဘောမကျဘူး၊ ငါတို့ရဲ့ ဓလေ့က မိန်းမပျိုတစ်ယောက်ကို သဘောကျရင်တောင်မှ အိန္ဒြေပျက်အောင် မလုပ်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ကိုယ်တကယ်ချစ်တဲ့သူကို တန်ဖိုးထားလို့ပဲ"

☺ အောင်မြင်စာပေ ☺



ထိုစကားကြောင့် မြသင်းကြူက များစွာအံ့သြသွားသော ...ကျ်နှာဖြင့် နီမောင့်ကို မော့ကြည့်နေသည်။

သူတို့နှစ်ယောက် အခြေအနေကို အကဲခတ်ကြည့်နေ ...သာ ကျန်အဖော်နှစ်ယောက်က တိုးတိုးပြောနေကြသည်။

"ဒီလူက လူပျိုစကားပြောတာ မြသင်းကြူပခုံးကိုလည်း ...တ်ဘူး"

"သူ့ကြည့်ရတာ ဒီနယ်သားဟုတ်ပုံမရဘူး၊ ဒါကြောင့် ...အရပ်ဒေသအကြောင်းတွေကို မသိတာလည်း ဖြစ်ချင်ဖြစ်မှာ ..."

"ဒါပေမယ့်. . ဘယ်သူ့ကိုမှ ကြာကြာစကားမပြောတဲ့ ...သင်းကြူက သူနဲ့ကျတော့ အကြာကြီးရပ်ပြီး စကားပြောနေ ...လား၊ ထူးတော့ထူးတယ်"

"သူစိတ်ထဲက သဘောကျနေလို့လည်း ဖြစ်ချင်ဖြစ်မှာ ..."

ထိုသို့ပြောနေစဉ်မှာ နီမောင်က မြသင်းကြူကို နှုတ် ...တ်ပြီးနောက် ထိုနေရာမှ ထွက်သွားလေတော့သည်။

မြသင်းကြူမှာသာ နီမောင်ကို လှမ်းကြည့်ရင် နေရာမှာ ...ပ်မယှက်ကျန်ခဲ့လေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

## စမ လိုက်ဂူ ဘယ်သူသိသလဲ

ဒေါက်တာမင်းထင်ကျော်တစ်ယောက် မမျှော်လင့်ဘဲ ...နှင့် ခွဲခွာခဲ့ရပြီးနောက်တွင် စိတ်ခံစားမှုတစ်ခုတော့ ရရှိ ...သည်။

သို့သော်လည်း တစ်နယ်စီ ဝေးကွာနေသောကြောင့် ...တော့ မတတ်နိုင်ခဲ့ပေ။

နောက်ပိုင်းမှာတော့ ဘွဲ့ရရုံမကဘဲ ပညာရပ်ပိုင်းဆိုင်ရာ ...တာဘွဲ့ပါ ရခဲ့ပြီးမှ ကျောင်းထွက်ခဲ့ပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကျောင်းပညာပြီးသောအခါ မြနှင်းဖြူနေသော ရှမ်းပြည်နယ်ဘက်သို့ သွားရန်စိတ်ကူး ပေါ်မိသေးသည်။

မြနှင်းဖြူနေသောနေရာမှာ ရှမ်းပြည်နယ် ကျိုင်းတုံ ၌ဖြစ်သဖြင့် အကြောင်းမရှိဘဲ သွားရောက်ရမှာ မလွယ်ကူ ပေ။ ထိုအချိန်က ခရီးလမ်းပန်း အခြေအနေက မကောင်းသ ကတစ်ကြောင်း၊ အရှေ့ဘက်နယ်စပ်နေရာများမှာလည်း တ ဖြူလက်နက်ကိုင်များက ကြီးစိုးနေသောကြောင့် သွားရေး ရေး ခက်ခဲလှသည်။

တစ်နည်းပြောရလျှင် အန္တရာယ်များသည်။

သို့ကြောင့်. . စိတ်သွားတိုင်းကိုယ်မပါနိုင်ဘဲ ရှိနေ မိမိဝါသနာပါသော အလုပ်များကိုသာ လုပ်နေရလေသည်။ နေ့တော့ ဒေါက်တာမင်းထင်ကျော်အတွက် အခွင့်အရေးတ ပေါ်လာလေသည်။

တက္ကသိုလ်တက်နေစဉ်က အတန်းဖော်မိတ်ဆွေ ပြန်တွေ့ခဲ့ရာမှ ထိုအခွင့်အရေးကို ရခဲ့ခြင်းဖြစ်သည်။

ထိုသူ၏အမည်မှာ ဇော်ထွန်းဖြစ်သည်။

ရင်နှီးသောမိတ်ဆွေတစ်ဦးက ကမ်းနားလမ်း ဟိုတ တွင် ဧည့်ခံပွဲကျင်းပရာ ထိုဧည့်ခံပွဲသွားရင်းမှ ဇော်ထွန်းနှင့် လည်တွေ့ကြရခြင်းဖြစ်သည်။

"ဟာ. . ကိုဇော်ထွန်းပါလား"

"ကိုမင်းထင်ကျော်ရာ ခင်ဗျားနဲ့ တွေ့ချင်နေတာနဲ့ ခန့်သင့်ပဲဗျာ၊ ကဲ. . အေးအေးဆေးဆေး ပြောကြရအောင်

ဟုပြောပြီး စားပွဲတစ်လုံးမှာထိုင်ကာ စကားပြော





လေသည်။

"ဒါထက် ကိုဇော်ထွန်း အခုဘာတွေ လုပ်နေသလဲ"

"ပြောတာပေ့ါဗျာ. . ကျွန်တော့်အကြောင်း မပြောခင် ခင်ဗျားအကြောင်းကို မေးရဦးမယ်၊ ခင်ဗျားရော ဘာတွေလုပ် နေသလဲ"

"လောလောဆယ်တော့ လာမှမလုပ်သေးပဲ အေးအေး ဆေးဆေးနေတုန်းပဲ ရှိပါသေးတယ်"

"ဘာလဲ. . အသည်းကွဲတဲ့ဝေဒနာ ခံစားလို့ကောင်းနေ တုန်းလို့ပြောတာလား"

ဇော်ထွန်းက သူတို့နှစ်ယောက်အကြောင်းကို ကောင်း စွာသိထားသောကြောင့် ခတ်ပြုံးပြုံးအမူအရာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဒီလိုတော့ မဟုတ်ပါဘူး"

"ဒါနဲ့ သူနဲ့ရော အဆက်အသွယ်ရသေးသလားဗျ"

"ပြန်သွားကတည်းက ဘာမှ သတင်းမကြားရတော့ပါ ဘူးဗျာ. ."

"ခင်ဗျားကရော သူနဲ့ဆက်သွယ်ဖို့ မကြိုးစားဘူးလား"

"ကျိုင်းတုံမှာနေတာလောက်ပဲ သိတာဗျ ကျန်တာဘာ မှ သိတာမဟုတ်ဘူး၊ နောက်ပြီး သူနေတဲ့နေရာတွေကလည်း သွားရေးလာရေး မလွယ်ဘူးမဟုတ်လား၊ ထားပါတော့ဗျာ. . နေစက်မကုန်သေးရင်တော့ တစ်နေ့ကျရင် ပြန်ဆုံကြဦးမှာပါ၊ ဒါထက် ခင်ဗျားရော အခုဘာတွေလုပ်နေသလဲ"

"ကျွန်တော် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com


ဝင်နေတယ်ဗျ၊ ရုံးချုပ်ကတော့ ရန်ကုန်နဲ့ မန္တလေးမှာရှိတ
ရုံးခွဲကတော့ တောင်ကြီးမြို့မှာဗျ၊ ဒီတော့ ရှမ်းပြည်နယ်ဘ
တော့ မကြာခဏ သွားနေရတာပေါ့"

ရှမ်းပြည်နယ်ဆိုသော စကားကြားသောအခါ ဒေါ်
တာမင်းထင်ကျော်မှာ စိတ်ဝင်စားသွားလေသည်။

"ခင်ဗျားလုပ်တဲ့ ကုမ္ပဏီက ဘာတွေလုပ်ရသလဲဗျ"

"အခုနယ်စပ်တွေမှာ ဒီဘက်က စစ်တပ်တွေက တ
ဖြူနယ်ချဲ့တွေကို တိုက်ထုတ်ပြီး နယ်ခြားစောင့်စစ်တပ်တွေ
နေကြတယ်၊ ကျွန်တော်တို့ ကုမ္ပဏီက ဆောက်လုပ်ရေးကုမ္
ဆိုတော့ စစ်တန်းလျားတွေ ဆောက်ဖို့၊ ရိက္ခာဂိုဒေါင်တွေ လ
နက်တိုက်တွေ ဆောက်ဖို့ အော်ဒါရတယ်"

ဖော်ထွန်းက စီးကရက်တစ်လိပ်ကို မီးညှိပြီး တစ်
နှစ်ဖွာ ဖွာလိုက်သည်။

"ဆက်ပြောပါဦးဗျ"

"ကျွန်တော်က မန်နေဂျာဆိုတော့ အဲဒီနေရာတွေအ
သွားပြီး တာဝန်ယူကြီးကြပ်ရတယ်"

"တရုတ်ဖြူတပ်တွေ မရှိတော့ဘူးလား၊ နယ်စပ်နဲ့
တော့ အန္တရာယ်မများဘူးလား"

"ဒီဘက်ကတပ်တွေက တိုက်ထုတ်ပစ်လို့ တရုတ်
တွေက သူတို့နယ်ထဲသူတို့ ပြန်ပြေးကုန်ကြပါပြီ၊ ဒီဘက်မှာ
အန္တရာယ်မရှိတော့ပါဘူး၊

နောက်ပြီး ကျွန်တော်က အလုပ်စခန်းမှာလိုတဲ့ ပစ္စည်း
တွေကို တောင်ကြီးအထိ ဆင်းယူရတာဆိုတော့ တောင်ကြီး
သည်း မကြာခဏ ရောက်တယ်ဗျာ. ."

ထိုနေရာရောက်တော့ ဖော်ထွန်းက စကားရပ်လိုက်ပြန်
သည်။

ဒေါက်တာမင်းထင်ကျော်က နားထောင်ရတာ မချင့်မရဲ
ဖြစ်သွားသောကြောင့်. . .

"ဆက်ပြောပါဦးဗျ"

ဟုပြောလိုက်သည်။

"ဟဲဟဲ. . တောင်ကြီးဆိုတာနဲ့ ခင်ဗျားစိတ်ဝင်စားသွား
ပြီ မဟုတ်လား၊ ဒါတင်မကသေးဘူး ကျိုင်းတုံဘက်ကိုလည်း
မကြာခဏ သွားရတယ်ဗျာ. ."

"ဟင်. . ကျိုင်းတုံရောက်တော့ မြနှင်းဖြူကို မတွေ့ခဲ့မိ
ဘူးလား"

"အဲဒါပြောချင်လို့ စောစောက ခင်ဗျားနဲ့တွေ့ချင်တယ်
လို့ ပြောတာပေါ့ဗျာ၊ အရင်တစ်ခေါက် ကျွန်တော် ကျိုင်းတုံ
ရောက်တော့ မြနှင်းဖြူနဲ့တွေ့ခဲ့ရတယ်"

"ဟင်. . ."

နားထောင်နေရင်းမှ ရင်ခုန်သံမြန်လာလေသည်။

"ခင်ဗျားက သူ့ကို မမေ့သေးသလို သူကလည်း ခင်ဗျား
ကို သတိရနေပါသေးတယ်၊ ကျွန်တော်နဲ့တွေ့တော့ ခင်ဗျားအ
ကြောင်းတွေကို မေးရှာတယ်"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချ
လိုက်သည်။ အတွေးအိမ်မှာလည်း မြနှင်းဖြူ၏ ပုံရိပ်ကလေး
များက တစ်ခုပြီးတစ်ခု ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ကျိုင်းတုံဘက်မှတော့ မြို့မျက်နှာဖုံး
ယောက်ပဲ၊ စီးပွားရေးလည်း အတော်ချမ်းသာပုံရတယ်၊ နယ်
ဘက်တွေမှာ စီးပွားရေးလုပ်ငန်းတွေလည်း ရှိတယ်လို့ ပြေ
တယ်"

"သူဘာကြောင့် ပြန်မလာနိုင်တော့တာတဲ့လဲ"

"သူ့အဖေရဲ့ စီးပွားရေးလုပ်ငန်းတွေက နယ်စပ်ဘ
မှာရှိတော့ အဲ့ဒီဘက်တွေမှာ တရုတ်ဖြူတွေနဲ့ တိုက်ပွဲတွေ
ဆက်မပြတ်ဖြစ်နေတော့ အလုပ်ရှုပ်နေကြတယ်၊ ဒါကြောင့်
ကို ရန်ကုန်ပြန်မလွှတ်တော့တာလို့ ပြောလိုက်တယ်"

ဒေါက်တာမင်းထင်ကျော်မှာ ချစ်သူအတွက် အ
ကလေး စိတ်မကောင်းဖြစ်သွားလေသည်။

"ဘာမှအားမငယ်ပါနဲ့ဗျာ၊ ခင်ဗျားတို့နှစ်ယောက်
မကုန်ရင်တော့ ပြန်ဆုံကြဦးမှာပေါ့၊ သူကလည်း ခင်ဗျားအ
မှာ အရင်လိုပဲ သဘောထားမပျက် ရှိနေပုံရပါတယ်၊ ကျွန်
နဲ့တွေ့တော့ ခင်ဗျားအကြောင်းတွေကိုပဲ တွင်တွင်မေးနေတ
ဗျာ"

ထိုအချိန်မှာ စားပွဲထိုးက အစားအသောက်များ
ရောက်ချပေးလေသည်။

ညှော်ခံပွဲလုပ်ပေးသော မိတ်ဆွေကလည်း အနားရော
လာပြီး နှုတ်ဆက်နေသောကြောင့် စကားပြတ်သွားကြသ
မိတ်ဆွေက အခြားစားပွဲများရှိရာ ကူးသွားတော့မှ နှစ်ယေ
သား အစားအသောက်များစားရင်း စကားပြန်ဆက်ကြသ

"ခင်ဗျား လောလောဆယ် တခြားအရေးကြီးတဲ့အ





တွေ မရှိသေးရင် ကျွန်တော်နဲ့ ရှမ်းပြည်နယ်ဘက် လိုက်ခဲ့ပါလား၊
ကျွန်တော်တို့ စခန်းချနေတဲ့နေရာက နယ်စပ်နဲ့နီးတော့ ခင်ဗျား
အတွက် အတွေ့အကြုံသစ်တွေ ရနိုင်တယ်၊ ဟိုမှာ အချိန်ရတော့
လည်း ကျိုင်းတုံကိုဆင်းပြီး မြနှင်းဖြူနဲ့တွေ့အောင် ရှာကြည့်ကြ
တာပေါ့"

ဟု ဇော်ထွန်းကပြောသည်။

"ခင်ဗျား ပြောတာကို ကျွန်တော် စိတ်ဝင်စားပါတယ်၊
ဒါထက် ခင်ဗျားက ဟိုကိုဘယ်တော့လောက် ပြန်သွားမှာလဲ"

"လကုန်လောက်မှ သွားမှာပါ ခင်ဗျားလိုက်ခဲ့မယ်ဆို
ရင် အချိန်ရပါသေးတယ်၊ လိုက်သာလိုက်ခဲ့ပါဗျာ ဟိုရောက်တဲ့
အခါ နေဖို့ထိုင်ဖို့ စားသောက်ဖို့ အားလုံးတာဝန်ယူပါတယ်၊
သွားလာဖို့လည်း ဂျစ်ကားအဆင်သင့်ရှိပါတယ်၊ နောက်ထပ်
စိတ်ဝင်စားဖို့ကောင်းတာလည်း ရှိသေးတယ်ဗျ. . "

"ဘာများလဲဗျ. . ."

"ကျွန်တော်တို့ စခန်းမှာ သေနတ်မျိုးစုံတွေလည်း အ
များကြီးရှိတယ်၊ တောထဲမှာ အမဲပစ်ထွက်လို့ရတယ်၊ ဟိုရောက်
တဲ့အခါ ခင်ဗျားစိတ်ဝင်စားသွားမှာပါ"

ဟု ဇော်ထွန်းက တဖက်သားစိတ်ဝင်စားမှုရှိအောင်
စိတ်ဝင်စားဖွယ်ရာ အကြောင်းများကို ရွေးခြယ်ပြောပြနေလေ
သည်။

ဒေါက်တာမင်းထင်ကျော်က အစားအသောက်များကို
လက်စသပ်လိုက်ပြီး သစ်သီးဖျော်ရည်တစ်ခွက်ကို သောက်နေ
ရင်းမှ ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောပြတဲ့ အကြောင်းအရာတွေကတော့ စိတ်ဝင်စားစရာတွေချည်းပါပဲ၊ ဒီအထဲမှာတော့ မြနှင်းဖြူနဲ့ ပြန်တွေ့ရမယ်ဆိုတဲ့ အကြောင်းအရာကတော့ စိတ်ဝင်စားမှု အရှိဆုံးပါပဲ"

ထိုစကားကြားတော့ ဖော်ထွန်းက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

"ဒါ သဘာဝကျတဲ့ အမှန်တရားပါပဲ၊ ကဲ. . ဘယ်လိုလဲ"

"ခင်ဗျားသွားကာနီးရင်တော့ ကျွန်တော့်ဆီကို အကြောင်းကြားပေးပါ၊ ကျွန်တော်လိုက်နိုင်အောင် ကြိုးစားပါ့မယ် တစ်ခုတော့ရှိပါတယ်"

"ဘာများလဲဗျ. ."

"တကယ်လို့ ကျွန်တော်သွားရင် အဖော်တစ်ယောက်နှစ်ယောက်လည်း လိုက်ချင်လိုက်ကြလိမ့်မယ်၊ အဆင်ပြေတယ် မဟုတ်လား"

"အဆင်ပြေပါတယ်ဗျာ ဘယ်နှစ်ယောက်ပါပါ ရပါတယ်၊ ဒီခရီးတွေက လူများလေ ပိုကောင်းလေပါပဲ"

ဟု နှစ်ယောက်သား စကားလက်ဆုံပြောမကုန်အောင် ရှိနေကြပြီး ညှော်ခံပွဲ သိမ်းကာနီးတော့မှ နှုတ်ဆက်ပြီး ပြန်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မြနှင်းဖြူနှင့် ပတ်သက်သော အတွေးများက မကြာခဏ ဝင်ရောက်လာသောကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိလေသည်။





တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ လူတစ်ယောက်ရောက်လာလေသည်။

သူနှင့်ခင်မင်ရင်းနှီးသော ကျော်စွာပင်ဖြစ်သည်။

ကျော်စွာကအသက် (၃၀)ပတ်ဝန်းကျင်ခန့်ရှိပြီး အရောင်းအဝယ်သွားလာခြင်းဖြင့် ကြီးပွားနေသူဖြစ်သည်။

ထို့ပြင် . . စွန့်စွန့်စားစား ခရီးသွားလာခြင်းကိုလည်း ဝါသနာပါသူဖြစ်ရာ မကြာခဏဆိုသလို ဒေါက်တာမင်းထင်ကျော်နှင့် အတူတူ ခရီးထွက်ဖူးသူလည်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ခရီးဝေးထွက်ရန် စိတ်ကူးနေစဉ်မှာ ကျော်စွာရောက်လာသည်ကို မြင်သောအခါ များစွာဝမ်းသာသွားလေသည်။

"ကိုကျော်စွာ ဘယ်ကလှည့်လာသလဲ"

"ဆရာနဲ့တွေ့ချင်လို့ တမင်လာခဲ့တာပါပဲ တိုင်ပင်စရာတစ်ခုရှိလို့ပါ"

ဟုပြောသဖြင့် ဧည့်ခန်းသို့ ခေါ်သွားကာ နေရာထိုင်ခင်းပေးပြီးနောက် အကျိုးအကြောင်း မေးရလေသည်။

"ကဲ. . ပြောပါဦး ဘယ်လိုအကြောင်းကိစ္စမျိုးလဲ"

"ပြောရရင်တော့ နည်းနည်းရှည်တယ် ဆရာ. . ၊ ကျွန်တော့်အဘိုးမသေခင်က ကျွန်တော်ကို လျှို့ဝှက်ချက်တစ်ခု ပြောပြခဲ့တယ်၊ သူက အလောင်းမင်းတရားကြီးလက်ထက်က အမှုတော်ထမ်းခဲ့တဲ့ ဗိုလ်ဝဏ္ဏရဲ့ ဆွေမျိုးတော်စပ်သူပဲ၊ အလောင်းမင်းတရားကြီး ယိုးဒယားကို ချီတက်သိမ်းပိုက်တဲ့ကာလမှာ သူလည်းပါသွားခဲ့တယ်"

www.burmeseclassic.com

ဟု အစချီကာ ဗိုလ်စက္က၊ ဗိုလ်ခဲသ၊ ဗိုလ်ဗလ၊ ဗိုလ်ဝဏ္ဏ တို့အကြောင်းကို ပြောပြလေသည်။

ငှင်းတို့လေးယောက်မှာ အလောင်းမင်းတရားကြီး၏ တပ်မတော်တွင် အမှုထမ်းရွက်နေကြစဉ်မှာ ယိုးဒယားသို့ တက်တိုက်ခိုက်သော စစ်ပွဲများတွင် ပါဝင်ခဲ့ကြလေသည်။

ရပ်ဗူရီနှင့် ပက်ချာဘူရီ မြို့များကို သိမ်းပိုက်သော အချိန်က နန်းစဉ်ရတနာများထည့်ထားသော ရတနာသေတ္တာ တစ်လုံးနှင့် စက္ကောပါလ နန်းစဉ်ဓားတစ်လက်ကို ရခဲ့ကြလေ သည်။

ထိုအချိန်မှာပင် အလောင်းမင်းတရားကြီး နတ်ရွာ စံတော်ကူန်သဖြင့် တပ်ခေါက်ကာ ပြန်ခဲ့ကြရလေသည်။

ထိုအခွင့်ကောင်းကိုယူကာ လေးယောက်သားတိုင်ပင် လျှက် ရတနာ သေတ္တာနှင့် နန်းစဉ်ဓားကိုယူ၍ ထွက်ပြေးတိမ်း ရှောင်သွားကြလေသည်။

ထိုအကြောင်းကိုသိသောအခါ ဗိုလ်ဗျူဟခေါင်းဆော င် သော ဘုရင်တပ်သားများက နောက်မှလိုက်ကြလေသည်။

ထိုနေရာရောက်တော့ ကျော်စွာက စကားကိုရပ်ပြီး စားပွဲပေါ်မှ ကော်ဖီပန်းကန်ကိုယူပြီးသောက်သည်။

ထိုသို့သောက် နေစဉ် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒီအကြောင်းတွေကို ကိုကျော်စွာက ဘယ်လိုသိသလဲ"

"အဲဒီလေးယောက်မှာပါတဲ့ တစ်ယောက်က ကျွန်တော် တို့ရဲ့အဘိုး တော်စပ်တယ်၊ အဲဒီအချိန်ကတည်းက သူတို့လေး





ယောက်သတင်းက ပျောက်သွားတယ်၊ နောက်ပိုင်း အဘိုးနဲ့ အတူတူ ဘုရင်တပ်ထဲပါသွားတဲ့လူအချို့ တပ်ကထွက်ပြီး ရွာကို ပြန်ရောက်လာကြတယ်၊ အဲ့ဒီအချိန်တုန်းက ကျွန်တော်တို့က မွန်ပြည်နယ်ဘက်မှာပဲ ရှိကြသေးတယ်"

ကျော်စွာက သောက်လက်စပန်းကန်ကို ပြန်ချပြီး. . စီးကရက်တစ်လိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"ဆက်ပြောပါဦး"

"သူတို့ပြန်ရောက်လာတော့ ကျွန်တော်အဘိုးတို့နဲ့ ပတ်သက်တဲ့သတင်းကို ကြားရတယ်၊ သူတို့ကိုတော့ အခုအချိန် ထိ ပြန်မတွေ့ရတော့ပါဘူး"

"ဒီလောက်ကြာပြီးမှ ပြန်မလာနိုင်တော့ဘူးဆိုမှတော့ အကြောင်းတစ်ခုခုကြောင့် တစ်နေရာမှာ သေသွားလို့ပဲဖြစ်မှာ ပေါ့"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်သည်။

"ကျွန်တော်လည်း ဒီလိုပဲထင်ပါတယ်"

"ဒါနဲ့ကိုကျော်စွာက ဘယ်လိုလုပ်ချင်တာလဲ"

"ကျွန်တော်အဘိုးရဲ့ သတင်းကို စုံစမ်းရှာဖွေကြည့်ချင် တယ်"

"အဲဒီအချိန်ကာလက အတော်ကြာပြီ၊ အလောင်းမင်း တရားကြီး ယိုးဒယားကို နောက်ဆုံးချီတက်တာ (၁၇၆၀)ခုနှစ်မှာ ။ အခု (၁၉၀၀)ပြည့်နှစ်တောင်ရောက်နေပြီဆိုတော့ ကြားထဲ မှာ နှစ်ပေါင်း (၁၄၀)လောက်ကြာသွားပြီ. . "

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အချိန်ကြာမှတော့ သူတို့နဲ့ပတ်သက်တဲ့ သတင်းတွေ စုံစမ်းလို့ရနိုင်ပါတော့မလား"

ကျော်စွာက ၎င်းအပေါ်အင်္ကျီအိတ်ထဲမှာ ထည့်ထားသော သတင်းစာဖြတ်ပိုင်းတစ်ခုကို ထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ရှေ့သို့ ချပေးလေသည်။

သတင်းစာဖြတ်ပိုင်းတစ်နေရာမှာ မှင်ဖြင့်ဝိုင်းထားသော ကြော်ငြာတစ်ခုကို လက်ထောက်ပြသောကြောင့် . ဖတ်ကြည့်လိုက်သည်။

"စက္ကောပါလ စမလိုက်ဂူ . . .
ဘယ်သူသိသလဲ . . .
သိတဲ့သူ အတူတူသွားမယ် . ."

ဦးဒီပ (ကျိုင်းတုံ)

ဟုရေးထားလေသည်။

နောက်တစ်ခုကတော့ စာစောကနှင့်မတူပေ . . ।

"စ နဲ့ ဓ ဘယ်သူ့မှာရှိသလဲ . . .
ဗ နဲ့ ဝ ငါ့မှာရှိတယ် . . ।
စ ဓ ဗ ဝ စမလိုက်ဂူ
အတူတူရှာမယ် . . ."

ဦးဒီပ (ကျိုင်းတုံ)

ဟုရေးထားလေသည်။

ထိုကြော်ငြာနှစ်ခုကိုဖတ်ပြီးတော့ ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာဖြင့် လေးလေးနက်နက် စဉ်းစားနေသည်။ ပြီးမှ . . .





"ဒါက အချင်းချင်းတွေသာ သိအောင်လျှို့ဝှက်အသိပေးတဲ့ ကြော်ငြာတစ်ခုပဲ၊ ဒါထက် ခင်ဗျားအဘိုးနာမည်က ဘယ်သူတဲ့လဲ"

"ဗိုလ်ဝဏ္ဏ လို့ခေါ်ပါတယ်"

"ကျန်တဲ့သုံးယောက်နာမည်တွေကိုရော သိသလား"

"ကျွန်တော့်အဖေ ပြောပြထားခဲ့လို့ မှတ်ထားပါတယ် ဗိုလ်စက္က၊ ဗိုလ်ဓသေ၊ ဗိုလ်ဗလ လို့ခေါ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က စာရွက်တစ်ရွက်ယူလာပြီး ခဲတံဖြင့် နာမည်များကို ချရေးလိုက်သည်။

ပြီးမှ သေသေချာချာကြည့်နေသည်။

"ကျွန်တော် ထင်တဲ့အတိုင်းပဲ၊ ကြော်ငြာမှာပါတဲ့ စ. ဓ. ဗ. ဝ ဆိုတာ တခြားမဟုတ်ဘူး၊ သူတို့လေးယောက်ရဲ့ နာမည် အတိုကောက်တွေပဲ ဒီမှာကြည့်"

ဟု ပြောကာ နာမည်လေးလုံးမှ ဗိုလ်ကိုဖယ်ပြီး ရှေ့အလုံးလေးလုံးကို မင်ဖြင့်ကွင်းပြလိုက်သည်။

စက္က ၏ ရှေ့စာလုံးက ( စ )
ဓသေ ၏ ရှေ့စာလုံးက ( ဓ )
ဗလ ၏ ရှေ့စာလုံးက ( ဗ )
ဝဏ္ဏ ၏ ရှေ့စာလုံးက ( ဝ )

ထိုလေးလုံးပေါင်းသောအခါ စ. ဓ. ဗ. ဝ ဖြစ်လာလေတော့သည်။

"ဆရာပြောပြမှပဲ ရှင်းသွားတော့တယ် ဒါဖြင့် ဦးဒီပဆိုတဲ့ လူဟာ ဒီလေးယောက်နဲ့ အဆက်အသွယ်ရှိတဲ့လူဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့နော်”

“အမှန်ပေါ့ဗျာ ကျွန်တော်အထင်ပြောရရင်တော့ သူ့ဆီမှာ ရတနာမြေပုံတစ်ဝက် ရှိနေလိမ့်မယ်၊ နောက်တစ်ဝက်က တခြားလူတစ်ယောက်ယောက်ဆီမှာ ရှိလိမ့်မယ်၊ ဒါကြောင့် သတင်းစာကထည့်ပြီး ကြော်ငြာတာဖြစ်မှာပေါ့”

“ဒီတော့. . ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာ”

“ကိုကျော်စွာဆီမှာ မြေပုံတစ်ခြမ်းမရှိဘူးဆိုရင် ဘယ်သူ့ဆီမှာရှိတယ်၊ ဘယ်နေရာမှာရှိတယ်ဆိုတာတော့ အရင်စုံစမ်းသင့်တယ်၊ သိရပြီဆိုတော့မှ. . ဦးဒီပနဲ့တွေ့ရင် ပိုမကောင်းဘူးလား”

“ကောင်းပါတယ်ဆရာ. . ဒါပေမယ့် ဒီကိစ္စမျိုးတွေက ဆရာကကျွမ်းတာဆိုတော့ အကူအညီပေးစေချင်ပါတယ်၊ ကျွန်တော်လာခဲ့တာ ဒီအတွက်ပါပဲ”

ကျော်စွာစကားကို နားထောင်ပြီး လေးလေးနက်နက် စဉ်းစားနေသည်။

အတန်ကြာမှ. . .

“ဖြည်းဖြည်းခြင်း စုံစမ်းရင်တော့ သဲလွန်စတွေ့နိုင်ပါတယ်၊ ဒါပေမယ့် လကုန်ရင် မိတ်ဆွေတစ်ယောက်နဲ့ ရှမ်းပြည် လိုက်သွားဖို့ ကတိပေးထားတယ်၊ ကျွန်တော်နဲ့အတူ ဦးဇင်းကောင်းကိုပါ ခေါ်သွားဖို့ အစီအစဉ်ရှိတယ်၊ ဒီတော့ ဒီလိုလုပ်ပါလား၊ ကိုကျော်စွာတွေ့ချင်တဲ့ ဦးဒီပက ကျိုင်းတုံမှာရှိတယ်ဆိုတော့ ကျွန်တော်နဲ့လိုက်ခဲ့ပါလား”

“အင်း ဒါလည်းအဆင်ပြေတာပဲ၊ ဆရာနဲ့ အတူတူသွား





တော့ ပိုကောင်းတာပေါ့”

ဟုပြောဆိုကာ ခရီးထွက်ကြမည့်ရက်ကို တိုင်ပင်ဆွေးနွေးကြပြီးနောက် နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်အတွက်တော့ ယခုသွားမည့် ခရီးစဉ်မှာ စိတ်ဝင်စားဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာများဖြင့် ပြည့်နေသော ခရီးစဉ်တစ်ခုဖြစ်မည်ဟု စိတ်ထဲမှ ခန့်မှန်းနေမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

## ဘာဝပြင့်ရင်းကာ အလောင်းအစားပြုသူများ

(၁၉၀၀)ပြည့်နှစ်၊ မတ်လကုန်ရက်တွင် ခရီးစတင်ထွက်လသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းကိုပါခေါ်သည်။ ထိုခရီးမျိုးက. . ဗဟုသုတအတွေ့အကြုံများသောကောင်းပါလျှင် ပို၍အဆင်ပြေမည်ဖြစ်သောကြောင့် အအကြောင်းပြောပြီးခေါ်ရာ ဦးဗန်ကောင်းကလည်း နှစ်ခါခေါ်ရဘဲ ငှင်းသွားလေရာယူဆောင်လေ့ရှိသော လွယ်



www.burmeseclassic.com

www.burmeseclassic.com

အိတ်ကြီးတစ်လုံးကိုလွယ်ပြီး ထလိုက်လာခဲ့လေသည်။

ကျော်စွာလည်း ပါသောကြောင့်. . သူတို့အဖွဲ့က ...
ယောက်ဖြစ်လေသည်။

ဇော်ထွန်းကတော့. .

"ကိုမင်းထင်ကျော်တို့ လိုက်လာတာ ကျွန်တော်ဖြင့် ...
အားရှိတာပဲ"

ဟု မကြာခဏ ပြောလေသည်။

ငင်းတို့ခရီးစဉ်ကတော့ ရန်ကုန်ရုံးချုပ်မှ လိုအပ်သော...
ပစ္စည်းများကို မန္တလေးသို့သွားကြသည်။

မန္တလေးရောက်သောအခါ ထိုမှာရှိသော ရုံးခွဲမှ အ...
သင့်ပြင်ပေးထားသော (၃)တန်ထရပ်ကားကြီးများဖြင့် ရှမ်း...
နယ်ဘက်သို့ ခရီးဆက်ကြရခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုခရီးကိုသွားရ...
မှာ တစ်ချက်ခုတ်နှစ်ချက်ပြတ် သဘောမျိုးဖြစ်နေသောကြော...
စိတ်ထဲမှာ သဘောကျနေသည်။

နောက်တစ်ချက်ကတော့ အခွင့်အရေးရပါက မြနှင်း...
နှင့် သွားရောက်တွေ့ဆုံမည်ဟု. . စိတ်ထဲမှာ အားခဲထား...
သည်။

မန္တလေးမှ ကားကြီးများဖြင့် တောင်ကြီးမြို့သို့ အ...
သွားကြရသည်။

(၃)တန် ထရပ်ကားကြီးများပေါ်မှာ အချို့ပစ္စည်းတ...
အချို့လူများ လိုက်ပါလာကြသည်။

စုစုပေါင်း (၅)စီးရှိပြီး အများအားဖြင့်တော့ ကားပေါ်...





...ဆက်လုပ်ရေး အသုံးအဆောင်ပစ္စည်းများနှင့်၊ အစားအ...
...သောက်ပစ္စည်းတို့သာ များလေသည်။

သူတို့သည် ကျိုင်းတုံရောက်တော့ ဆီဖြည့်ရင်းနှင့် ခရီး...
...ဆက်ထောက် ဝင်နားကြသည်။

ကျိုင်းတုံရောက်တော့ ဇော်ထွန်းကပြောသည်။

"မြနှင်းဖြူက ဒီမှာနေတာဗျ"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ယခုပင်လိုက်ရှာ...
...း တွေ့ချင်စိတ်ဖြစ်ပေါ်လာသော်လည်း မြိုသိပ်ထားရသည်။
...လုပ်ကိစ္စများလည်းပါ၊ အခြားသူများနှင့် လိုက်လာရသော
...အချိန်ဖြစ်သောကြောင့် မိမိဆန္ဒကို ဦးစားမပေးနိုင်သေးပါချေ။

ကျိုင်းတုံရောက်တော့. . ကျော်စွာကလည်း လာပြော...
...သည်။

"သတင်းစာမှာ ကြော်ငြာထည့်တဲ့ ဦးဒီပဆိုတဲ့လူက ဒီ...
...ကျိုင်းတုံမှာ နေတယ်မဟုတ်လားဆရာ"

"ဟုတ်တယ် နောက်မှတစ်ခေါက်လာကြတာပေါ့"

ထို့နောက်မှာတော့ ကျိုင်းတုံမှ ရှေ့သို့ခရီးဆက်ကြလေ...
...သည်။ ကျိုင်းတုံမှာ စီးပွားရေးအချက်အခြာကျသော နေရာဖြစ်...
...သောကြောင့် များစွာစည်ကားလှသည်။

အများအားဖြင့်တော့ ဘိန်းအရောင်းအဝယ်၊ ကျောက်...
...ကျောက်ရတနာ အရောင်းအဝယ်ပြုလုပ်သူများဖြင့် စည်းကားသော
...နေရာလည်း ဖြစ်ပေသည်။

ထိုနောက် ကျိုင်းတုံမှ အရှေ့ဘက်သို့ ဦးတည်ပြီး ခရီး...
...ဆက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၀၀)ပြည့်အချိန်လောက်က ထိုနေရာများမှ
သွယ်ရေးလမ်းများ မကောင်းသလို လူနေအိမ်ခြေလည်း
လှပေ။ နေရာအနှံ့မှာ သစ်တောများ၊ တောင်မြင့်တောင်
ကြီးများက ဖုံးအုပ်ထားပြီး မြေပြန့်လွင်ပြင်များမှာတော့
စိုက်ခင်းများ နေရာယူထားကြလေသည်။

ထိုဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဘိန်း
ပျိုးခြင်းပင်ဖြစ်သည်။

လယ်နှင့်တောင်ယာစိုက်သူများရှိသော်လည်း စီး
ဖြစ်မဟုတ်ဘဲ စားလောက်ရုံသာ စိုက်ပျိုးကြသည်။

ကားလမ်းနံဘေး တဖက်တချက် လှမ်းမြင်ရသော
ရာများ၊ ဘိန်းပင်များ၊ ဘိန်းစိုက်ခင်းများကို လှမ်းမြင်ရသ
ယခင်က တရုတ်ဖြူများ ဘိန်းစိုက်ရန် အတင်းအကြပ်စေခိုင်း
ဖြင့် စိုက်ကြရသော်လည်း နောက်တော့ ဒေသခံများကပါ
ကို နှစ်သက်စွဲလန်းလာသောကြောင့် တိုးချဲ့စိုက်ပျိုးကြရာ
ဖြည်းဖြည်း များလာခြင်းဖြစ်သည်။

ကားပေါ်မှ လှမ်းကြည့်သောအခါ. . ဆွတ်ဆွတ်
သော ဘိန်းပွင့်များဖြင့် ဝေဆာနေသော ဘိန်းခင်းကြီးမျာ
မျက်စိတဆုံးမြင်ရသည်။

ဘိန်းခင်းလွင်ပြင်ထဲမှာ တန်းစီသွားနေသော လူမျာ
လည်း တွေ့ရသည်။

အများအားဖြင့်တော့ မိန်းမများဖြစ်ကြပြီး ဘိန်းသိမ်း
အတွက် သက်ဆိုင်ရာအလုပ်ခွင်သို့ ကိုယ့်အဖွဲ့နှင့်ကိုယ် သွာ
ကြခြင်းဖြစ်သည်။





ဘိန်းခင်းများအကြောင်း၊ ဘိန်းသိမ်းသောအကြောင်း
းကိုတော့ ဝတ္ထုဇာတ်လမ်းနှင့် မသက်ဆိုင်သောကြောင့် အ
သးစိပ် မရေးတော့ပေ. . .။

ဘိန်းခင်းများကိုမြင်တော့ ဦးဗန်ကောင်းကပြောသည်၊
"ဘိန်းကသုံးတတ်ရင် ဆေးဖက်အတော်ဝင်တယ်. .
မ်းရောဂါနဲ့ ပတ်သက်ရင် ဘိန်းဆေးက အကောင်းဆုံးပဲ၊
ပေမယ့် လူတွေက ဇိမ်ခံဖို့ပဲ သုံးကြတော့ မူးယစ်သားကောင်
ဘဝ ရောက်ကြရတာပေါ့၊ မြင်ရုံနဲ့တင် ရင်လေးဖို့ကောင်း
ကိတ်တာ"

"ဒါကတော့ ဆရာကြီးရယ် အုပ်ချုပ်နေတဲ့ အင်္ဂလိပ်
ိုးရကတောင် အားပေးအားမြှောက် လုပ်ပေးနေမှတော့ ဒီလို
လာတာ ဘာများဆန်းပါမလဲ"

ကျော်စွာက ဝင်ပြောလိုက်သည်။

"ဒါကတော့ ကိုကျော်စွာရယ် တိုင်းတပါးသားတွေရဲ့
တ်မာတဲ့ စီမံကိန်းပေါ့၊ သူတို့ရှိနေတုန်းတော့ ဘိန်းနဲ့ပတ်
က်ပြီး အကျိုးအမြတ်တွေ စုပ်ယူသွားမယ်၊ သူတို့ပြန်သွားတော့
ည်း ကျန်ခဲ့တဲ့လူတွေ ဘိန်းစားဘဝနဲ့ လူညွန့်တုံးအောင် လုပ်
တဲ့ ရည်ရွယ်ချက်တွေပဲပေါ့. . ."

ဒေါက်တာမင်းထင်ကျော်စကားကို ကျန်နှစ်ယောက်က
လက်ခံကြလေသည်။

တစ်ဖက်တစ်ချက်တွင် ဘိန်းခင်းများ၊ သစ်တောများ
သော သဘာဝကျောက်ခင်းလမ်း၊ မြေသားလမ်းများ ပေါ်မှ
ည်းဖြည်းမှန်မှန် မောင်းလာကြသော ကားကြီးများ ခရီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ထောက်မှာတွေ့သော 'လွယ်မွေ့'ရောက်တော့ ဝင်ရောက်နား ကြသည်။

ထိုအရပ်ဒေသမှာရသော အစားအသောက်များကို ဝယ်ယူစားသောက်ပြီးမှ တစ်ဖန် ခရီးဆက်ရာ ညနေပိုင်းအခါ ရောက်သောအခါ ခရီးလမ်းဆုံးဖြစ်သော မိုင်းယောင်းသို့ ရောက်သွားကြလေတော့သည်။

ယခုအခါ နယ်ခြားမြို့တစ်မြို့အဖြစ် စည်ကားနေပြီ ဖြစ်သော မိုင်းယောင်းမြို့သည် (၁၉၀၀)ပြည့်နှစ် အင်္ဂလိပ်များ လက်အောက်၌ရှိနေသောအချိန်က ရွာကြီးတစ်ရွာအဆင့်မျှသာ ရှိပေသေးသည်။

ပေ(၄၀၀)ခန့်မြင့်သော တောင်ကုန်းပေါ်မှာ တည်ရှိ ပြီး တရုတ်-မြန်မာ နယ်နိမိတ်နှင့် (၁၅)မိုင်ခန့်သာ ကွာဝေးသေး သည်။ အကယ်၍. . တရုတ်ပြည်အထိ ခရီးဆက်မည်ဆိုပါက (၂၆)မိုင်ခန့်သာ ကွာဝေးလေသည်။

သို့ကြောင့် ရှမ်းလူမျိုးနှင့် တရုတ်လူမျိုးတို့ နေထိုင်ကြ သည်။ အင်္ဂလိပ်တို့ တည်ဆောက်ထားသော ခရစ်ယာန်ဘုရား ရှိခိုးကျောင်းကြီးတစ်ကျောင်းရှိရာ ထိုမြို့မှာတော့ အကြီးမားဆုံး အဆောက်အဦးတစ်ခု ဖြစ်ပေသည်။

ရှေးအခါကတော့ ဒေသခံများချည်းသာ အေးအေးချမ်း ချမ်းနေသော အရပ်ဖြစ်သောကြောင့် ဈေးနေ့ပင် သတ်သတ် မှတ်မှတ်မထားကြပေ. . .။

နောက်ပိုင်းတော့ နယ်စပ်ဒေသတွင် ကျူးကျော်နေကြ သော တရုတ်ဖြူများကိုဖယ်ရှားပြီး အစိုးရမှ နယ်ခြားစောင့်တပ် ချထားရာ အလုပ်သမားများ စစ်သားများဖြင့် များစွာ စည် ကားလာခြင်းဖြစ်သည်။

ဇော်ထွန်းဝင်ရောက်လုပ်ကိုင်နေသော ဆောက်လုပ် ရေးကုမ္ပဏီမှ တာဝန်ယူလုပ်ပေးရသော အလုပ်များမှာ နယ်ခြား တစ်လျှောက်တွင် စစ်တန်းလျားများ၊ ရိက္ခာနှင့် လက်နက်ပစ္စည်း များ သိုလှောင်ထားရန် ဂိုဒေါင်အများအပြားကို တည်ဆောက် ပေးကြရခြင်းဖြစ်သည်။

မိုင်းယောင်းနှင့် နှစ်မိုင်ခန့်သာကွာဝေးသော တောများ အတွင်းမှာ ဆောက်ပေးကြရခြင်းဖြစ်သည်။

ထူထပ်လှသော သစ်တောများ၊ ဝါးတောကြီးများကို ခုတ်ထွင်ဖယ်ရှားပြီး အဆောက်အဦးများ ဆောက်ကြရခြင်းဖြစ် ရာ ကုမ္ပဏီမှခေါ်ယူလာသော အလုပ်သမားများအပြင် ဒေသခံ အလုပ်သမားအတော်များများကိုပါ ခေါ်ယူလျက် လုပ်ကိုင်ကြ ရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအခါ ဇော်ထွန်းက သူတို့နေရန် အဆောက်အဦးတစ်ခု ပေးထားရုံမက ဲ အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးလေ သည်။

"ကိုမင်းထင်ကျော်ရေ ဒီကနေ့တော့ အချိန်မရှိတော့ဘူး ဗျ မနက်ဖြန်တော့ မြို့ထဲမှာ ဈေးနေ့ရှိတယ် လျှောက်ကြည့်ကြ ပေါ့ဗျာ. ."

"ကျွန်တော်တို့အတွက် တကူးတက စီစဉ်ပေးတာ ကျေး ဇူးတင်ပါတယ်ဗျာ"







www.burmeseclassic.com

www.burmeseclassic.com

"မလိုပါလူးဗျာ၊ ကျွန်တော်က ခင်ဗျားတို့ ဒီနေရာအထိ လိုက်လာတာကိုပဲ ဝမ်းသာနေတာဗျ၊ နောက်ပြီး . . ဒီအနား တစ်ဝိုက်မှာ ရှမ်းရွာလေးတွေရှိတယ် အစားအသောက်တွေ လည်း အတော်ပေါတယ်"

"နောက်ရက်မှာပဲ လျှောက်ကြည့်ကြမယ်လေ"

"မနက်လင်းတာနဲ့ ကျွန်တော်က အလုပ်စခန်းလိုက် သွားရတယ်၊ ဒီနေရာကနေ နှစ်မိုင်လောက်ဝေးတယ်ဗျ၊ ခင်ဗျား တို့အပြင်ထွက်ချင်ရင် လွတ်လွတ်လပ်လပ်သာ သွားကြ၊ အပ် ပစ်ချင်ရင်ပစ်ဖို့ သေနတ်လည်း ပေးထားပါ့မယ်"

ဟုပြောကာ ဇော်ထွန်းက သူတို့အတွက် လိုလေသေး မရှိအောင် စီစဉ်ပေးထားခဲ့ပေသည်။

ခရီးပင်ပန်းလာသောကြောင့် တစ်ညလုံး နှစ်နှစ်ခြိုက် ခြိုက် အိပ်ကြပြီး နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ သုံး ယောက်သား ဈေးဘက်သို့ လျှောက်ကြလေသည်။

ရှေးအခါကတော့ မိုင်းယောင်းမှာ ဈေးနေ့ဟု သတ် သတ်မှတ်မှတ်မရောင်းကြဘဲ အလျှင်းသင့်သလိုသာ လာရောက် ရောင်းချကြလေသည်။

ယခုအခါမှာတော့ ထိုမြို့သို့ ဆောက်လုပ်ရေးကုမ္ပဏီ အလုပ်သမားများစွာ ရောက်လာကြသဖြင့် စည်းကားလာသည့် လူဦးရေကလည်း များပြားလာလေသည်။

သို့ကြောင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာရှိသော ရွာ များမှ ဒေသထွက်ပစ္စည်းများ လာရောက်ရောင်းချကြသော ဈေး သည်များမှာ နေ့စဉ်လာရောက်ရောင်းချကြရာ နေ့စဉ်ဈေး





သည့်အပြင် (၅)ရက်တစ်ကြိမ်ကျ ဈေးကြီးအဖြစ် တည်ခင်း ရောင်းချကြသည်။

ဈေးတည်ခင်းသောနေရာမှာလည်း အလုပ်သမားများ နေသော တန်းလျားများ၊ အဆောက်အဦးများနှင့်နီးသော နေရာ၌ဖြစ်သောကြောင့် များစွာစည်းကားလှသည်။

သာမန်ရောင်းသော ဈေးနေ့များတွင် ကုန်ပစ္စည်းအစုံ အလင်မရနိုင်သော်လည်း (၅)ရက်တစ်ကြိမ် ကျင်းပသော ဈေး ကြီးနေ့မှာတော့ ကုန်ပစ္စည်းအစုံအလင် ရရှိနိုင်ကြလေသည်။

ဈေးတန်းထဲမှာတော့ ဒေသထွက်ကုန်များဖြစ်သော အသီးအနှံအစားအသောက်မျိုးစုံတို့ ရနိုင်သည်။

နယ်ခြားဘက်မှဝင်လာသော အရက်မျိုးစုံ၊ အဝတ်အ ထည်မျိုးစုံ၊ စောင်၊ သဘက်စသော ပစ္စည်းများမှစပြီး ကြယ်သီး၊ အပ်ချည်လုံး၊ အပ်၊ ဇာဂနာ၊ မွှေးညှပ်စသော တိုလီမိုလီရောင်း သော ဆိုင်ကလေးများပါ တွေ့ရသည်။

ဈေးသည်များထံမှ ငွေစက္ကူ၊ ငွေဒင်္ဂါးများဖြင့် ဝယ်လျှင် လည်း ရသည်။ ရွှေတုံးနှင့် တန်ဖိုးဖြတ်ဝယ်လျှင်လည်း ရသည်။

ထို့ထက် ဘိန်းမှုန့်နှင့် ဈေးဝယ်လျှင်လည်းရသည်။

ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး စသော အစားအသောက် များကို တစ်ဝစားသောက်ပြီးပါက ပါလာသောဘိန်းမှုန့်ကို ဇွန်း တစ်ဇွန်းစာလောက် ပေးလိုက်လျှင်ပင် ဈေးရောင်းသူက ကျေ ကျေနပ်နပ် လက်ခံသည်။

၎င်းတို့ အရပ်ဒေသမှာ ငွေစက္ကူတော့ သိပ်မသုံးကြပေ။

ထိုဒေသတွင် . . ဆယ်ပြားစေ့ ငါးစေ့ကို တစ်လျှပ်ဟု


www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်သည်။

တစ်ကျပ်ဖိုး စားပြီး ဆယ်ပြားစေ့ ငါးစေ့ပေးလျှင် ဆိုင်ရှင်က တစ်ကျပ်ဟု သတ်မှတ်ပြီး လက်ခံသည်။

ငါးမူးဖိုးစားသောက်ပြီး တစ်ကျပ်တန်ငွေစက္ကူပေးလိုက်လျှင်တော့ ငါးမူးပြန်မအမ်းတော့ပေ။

မကျေနပ်လျှင် ဆယ်ပြားစေ့ငါးစေ့ ပေးရုံသာရှိသည်။

ဈေးကြီးနေ့ ရောက်သောအခါ လောင်းကစားဝိုင်းများလည်း လာရောက်ဖွင့်ကြသည်။

အများအားဖြင့်တော့ ဂျင်ဝိုင်းများသည်။

ဒိုင်များမှာ ကျိုင်းတုံကဲ့သို့သော မြို့ကြီးများမှ လာရောက်ဖွင့်လှစ်ကြသည်။

ဘိန်းဈေးပွဲဆိုလျှင်ကော့ တောင်ကြီး၊ မိုင်းတုံ၊ မိုင်းဆတ်ဘက်မှ လောင်းကစားဒိုင်များ လာရောက်ဒိုင်ဖွင့်ကြသည်။

အများဆုံးကတော့ ကျိုင်းတုံဘက်မှလာသော လောင်းကစားဒိုင်များလေသည်။

အလျော်အစားကလည်းကြမ်းသည်။

ငွေသား အဟောင်းထိုးလျှင် အဟောင်းလျော်သည်။

အသစ်နှင့်ထိုးလျှင် အသစ်နှင့်လျော်သည်။

ငွေစက္ကူထိုးလျှင် ငွေစက္ကူနှင့်သာလျော်သည်။

ရွှေတောင့်ချထိုးလျှင် ထိုအလေးချိန်နှင့်တူညီသော ရွှေတောင့်ကိုပြန်လျော်သည်။

ထို့ထက် ကျောက်စိမ်း၊ ပတ္တမြားများ အလုံးလိုက်ချထိုးလိုက် တန်ဖိုးညီသော ကျောက်များကိုပင် ပြန်လျော်ပေးသည်။

ထိုလောင်းကစားပွဲတွင် ဉာဏ်မပါ။ ကံထိုက်သက်သက်ပင်ဖြစ်သည်။

အကယ်၍ ဉာဏ်များလျှင် ထိုနေရာမှာတင် နံပြားဘဝရောက်သွားရပေလိမ့်မည်။

မိုင်းယောင်းဈေးနေ့မှာ လာရောက်ဖွင့်သော လောင်းကစားဒိုင်များကတော့ ထိုမျှလောက် ကြီးကျယ်ခြင်းမရှိပေ. . ။

သို့သော်လည်း ထိုဒိုင်များဖွင့်ထားသော နေရာများမှာတော့ လူများကြိတ်ကြိတ်တိုး စည်းကားနေလေသည်။

ဂျင်ဝိုင်းများတွင် ငွေထိုးသူများရှိသလို ရွှေတိုရွှေစထိုးသူလည်းရှိသည်။

အများအားဖြင့်တော့ စုဆောင်းထားသော ဘိန်းများကို အလုံးလိုက်ချထိုးကြသည်ကို တွေ့မြင်ရသည်။

မိမိထိုးတာမှန်လျှင် အလျော်ခံရသည်။

မမှန်လျှင် စုဆောင်းထားသော ဘိန်းထုပ်ပါသွားလေတော့သည်။

ထိုအခြေအနေကိုမြင်တော့. . ဦးဇန်ကောင်းကပြောသည်။

"ဘိန်းစားတာပဲဖြစ်ဖြစ်၊ လောင်းကစားလုပ်တာပဲဖြစ်ဖြစ် ဘဝပျက်နိုင်ကြတာချည်းပဲ၊ ဒီအရပ်ဒေသမှာနေတဲ့ လူတွေက ဒါတွေကိုပဲ လုပ်နေကြတယ်"

"ဒါကြောင့်လည်း ဆင်းရဲတွင်းက မတက်နိုင်ကြတာပေါ့အဘရယ်"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကပါ ဝင်ပြောလိုက်သည်။

"ဒါကလည်း အရပ်မလေ့ထုံးစံလိုဖြစ်နေကြတော့ သူတို့အတွက် မထူးဆန်းတော့သလို ဖြစ်နေမှာပေါ့"

ကျော်စွာစကားကြားတော့ ဦးဖန်ကောင်းက ခေါင်းခါပြလိုက်လေသည်။

"လူတွေပါလို့ နွားကျားဆွဲတာပါ မောင်ကျော်စွာရယ်၊ ဘယ်နေရာမျိုးမှာပဲနေနေ ကိုယ်အသိနဲ့ကိုယ်နေကြရင် ဘာမှမဖြစ်ပါဘူး၊ တစ်ခုတော့ရှိတာပေါ့လေ ကိုယ်ကပါနေပြီဆိုရင်တော့ ဘယ်နေရာမျိုးမှာပဲဖြစ်ဖြစ်၊ ဘယ်အရပ်မှာပဲနေနေ ပျက်စီးမှာပဲ. . ."

ဟု ပြောလေသည်။

ထို့နောက် သုံးယောက်သား ဈေးတန်းတလျှောက် ပတ်ကြည့်ပြီး ရှမ်းအစားအသောက်များ ရောင်းသောဆိုင်တစ်ဆိုင်သို့ဝင်ကာ စားသောက်ကြသည်။

မြေပြန့်မှာရှိသော အစားအသောက်များနှင့် အရသာချင်းမတူသဖြင့် စားရတာ တစ်မျိုးဖြစ်နေသော်လည်း စားသောက်၍ကောင်းသည်။

ပြီးမှ ဈေးတန်းတလျှောက်ပတ်ကာ အလိုရှိသောပစ္စည်းများကို ဝယ်ယူပြီးနောက် တည်းခိုနေသော အဆောင်ရှိရာဘက်သို့ ပြန်လှည့်လာကြလေသည်။





# အခန်း (၁၀)

# တန်ခိုးရှိသော သဲလွန်စ

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်တည်း ထွက်လာကြသည်။

ဦးဖန်ကောင်းကတော့ ခရီးပင်ပန်းလာသောကြောင့်ခန်းမှာပင် နားနေလေသည်။

ညဦးပိုင်းအချိန်က ဇော်ထွန်းနှင့်တွေ့စဉ်က နောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ထိုအနီးတစ်ဝိုက်မှာရှိသော ရွာများသို့ လှည့်လည် သွားလိုကြောင်းပြောသောအခါ နန်းလိမ်းခံရွာသို့ သွားရန်ပြေ သည်။

"မခဲဒီရွာဘက်မှာ အုန်းသီးနဲ့ကြက်ဥတွေ အတော်ပေ တယ်၊ ခင်ဗျားတို့ပြန်လာတော့ စားချင်ရင်ဝယ်လာလို့ရတာပေ့

ဟုပြောသဖြင့် နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွ နန်းလိမ်းခံရွာရှိရာဘက်သို့ ဦးတည်ပြီး ထွက်ခဲ့ကြလေသည်။

မိုင်းယောင်းနှင့် နှစ်မိုင်ကျော် သုံးမိုင်ခန့်သာဝေးသော ကြောင့် လှမ်းကြည့်လျှင်မြင်ရသည်။

သို့သော် မြူနှင်းများဝေဆိုင်းနေသောကြောင့် ခတ်ဝ ဝါးသာ မြင်ရလေသည်။

လူသွားလမ်းကလေးများရှိသောကြောင့် ဘိန်းစိုက်ခင် များအနီးမှ ဖြတ်သွားကြရသည်။

ရေမြေရာသီဥတုကောင်းလှသောကြောင့် ဘိန်းစိုက် ခင်းများမှာ ဖြစ်ထွန်းလှသည်။

အပွင့်များက ဖွေးဖွေးဖြူလျက်ရှိနေကြပြီး အချို့အပ များ၌ အသီးများရှိနေကြရာ မာလကာသီးအရွယ်တမျှ ရှိသေ သည်။ ထိုရွာသို့ရောက်အောင် တစ်နာရီနီးပါးမျှ လျှောက်သွ ကြရာ. . နှင်းကွဲပြီး နေရောင်ခြည်ရသောအချိန်မှာ ရွာထဲသ ရောက်သွားကြလေသည်။

သူတို့ဝင်သွားတော့ ရွာသူရွာသားများက ဝတ်ပုံစား ကြည့်ပြီး လူထူးလူဆန်းများသဖွယ် ကြည့်ကြသည်။

တစ်ရွာလုံးနီးပါး ရှမ်းလူမျိုးတို့နေကြပြီး ၎င်းတို့ပြော





သော ဘာသာစကားမှ 'လီ'ဘာသာဖြစ်ကြောင်း နောက်တွင် သိရလေသည်။

၎င်းတို့အချင်းချင်း ပြောဆိုနေကြသော လီ ဘာသာ စကားကို သူတို့နှစ်ယောက်စလုံးက နားမလည်သလို သူတို့ပြော သော ဗမာစကားကိုလည်း ရွာသူရွာသားများက နားမလည်ကြ ပေ။

"ဘယ်လိုလုပ်မလဲဆရာ ကိုယ်ပြောတာလည်း သူနား လည်၊ သူပြောတာလည်း ကိုယ်နားမလည်နဲ့. . ."

"စိတ်မပူပါနဲ့ ကိုကျော်စွာရယ် ဒီတစ်ရွာလုံးမှာ ဗမာ စကားနားလည်တဲ့လူ တစ်ဦးတလေတော့ တွေ့မှာပါ"

ဟုပြောရင်း ရွာထဲသို့ ဆက်လျှောက်လာ ကြသည်။

နန်းလိမ်းခံရွာမှာ အိမ်ခြေ(၂၀)ကျော်လောက်သာရှိ သောကြောင့် ရွာကြီးတစ်ရွာတော့ မဟုတ်ပေ။

သို့သော်လည်း ထိုဒေသမှာရှိကြသော အချို့ရွာများမှာ အိမ်သုံးအိမ်၊ လေးအိမ်နှင့်စုပြီး ရွာတစ်ရွာတည်ထားသည်မျိုး ဖြစ်ရာ အိမ်ခြေ (၂၀)ကျော်ရှိသောရွာမှာ ထိုဒေသမှာတော့ ရွာကြီး တစ်ရွာဟုပင် ဆိုရပေတော့သည်။

တစ်ရွာလုံး သစ်ပင်ဝါးပင်များဖြင့် စိမ်းစိုမှိုင်းညို့လျက် ရှိနေသည်။

အများဆုံးကတော့ အုန်းတောများပင်ဖြစ်သည်။

အုန်းပင်များက နေရာတိုင်းမှာရှိသည်။

အခြားအသီးအနှံပင်များလည်း အတော်များများရှိ သည်။


www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာရှိသော အိမ်အတော်များများမှာလည်း နွား
ဝက်၊ သိုး၊ ဆိတ်၊ စသည်တို့အပြင် ကြက်အုပ်များ မွေးထား
သည်ကိုတွေ့ရသည်။ ကြက်အုပ်များက နေရာအနှံ့ သွားလာ
ကြလေသည်။

ထိုသို့လျှောက်ကြည့်နေကြသော်လည်း သူတို့
သောစကားကို နားမလည်ကြသောကြောင့် ဘာမှမေးမရ
မရဘဲ ဖြစ်နေကြသဖြင့် အခက်တွေ့နေကြသည်။

ထိုကဲ့သို့ ဝေါဟာရစကားချင်း မတူသဖြင့် တစ်ယော
နှင့်တစ်ယောက် ပြောဆိုဆက်ဆံရ အဆင်မပြေလှသော်လည်း
တွေ့သည်နှင့် ချိုသာသော အပြုံးများဖြင့် ကြည့်နေကြရာ ၄
အမူအရာများမှာ နှစ်သက်ခင်မင်ဖွယ်ရာများစွာ ကောင်း
လေသည်။

ဤသို့ဖြင့် နှစ်ယောက်သား ရွာလမ်းအတိုင်း လျှော
လာကြရာ တစ်နေရာရောက်တော့ ခြံပေါက်ဝမှာ ထွက်ရပ်
သော အဘိုးကြီးတစ်ယောက်နှင့် တွေ့ကြရသည်။

ဝတ်စားဆင်ယင်ပုံကြည့်ရသည်မှာ ရှမ်းအမျိုးသာ
ဖြစ်ဟန်တူသည်။

ထိုနေရာရောက်တော့ နှစ်ယောက်သား မတိုင်ပင်
နှင့် ရပ်လိုက်ကြသည်။

"ဧည့်သည်တွေထင်ပ့၊ အလုပ်သမားတွေ စခန်းခ
တဲ့နေရာက လာကြတာလား"

ဗမာစကားသံဖြင့် မေးလိုက်သဖြင့် ဝမ်းသာသွား
လေသည်။





"အဘက ဗမာစကား ပြောတတ်သလား"

"နည်းနည်းပါးပါးတော့ ပြောတတ်ဆိုတတ်ပါတယ်၊ ကဲ
တဲထဲကိုဝင်ပြီး အမောပြေ လက်ဖက်ရည်ဝင်သောက်ကြပါဦး"
ဟု ဖိတ်ခေါ်သဖြင့် နောက်မှဝင်လိုက်သွားလေသည်။

တဲအောက်ဘက်၌ရှိသော ကွပ်ပျစ်ပေါ်ရောက်သော
အခါ လက်ဖက်ခြောက် အကောင်းစားခပ်ထားသော လက်ဖက်
ရည်ဖြင့် ဧည့်ခံလေသည်။

ထိုမျှ အနံ့အရသာနှင့် ပြည့်စုံသော လက်ဖက်ရည်မျိုး
မသောက်ဖူးသေးသောကြောင့် သဘောကျမိလေသည်။

"အသွားတုန်းက မြင်လိုက်လို့ အပြန်မှာ ဧည့်ခံမယ်ဆို
ပြီး လက်ဖက်ရည် အဆင်သင့်ပြင်ထားတာပါ"

"ကျေးဇူးတင်ပါတယ်အဘရယ်၊ တစ်ရွာလုံး ဗမာစကား
နားလည်တဲ့သူ မရှိဘူးလို့ ထင်နေတာ၊ အခုလို အဘနဲ့တွေ့ရမှပဲ
အဆင်ပြေသွားတော့တယ်"

"ဒါထက် ဒီရွာကို ဘာလာလုပ်ကြတာလဲ"

"အုန်းသီးနဲ့ ကြက်ဥ လိုချင်လို့လာကြတာပါ"

"အုန်းသီးနဲ့ ကြက်ဥတော့ ရနိုင်ပါတယ်၊ အပျိုလိုချင်ရင်
တော့ ဒီအချိန် တစ်ယောက်မှ ရွာထဲမှာမရှိတော့ဘူး ဘိန်းခင်း
ထဲရောက်နေကြပြီ"

ဟု ပြောသဖြင့် သဘောကျစွာ ရယ်လိုက်ကြသည်။

"ကျုပ်နာမည်က ဦးစိုင်းနောင်လို့ ခေါ်ပါတယ်၊ ကျုပ်
တို့က သားအဖနှစ်ယောက်တည်းရှိကြတယ် ကျုပ်သားက အ
ပေါ်တွေနဲ့ တောပစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အိမ်အောက်တွင်ချိတ်ဆွဲထားသော တိရစ္ဆာန် မျိုးစုံတို့၏ ဦးခေါင်းခွံများ၊ ဦးချိုများ၊ အစွယ်များနှင့် သားရေခွံ များရှိနေသည်ကို သတိပြုမိကြသည်။

"အလုပ်သမားစခန်းကို တာဝန်နဲ့ရောက်နေကြတာ လား"

ဟု လက်ဖက်ရည်သောက်ရင်းမေးသည်။

"ကျွန်တော်တို့နှစ်ယောက်က တာဝန်နဲ့ လာကြတာ မဟုတ်ပါဘူး ဧည့်သည်တွေပါ။ ကျွန်တော့်နာမည်က ဒေါက်တာ မင်းထင်ကျော်၊ သူက ကျော်စွာလို့ခေါ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့နှစ်ယောက်အ မည်များကိုပြောပြီး မိတ်ဆက်ပေးလိုက်ရာ ဦးစိုင်းနောင်က သူ့ ဆေးကုသော ဆရာဝန်တစ်ယောက်ဟု ထင်သဖြင့်. .

"အခုလို ဆရာဝန်တစ်ယောက်နဲ့တွေ့ရတာ အများကြီး ဝမ်းသာပါတယ်"

ဟုပြောရာ ဒေါက်တာမင်းထင်ကျော်က ပြုံးရုံသာပြုံး နေလိုက်သည်။

"အုန်းသီးနဲ့ ကြက်ဥက ကျုပ်ဆီမှာ မရှိဘူး၊ ဒါပေမယ့် ရှိတဲ့အိမ်တွေမှာ လိုက်ဝယ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်အဘရယ်၊ ကျွန်တော်တို့ချည်း သာ ဆိုလို့ကတော့ စကားနားမလည်တာနဲ့ ဝယ်လို့ရမှာမဟုတ် ဘူး"

ဦးစိုင်းနောင်က ရယ်နေသည်။

"ဒါထက်. . အဘက ဒီရွာမှာနေတာ အတော်ကြာပြီ





လား"

"အနှစ်(၂၀)ကျော်လောက်ရှိကရောပေါ့"

"ဒီလိုဆိုရင် ဒီနေရာတစ်ဝိုက်တွေကိုတော့ အတော်က လေး သွားဖူးမှာပေါ့နော်"

"သွားဖူးတာပေါ့မောင်ရာ. . တရုတ်ပြည်ဘက်လည်း ရောက်တယ်၊ ယိုးဒယားလည်းသွားတယ် ဒီနယ်ထဲမှာလည်း ရောက်ဖူး မသွားဖူးတဲ့နေရာ မရှိအောင် သွားလာခဲ့ဖူးပါတယ်"

"ဒါဖြင့် တစ်ခုလောက်များ မေးကြည့်လို့ရမလား. ."

"မေးပေါ့ကွယ် သိရင်တော့ ပြောပြမှာပေါ့"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီနယ်တစ်ဝိုက်မှာ စမ လိုက်ဂူဆိုတာ ရှိသလား၊ အဲ့ဒီအကြောင်းများသိသလားလို့ပါ"

ဟုမေးလိုက်ရာ. . . ဦးစိုင်းနောင်က လက်ဖက်ရည် သောက်နေရင်းမှ အကဲခတ်သလို တစ်ချက်ကြည့်လိုက်လေ သည်။

"စမလိုက်ဂူအကြောင်း ဘာတွေများသိထားလို့လဲ"

"အကြောင်းကိစ္စတစ်ခုရှိလို့ပါအဘ စမလိုက်ဂူဆိုတာ ရှိသလား"

"ရှိတယ်လို့တော့ သတင်းကြားဖူးပါတယ်၊ ဒါပေမယ့် သွားဖို့တော့ မလွယ်လှဘူး"

"ဘာဖြစ်လို့လည်း အဘ"

"ခရီးဝေးတာလည်းတစ်ကြောင်း၊ ခရီးလမ်းကြမ်းတာ လည်းတစ်ကြောင်းကြောင့် မြေပုံလမ်းညွှန်မပါဘဲနဲ့ သွားလို့မ ရောက်နိုင်ဘူး၊ မောင်ရင်တို့မှာ မြေပုံပါသလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးသောအခါ ကျော်စွာက ဝင်ပြောပြသည်။

"မြေပုံတော့ မပါပါဘူး"

"ဒါဖြင့် ဘယ်လိုနည်းနဲ့ ဒီဂူအကြောင်း သိကြတာလဲ"

ဦးစိုင်းနောင်မှာ စောစောကနှင့် မတူတော့ဘဲ လေးလေးနက်နက် သဘောမျိုးဖြင့် မေးနေဟန်ရှိသည်။

ထိုသို့မေးသဖြင့် ကျော်စွာလည်း ပြောသင့်သလောက် ပြောပြလိုက်ရလေသည်။

"ဒီဂူနဲ့ပတ်သက်တဲ့ လူတစ်ယောက်က ပြောပြထားခဲ့လို့ သိရတာပါ"

ဦးစိုင်းနောင်က လက်ဖက်ရည် ပန်းကန်ကိုပြန်ချထားလိုက်ပြီး ဦးခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဒီလိုဆိုတော့လည်း နောက်တစ်ခေါက် လာခဲ့ကြဦးပေါ့၊ တွေ့ကြတော့မှပဲ မင်းတို့သိတာတွေနဲ့ ကျုပ်သိထားတာလေးတွေ ပြောဆိုဆွေးနွေးကြတာပေါ့"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ စိတ်ထဲမှ ကြိတ်ပြီး ဝမ်းသာသွားမိလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

တိုက်တိုက်ဆိုင်ဆိုင်ပင် မမျှော်လင့်ပဲ သဲလွန်စတစ်ခုကို ရရှိလိုက်သောကြောင့်ပင် ဖြစ်လေသည်။

ထို့နောက်မှာတော့ ဦးစိုင်းနောင်ကိုယ်တိုင် ရွာထဲလိုက်လာပြီး အုန်းသီးနှင့်ကြက်ဥများ ဝယ်ပေးသည်။

ဦးစိုင်းနောင်က လီရှမ်းဘာသာစကားကို ကောင်းစွာပြောဆိုနိုင်ပြီး ဗမာစကားကိုပါ နားလည်သောကြောင့် အဆင်





ပြေလေသည်။

သူတို့အချင်းချင်းကတော့ လီရှမ်းဘာသာဖြင့်ပင် ပြောကြသော်လည်း စာဖတ်သူများ ဖတ်၍လွယ်ကူစေရန် မြန်မာဘာသာဖြင့်ပင် ရေးသားဖော်ပြပါမည်။

"ဘာလိုချင်လို့လဲ ဦးကြီး"

"အုန်းသီးလိုချင်လို့"

"ဧည့်သည်တွေအတွက်လား၊ ဘယ်နှလုံးယူမှာလဲ"

"လေးလုံးယူမယ်"

ဟုပြောသဖြင့် တစ်ယောက်က မျောက်တစ်ကောင်လို အုန်းပင်ပေါ်တက်သွားပြီး အုန်းရေချောင်တစ်ခိုင် ခုတ်ချလာသည်။ တစ်ခိုင်လုံး ငါးလုံးပါသည်။

"ငါးလုံးရှိတယ် ယူသွားပေတော့"

အပင်ပိုင်ရှင်ကပြောသည်။

"ဘယ်လောက်ပေးရမလဲ ဈေးမများစေနဲ့ ဒါငါ့ရဲ့မိတ်ဆွေတွေ. ."

"အုန်းသီးငါးလုံး တစ်ပတ်ပဲပေးပါ"

ထို့ကြောင့် ဦးစိုင်းနောင်က အုန်းသီးငါးလုံး တစ်မတ်ပေးရမည်ဖြစ်ကြောင်း ပြောပြသောအခါ များစွာအံ့သြသွားသဖြင့် ပြန်မေးရသည်။

"တစ်လုံး တစ်မတ်လား"

"မဟုတ်ဘူး ငါးလုံးတစ်မတ်"

"ဈေးနည်းလှချည်းလားအဘ"

"ဒါတောင် အခုမှ ပိုက်ဆံပေးရတာ၊ အရင်ကဆို ဝယ်



www.burmeseclassic.com

www.burmeseclassic.com

စရာတောင်မလိုဘူး၊ ဘယ်အိမ်ပဲတက်တောင်းတောင်း အုန်းသီး သုံးလေးလုံးတော့ အလကားပေးလိုက်တာပဲ ဒီမှာစားမယ့်သူ မရှိဘူး"

ဟုပြောပြသည်။

အပင်ရှင်က အုန်းသီးများကို အခွံခွာပြီး နှစ်လုံးတစ်တွဲ သုံးလုံးတစ်တွဲ တွဲပေးသဖြင့် ပိုက်ဆံတစ်မတ်ထုတ်ပေးပြီး သယ်ယူလာကြသည်။

တစ်နေရာရောက်တော့ 'ခေါက်ညို' ဟုခေါ်သော. . ကောက်ညှင်းဆန်များကို လက်ဆုံဖြင့်ထည့်ထောင်းနေသော အဘွားကြီးတစ်ယောက်ကို မြင်ရသည်။

သူလက်ဆုံထောင်းနေသော အနားပတ်ဝန်းကျင်မှာလည်း ဖိတ်စင်ကျလာသော စပါးစေ့၊ ဆန်စေ့၊ ဆန်ကောဖြင့်ပြာ ချလိုက်ရာမှ ကျလာသော ဆန်ကွဲစေ့များကို ဝိုင်းအုံပြီး အလုအယက်စားသောက်နေကြသော ကြက်အုပ်များကို လှမ်းမြင်သဖြင့် ဦးစိုင်းနောင်က လှမ်းမေးလိုက်သည်၊

"ဒေါ်ညို ကြက်ဥရောင်းဖို့ရှိသလား"

"ရှိပါ့တော် ဘယ်နှလုံးယူမှာလဲ"

ဦးစိုင်းနောင်က သူတို့ကိုမေးပြီး အလုံးနှစ်ဆယ် ယူမည်ဟု ပြန်ပြောလိုက်သည်။

အဘွားကြီးက အိမ်ပေါ်တက်သွားပြီး ခဏကြာတော့ ခြင်းကြားတစ်လုံးဖြင့် ကြက်ဥများထည့်ပြီး ပြန်ဆင်းလာကာ ပေးလေသည်။

"ဘယ်လောက်ဖိုးလဲ"





"ငါးမူးဖိုး. ."

ဦးစိုင်းနောင်က ငါးမူးပေးရမည်ဖြစ်ကြောင်း ပြောသဖြင့် ထပ်မံအံ့သြကြရပြန်သည်။

အုန်းသီးငါးလုံးနှင့် ကြက်ဥအလုံး (၂၀)ဝယ်ယူရာတွင် ငွေတစ်ကျပ်ပင် မကုန်သေးပေ. . .။

"ဈေးနည်းလှချည်းလားအဘ"

"သူတို့က ကြက်ဥကို ဘယ်လိုလုပ်စားရမှန်းမသိတော့ ကောင်ပေါက်ရင်ပေါက်၊ မပေါက်ရင်ဒီအတိုင်း ပစ်ထားလိုက်ကြတာပဲ၊ တစ်ယောက်ယောက်ကလိုချင်ရင် ပေးလိုက်တာပဲ ဒီတကူးတကလာဝယ်တဲ့သူ ဘယ်သူမှ မလာဘူး၊ အခုနောက်ပိုင်း မိုင်းယောင်းမှာ အလုပ်သမားတွေရောက်လာပြီး ဝယ်စားကြတော့မှ အခုလိုကြက်ဥကို ရောင်းရမှန်းသိလာကြတာ. ."

ဟု ရှင်းပြလေသည်။

ကျော်စွာက အိတ်ထဲမှာ အကြွေစေ့မရှိသဖြင့် တစ်ကျပ်တန် ငွေစက္ကူတစ်ရွက်ထုတ်ပေးသောအခါ အသေအခြာကြည့်ပြီး ယူသွားလေသည်။

ပြန်အမ်းတော့မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော်. .

ထိုအရပ်တွင် ငွေတစ်ကျပ်တန် ငွေစက္ကူတစ်ရွက်ကို ကယ်ပြားစေ့ ငါးစေ့(ငါးမူး)သာတန်ဖိုးဖြစ်သုံးသောကြောင့် ဖြစ်လေသည်။

လိုချင်သော အုန်းသီးနှင့် ကြက်ဥများရခဲ့သည်ကတစ်ကြောင်း၊ မမျှော်လင့်ပဲ စမလိုက်ဂူနှင့် ပတ်သက်သော သဲလွန်စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုပါ ရခဲ့ကြသောကြောင့် အကျေနပ်ကြီးကျေနပ်ကာ ဦးစိုင်းနောင်ကို နှုတ်ဆက်ပြီးနောက် စခန်းသို့ ပြန်ခဲ့ကြလေသည်။





# အခန်း (၁၁)

# လျှို့ဝှက်သောမြေပုံတစ်ခြမ်း

နောက်ထပ်နှစ်ရက်ခန့်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တို့သည် တည်းခိုနေသော အဆောင်သို့ လူရွယ်တစ်ယောက်ရောက်လာလေသည်။ နီမောင်ပင်ဖြစ်သည်။

နီမောင်က အထုပ်တစ်ထုပ်ကို သယ်ယူလာပြီး ဒေါက်တာမင်းထင်ကျော်တို့ရှိသော နေရာသို့ ရောက်လာခြင်းဖြစ်သည်။

"ဆရာက ဒေါက်တာမင်းထင်ကျော် ဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မင်းကဘယ်သူလဲ"

"ကျွန်တော့်နာမည် နီမောင်လို့ခေါ်ပါတယ်၊ အဘက ဆရာတို့အတွက် အစားအသောက်တွေ ပေးခိုင်းလိုက်လို့ပါ"

"မင်းအဘက ဘယ်သူလဲ"

"ဦးစိုင်းနောင်. . . ပါ"

သည်တော့မှ သဘောပေါက်သွားလေသည်။

"အခုလို တကူးတကလာပို့ပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

အထုပ်ကို ဖြေကြည့်တော့ အသားခြောက်များနှင့် ပျားရည်ပုလင်းကို တွေ့ရသည်။

"မင်းက ဦးစိုင်းနောင်ရဲ့ သားဆိုတာလား"

"ဟုတ်ပါတယ် အဘကပြောပါတယ်၊ ကျွန်တော်က တောထဲသွားနေလို့ မတွေ့လိုက်ရတာပါ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သောအခါ နီမောင်က ဆက်ပြောသည်။

"အဘက မှာလိုက်တာ ရှိပါသေးတယ်"

"ဘာများလဲ"

"ထမင်းလည်းစားရင်း အေးအေးဆေးဆေး စကားပြောရအောင် ရွာကိုတစ်ခေါက်လာခဲ့ကြပါဦးတဲ့. . ."

နီမောင့်စကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ဝမ်းသာသွားသောကြောင့် ကျော်စွာမျက်နှာကို တစ်ချက်ကြည့်လိုက်လေသည်။

ကျော်စွာက ခေါင်းညိတ်ပြလိုက်သည်။





"ဟန်ကျတာပေါ့ နီမောင်ရယ်၊ ငါတို့ကလည်း ဧည့်သည်တွေဆိုတော့ ဒီလိုထမင်းဖိတ်ကျွေးမယ့်သူမျိုးကို မျှော်နေတာကွ အခုတော့ အဆင်ပြေသွားပြီ"

"ဆရာတို့ ဘယ်တော့လာနိုင်မလဲ"

"သိပ်မကြာစေရပါဘူး၊ အခုပဲ မင်းနဲ့တစ်ခါတည်း လိုက်ခဲ့မယ်လေ. ."

ဟုပြောသောအခါ နီမောင်က သဘောကျစွာဖြင့် ရယ်လိုက်လေသည်။ ထို့နောက်. . .

ဦးဇန်ကောင်းကိုပါခေါ်ပြီး သုံးယောက်သား နီမောင်နှင့်အတူထွက်ခဲ့ကြလေတော့သည်။

နန်းလိမ်းခံရွာသို့ တစ်ခေါက်ရောက်ခဲ့ပြီး ဖြစ်သောကြောင့် ထိုခရီးမှာ သူတို့အတွက် အထူးအဆန်းမဖြစ်ကြတော့ပေ။

ရွာသို့ရောက်သွားသောအခါ နံနက်ပိုင်းအချိန်ကျော်နေပြီဖြစ်သောကြောင့်. . အဆင်သင့် ချက်ပြုတ်ထားဟန်ရှိသော ထမင်းဟင်းများကို ပြင်ဆင်ကျွေးရာ သုံးယောက်သား ကျေးဇူးတင်ကြောင်း အခါခါပြောရင်း ခေါင်းမဖော်တမ်း စားသောက်ကြလေသည်။

လတ်လတ်ဆတ်ဆတ်ချက်ထားသော အသားဟင်း၊ အသီးအရွက်ဟင်းအချို့နှင့် ပဲငပိထောင်း စသည်တို့မှာ များစွာအရသာရှိလေသည်။

စားသောက်ပြီးသောအခါ လက်ဖက်ရည်ကြမ်း၊ အုန်းသီး ကြက်ဥတို့ဖြင့် လုပ်ထားသော မုန့်တစ်မျိုး၊ အကြော်မပါသော



www.burmeseclassic.com

www.burmeseclassic.com

ဆီဖြင့်စိမ်ထားသော လက်ဖက်ပွဲများဖြင့် ဧည့်ခံကျွေးမွေး
နှင့်ပင် ငါးယောက်သား စကားပြောကြလေသည်။

ဦးစိုင်းနောင်ကပင် စကားစသည်။

"မောင်ရင်တို့ကို မြင်မြင်ချင်း ယုံကြည်မှုရှိပါတ
ဒါကြောင့် တိုင်ပင်စရာရှိလို့ အခုလို ထမင်းဖိတ်ကျွေးရတာ"

"ဟုတ်ကဲ့ ပွင့်ပွင့်လင်းလင်းသာ ပြောပြပါ"

"လိုရင်းသိချင်တာကတော့ စမလိုဏ်ဂူနဲ့ ပတ်သ
တဲ့အကြောင်း ဘယ်လိုများသိခဲ့ရတာဆိုတာ အရင်ပြောပြ
ချင်ပါတယ်"

ဟုပြောသဖြင့် ကျော်စွာက သူသိသော အကြောင်းမျ
ကိုပြောပြလိုက်လေသည်။

စကားဆုံးတော့ ဦးစိုင်းနောင်ကမေးသည်။

"ဒါဖြင့် မောင်ကျော်စွာက ဗိုလ်လေးယောက်မှာ တ
ယောက်အပါအဝင်ဖြစ်တဲ့ . ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ် တ
ယောက်ပဲပေါ့"

"မှန်ပါတယ် ဒီအကြောင်းတွေကိုလည်း အရင်က
ခဲ့ပါဘူး . နောက်မှသိရတာပါ၊ သိရပြီးတဲ့နောက်မှ သတင်း
မှာပါတဲ့ ဒီကြော်ငြာနှစ်ခုကိုမြင်တော့ ပိုပြီးစိတ်ဝင်စားခဲ့ပါတ
ဒီကြော်ငြာနှစ်ခုက စမ လိုဏ်ဂူနဲ့ပတ်သက်ပြီး တစ်နည်းန
နဲ့ ဆက်နွယ်ပတ်သက်မှုရှိနေမယ်လို့ ထင်တာကြောင့် ရှမ်းပြ
နယ်ဘက် တက်လာခဲ့တာပါ. ."

"ဘယ်လိုကြော်ငြာမျိုးလဲ တဆိတ်လောက်ပြပါဦး"

ဟုပြောသဖြင့် ကျော်စွာက အသင့်ယူဆောင်လာသေ





ကြော်ငြာဖြတ်ပိုင်းနှစ်ခုကို ထုတ်ပြလိုက်သည်။

ဦးစိုင်းနောင်က ယူပြီး ဖတ်ကြည့်လေသည်။

ပထမ ကြော်ငြာစာရွက်၌ . . .

*"စက္ကောပါလ စမလိုဏ်ဂူ*
*ဘယ်သူ သိသလဲ. . .*
*သိတဲ့သူ အတူတူသွားမယ်. . ."*

*ဦးဒီပ (ကျိုင်းတုံ)*

ဟုရေးသားပြီး နောက်တစ်ရွက်၌မူ. . .

*"စ နဲ့ မ ဘယ်သူ့မှာ ရှိသလဲ. . .*
*ဗ နဲ့ ဝ ငါ့မှာရှိတယ် . . .*
*စ မ ဗ ဝ စမ လိုဏ်ဂူ*
*အတူတူရှာမယ်. . .*

*ဦးဒီပ (ကျိုင်းတုံ)*

ဟုရေးထားလေသည်။

ဦးစိုင်းနောင်က ထိုစာရွက်နှစ်ရွက် အထပ်ထပ်ဖတ်
ကြည့်ပြီး ပြန်ပေးလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က သောက်လက်စ
လက်ဖက်ရည်ပန်းကန်ကိုပြန်ချပြီး သူ၏ထင်မြင်ချက်ကို ပြောပြ
သည်။

"ကျွန်တော့်အထင်ပြောရရင်တော့ ဦးဒီပဆိုတဲ့လူဟာ
ဗိုလ်လေးယောက်ထဲက တစ်ယောက်ယောက်နဲ့ အဆက်အနွယ်
ရှိမယ့်ပုံပါပဲ၊ ဗိုလ်လေးယောက်မှာ မြေပုံစာရွက်လေးပိုင်းရှိတယ်
နောက် ဗိုလ်မသနဲ့ ဗိုလ်ဝဏ္ဏက အရင်သေသွားတော့ သူတို့ဆီ

www.burmeseclassic.com



က မြေပုံနှစ်ပိုင်းကို ဗိုလ်စက္ကနဲ့ ဗိုလ်ဗလတို့ ရကြတယ်. . ဒီ
မဟုတ်လား"

"မှန်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အမှတ်တမဲ့မေးလိုက်ရာ
ဦးစိုင်းနောင်က ထိုအကြောင်းသိနေဟန်ဖြင့် ဝင်ရောက်ထော
ခံလေသည်။

"ဒီနှစ်ယောက်ဆီမှာရှိတဲ့ မြေပုံတစ်ဝက်စီကို သူတို့ရဲ့
အဆက်အနွယ်တွေ ရကြတယ်ဆိုရင် ဦးဒီပ ဆိုတဲ့လူဆီမှာ မြေ
တစ်ခြမ်းရှိနေတာ သေခြာတယ်၊ ဒါကြောင့် နောက်တစ်ခြမ်း
ရှိတဲ့သူသိအောင် သတင်းစာက ကြေငြာတာဖြစ်နိုင်ပါတယ်"

"ဖြစ်နိုင်ပါတယ်"

"ဒါပေမယ့် သူ့ဆီမှာရှိတဲ့ မြေပုံတစ်ခြမ်းနဲ့လည်း ဘာ
လုပ်လို့ရမှာ မဟုတ်ပါဘူး၊ ဒါကြောင့် နောက်ထပ် မြေပုံတစ်ခြမ်း
ရှိတဲ့သူကို ရှာဖွေစုံစမ်းရဦးမှာပါ"

ထိုသို့ပြောလိုက်သောအခါ ဦးစိုင်းနောင်က ကွမ်းဝါးနေ
ရင်းမှ မဆိုင်းမတွပင် ဝင်ပြောလိုက်သည်။

"တခြားဝေးဝေး ရှာစရာမလိုတော့ဘူး အဲ့ဒီလူက အခု
ရှေ့မှာထိုင်နေတာပဲ"

"ဘယ်သူပါလိမ့်"

"ကျုပ်ပါပဲ"

ဦးစိုင်းနောင်ထံမှ ထိုစကားကြားတော့. . သိပ်မအံ့ဩ
တော့ပါချေ. . .။

အဘယ်ကြောင့်ဆိုသော်. .

ဦးစိုင်းနောင်ပြောသော စကားများကို တစ္စန်းတစသိရ
ကတည်းက ရိပ်မိနေပြီဖြစ်သောကြောင့်ပင်. . .၊

"အခုလိုတွေ့ရတာလည်း ဝမ်းသာစရာပဲပေါ့၊ ဦးစိုင်း
နောင်က ဘယ်သူ့အဆက်ပါလဲ"

"ကျုပ်က ဗိုလ်စက္ကရဲ့ အဆက်အနွယ်တစ်ဦးပါပဲ"

"ဒါဖြင့် မြေပုံတစ်ခြမ်းက အဘဆီမှာရှိတယ်ပေါ့"

"ရှိပါတယ် မြေပုံအပြင် တခြားမှတ်တမ်းတွေပါ ရှိပါ
တယ် မောင်ရင်တို့ကို ပြပါ့မယ်"

"ကျေးဇူးတင်ပါတယ်. ."

"ကျုပ်က မောင်ရင်တို့ကို ကျေးဇူးတင်ရမှာပါ"

"ဘာဖြစ်လို့လဲဟင်"

"မောင်ရင်တို့သာ ရောက်မလာရင် ကျိုင်းတုံက ဦးဒီပ
ဆိုတဲ့လူ ကြော်ငြာနေတာကို သိလည်းသိမှာမဟုတ်ဘူး၊ မြင်
လည်းမြင်ရမှာ မဟုတ်ဘူး၊ အခုမှပဲ ကျုပ်မျှော်လင့်နေတာတွေ
ပြည့်တော့တယ်"

ဟု ဝမ်းသာကျေနပ်သော အမူအရာဖြင့် ပြောလေ
သည်။

ထိုအကြောင်းများကို ကြားသောအခါ တစ်ချိန်လုံး နံ
ဘေးမှ ထိုင်ပြီးနားထောင်နေသော နီမောင်လည်း စိတ်အား
တက်ကြွမှုများ ဖြစ်လာလေတော့သည်။

အဘယ်ကြောင့်ဆိုသော်. . .

ဦးစိုင်းနောင်နှင့် အတူတူနေလာခဲ့တာ နှစ်အတော်ကြာ
ဖြစ်သော်လည်း ထိုစကားများကို ယခုမှကြားရသောကြောင့်





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ထို့နောက်မှာတော့ ဦးစိုင်းနောင်က နောက်ဘက် ခေါ်သွားလေသည်။

အိမ်အနောက်ဘက် တစ်ဝိုက်မှာတော့ သစ်ပင်ကြီး တို့ဖြင့် အုပ်ဆိုင်းလျက်ရှိသဖြင့် အလင်းရောင်သိပ်မရပေ။ တစ်နေရာမှာတော့ ကောက်ရိုးပုံတစ်ပုံ တွေ့ရသည်။ ထိုကော ရိုးပုံနားရောက်တော့ ပတ်ဝန်းကျင်တစ်ဝိုက်မှ လူရိပ်လူခြေ တစ်ချက်ကြည့်သည်။

နေ့လည်ဘက် လူရှင်းနေသောအချိန်ဖြစ်သဖြင့် ပ ဝန်းကျင်မှာ လူသွားလူလာကင်းနေသည်ကို တွေ့ရတော့မှ ကောက်ရိုးများကိုဖယ်လိုက်ရာ အတွင်း၌ ပျဉ်ချပ်ဖြင့် ဖုံး သော တွင်းပေါက်တစ်ပေါက်ကို တွေ့ရသည်။

ပျဉ်ချပ်ကိုဖယ်လိုက်သောအခါ အောက်သို့ဆင်းသေ လှေခါးထစ်များကို တွေ့ရလေသည်။

"နီမောင် တွင်းထဲဆင်းပြီး၊ အဲဒါထားတဲ့ သေတ္တာ အပေါ်ယူလာပေးပါ"

ဟုစေခိုင်းသည်နှင့် နီမောင်က လှေခါးထစ်များအတိုင်း အောက်သို့ဆင်းလေသည်။ မြေတွင်းမှာ သိပ်မနက်လှပေ။

(၁၂)တောင်ခန့်ရှည်သော သစ်သားလှေခါးဆုံးသေ အခါ အောက်သို့ရောက်သွားလေသည်။

အောက်ဖက်မှာတော့ အခန်းကျယ်သဖွယ် ပြုလုပ်ထ ပြီး ကျောက်စင်တစ်ခုပေါ်မှာ တင်ထားသော သေတ္တာပေ တစ်လုံးကိုယူပြီး အပေါ်ပြန်တက်လာပြီး ဦးစိုင်းနောင်လက်





ပေးလိုက်သည်။

ထိုသေတ္တာရသည်နှင့် အိမ်ပေါ်ပြန်တက်ကြသည်။ အိမ်ပေါ်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်တို့ သေတ္တာကို အသေအချာ ကြည့်ကြသည်။

ကျွန်းသားဖြင့်ပြုလုပ်ထားသော ထိုသေတ္တာမှ တစ်ပေ ခန့် အလျားရှိသည်။ အနံကတော့ ထို့ထက်လျော့သည်။

သေတ္တာတစ်ခုလုံး အနီရောင်စခွေးများ ပိန်းနေအောင် သုတ်ပြီး ရွှေချထားလေသည်။

သေတ္တာတစ်ခုလုံး ကနုတ်ပန်းများဖြင့် ထွင်းထုထားရာ နှစ်အတော်ကြာခဲ့ပြီဖြစ်သဖြင့် အချို့မှာ ပျက်စီးနေပေပြီ။ ရွှေချ ထားသောနေရာများမှာပင် အချို့ရွှေကွာပြီး အနီရောင် စခွေး များ ပေါ်နေလေသည်။

ဦးစိုင်းနောင်က သေတ္တာပေါ်မှ ဖုံများကို အဝတ်ဖြင့် သုတ်ဖယ်ပြီး အဖုံးဖွင့်လိုက်သည်။

အတွင်းမှာတော့ ဆီစိမ်ထားသော အဝတ်ဖြင့်ပတ်ထား သော အထုပ်တစ်ထုပ်ရှိပြီး အပြင်သို့ ထုတ်ယူလိုက်သည်။ ပြီးမှ တ်ထားသောအဝတ်စကို ဂရုတစိုက် ဖယ်ခွာချလိုက်ရာ အထဲ တွင် ပုရပိုဒ်အချို့နှင့် ခေါက်ထားသော အဝတ်စနှစ်စကို တွေ့ရ ပြန်သည်။

ဦးစိုင်းနောင်က ပုရပိုဒ်များကို ဒေါက်တာမင်းထင်ကျော် ကိုပေးသဖြင့် ဂရုတစိုက်ယူပြီး ဖွင့်ကြည့်လိုက်လေသည်။

အထဲမှာတော့ ကညစ်တံဖြင့် ရေးသားသော ရှေးလက် ရေးဖြင့် ရေးထားသော မှတ်တမ်းများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများမှာ. . .

အလောင်းမင်းတရားလက်ထက် ယိုးဒယားသို့ ချီတက်တိုက်ခိုက်ပုံများကို အစပြုထားပြီး (၁၇၆၀)ပြည့်နှစ်၊ အလောင်းမင်းတရားကြီး နတ်ရွာစံကံတော်ကုန်သော အကြောင်းအရာများ၊ ပက်ချာဘူရီမြို့၊ ရစ်ဗူရီမြို့၊ ဆူဖန်ဗူရီမြို့များ တိုက်ခိုက်သိမ်းပိုက်ရာတွင် နန်းတွင်းပစ္စည်း အမြောက်အများရခဲ့ကြောင်း

ထိုအထဲမှ. . . နန်းစဉ်ရတနာများ ထည့်ထားသောသေတ္တာတစ်လုံးနှင့် စက္ကောပါလ နန်းစဉ်ဓားတစ်လက်လည်းပါဝင်ကြောင်း၊ အလောင်းမင်းတရားကြီးနတ်ရွာစံ ကံတော်ကုန်ပြီးနောက် ဘုရင့်တပ်များ ပြန်လည်ဆုတ်ခွာသောအခါ ဗိုလ်စက္က၊ ဗိုလ်ဓသ၊ ဗိုလ်ဗလ၊ ဗိုလ်ဝဏ္ဏတို့လေးယောက်တို့မှာ စိတ်တူကိုယ်တူ တိုင်ပင်ကြပြီး နန်းစဉ်ဓားနှင့် ရတနာသေတ္တာကို တစ်ပါတည်းယူဆောင်ပြီး နယ်စပ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း၊

ထိုအကြောင်းကို သိသောအခါ ဗိုလ်ဗျူဂ္ဂ ဦးဆောင်သော နောက်မှ လိုက်လံရှာဖွေကြကြောင်း၊

နောက်ပိုင်းတွင် ဘုရင်တပ်သားများနှင့် ရင်ဆိုင်တွေ့ကြပြီး တိုက်ခိုက်ကြရာမှ ဗိုလ်ဓသနှင့် ဗိုလ်ဝဏ္ဏတို့နှစ်ဦး ကျဆုံးသွားခဲ့ကြကြောင်း၊

သူတို့ယူဆောင်လာခဲ့သော နန်းစဉ်ဓားနှင့် နန်းစဉ်ရတနာများကိုတော့ လုံခြုံစိတ်ချရသော နေရာတွင် သို့ဝှက်ထားခဲ့ကြကြောင်း၊

ရတနာများ မြှုပ်နှံခဲ့သော ဂူနှင့် အနီးတစ်ဝိုက်သူတို့





နာမည်စာလုံးများဖြစ်သော 'စ. ဓ. ဗ. ဝ' ဟူသော စာလုံးအမှတ်အသားများပြုလုပ် မှတ်သားထားခဲ့ကြောင်း၊ ထိုဂူကို "စ. ဓ. ဗ. ဝ စမလိုဏ်ဂူ" ဟု အမည်ပေးထားခဲ့ပြီး ထိုဂူနှင့်အနီးမဝေးမှာရှိသော အထိကရ သစ်ပင်ကြီးလေးပင်မှာလည်း 'စ. ဓ. ဗ. ဝ' စမလေးလုံးတို့ကို တစ်လုံးစီ ရေထွင်းခဲ့ကြောင်း၊ ထိုအထိကရ သစ်ပင်ကြီးလေးပင်ကို အရင်တွေ့အောင်ရှာဖွေပြီး အကယ်၍ တွေ့ပါက အောက်ပါစာအညွှန်းအတိုင်း ဆက်သက်ရှာဖွေပါက သူတို့ဝှက်ထားခဲ့သော နန်းစဉ်ဓားနှင့် နန်းစဉ်ရတနာများကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း ရေးသားထားကြလေသည်။

စာအညွှန်းမှာ . . .

"ကနှစ်ထပ်၊ တနှစ်ထပ်

တစ်ထပ်တည်းဖြောင့်

တစ်ဖြောင့်တည်းရှာ. . .

အဆုံးနေရာ ရတနာ. . ."

ဟူသောစာများပင်ဖြစ်ပေသည်။

နောင်လာနောက်သားများသည်. . . ကျွန်ုပ်တို့လေးယောက် သက်စွန့်ဆံဖျား၊ အသက်ဖြင့် ရယူထားခဲ့သော ရတနာများကို ရှာဖွေတွေ့ရှိပါက တစ်ဦးတည်းမသုံးစွဲဘဲ ကျွန်ုပ်တို့လေးယောက်နှင့် သက်ဆိုင်သူများကို တွေ့အောင်ရှာဖွေလျက် ခွဲဝေပေးရပါမည်။

တစ်ဦးတည်း ယူငင်သုံးစွဲမိပါက ပြုခဲ့သော သစ္စာဆိုပြီး ဘေးအန္တရာယ်များနှင့် မလွဲမသွေကြုံတွေ့ရကာ အသက်သေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးခြင်းသို့ ရောက်ရပေမည်တည်း. . .။

ထိုမှတ်တမ်းကို ရေးခဲ့သူမှာ ဗိုလ်လေးဗိုလ်တွင် တစ်ဦး အပါအဝင်ဖြစ်သော 'ဗိုလ်စက္က' ပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ပုရပိုဒ်၌ ရေးထားသော မှတ်တမ်းများကို သေသေချာချာဖတ်ကြည့်ပြီးသောအခါ ပြန်ခ ထားလိုက်ပြီး အဝတ်စနှစ်စကို ယူကြည့်လိုက်လေသည်။

အဝတ်မှာပိတ်ကြမ်းများဖြစ်သော်လည်း ဆီစိမ်အဝတ် စများဖြင့် ပတ်ထားသောကြောင့် နှစ်ပေါင်းများစွာ မပျက်မစီး ရှိနေခြင်းဖြစ်သည်။

အဝတ်ပေါ်တွင် ဆေးအနီများဖြင့် မြေပုံလမ်းညွှန်များ ရေးထားလေသည်။

အဝတ်စနှစ်စပေါင်းမှ မြေပုံစာရွက်တစ်ခြမ်းသာ ရှိ သေးသည်။

အဝတ်စများ ထောင့်တစ်နေရာမှ 'စ'အက္ခရာနှင့် 'မ' အက္ခရာများ အသီးသီး ရေးထားလေသည်။

ဗိုလ်စက္ကပိုင်သောမြေပုံနှင့် ဗိုလ်မသပိုင်သောမြေပုံ နှစ်ပိုင်း ဖြစ်ဟန်ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်က မြေပုံနှစ်ခြမ်းကို ဆက်စပ် ပြီး ဖျာပေါ်သို့ချသောအခါ စိတ်ဝင်စားစွာဖြင့် ဝိုင်းကြည့်ကြ လေသည်။

အဝတ်စပေါ်မှာ ရေးသားသော ဆေးမှာ ဟင်္သာပြဒါး ကဲ့သို့ အနီရောင်ချိုက်ဆေးမျိုးဖြစ်ရာ နှစ်ပေါင်းများစွာကြာသည် အထိ ဆေးရောင်စွဲမြဲနေဆဲပင် ရှိသေးသည်။





မြေပုံဟုသာဆိုသော်လည်း စကေး၊ လက်မ၊ ပေ အ ...င်းအတွာများဖြင့် ရေးဆွဲထားခြင်းမျိုးမဟုတ်ပဲ မျက်စိဖြင့် ...နိုင်သောနေရာမှ ထင်ရှားသောအမှတ်အသားတို့ကို သင့် ...တ်သလို ထည့်သွင်းရေးဆွဲထားသော မြေပုံကြမ်းမျိုးသာ ဖြစ် ...သည်။

ဒေါက်တာမင်းထင်ကျော်က ထင်ရှားသောအမှတ်အ ...းများကို ဂရုတစိုက်ကြည့်ရှု လေ့လာနေသည်။

အရှေ့ဘက်တွင် မြစ်ကဲ့သို့ရေးထားသော အရေးအ ကြောင်းတွေ့ရာ မဲခေါင်မြစ်ဖြစ်မည်ဟုတော့ ယူဆရပေသည်။

အရှေ့တောင်ယွန်းယွန်းဘက်မှာ အနီစက်တစ်စက် ...ထားပြီး 'အယုဒ္ဓယ' ဟုရေးထားသည်။

အယုဒ္ဓယ မြို့တော်မှ အနောက်ဘက်သို့ မြားပြထားပြီး ...ည အိပ်ခရီးဟု ဖော်ပြထားသည်။

လမ်း၌တွေ့သောမြစ်၊ ချောင်း၊ ရွာများကို နာမည်မရေး ... မြစ်၊ ချောင်း၊ ပထမတွေ့သောရွာ၊ ဒုတိယတွေ့သောရွာ၊ ...တိယတွေ့သောရွာဟုသာ ဖော်ပြထားလေသည်။

ငှင်းရှေ့မှာရှိနေသော မြေပုံနှစ်ပိုင်းတွင် ခရီးစဉ် အ ...က်များများပါသော်လည်း ရတနာများထားခဲ့သော ဂူနှင့် ပတ် ...က်သည့် အခြေအနေများတော့ မတွေ့ရပေ၊ ကျန်သည့် မြေပုံ ...ပိုင်း၌သာ ပါမည်ဟုထင်ရသည်။

မဲခေါင်မြစ်ဟုထင်ရသော မြစ်ကြောင်းရှည်ကြီးကိုတော့ ...မြစ်ကြီး" ဟုရေးမှတ်ထားသည်။

ထိုမြစ်ကြီးမှ မြစ်ညာဘက်သို့ တစ်ညအိပ်ခရီးဟုရေး



www.burmeseclassic.com

www.burmeseclassic.com

သွားထားသောနေရာမှာ တောင်တစ်လုံးတွေ့ရသည်၊

'လွယ်နေ့ာ' ဟုရေးထားသည်။

တောင်အမည်မှ လွယ်နော့တောင် ဖြစ်ဟန်ရှိသည်

လွယ်နော့တောင်ရောက်သောအခါ တစ်နေရာသို့ မြားဖြင့် ညွှ

ပြထားသော်လည်း မြေပုံကမရှိတော့ပေ၊

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်သည်

"ဒီမြေပုံနှစ်ပိုင်းပေါင်းမှ တစ်ဝက်ပဲရှိသေးတယ် ဂူရှိ

နေရာနဲ့ ပတ်သက်တဲ့ မြေပုံတစ်ဝက်က ဦးဒီပဆိုတဲ့လူဆီ

ရှိပုံရတယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

ဦးစိုင်းနော်က မေးလိုက်သည်။

"ဦးဒီပနဲ့ သွားတွေ့ရမှာပေ့ါ၊ သူကြေငြာထားသလို အ

တူတူသွားပြီး အတူတူရှာမှရမယ်"

"မောင်ရင်ပဲ ဒီကိစ္စကို စီမံပေးပါ"

"ဦးဒီပ ဆီသွားတဲ့အခါ လူအများကြီးသွားလို့ မသ

ဘူး သက်ဆိုင်သူနှစ်ယောက်သုံးယောက်ပဲ ကောင်းမယ်၊ တခြ

သိတဲ့သူတွေရှိရင် အန္တရာယ်ရှိလာနိုင်တယ်"

ထို့နောက်မှာတော့ ကျိုင်းတုံသို့ ဒေါက်တာမင်းထ

ကျော်၊ နီမောင်နှင့် ကျော်စွာတို့သုံးယောက် သွားရန် ပြောသေ

အခါ ဦးစိုင်းနော်က သဘောတူလေသည်။





# အခန်း (၁၂)

## ဦးဒီပနှင့် စောင့်ကြည့်နေသူများ

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် အကြီး ဆုံးနှင့် အစည်းကားဆုံးနေရာတစ်ခုဖြစ်သည်၊

စတုရန်းမိုင် တစ်သောင်းကျော်ကျယ်ဝန်းပြီး ပတ်ဝန်း ကျင်တစ်ဝိုက်မှာ တောတောင်ထူထပ်သည်။

ပေ (၅၀၀၀)မှ (၇၀၀၀)အထိ မြင့်သော တောင်မြင့်ကြီး များ ဝန်းရံထားလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဘိန်းကိုသာ အဓိကထားပြီး



www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးကြပြီး ဆန်းစပါးနှင့် အခြားသီးနှံများလည်း စိုက်ပျိုးကြသည်။

ပန်းစိုက်လျှင် များစွာဖြစ်ထွန်းသော်လည်း အကျိုးအမြတ်မရသောကြောင့် ဘိန်းကိုသာစိုက်ပျိုးသည်။

ကျိုင်းတုံပန်းမှာ လှပပြီး လူသိများသည်၊

ကျိုင်းတုံတစ်နယ်လုံးတွင် ဂုံ၊ ဂေါ့၊ လဟူ၊ လီရှော၊ ရှမ်းကွီ၊ အင်းသား၊ ရှမ်းတရုတ်၊ မြန်မာ စသည်တို့ မှီတင်းနေထိုင်ကြသည်။

မိရိုးဖလာ ရှမ်းဘာသာစကားနှင့် စာပေကိုအဓိကထား သင်ကြပြီး ယိုးဒယားဘာသာစာပေနှင့် ဂုံဘာသာစာပေတို့ကိုလည်း သင်ကြားတတ်မြောက်ကြသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းဟု ခွဲခြားသတ်မှတ်ထားသောအခါ ကျိုင်းတုံက အရှေ့ပိုင်းနယ်တွင် ပါဝင်လေသည်။

ကျိုင်းတုံသည် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် အကြီးဆုံးမြို့တစ်မြို့ဖြစ်သည်သာမက တရုတ်နိုင်ငံ၊ ယိုးဒယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်ဒိုချိုင်းနားစသော နိုင်ငံတို့ကို အလွယ်တကူ သွားရောက်နိုင်သော မြန်မာနိုင်ငံ၏ အရှေ့ဘက်တံခါးပေါက် မြို့တစ်မြို့လည်း ဖြစ်ပေသည်။

"ဘယားဂါဟပ်" ဘုရင်လက်ထက်ကစပြီး ကျိုင်းတုံမြို့ကို "ခေမာရဋ္ဌတုံကပုရီ" ဟုခေါ်ဆိုခဲ့ကြောင်း ရှေးဟောင်းသမိုင်းများ၌ ဖော်ပြကြသည်။

'ကျိုင်းတုံ'ဟူသောအမည် . . ဖြစ်ပေါ်လာပုံမှာလည်း





သမိုင်းကြောင်းရှိသည်။

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်က ယခုကျိုင်းတုံမြို့တည်နေရာ၌ ဆွမ်းဆန်ဆေးရာမှ စီးဆင်းလာသော ရေသည် ကန်တစ်ခု ဖြစ်လာ၏။

ထိုကန်ကို 'နောင်တုံး'ဟုခေါ်ကြသည်။

ရှမ်းဘာသာဖြင့် နောင်မှာအင်း၊ တုံးမှာခံဟု အဓိပ္ပါယ်ရသည်၊ နောင်တုံး အဓိပ္ပါယ်မှာ 'အင်းခံ' ဟူ၍ ဖြစ်သည်။

ကာလကြာတော့ နောင်တုံးမှ နောင်တုံဖြစ်လာသည်။ ထိုမှ ကျိုင်းတုံဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မြို့ပေါ်၌ ထင်ရှားသောအဆောက်အအုံနှင့် စေတီပုံထိုးတို့ရှိကြသည်။

ကျိုင်းတုံမြို့လယ်၌ တည်ထားသော ရခိုင်ဘုရားကြီးဟုခေါ်သော မဟာမြတ်မုနိဘုရားကြီးမှာ စပ်ဖကွန်ကျောက်လက်ဆက်မှ တည်ထားကိုးကွယ်ထားခဲ့ခြင်းဖြစ်သည်။

ထိုစေတီအပြင် စွန်စလီ၊ စွန်တောင် နှင့် စွန်လွဲစေတီများလည်း ရှိသေးသည်။

ယင်းတို့အနက် စွန်လွဲစေတီတော်ကြီး၏ ထူးခြားချက်တစ်ရပ်မှာ ကျိုင်းတုံနယ်ကိုအုပ်ချုပ်သော မည်သည့်စော်ဘွားမှု ထိုစေတီတော်ကို သွားရောက်ဖူးမြော်ခြင်း မပြုကြချေ . . ။

ထိုအကြောင်းမှာလည်း စေတီတော်ကိုတည်ထားခဲ့သူများဖြစ်ကြသည့် ဝဇနီးမောင်နှံတို့သည် စေတီတည်ရန် တားမြစ်သောမင်းကို စိတ်နာသောကြောင့် ကျိန်စာဆိုထားခဲ့ခြင်းကြောင့်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာဆိုပုံကလည်း ကြောက်စရာကောင်းလှသည်။

ကျိုင်းတုံနယ်ကိုအုပ်ချုပ်သော စော်ဘွားအဆက်ဆက် မင်းအဆက်ဆက်တို့သည် မိမိတို့ ဝမောင်နှံတည်ထားသော ဘုရားကို ကိုးကွယ်လျှင် မူးဝေခြင်း၊ လေသင်တုံးဖြတ်ခြင်း၊ ရောဂါဖြင့်သေခြင်း၊ အန္တရာယ်ဆိုးများ ကျရောက်ပါစေဟု ကျိန်စာဆိုထားခဲ့သောကြောင့်ပင်ဖြစ်သည်။

အင်္ဂလိပ်များ အုပ်ချုပ်သော အချိန်မှာလည်း ကျိုင်းတုံသည် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ အချက်အချာကျသောနေရာဖြစ်ရုံမက စည်ကားသောမြို့တစ်မြို့လည်းဖြစ်ခဲ့ပေသည်။

အချိန်ကာလမှာ (၁၉၀၀)ပြည့်နှစ်၊ မြန်မာနိုင်ငံမှာ အင်္ဂလိပ်များလက်အောက်၌ ရှိနေသေးသော်လည်း မငြိမ်မသက်ဖြစ်နေချေပြီ. .။

မကြာခင်ဖြစ်ပွားတော့မည့် စစ်၏အရိပ်အငွေ့များဖြင့် ထိတ်ထိတ်လန့်လန့် နေရသောအချိန်မျိုးလည်း ဖြစ်သည်။ သို့ကြောင့် ကျိုင်းတုံကဲ့သို့ နယ်စွန်နယ်ဖျားဒေသများမှာတော့ အုပ်ချုပ်မှုအလှမ်းဝေးသောကြောင့် တစ်ပိုလ်တစ်မင်း အခြေအနေမျိုးဖြင့်နေကြသော အချိန်လည်းဖြစ်သည်။

လက်နက်များကို လွတ်လွတ်လပ်လပ် ကိုင်ဆောင်ကာ ကိုယ့်အစုနှင့်ကိုယ်၊ ကိုယ့်အဖွဲ့နှင့်ကိုယ် နေကြသော အချိန်မျိုးလည်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်၊ နီမောင်နှင့် ကျော်စွာတို့ သုံးယောက်မှာ ကျိုင်းတုံသို့ရောက်သည်နှင့် သတင်းစာတွင် ကြော်ငြာထည့်သော ဦးဒီပဆိုသူကို လိုက်လံစုံစမ်းကြလေသည်။





နီမောင်က ဒေသခံဘာသာစကားအချို့ကို ပြောနိုင်ဆိုနိုင်၊ နားလည်နိုင်သူဖြစ်သောကြောင့် ၎င်းကပင် ဦးဆောင်ကာ မေးမြန်းစုံစမ်းရလေသည်။

ထိုသို့စုံစမ်းသောအခါ ကျိုင်းတုံမှာ ဦးဒီပအမည်ဖြင့် နှစ်ယောက်သုံးယောက်ရှိသဖြင့် ၎င်းတို့နေသောနေရာများကို ရှာဖွေစုံစမ်းပြီး မေးမြန်းရလေသည်။

သူတို့တွေ့လိုသော ဦးဒီပဟုတ်မဟုတ် စကားတစ်ခွန်း မေးရုံနှင့် သိနိုင်လေသည်။

"သတင်းစာမှာ ကြော်ငြာထည့်ထားတဲ့ ဦးဒီပများလား"

ထိုသို့မေးလိုက်လျှင် မဟုတ်ပါက ခေါင်းခါပြသည်။ ဤသို့ဖြင့် တစ်နေရာပြီး တစ်နေရာ လိုက်မေးရာ မြို့စွန်ဘက်သို့ ရောက်လာသည်။

ထိုနေရာရောက်ပြီး ထပ်မံစုံစမ်းသောအခါ လူတစ်ယောက်က မနီးမဝေးမှာရှိသော အိမ်ကြီးတစ်လုံးရှိရာသို့ လက်ညှိုးထိုးပြလေသည်။

"အဲဒီအိမ်မှာနေတာလဲ ဦးဒီပပဲ"

ထိုသို့ညွှန်ပြသဖြင့် ထိုအိမ်ရှိရာသို့ သွားကြသည်။ ခြံတံခါးရှေ့ရောက်တော့ တံခါးပိတ်ထားသောကြောင့် အသံပြုလိုက်ရသည်။

"အိမ်ရှင်တို့. . အိမ်ရှင်တို့"

နှစ်ကြိမ်သုံးကြိမ်လောက် ခေါ်လိုက်သောအခါ အိမ်ကြီးရှိရာမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်၊

အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး ရှမ်းတိုင်းရင်းသူ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း မြန်မာဆန်သည့် ရုပ်ရည်ပိုင်ရှင်ဖြစ်သည်။

သူမက တံခါးပေါက်ရောက်တော့ အပြင်ဘက်မှာ ရပ်နေသူ သုံးယောက်ကိုကြည့်ပြီး မေးသည်၊

"ဘာကိစ္စရှိလို့လဲ"

အသံကြားတော့မှ မြန်မာလူမျိုးတစ်ဦးဖြစ်မှန်း သိကြသည်။

"ဒါ ဦးဒီပတို့ အိမ်ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ဦးဒီပနဲ့ တွေ့ချင်လို့ပါ"

"ရှင်တို့က ဘယ်သူတွေလဲ"

"သတင်းစာကြော်ငြာနဲ့ ပတ်သက်တဲ့သူတွေပါ"

"ဒါဖြင့် ခဏစောင့်ကြပါ"

ဟုပြောပြီး အိမ်ကြီးရှိရာသို့ ပြန်လျှောက်သွားလေသည်။ အတန်ကြာတော့ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိသော လူကြီးတစ်ဦးနှင့် ပြန်ထွက်လာသည်။

တံခါးနားရောက်တော့ ထိုလူကြီးမှာ နှုတ်ခမ်းမွေးအရှည်များဖြင့် ဥပတိရုပ်ခန့်ညားသူတစ်ဦးဖြစ်ကြောင်း အကဲခတ်မိကြသည်။

ထိုလူကြီးက တံခါးပေါက်ဝနားမှာရပ်နေသော သူတို့သုံးယောက်ကို အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"ကျုပ်က ဦးဒီပပါပဲ မောင်ရင်တို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ရပ်ဝေးက တကူးတကလာကြတဲ့ သူတွေပါ၊ ဒါထက် ဦးကြီးက သတင်းစာမှ ကြော်ငြာထည့်တဲ့ ဦးဒီပလား"

"ဟုတ်ပါတယ် သတင်းစာမှ ကြော်ငြာထည့်နေတာ ကျုပ်ပါပဲ ဒီအတွက်လာကြတာလား"

"ဟုတ်ပါတယ်"

"စိတ်တော့ မရှိပါနဲ့ . . ခေတ်ကာလက သိပ်မကောင်းတော့ မေးစရာရှိတာ အရင်မေးပါရစေ၊ ဘာတွေသိထားကြသလဲ"

"စက္ကောပါလ စမလိုက်ဂူအကြောင်းသိပါတယ်"

"အထောက်အထားကရော ဘာတွေပါသလဲ"

"စ နဲ့ ဓ . . ပါလာပါတယ်"

"ဟား . . ဟုတ်လား ဒါဆိုနေရာကျပြီပေါ့"

ဟုပြောကာ ဝမ်းသာအားရ အမူအရာဖြင့် သူကိုယ်တိုင် တံခါးဖွင့်ပေးလေသည်။

"ဝင်ကြပါ အထဲဝင်ကြပါ"

ဟု ဖိတ်ခေါ်သဖြင့် သုံးယောက်သား ခြံထဲသို့ဝင်ကြရသည်။ ထို့နောက် ဦးဒီပက အိမ်ပေါ်သို့ခေါ်သွားပြီး နေရာထိုင်ခင်းများပေးသည်။

မိန်းကလေးကလည်း သူတို့အတွက် အစားအသောက်များယူလာချပေးကာ ဧည့်ခံလေသည်။

"ကျုပ်နာမည်က ဦးဒီပလို့ခေါ်တယ်၊ ဒါကကျုပ်သမီး မြဝင်းသူပါ"

ဟုမိတ်ဆက်ပေးသဖြင့် ငှင်းတို့သုံးယောက်ကလည်း





www.burmeseclassic.com

www.burmeseclassic.com

မိမိတို့နာမည်နှင့် နေရပ်လိပ်စာများကို ပြောပြရသည်။ ကျန်နှစ်ယောက်ထက် ကျော်စွာမှာ မြဝင်းသူဆိုသော အမျိုးသမီးကို တွေ့စကတည်းက တကြည့်တည်းကြည့်နေရာ ဒေါက်တာမင်းထင်ကျော်က မသိမသာလက်တို့ သတိပေးထားရသည်။

"ဒီတစ်သက်တော့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလို့ စိတ်ထဲမှာထင်ထားခဲ့တာ၊ ဒါပေမယ့် အဆက်အသွယ်ရလိုရငြား ဆိုပြီး သတင်းစာကနေ ကြော်ငြာထည့်ကြည့်တာ. ."

ဦးဒီပက စပြောသည်။

"ဒီလောက်ဝေးတဲ့နေရာမျိုးက သတင်းစာကြော်ငြာ ဘယ်လိုထည့်တာလဲ"

"ရန်ကုန်မှာနေတဲ့ သားချင်းတစ်ယောက်လာတော့. . ထည့်ချင်တဲ့စာကြောင်းတွေ ရေးပေးလိုက်ပြီး သူ့ကိုထည့်ခိုင်းတာပါ"

"ကျွန်တော်တို့လည်း ဦးရဲကြော်ငြာတွေ့လို့ ဒီနေရာကို ရောက်လာတာပါ"

ကျော်စွာက တကူးတက ထည့်ယူလာသော သတင်းစာကြော်ငြာဖြတ်ပိုင်းနှစ်ခုကို ထုတ်ပြလိုက်လေသည်။

ဦးဒီပက ကျေနပ်သောအမူအရာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"မှန်ပါတယ်. . ဒီကြော်ငြာနှစ်ခုစလုံးက ကျုပ်ထည့်ခိုင်းလိုက်တဲ့ စာတွေပါပဲ၊ ကဲ အခုလိုတွေ့ကြပြီဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့၊ ကျုပ်က ဗိုလ်လေးယောက်မှာပါတဲ့ ဗိုလ်ဗလရဲ့ အဆက်အနွယ်တစ်ဦးပါ"





"ကျွန်တော်က ဗိုလ်စက္ကရဲ့ အဆက်အနွယ်တစ်ဦးပါ"

နီမောင်က ဝင်ပြောလိုက်သည်။

"ကျွန်တော်က ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ်ပါ"

ကျော်စွာကလည်း ဝင်ပြောသည်။

"ကျွန်တော်က သူတို့ကို အကူအညီပေးဖို့ လိုက်လာတာပါ၊ ဗိုလ်လေးယောက်နဲ့ မပတ်သက်ပါဘူး"

ဒေါက်တာမင်းထင်ကျော်စကားကြားတော့ ဦးဒီပက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"မပတ်သက်ပေမယ့် ဒီကိစ္စမျိုးတွေကို ကျွမ်းကျင်တဲ့ သူမျိုးတစ်ယောက်ပါလာတော့ အားကိုးရတာပေါ့၊ ကျုပ်ဆီမှာ ဗ၊ ဝ နဲ့ပတ်သက်တဲ့ မြေပုံနှစ်ခုရှိတယ်"

"ကျွန်တော်တို့ဆီမှာ စ နဲ့ ဓ ပါတဲ့ မြေပုံနှစ်ခုရှိပါတယ်"

"ဟန်ကျပြီပေါ့. . ဒါဖြင့် အတူတူကြည့်ကြမယ်"

ဟုပြောကာ အိမ်ထဲသို့ဝင်သွားပြီး အတန်ကြာသော အခါ ယွန်းသေတ္တာငယ်တစ်လုံးကို ထုတ်ယူလာသည်။

ထိုသေတ္တာကို ဖွင့်လိုက်သောအခါ နီမောင်ထံမှာပါလာသော မြေပုံနှစ်ခြမ်းနှင့် ဆင်တူသော မြေပုံနှစ်ခြမ်းကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဒီပထံမှ မြေပုံနှစ်ခြမ်းကို ဆက်စပ်ပြီးကြည့်သည်။

ပြီးမှ နီမောင်ထံမှာပါလာသော မြေပုံနှစ်ခြမ်းကိုပါ တောင်းယူပြီး မြေပုံလေးခုကို ဆက်စပ်လိုက်လေသည်။

ထိုအခါမှမြေပုံတစ်ချပ်လုံး ပြည့်စုံသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ဆီမှာရှိသော မြေပုံတစ်ခြမ်းက စမလိုဏ်ဂူရှိသော နေ ရာရောက်အောင် လမ်းညွှန်ပေးသောမြေပုံဖြစ်ပြီး ဦးဒီပထံမှာ[ရှိ] သော မြေပုံက ဂူအတွင်းအပြင်မှာရှိသော အမှတ်အသားများ နှင့် လမ်းညွှန်ထားသောမြေပုံပင် ဖြစ်လေသည်။

ဗိုလ်စက္ကူရေးထားခဲ့သော မှတ်တမ်းထဲမှာပါသည့် . .

"ကနှစ်ထပ်၊ တနှစ်ထပ်
တစ်ထပ်တည်းဖြောင့်
တစ်ဖြောင့်တည်းရှာ
အဆုံးနေရာ ရတနာ . . ."

အညွှန်းစာနှင့် တိုက်ကြည့်ပါက ပိုပြီးပြည့်စုံမှုရှိ[လေ] သည်။

ဦးဒီပထံမှ မြေပုံအညွှန်းတွင်ပါသော အညွှန်းများ[ကို] ကြည့်တော့မှ ကနှစ်ထပ်၊ တနှစ်ထပ် အဓိပ္ပါယ်ကို သိရလေ[တော့] သည်။

ကနှစ်ထပ်၊ တနှစ်ထပ်ဆိုသည်မှာ အထိကရ သစ်[ပင်] ကြီးလေးပင်ကို ညွှန်းခြင်းဖြစ်ကြောင်း သဘောပေါက်ရ[လေ] တော့သည်။

"ကနှစ်ထပ်၊ တနှစ်ထပ်ရဲ့ အညွှန်းက တခြားမဟုတ် ပါဘူး စမလိုဏ်ဂူနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ အထိကရ သစ်ပင်ကြီး တွေကို ညွှန်းပြထားတာပါ . .၊ ဒီမြေပုံမှာပါတဲ့ အနီးချောင်း[...] ချောင်းဟာ သစ်ပင်ကြီးလေးပင်ဖြစ်ပါတယ် . .

သစ်ပင်ကြီးလေးပင်ရှိတဲ့နေရာကို ရောက်အောင် သွား[...] နိုင်ကြမယ်ဆိုရင် စမလိုဏ်ဂူကို ရှာဖွေလို့တွေ့နိုင်ပါလိမ့်မယ်[...]





ဟု ဒေါက်တာမင်းထင်ကျော်က အသေးစိပ်ရှင်းပြသော [အ]ခါ နားထောင်နေကြသူများကလည်း စိတ်ဝင်စားကြလေ[သ]ည်။

"အခုတော့ မြေပုံလည်းပြည့်စုံပြီဆိုတော့ ခရီးထွက်ဖို့ [အ]စီအစဉ်ပဲကျန်တော့တယ်၊ ဒါကိုတော့ အသေးစိတ်တိုင်ပင်ပြီး [လို]အပ်တဲ့ပစ္စည်းတွေကို ကြိုတင်စုဆောင်းကြရပါတယ်၊ တစ်ခု [တ]ော့ ရှိပါတယ် ဒီကိစ္စက သိပ်ကိုအရေးကြီးတဲ့ ကိစ္စမျိုးဖြစ်လို့ , [ခရ]ီးမထွက်ခင်မှာ . . ဘယ်သူမှမသိတာ၊ မရိပ်မိတာတော့ အ[ကေ]ာင်းဆုံးပါပဲ"

"ဆရာပြောတာကို လက်ခံပါတယ်၊ ဒီတော့ မောင်ရင် [တို့] သုံးယောက် ဒီမှာတစ်ညအိပ်ပြီး အေးအေးဆေးဆေး စီစဉ် [ကြ]တာ ပိုမကောင်းဘူးလား"

"ကောင်းပါတယ် ဒီအစီအစဉ်ကို သဘောကျပါတယ်"

ထိုစကားကို အလောတကြီးဝင်ပြောလိုက်သူမှာ ကျော်[...]ပင်ဖြစ်ပေသည်။

သူ့အခြေအနေကိုရိပ်မိသော ဒေါက်တာမင်းထင်ကျော် [နှ]င့် နီမောင်တို့ကတော့ သဘောပေါက်စွာဖြင့် မသိမသာပြုံး [လို]က်ကြလေသည်။

သူတို့တတွေက လျှို့ဝှက်စွာပြုလုပ်နေကြသော်လည်း [...]အခြေအနေကို ရိပ်မိသူအချို့ကတော့ရှိနေသည်။

ဦးဒီပ သတင်းစာများမှာ ကြော်ငြာထည့်ခဲ့ပြီးနောက် [...]း မနီးမဝေးမှာရှိသော အိမ်တစ်လုံးအတွင်းမှ အခြေအနေ [...] မျက်ခြည်မပြတ် စောင့်ကြည့်နေသူ နှစ်ယောက်ရှိသည်။

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် အိမ်ထဲ
သွားသောအခါ တစ်ယောက်က အိမ်ထဲမှာနေခဲ့ပြီး ကျန်
ယောက်ကတော့ အပြင်သို့ ခတ်သုတ်သုတ်ထွက်သွားလေ
သည်။

ထိုအခြေအနေကိုတော့ အိမ်ထဲရောက်နေသူများ
လိုက်ကြပေ. . . .။





# အခန်း (၁၃)

# ပြန်နှင်းမြူနှင့်ပြန်တွေ့ရခြင်း

ကျိုင်းတုံမြို့တွင် ချမ်းသာကြွယ်ဝသူအချို့ ရှိကြသည်။
များအားဖြင့်တော့ ဘိန်းအရောင်းအဝယ်လုပ်ငန်းများဖြင့်
မ်းသာကြခြင်းဖြစ်သည်။ ၄င်းတို့ကို လော်ပန်ဟုခေါ်သည်။

(၁၉၀၀)ပြည့် ဝန်းကျင်တစ်ဝိုက်လောက်က လော်ပန်
ခေါ်ရလောက်အောင် ချမ်းသာကြွယ်ဝသူ သိပ်များများမရှိခဲ့
။ သုံးလေးဦးမျှသာရှိရာ ထိုအထဲတွင် ဦးစပ်ဝဏ္ဏလည်း တစ်
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစပ်ဝဏ္ဏမှာ တရုတ်သွေး၊ ရှမ်းသွေးပါသူဖြစ်ပြီး စီး
ရေးလုပ်ရာမှာလည်း အကွက်စေ့၊ အကွက်မြင်လှသူဖြစ်သ
အင်္ဂလိပ်အစိုးရ စေလွှတ်သော အမှုထမ်း၊ အရာထမ်းမျာ
အိတ်ထဲထည့်ထားနိုင်သူဖြစ်သည်။

၎င်း၏ဇနီးဖြစ်သူ ဒေါ်မေဖြူမှာ မြန်မာအမျိုးသမီး
ဦးဖြစ်ပြီး ရိုးရိုးအေးအေးနေတတ်သူပင် ဖြစ်လေသည်။

ကျိုင်းတုံတစ်နယ်လုံးတွင် ဘိန်းစိုက်ခင်းအတော်
များရှိရာ ဦးစပ်ဝဏ္ဏက လက်ဝါးကြီးအုပ်ထားလေသည်။
ကို ရောက်လာသော ဘိန်းများကို တရုတ်၊ လာအို၊ ယိုးဒ
ဘက်မှလာသော ကုန်သည်များကိုရောင်းသည်။ ထို့ပြင် အ
အသွယ်များ တစ်ဆင့်ပြီးတစ်ဆင့်ယူကာ အနောက်နိုင်ငံရှိ
အရောင်းအဝယ်ပြုသူများထိ ပြန့်နှံ့အောင် ရောင်းချနိုင်သူ
လေသည်။

၎င်းနေအိမ်မှာ အခိုင်းအစေ တပည့်များစွာရှိသည
လက်နက်မျိုးစုံတို့ရှိသည်။ ရွှေငွေ ကျောက်မျက်ရတနာမျ
သည်။ သို့ကြောင့် လော်ပန်ဘွဲ့ရရှိထားခြင်းဖြစ်သည်။

၎င်းနေသောတိုက်ကြီးမှာ ကျိုင်းတုံမြို့အဝင်နားမှ
ပြီး ခြံဝန်းကြီးက ကျယ်ဝန်းလှသည်။ ခြံပတ်လည်ကို အုတ်
တိုင်များ ပတ်ခတ်ထားပြီး အစောင့်များချထားသည်။

ကြီးမားသော နှစ်ထပ်တိုက်ကြီးအပေါ်ထပ်တွင် မိသ
စုများနေပြီး အောက်ထပ်မှာတော့ ကုန်သည်များနှင့် တွေ့သေ
ဧည့်ခန်းသဖွယ် အသုံးပြုလေသည်။

နေ့လည်ပိုင်းအချိန်လောက်တွင် ဦးစပ်ဝဏ္ဏစေခိုင်း





ထားသော စိုင်းပိဆိုသူ ရောက်သဖြင့် ဦးစပ်ဝဏ္ဏကိုယ်တိုင်
ဆက်ခံတွေ့ပြီး အကျိုးအကြောင်းမေးသည်။

"အခြေအနေ ဘာထူးလဲ စိုင်းပိ"

"ထူးတယ် ဆရာကြီး၊ ဆရာကြီးစောင့်ကြည့်ခိုင်းထား
တဲ့အိမ်ထဲကို မနက်ပိုင်းအချိန်လောက်က လူသုံးယောက်ဝင်
သွားတာ မြင်လိုက်တယ်"

"ပုံပန်းသဏ္ဌာန်တွေက ဘယ်လိုရှိသလဲ"

"တစ်ယောက်ကတော့ ရှမ်းအင်္ကျီဘောင်းဘီ ဝတ်ထား
တယ်၊ ကျန်နှစ်ယောက်ကတော့ ဗမာတွေဖြစ်ပုံရတယ်"

"ဟုတ်ပြီ ဒီလိုဆိုရင် အကြောင်းထူးလို့ ရောက်လာကြ
တာဖြစ်မယ်၊ ရောက်လာတဲ့သူတွေက ဘယ်သူတွေလဲ၊ ဘယ်က
လာတာလဲဆိုတာသိအောင် စုံစမ်းရမယ်. ."

"ဦးဒီပဆိုတဲ့လူကြီးက သူ့အိမ်ထဲ၊ ခြံထဲကို ဘယ်သူမှ
အဝင်မခံဘူး ဆရာကြီး"

"ရပါတယ်ကွာ ဒီတော့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့
ရအောင်စုံစမ်းကြည့်ရမှာပေါ့"

ဦးစပ်ဝဏ္ဏက ဆေးပြင်းလိပ်ကြီးကိုဖွာရင်း အတော်ကြာ
အောင် စဉ်းစားနေသည်။

"မင်းပြန်သွားပြီး၊ ဧည့်သည်သုံးယောက်ရဲ့ အခြေအနေ
ကို မျက်ခြည်မပြတ်အောင် ကြည့်ထားပြီး အခြေအနေထူးတာနဲ့
ချက်ချင်းငါ့ဆီကိုလာပြီး အကြောင်းကြားပေတော့"

"ကောင်းပါပြီ ဆရာကြီး"

ဟုပြောဆိုကာ စိုင်းပိပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ဦးဒီပခြံဝန်းထဲမှ လူတစ်ယောက် အပြင်သို့ထွက်လာသည်။

လောင်းကွတ်အင်္ကျီရှည်ကို အပေါ်ကထပ်ဝတ်ထားပြီး အမွေးပွမာဖလာတစ်ထည်ကို လည်ပင်းမှာပတ်ထားသည်။

သက္ကလပ်ဦးထုပ်ပျော့တစ်လုံးကို ခတ်စိုက်စိုက်ဆောင်းထားသောကြောင့် မျက်နှာတစ်ဝက်လောက်သာ မြင်နိုင်သည့် ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်ထည့်ပြီး တစိုက်စိုက်နှင့် လျှောက်သွားရာ သူထွက်သွားပြီး မကြာမီ လူတစ်ယောက်က နောက်ယောင်ခံလိုက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူနှင့်တွေ့ရလို တွေ့ရငြား စိတ်ကူးပေါ်သဖြင့် တစ်ယောက်တည်း လျှောက်လာခြင်းဖြစ်သည်။

သူသည် ဈေးရှိရာဘက်သို့ ဦးစွာလျှောက်သွားလေသည်။ ဈေးထဲမှာ တစ်ပတ်ပတ်ပြီး ပြန်ထွက်လာစဉ်မှာ သူ့ရှေ့တည့်တည့်မှာရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် ဦးထုပ်ကို အပေါ်သို့ ပင့်တင်လိုက်သည်။

"ဟင်. . မောင်. . ."

"မြ. . ."

ဒေါက်တာမင်းထင်ကျော်က တစ်လုံးတည်းသာ ပြန်ခေါ်လိုက်နိုင်သော်လည်း စိတ်လှုပ်ရှားမှုများ ရင်ထဲမှာ ပွဲတင်ထပ်လျက်ပင်ရှိနေသေးသည်။





ထို့နောက် လူရှင်းသောနေရာသို့ ထွက်ရပ်လိုက်ကြသည်။

"မောင်. . ဘယ်လိုကနေ ဘယ်လို ကျိုင်းတုံရောက်လာတာလဲ၊ ဘယ်တုန်းကရောက်နေတာလဲ"

"ကျိုင်းတုံတော့ မနေ့ကမှ ရောက်တာပါ. . ဒီဘက်ရောက်နေတာတော့ အတော်ကလေး ရက်ကြာသွားပြီ၊ ကိုဇော်ထွန်းတို့ ကုမ္ပဏီက နယ်စပ်ဘက်မှ ဆောက်လုပ်ရေးတွေ လုပ်နေကြတယ်၊ သူခေါ်တာနဲ့ လိုက်လာတာပါ"

"သူ ကျိုင်းတုံကို ရောက်လာသေးတယ်၊ ကျွန်မနဲ့တွေ့လို့ မောင့်သတင်းကိုမေးပြီး အကျိုးအကြောင်း ပြောပြလိုက်ရတာပါ"

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ သူမလည်း ခတ်တင်းတင်း ပြန်ဆုပ်ထားလေသည်။

"ကျောင်းတွေပြန်ဖွင့်ပြီး မြပြန်ရောက်မလာတော့ အတော့်ကို ခံစားခဲ့ရတယ်၊ သစ်စိမ်းချိုး ချိုးသွားပြီလို့တောင် ထင်ခဲ့မိပါတယ်"

"မဟုတ်ပါဘူး မောင်ရယ်၊ ကျွန်မလည်း ဒီရောက်တော့မှ မမျှော်လင့်တဲ့ အကြောင်းတစ်ခုပေါ်လာတာနဲ့ ပြန်မလာနိုင်တော့တာပါ၊ မောင့်ကို တစ်နေ့မှ မမေ့ခဲ့ပါဘူး"

ဟု အသံကလေး ဂတုန်ကရင်ဖြင့် ပြန်ပြောလေသည်။

နှင်းမှုံများ ကာဆီးနေသောကြောင့်သာ မမြင်ရသော်လည်း သူမမျက်ဝန်းမှာ မျက်ရည်များ ရစ်ဝဲနေပေလိမ့်မည်။

www.burmeseclassic.com

"မြဆီက ဒီစကားမျိုးကြားရတာ မောင်ဝမ်းသာပါတယ် မောင်လည်း မြလိုပါပဲ. . ခွဲခွာနေရပေမယ့် တစ်နေ့တစ်ရက်မှ မမေ့ပါဘူး"

"မောင်က. . ကျွန်မအပေါ်မှာ သဘောထားမပြောင်းသေးတာ အခုလိုသိရလို့ ကျွန်မဝမ်းသာပါတယ်၊ ဒါထက် မောင် ကျိုင်းတုံမှာ နေဦးမှာလားဟင်"

"အဖော်တွေလည်း ပါလာတာဆိုတော့ မပြောနိုင်သေးဘူး၊ ဒါပေမယ့် ရှမ်းပြည်ကနေ ပြန်ကာနီးရင်တော့ မြနဲ့ အေးအေးဆေးဆေး လာတွေ့ပါဦးမယ်၊ ဘယ်လိုတွေ့ရမလဲဟင်"

ထိုသို့မေးသောအခါ မြနှင်းဖြူမှာ အဖြေရခက်သွားဟန်ဖြင့် တော်တော်နှင့် စကားသံထွက်မလာပဲ ရှိလေသည်။

ထိုအခိုက်မှာပင် လူတစ်ယောက် အနားသို့ရောက်လာပြီး ရိုကျိုးသောအမူအရာမျိုးဖြင့် ပြောလေသည်။

"မမလေးကို ဆရာကြီးက အခေါ်လွှတ်လိုက်ပါတယ် ဧည့်သည်ကိုပါ တစ်ပါတည်း ခေါ်ခဲ့ဖို့လည်း မှာလိုက်ပါတယ်"

ထိုစကားကြားတော့ မြင်နှင်းဖြူ မျက်နှာတစ်ချက်ပျက်သွားသည်ကို ဒေါက်တာမင်းထင်ကျော်က ရိပ်မိလိုက်သည်။

"မောင် အချိန်ရတယ်မဟုတ်လား၊ ကျွန်မတို့အိမ်လည်း ရောက်ဖူးသွားအောင် လိုက်ခဲ့မယ်မဟုတ်လား"

ဟု ခေါ်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် မြနှင်းဖြူနှင့် အတူယှဉ်တွဲပြီး လျှောက်လာကြရာ အတန်ကြာသောအခါ ခြံဝန်းတစ်ခုရှေ့သို့ ရောက်သွားကြသည်။ အစောင့်များက တံခါးဖွင့်ပေးသဖြင့် လျှောက်သွားကြရာ တိုက်ပေါက်ဝသို့ ရောက်သောအခါ အဆင့်သင့် စောင့်နေဟန်တူသော ဦးစပ်ဝဏ္ဏနှင့် တွေ့ရလေသည်။





ထို့နောက် ဧည့်ခန်းသို့ ခေါ်သွားပြီး စကားစသည်၊

"ကျုပ်နာမည်က ဦးစပ်ဝဏ္ဏပါ၊ မြနှင်းဖြူရဲ့ ဖခင်ပါပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ရန်ကုန်က လာတာပါ"

"သမီးနဲ့ မိတ်ဆွေတွေ ထင်ပါရဲ့"

"တက္ကသိုလ်တက်တုန်းက သိခဲ့ကြတာပါ"

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ကျိုင်းတုံကို ဘယ်လိုကိစ္စနဲ့ ရောက်နေတာလဲ ဘယ်မှာတည်းနေသလဲ"

"မြို့စွန်ဘက်က အသိမိတ်ဆွေတစ်ယောက်အိမ်မှာ တည်းနေကြပါတယ်၊ ဒီလိုလာတာတော့ ထွေထွေထူးထူး အကြောင်းမရှိပါဘူး၊ မိတ်ဆွေတွေနဲ့ ခရီးကြုံလို့ လိုက်လာတာပါ"

"ကျိုင်းတုံရောက်မှတော့ ဒီမှာတည်းလည်း ရပါတယ် ဘာမှအားနာစရာမှ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကဲ. . ကဲ. . သမီးနဲ့ အေးအေးဆေးဆေး စကားပြောကြပါဦး၊ ကျုပ်အလုပ်ကိစ္စလေးတစ်ခုရှိလို့ အပြင်သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီခင်ဗျာ"

ဒေါက်တာမင်းထင်ကျော်က နေရာမှထပြီး ဦးခေါင်းညွတ်ကာ နှုတ်ဆက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဦးစပ်ဝဏ္ဏထွက်သွားသော်လည်း မြနှင်းဖြူ၏ မျက်နှာလေးမှာ စောစောကလောက် ရွှင်ရွှင်ပျပျ မရှိတော့သည်ကို သတိပြုမိလေသည်။

"မောင် ဒီကိုလာတာ မြနဲ့တွေ့ချင်လို့ အကြောင်းရင်းတစ်ခုပါပဲ၊ မောင်တို့နှစ်ယောက် ရှေ့ရေးကို ဘယ်လိုစဉ်းစားထားသလဲဆိုတာ သိချင်လို့ပါ"

"ကျွန်မလည်း အချိန်ရသရွေ့ ဒီကိစ္စကိုပဲ အမြဲစဉ်းစားနေပါတယ်၊ ဖြစ်နိုင်ရင်တော့ အတူတူလက်တွဲသွားဖို့ စိတ်ကူးရှိပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘယ်လိုအခက်အခဲတွေ ရှိနေလို့လဲဟင်"

"ဒီမှာတော့ ဖေဖေသဘောမတူဘဲနဲ့ ဘာမှလုပ်လို့မရဘူး သူလက်ခံအောင်ပြောဖို့ဆိုတာလဲ. . ."

"မောင်သဘောပေါက်ပါတယ်မြရယ်၊ ဒါမျိုးတွေကတော့ နေရာတိုင်းမှာ ရှိနေတတ်တာပါပဲ၊ တစ်ခုပဲရှိတယ် ဒီကိစ္စမျိုးမှာ အဓိကကျတာက မြပဲ. . မြသတ္တိရှိဖို့ပဲလိုတယ်"

မြနှင်းဖြူက ဒေါက်တာမင်းထင်ကျော် မျက်နှာကို အားကိုးတကြီးနှင့် ကြည့်နေလေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် ထပ်ပြောလေသည်။

"မြကို အမှန်အတိုင်းပြောမယ်. . ကျိုင်းတုံကိုလာတာ မောင့်မှာ အကြောင်းနှစ်ချက်ရှိတယ်၊ တစ်ချက်က မြနဲ့တွေ့ချင်လို့၊ နောက်တစ်ချက်က အရေးတကြီး အလုပ်တစ်ခုရှိလို့ လာခဲ့တာ၊ ဒီအလုပ်ပြီးလို့ ပြန်ကာနီးရင် မြနဲ့ နောက်တစ်ကြိမ် လာတွေ့





ပါမယ် မြဘက်ကသာ သေသေချာချာ စဉ်းစားထားပါ"

ဟုပြောပြီး နေရာမှထသည်။ သူပြန်တော့ မြနှင်းဖြူက မျက်ရည်အဝိုင်းသားဖြင့် ခြံပေါက်ဝအထိ လိုက်ပို့ပေးလေသည်။

ဒေါက်တာမင်းထင်ကျော် ပြန်ထွက်သွားပြီး ခဏကြာတော့ ဦးစိုင်းဝဏ္ဏ ပြန်ရောက်လာပြီး မြနှင်းဖြူကိုမေးသည်။

"ဒေါက်တာမင်းထင်ကျော်ဆိုတာ သမီးတက္ကသိုလ်တက်နေတုန်းက အဆက်အသွယ်ရှိခဲ့ကြတယ် မဟုတ်လား"

ထိုသို့ ပွင့်ပွင့်လင်းလင်းမေးလာသော အခါ မြနှင်းဖြူက ခေါင်းငုံ့ထားရင်းမှ ခေါင်းညိတ်ပြလိုက်သည်။

"ဖေဖေက လူကဲခတ်တာ ဒီလောက်မညံ့ပါဘူး၊ ဒါပေမယ့် သူဒီကိုလာတာ သမီးနဲ့ပတ်သက်တဲ့အကြောင်းတစ်ခုတည်းနဲ့တော့ မဟုတ်ဘူး၊ နောက်ထပ်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေပုံရသေးတယ်"

ထိုစကားကြောင့် မြနှင်းဖြူမှာ အံ့ဩသွားလေသည်၊

"ဒီတော့. . သမီးနဲ့ဖေဖေနဲ့ အပေးအယူ တစ်ခုတော့ ပြုလုပ်ရလိမ့်မယ်"

"ဘယ်လို အပေးအယူလည်း ဖေဖေ"

"သူနဲ့ သမီးနဲ့ပတ်သက်နေတာကို ဖေဖေ့ဘက်က ခွင့်ပြုပေးမယ်၊ ဒါပေမယ့် သမီးဘက်ကလည်း တစ်ခုတော့ ပြန်လုပ်ပေးရမယ်"

မြနှင်းဖြူက ဖခင်ဖြစ်သူကို ကြည့်နေသည်။

"တခြားမဟုတ်ဘူး. . သူဒီကိုဘာကြောင့်ရောက်လာတယ်ဆိုတာတော့ သိအောင်ပြန်လုပ်ပေးရမယ်"


www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူစကားကြားသောအခါ မြနှင်းဖြူမှာ ဘယ်ကဲ့သို့ ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။

"အခုမှတွေ့ကြတာ. . အဲဒီလိုမေးရင် သမီးအပေါ်မှာ တစ်မျိုးထင်သွားပါလိမ့်မယ်"

ဦးစိုင်းဝဏ္ဏက သဘောကျသောအမူအရာဖြင့် 'ဟက်' ခနဲ တစ်ချက်ရယ်လိုက်သည်။

"သမီးဆီက မသိရရင်လည်း သိပ်တော့အရေးမကြီးလှပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ဖေဖေမှာ သိနိုင်တဲ့နည်းတွေ အများကြီးရှိတယ်၊ သိအောင်စုံစမ်းပေးနိုင်တဲ့ သူတွေလည်း အများကြီးရှိတယ်ဆိုတာ သမီးလည်း သိပါတယ်၊ အခုလို ပြောတာက သမီးအတွက် အခွင့်အရေးတစ်ခု ပေးတာပါပဲ၊ ဒါကိုမှ လက်မခံရင်တော့လဲ. . ."

ဦးစိုင်းဝဏ္ဏက မြနှင်းဖြူကို အကဲခတ်သလိုတစ်ချက် ကြည့်လိုက်လေသည်။

"သမီးကြိုးစားကြည့်ပါ့မယ် ဖေဖေ"

ထိုသို့ပြောလိုက်တော့မှ ဦးစိုင်းဝဏ္ဏက ကျေနပ်သောအမူအရာဖြင့် တစ်ချက်ပြုံးကာ နေရာမှထသွားလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ မြနှင်းဖြူတစ်ယောက်တည်း ဦးဒီပတို့နေအိမ်ရှိရာဘက်သို့ လာခဲ့လေသည်။

ထိုအိမ်ရောက်တော့ အကျိုးအကြောင်းပြောပြသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် တွေ့ရလေသည်။

"မြ မျက်နှာလည်းမကောင်းပါလား၊ ဘယ်လိုဖြစ်လာတာလဲ"





"မောင်နဲ့ စကားပြောစရာရှိလို့လာခဲ့တာပါ"

ထို့ကြောင့် အိမ်နှင့်မနီးမဝေး ချယ်ရီပင်ကြီးအောက်မှာ ပြုလုပ်ထားသော ခုံတန်းလျားပေါ်သို့ ခေါ်သွားကာ ထိုနေရာမှာပင် အကျိုးအကြောင်းမေးရလေသည်။

"မောင်တို့နှစ်ယောက်အခြေအနေကို ရိပ်မိသွားလို့ မြကို ဆူလိုက်ကြပြီနဲ့တူတယ်"

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူအနီးမှာ ထိုင်ရင်း မေးလိုက်သည်။

"မြလာတာ မောင်နဲ့ အရေးတကြီး ပြောစရာရှိလို့ပါ"

"ပြောလေ. . ."

"တခြားတော့ မဟုတ်ဘူး မောင်ဘာကြောင့် ကျိုင်းတုံကို ရောက်လာတယ်ဆိုတာ ဖေဖေက ကြိုသိနေတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်သည်။

"သူက ငယ်ရာကကြီးလာတာဆိုတော့ ရိပ်မိမှာပေါ့"

"ဒါ့အပြင် တခြားကိစ္စလည်း သူသိနေတယ်"

မြနှင်းဖြူစကားကြားသောအခါ မျက်နှာပေါ်မှာ အပြုံးရိပ်ပျောက်သွားပြီး တည်တည်ငြိမ်ငြိမ် ဖြစ်သွားလေသည်။

"ဘယ်လိုသိနေတာလဲ"

"ကျွန်မသိသလောက်ပြောရရင်တော့. . အဲဒီကိစ္စကို ဖေဖေကအစအဆုံးသိနေပုံပဲ. . ."

ဒေါက်တာမင်းထင်ကျော်က လေးလေးနက်နက် စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြ အခုလာတာ ဘယ်လိုကိစ္စရှိလို့လဲ"

မြနှင်းဖြူက သူဖခင်ပြောလိုက်သောအကြောင်းမျာ
ပြောပြလိုက်လေသည်။

"ကျွန်မကိုနားလည်ပေးပါမောင်၊ ကျွန်မသဘော
တော့ အဲဒီအကြောင်းတွေကို ဘာမှစိတ်မဝင်စားပါဘူး၊ ဒါ
မယ့် ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကိုတော့ အထိခို
မခံနိုင်ဘူး၊ မောင်သွားရင် ကျွန်မကိုတစ်ခါတည်း ခေါ်သွားပေ
လားဟင်"

"မြသဘောကို မောင်သိပါတယ်၊ မြအပေါ်မှာလည်
ဘယ်လိုမှမထင်ပါဘူး၊ ဒါပေမယ့် မောင်တို့အခုလုပ်ရမယ့်
လုပ်က အန္တရာယ်များတယ် ဒါကြောင့် ခေါ်သွားလို့တော့ ဘယ်
နည်းနဲ့မှ မဖြစ်သေးဘူး"

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးနှစ်
ကို ဆုပ်ကိုင်ထားရင်း အားပေးစကားပြောရသည်။

"ဒါပေမယ့် ဘာမှစိတ်မပူပါနဲ့၊ တစ်နေ့ကျရင် မြဆီ
အရောက်လာပြီး တစ်ခါတည်းခေါ်သွားပါမယ်၊ ဒါပေမယ့်
ရက်အတော်အတွင်းမှာတော့ မြဖေဖေစိတ်ကျေနပ်အောင်သ
ပြောထားပေးပါ"

ဟု နှစ်သိမ့်မှုပေးလိုက်ရာ မြနှင်းဖြူလည်း ကျေနပ်
ဖြင့် ခေါင်းညိတ်ပြလေသည်။

"မောင် ဒီကသွားရင် မြကို နှုတ်မဆက်နိုင်တော့ဘူ
ပြန်ရောက်လာမှပဲ မြနဲ့ လာတွေ့တော့မယ်"

"သတိဝီရိယထားပြီးသာ သွားပါမောင်၊ ကျွန်မအတွ





တော့ ဘာမှစိတ်မပူပါနဲ့"

ဟုပြောဆိုနှုတ်ဆက်ပြီးနောက် ပြန်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော် အိမ်ပေါ်ပြန်ရောက်လာတော့ ဦးဒီပက မေးသည်၊

"ဒီ မိန်းကလေးက ဆရာနဲ့သိတာ ကြာပြီလား"

"တက္ကသိုလ်မှာကတည်းက သိတာပါ"

"ဒီလိုဆိုရင်တော့ ပြောသင့်တဲ့စကားပြောရမှာပဲ သူ့အဖေက ကျုံးတံ့မှာ လော်ပန်တစ်ယောက်ပဲ၊ လူအင်အား. . လက်နက်အင်အားကောင်းကောင်းနဲ့ ဘိန်းကုန်ကူးတဲ့အလုပ်လုပ်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"နောက်ပြီး နန်းစဉ်မာနဲ့ ရတနာတွေအကြောင်းကို သူလည်း သိထားပုံရတယ်၊ ဒါကြောင့် ကျုပ်တို့ကို မျက်ခြေမပြတ်စောင့်ကြည့်နေကြတယ်"

"ကျွန်တော်သိသင့်သလောက်သိပါတယ်"

"ဒီတော့ ရှေ့မှာတော့ ဘာပဲလုပ်လုပ် လျှို့ဝှက်ပြီးလုပ်ကြတာ အကောင်းဆုံးပဲ"


ဟု ဦးဒီပကပြောရာ နံဘေးမှာ ရှိနေကြသူများကလည်း သဘောတူလက်ခံကြလေသည်။ ထို့နောက် ရှေ့အစီအစဉ်များကို လျှို့ဝှက်စွာဖြင့် တိုင်ပင်ဆွေးနွေး ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

# ဦးဇွာရောက်လာသော အန္တရာယ်များ

ရှမ်းပြည်နယ်သည် တောတောင်ထူထပ်သော အရပ်ဒေသဖြစ်ပေသည်။

အများအားဖြင့်တော့ အရှေ့ဘက်တွင် တောင်မြင့်ကြီးများက ဝန်းရံကာဆီးထားလေသည်။

ရှေးအခါက ထိုအရပ်ဒေသများမှာ ဒေသခံနေထိုင်သူ အနည်းငယ်မှလွဲပြီး အခြားရပ်ဝေးမှ လာရောက်သူ သွန်စွာနည်းပါးလှပေသည်။ ဒါကလည်း အကြောင်းရှိပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ထိုအရပ်ဒေသများတွင် နယ်ချဲ့တရုတ် များ ဝင်ရောက်သိမ်းပိုက်ထားသော အရပ်ဒေသများဖြစ်သ အခြားသူများ မသွားလာဝံ့ကြခြင်းဖြစ်သည်။

ယခုတော့ တရုတ်ဖြူများ မရှိတော့သလောက် နည်း သွားပြီဖြစ်သဖြင့် အန္တရာယ်ကင်းသွားပြီဟု ဆိုရပေမည်။

သို့သော် လုံးလုံးလျားလျား စိတ်ချရသော အနေ ထားမျိုးတော့ မရှိသေးပေ။

တရုတ်ဖြူများမှာ ယခင်ကလို တပ်စခန်းချပြီး အ အမာနေထိုင် တပ်စွဲထားခြင်းမရှိတော့သော်လည်း ဝင်ထွ သွားလာမှုများကတော့ ရှိမြဲရှိနေကြသေးသည်။ အဘယ်ကြော ဆိုသော် ဘိန်းအရောင်းအဝယ် လုပ်ငန်းများနှင့်၊ ဘိန်းကုန် သောအလုပ်များကို ဝင်ရောက်လုပ်ကိုင်နေကြသောကြောင့် ပေသည်။

၄င်းတို့သည် လက်နက်အင်အား၊ လူအင်အားတော ပြီး ဝန်တင်လားများဖြင့် ခရီးသွားလာနေကြသူများ ဖြစ် သည်။ အကြောင်းကိစ္စရှိသဖြင့် တောတောင်ထဲသို့ ခရီးသွား ကြသူများမှာ လက်နက်အပြည့်အစုံမပါဘဲ သွားလာ၍မရ တောနက်များထဲမှာနေသော တောရိုင်းတိရစ္ဆာန်များ အန္တရာ တို့အပြင် တရုတ်ဖြူတပ်များရန်ကို ကြောက်ရသောကြောင့် သည်။

တရုတ်ဖြူတပ်များက ဆွေ့သည်နှင့် လူသတ်ပြီး ပါ ပစ္စည်းများကို ယူသွားတတ်ကြပေသည်။

သို့ကြောင့် တောတောင်များထဲသို့ ခရီးသွားလာသူ





အဖို့ လက်နက်များများ ပါကြရပြီး အဖော်အပေါင်းကောင်း ကောင်း ပါဖို့လိုလေသည်။

ယခုလည်း ရှမ်းပြည်နယ် အရှေ့ပိုင်းတောနက်ထဲမှာ ခရီးသွားနေသော လူတစ်စုရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော် ခေါင်းဆောင်သော ခရီးသွား အဖွဲ့ပင်ဖြစ်သည်။

သူတို့အဖွဲ့တွင် လူ (၉)ယောက်ပါလာသည်။

ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ ကျော်စွာ၊ ဦးဗန် ကောင်း၊ ဦးစိုင်းနောင်၊ ဦးဒီပ၊ မြဝင်းသူ၊ စောထီး၊ ငမဲအောင် တို့ (၉)ယောက်ဖြစ်သည်။

၄င်းတို့တွင် သေနတ်များနှင့် လက်နက်လေးမြား အ ပြည့်အစုံ ပါလာကြသည်။

ပြောင်းတို၊ ပြောင်းရှည် သေနတ်(၆)လက်နှင့် ကျည် တပ်များပါသည်။

အကြောင်းရှိက အသုံးပြုနိုင်ရန် မိုင်းထုပ်များပါသည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ ၄င်းတို့ ကိုင်နေကျဖြစ်သော လေး၊ ဒူးလေးနှင့် အဆိပ်လူးထားသော မြားဖူးများ ယူဆောင်လာကြလေသည်။

သူတို့လက်နက်များက အသံမထွက်ဘဲ သေစေနိုင် သော အသံတိတ် လက်နက်များပင်ဖြစ်သည်။

သူတို့အဖွဲ့တွင် လက်နက်များ အလုံအလောက်ပါလာ သလို အခြားအသုံးအဆောင်ပစ္စည်းများလည်း ပြည့်စုံစွာပါလာ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာခြောက်များ၊ ဆေးဝါးအသုံးအဆောင်များ၊ စောင် ခြင်ထောင်၊ အနွေးထည်များ၊ ကြိုးခွေ၊ မီးအိမ်၊ ရေနံဆီ၊ လတ် နှိပ်ဓာတ်မီး၊ လမ်းပြအိမ်မြှောင်၊ အဝေးကြည့်မှန်ပြောင်း၊ ရွှ ဖျင်တဲ စသည်တို့ကို ဝန်တင်လားနှစ်ကောင်ပေါ် တင်ပြီး သယ် လာကြသည်။

ထိုပစ္စည်းများကို ကျိုင်းတုံ၊ မိုင်းယောင်းစသော နေ များမှ စုဆောင်းဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

ကျိုင်းတုံမှာရှိနေစဉ်က သူတို့ကို မျက်ခြည်မပြတ်စေ ကြည့်နေသူများ ရှိမှန်းသိသဖြင့်. . ၎င်းတို့မသိစေရန် ခြေ ဖျောက်ပြီး ထွက်ခဲ့ကြခြင်းဖြစ်၏။

ယခုအချိန်လောက်ဆို သူတို့ပျောက်သွားတာသိကြ ဦးစပ်ဝဏ္ဏနှင့် သူ့တပည့်များမှာ ဒေါပွနေကြတော့ပေမည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ခရီးထွက်ကာနီ ဇော်ထွန်းတစ်ယောက်ကိုသာ အသိပေးခဲ့ပြီးနောက် ထွက်ခဲ့ရ အတော်ပင် ခရီးပေါက်နေကြပေပြီ. . .။

သူတို့အဖွဲ့တွင် အားလုံးသွားနိုင်လာနိုင်၊ ကြံ့ခိုင်ကြ များချည်းဖြစ်ကြပြီး မြဝင်းသူတစ်ယောက်သာ အမျိုးသမီးဖြ နေသည်။

သို့သော် သူမကလည်း ကြံ့ခိုင်သန်မာသူတစ်ဦးဖြ သဖြင့် အခြားသူများဖြင့် ရင်ပေါင်တန်းပြီး သွားနိုင်လာနိုင်သ ဖြစ်ပေသည်။

ထို့ပြင် ကျော်စွာကလည်း သူမအနီးမှ သိပ်မခွာဘဲ လို အပ်သော အကူအညီတို့ကိုပေးရာ ဦးဒီပကိုယ်တိုင် မသိကျိ





ကျွန်ပြုပေးနေရသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ကျော်စွာအဖြစ် ကို ကြည့်ပြီး နားလည်စွာဖြင့်သာ ပြုံးနေကြလေသည်။

လမ်းခရီးတစ်နေရာရောက်ပြီး နားကြတော့ စာရင်း သောက်ရင်းနှင့် ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ကျွန်တော်တို့ရဲ့ အဓိကဦးတည်ချက်က လွယ်နော တောင်ကြီးဆီကိုရောက်ဖို့ပဲ၊ လွယ်နောတောင်ရောက်လို့ မြေပုံ အညွှန်းအတိုင်း ဆက်ရှာရင် စမလိုက်ဂူကို တွေ့ကြမှာပါပဲ. ."

အားလုံးက စားရင်းသောက်ရင်းနှင့် သဘောပေါက် ကြောင်း ခေါင်းညိတ်ပြကြသည်။

"ကျွန်တော်တို့အားလုံး သစ္စာရှိကြဖို့လည်း အရေးကြီး ပါတယ်၊ ဒါ့အပြင် အရေးအကြောင်းပေါ် လာရင်း စည်းလုံးညီ ညွှတ်ဖို့လည်း ပိုပြီးအရေးကြီးပါတယ်"

"ဒါတော့မပူပါနဲ့ မောင်ရင်၊ ကျုပ်တို့က သွေးသောက် တွေချည်းပါပဲ"

ဦးဒီပက ဝင်ပြောလိုက်ရာ ကျန်လူများက အသီးသီး ခေါင်းညိတ်ပြကြလေသည်။

"အခုလို သိရတာဝမ်းသာပါတယ်၊ ဒါအပြင် အရေးကြီး တာလေးတွေလည်း ပြောထားရမယ်၊ ကျွန်တော်တို့ ထွက်လာ တာကို ဦးစပ်ဝဏ္ဏတို့ လူစုတွေ သိသွားရင် နေမှာမဟုတ်ဘူး၊ နောက်ကနေ ခြေရာခံပြီး ချက်ချင်းလိုက်မှာ အသေအချာပါပဲ"

"နို့. . မေးပါရစေဦး သူကဒီကိစ္စတွေကို ဘယ်လိုသိပြီး ဘယ်လိုပတ်သက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို ကောင်းစွာမသိသေးသော ဦးစိုင်းနောင်က ဝင်မေးသဖြင့် ကျိုင်းတုံမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အတိုချုပ်ပြီး ပြောပြလိုက်ရသည်။

"သူဘယ်လိုပတ်သက်နေတယ်ဆိုတာ မသိရသေးပေမယ့် ဒီအကြောင်းတွေကို သိနေတာတော့ သေချာတယ်၊ ဒါကြောင့် ဦးဒီပ သတင်းစာကြော်ငြာတွေထည့်ပြီးတဲ့နောက်မှာ တပည့်တွေကို မျက်ခြည်မပြတ် စောင့်ကြည့်ခိုင်းထားတာ ဖြစ်မှာပေါ့"

ထိုအခါ ဦးဗန်ကောင်းက ဝင်ပြောသည်။

"ကျုပ်သိသလောက်တော့ ဗိုလ်လေးယောက်နဲ့ ပတ်သက်တဲ့ အဆက်အနွယ်တွေက တစ်ယောက်လိုနေသေးတယ် ဦးစိုင်းနောင်က ဗိုလ်စက္က၊ ဦးဒီပက ဗိုလ်ဗလ၊ မောင်ကျော်စွာက ဗိုလ်ဝဏ္ဏ အဆက်တွေဆိုတော့ အဲဒီမှာပါတဲ့ ဗိုလ်ဓသရဲ့အဆက် လိုနေသေးတယ်. . သူများဖြစ်နေမလား"

"ကျွန်တော်မှတ်တမ်းတွေ သေသေချာချာဖတ်ကြည့်တော့ ဗိုလ်ဓသက ယိုးဒယားနိုင်ငံသားလို့ တွေ့ရတယ်၊ ဦးစပ်ဝဏ္ဏနဲ့ အဆက်ရှိမရှိတော့ မသိရသေးဘူး၊ ဒါပေမယ့် ကျွန်တော်တို့ သတိထားကြရမယ်"

"သတိကတော့ ပိုတယ်လို့မှ မရှိတာ. . "

"တောထဲမှာ ခရီးသွားနေတဲ့အခါ နေ့အချိန်မီးခိုးမထွက်အောင် ဂရုစိုက်ကြရမယ်၊ အထူးသဖြင့် သေနတ်သံမထွက်အောင် သတိထားရမယ် သေနတ်သံက အဝေးကကြားရနိုင်တယ်"





ဟု ဒေါက်တာမင်းထင်ကျော်က အချက်အလက် အတော်များများကို ပြောပြလေသည်။

ထို့နောက် အသင့်ပါလာသော အစားအသောက်များကိုစားသောက်ရင်း ခရီးစဉ်များကို ပြောဆိုတိုင်ပင်ကြလေသည်။

ထို့နောက် ခရီးဆက်ကြရာ. . တောင်ကြားတစ်ခုသို့ ရောက်သောအခါ ညနေပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် စခန်းချရန် ပြင်ကြလေသည်။

ထိုသို့ပြင်ဆင်နေကြစဉ်မှာ အတော်ဝေးဝေးနေရာမှ သေနတ်သံ နှစ်ချက်၊ သုံးချက် ကြားလိုက်ရသည်။ အမဲလိုက်သူများ သေနတ်သံ၊ ဒါမှမဟုတ် တရုတ်ဖြူများ သေနတ်သံသော်လည်းကောင်း၊ နောက်မှလိုက်လာသည့် ဦးစပ်ဝဏ္ဏလူများ သေနတ်သံသော်လည်းကောင်း ဖြစ်နိုင်သည်။

လေကွယ်မိုးကွယ်ရှိသော တောင်ကြားတစ်နေရာတွင် စခန်းချနေကြစဉ် နီမောင်ကပြောသည်။

"ဆရာတို့ ဒီမှာစခန်းချနေတုန်း၊ ကျွန်တော်တို့ သုံးယောက် ဟင်းစားသွားရှာလိုက်ဦးမယ်"

"နေဝင်တော့မယ် မမှောင်ခင်တော့ ပြန်လာကြနော်"

"ကောင်းပါပြီ"

ဟုပြောကာ သုံးယောက်သား တောထဲထွက်လာကြသည်။ ထိုအချိန်မျိုးက တောထဲမှာ သားကောင်ရှာဖွေရသော လွယ်သလို၊ တောကောင်ကြီးများနှင့်လည်း တွေ့ရနိုင်သည်။

နေဝင်ချိန်နီးတော့ တောထဲမှာ တစ်နေကုန် အစာရှာဖွေနေကြသော တောကောင်ငယ်ကလေးများ အိပ်ဖို့နေရာရှာ

www.burmeseclassic.com

www.burmeseclassic.com

နေကြပြီဖြစ်သလို တစ်နေကုန်အိပ်နေပြီး မိုးချုပ်တော့မှ အစာရှာဖွေရန် ထွက်လာသော တောကောင်ကြီးများကလည်း နေရာအနှံ့မှာ တွေ့နိုင်ကြသည်။

သူတို့သုံးယောက်မှာ ဓားနှင့်လှံများအပြင်၊ ဒူးလေးနှစ်လက်၊ လေးတစ်လက်ပါလာသည်၊

မြားပူးထဲမှာတော့ အဆိပ်လူးထားသော မြားတံအမျိုးမျိုး ပါလာကြသည်။

သာမန် အဆိပ်သုံးသောမြား၊ အန္တရာယ်နှင့်တွေ့လျှင်အသုံးပြုသော ထိသေအဆိပ်မြားတံများလည်းပါသည်။

တစ်နေရာရောက်တော့ ဒရယ်တစ်ကောင်တွေ့သဖြင့်သုံးယောက်သား တစ်နေရာစီမှ ပတ်ဝိုင်းပြီးပစ်ရာ ရလေသည်။

ထိုအခိုက်မှာပင် ၎င်းတို့နေရာဘက်မှ သေနတ်သံတစ်ချက်၊ နှစ်ချက် ကြားလိုက်ရသဖြင့် သုံးယောက်သား ထိုနေရာဘက်သို့ ပြန်လာကြသည်။

မနီးမဝေးရောက်တော့ တရုတ်ဖြူအသံအချို့ကို ကြားရသဖြင့် သစ်ပင်များကြားမှ ချောင်းကြည့်လိုက်ရာ သေနတ်များကိုင်ထားသော တရုတ်ဖြူငါးယောက်က ဂူထဲမှ လူများကို အပြင်သို့ထွက်ခိုင်းနေသည်ကို လှမ်းမြင်ရသည်။ သူတို့ရောက်နေသောနေရာနှင့် သိပ်မဝေးလှပေ။

ထိုအခြေအနေကိုမြင်တော့ နီမောင်တို့ သုံးယောက်က တစ်ဦးနှင့်တစ်ဦး အချက်ပြကာ နေရာခွဲလိုက်သည်။

ပြီးမှ . . သေနတ်ဖြင့်ချိန်ထားသော သုံးယောက်ကိုနောက်မှ အဆိပ်မြားဖြင့်ပစ်သည်။





"ဝှစ် . . ဝှစ် . . ဝှစ် . . ."

မြားတံသုံးချောင်းက အသံတိတ်ထွက်သွားပြီး ရန်သူသုံးယောက်ကျောကို အသီးသီး စိုက်ဝင်သွားလေသည်။

ထိသေအဆိပ်ကြောင့် တစ်ချက်ကလေးမှ အသံမထွက်နိုင်၊ တအိအိလဲကျသွားလေသည်။

ဒီတော့မှ . . ကျန်နှစ်ယောက်က သေနတ်ကိုကိုင်ပြီး နောက်ဘက်သို့လှည့်ကာ ရန်သူကိုရှာသည်။

ထိုအခိုက်အတန့်လေးမှာပင် နောက်ဘက်မှ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ ပစ်လွှတ်လိုက်သော ပေါက်ဓားတစ်လက် လှံတစ်ချောင်းက ရန်သူကျောပြင်ကိုစိုက်ဝင်သွားသဖြင့် လဲကျသွားကြပြန်သည်။

ရန်သူငါးယောက်စလုံး လဲကျသွားတော့မှ နီမောင်တို့ထွက်လာကြသည်။

သူတို့နှင့်အတူ ဒရယ်တစ်ကောင်လည်း ပါလာသေးသည်။

အနားရောက်လာတော့ ဒရယ်ကိုချပြီး ရန်သူများမှာစိုက်ဝင်နေသော မြား(၃)ချောင်း၊ ဓားတစ်လက်နှင့် လှံတစ်ချောင်းကို ပြန်နုတ်ယူသည်။

ပြီးမှ သေနတ်များကိုယူထားပြီး အလောင်းငါးလောင်းကို ချောက်ထဲပစ်ချလိုက်လေတော့သည်။

အချိန်ကလည်း မှောင်စပြုနေချေပြီ . . .။

ဒီအချိန်ရောက်မှတော့ စိတ်ချသွားရပေပြီ . .။

ထို့နောက် ဂူပေါက်ထဲမှာ မီးဖိုးပြီး ရလာသော ဒရယ်



www.burmeseclassic.com

www.burmeseclassic.com



သားကို ကင်တန်တာကင်၊ ပြုတ်တန်တာပြုတ်ပြီးနောက် ပေါင်မုန့်၊ ကောက်ညှင်းတို့ဖြင့် တွဲကာ ညစာအဖြစ် စားသောက်ကြလေသည်။

ညအချိန်ရောက်လာသောအခါ နှင်းများကျလာပြီး အအေးဓာတ်များ ပိုလာသည်။

အခြားသူများက အိပ်ကြသော်လည်း ကျော်စွာနှင့် မြဝင်းသူတို့ နှစ်ယောက်ကတော့ မီးပုံနံဘေးမှာ မီးလှုံရင်း စကားပြောနေကြသည်။

"ကိုကျော်စွာတို့က ဘယ်ကလာကြတာလဲ"

"ရန်ကုန်က လာကြတာပါ"

"ရန်ကုန်မြို့ကြီးက သိပ်ပြီးစည်ကားတာပဲလို့တော့ သူများတွေ ပြောသံကြားမိပါရဲ့"

"တစ်ခေါက်လောက် လိုက်လည်ပါလား မြဝင်းသူရဲ့"

"ကျွန်မတို့က ဘယ်မှသွားဖူးလာဖူးတာ မဟုတ်တော့ မသွားတတ်ပါဘူး၊ နောက်ပြီး ကြောက်ပါတယ်"

"ဘာများ ကြောက်စရာရှိမလဲ မြဝင်းသူရဲ့ ဒီလိုပဲ လူတွေနေကြတာပဲ၊ မြဝင်းသူလိုက်မယ်ဆိုရင် အပြန်မှာ ခေါ်သွားပေးမယ်၊ ပြီးတော့ ပြန်ပို့ပေးမှာပေါ့"

"ကျွန်မအတွက် တကူးတက ဒုက္ခရှာလို့ ကိုကျော်စွာရယ်"

"အမှန်အတိုင်းပြောရရင် မြဝင်းသူလိုက်လာမယ် ဆိုရင် ဒုက္ခရှာတယ်လို့ မထင်မိပါဘူး၊ ကျွန်တော့်စိတ်ထဲမှာ ဝမ်းတောင်သာနေမှာ"





"ဘယ်လိုကြောင့်လဲဟင်"

"ကျွန်တော်က မြဝင်းသူကို အမြဲမြင်တွေ့ချင်နေတာကိုး"

"အို. . ."

မြဝင်းသူက ရှက်သွေးဖြာသောမျက်နှာဖြင့် ခေါင်းငုံ့သွားလေသည်။

ကျော်စွာကလည်း မထူးတော့ပြီမို့ ပြောလက်စ စကားကို ဆက်ပြောလေသည်။

"ကျွန်တော်ပြောတာကို စိတ်မဆိုးပါနဲ့၊ ကျွန်တော်က စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ၊ အမှန်ပြောရရင် မြဝင်းသူကို စပြီးတွေ့ကတည်းက စိတ်ဝင်စားနေတာပါ"

"ကိုကျော်စွာ လူပျိုစကားပြောတာကလည်း မြန်လိုက်တာ"

"မြန်တယ်လို့တော့ မဟုတ်ပါဘူး၊ အခွင့်အရေးရတုန်း ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ပြောရတာပါ၊ မြဝင်းသူ သဘောလည်း သိပါရစေ. ."

"ချက်ချင်းတော့ ဘယ်သိရပါ့မလဲ၊ ကျွန်မလည်း စဉ်းစားရဦးမယ်၊ နောက်ပြီး ဒီကိစ္စတွေပြီးမှ အဘကိုအသိပေးပြီး တိုင်ပင်ရဦးမယ်"

"ကျွန်တော်မပြန်ခင်တော့ အဖြေပေးပါနော်"

"လောလိုက်တာ၊ ကဲ. . မေးပါရစေဦး ကျွန်မက ချင်လိုချင်တဲ့အဖြေ ပေးပါပြီဆိုတဲ့ ဘယ်လိုလုပ်မှာလဲ"

"ဒီကမပြန်ခင် လူကြီးတွေဆီမှာ ခွင့်တောင်းပြီး လက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မှာပေါ့။ ပြီးတော့ ရန်ကုန်ကို တစ်ခါတည်း ခေါ်သွားမယ်. . ဒီလိုမေးပြီဆိုတော့ ကျွန်တော့်မေတ္တာကို လက်ခံပေးမယ်ဆိုတဲ့ သဘောပေါ့နော် ဟုတ်လား"

"ကျွန်မ စဉ်းစားပေးပါ့မယ်"

ထိုစကားကြားသောအခါ ကျော်စွာမှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

သူ့အတွက်တော့ အခြားရတနာများကို ရှာဖွေမတွေ့ ခင်မှာတင် သူမြတ်နိုးသော ရတနာတစ်ခုကို စတင်ရရှိခဲ့ပေပြီ။ ထိုရတနာမှာ ချစ်ခြင်းမေတ္တာဆိုသော ရတနာတစ်ပါးပင် ဖြစ်ပေ တော့သည်။

"မြဝင်းသူထံက ဒီစကားကြားရတာ သိပ်ပြီးဝမ်းသာ တာပဲ"

"ကျွန်မအနေနဲ့လည်း တွေ့ဆုံရတာ မကြာသေးပဲ၊ တစ် ယောက်အကြောင်းတစ်ယောက် ဘာမှမသိရသေးတဲ့ သူစိမ်း တစ်ဦးကို ဘဝနဲ့ပတ်သက်တဲ့ ဒီစကားမျိုးပြောရတာ. . တကယ် တော့ အရမ်းကိုလွန်ရာရောက်ပါတယ်၊ စွန့်စားလွန်းရာလည်း ကျပါတယ်၊ ဒါပေမယ့် ကျွန်မ ကိုကျော်စွာအပေါ်မှာ မြင်မြင်ချင်း ယုံကြည်စိတ်ချမိပါတယ်"

"ဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့ ကျွန်တော်အပေါ် မှာ အခုလို စွန့်စွန့်စားစား ယုံကြည်ပေးတာကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဘက်ကတော့ မေတ္တာတရားနဲ့ သစ္စာကို အသက်တမျှ အာမခံပေးပါမယ်"

"ယုံကြည်ပါပြီရှင်"





ဟုပြောကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လျှက် ပြုံးလိုက်ကြလေသည်။

ထိုအပြုံးများကပင် သူတို့နှစ်ယောက်တွက် အဓိပ္ပါယ် အရှိဆုံး အပြုံးမျိုးဖြစ်ပေတော့သည်။

www.burmeseclassic.com



www.burmeseclassic.com



# အခန်း (၁၅)

# နိမိတ်ပြသောဝိညာဉ်များ

လမ်းခရီးတလျှောက်မှာတော့ နောက်ထပ်အန္တရာယ်ကြီးကြီးမားမား ထပ်မတွေ့ရဘဲ မြေပုံအညွှန်းအတိုင်း ကောင်းစွာခရီးဆက်နိုင်ခဲ့ကြရာ (၃)ရက်မြောက်သောနေ့တွင် မြေပုံထဲမှာပါသော လွှယ်နောတောင်ကြီးကို လှမ်းမြင်ရသောနေရာသို့ ရောက်သွားကြလေတော့သည်။

"ဟိုမှာ လှမ်းမြင်ရတဲ့တောင်ဟာ မြေပုံထဲမှာပါတဲ့ လွှယ်



www.burmeseclassic.com

www.burmeseclassic.com



နောတောင်ပဲ အဲဒီကိုရောက်အောင် သွားကြရမယ်၊ အဲဒီ နေ
ရောက်ရင် စမလိုဏ်ဂူကိုရှာဖို့ပဲ ကျန်တော့မယ်”

ဟုပြောပြီး ခရီးဆက်ကြရာ ညနေပိုင်းအချိန်ရော
သော် မဲခေါင်မြစ်ကမ်းနံဘေးသို့ ရောက်သွားကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ အချိန်မရှိတော့သ
မြစ်ကမ်းအနီး သင့်တော်သောနေရာရှာပြီး စခန်းချကြရ
သည်။ ထိုနေရာရောက်တော့ အဆင်သင့်ဝင်နေစရာ ဂူ
များ မတွေ့ရသောကြောင့် ကုန်းမြေတစ်နေရာမှာ ရွက်ဖျင်
များထိုးပြီး နေကြရသည်။

နေ့အချိန်တွင် မီးခိုးငွေ့ကို အဝေးမှမြင်တွေ့သွား
စိုးသောကြောင့် မီးဖိုမဖို့ဝံ့ဘဲ ညအချိန်ရောက်မှ မီးပုံကြီးဖို
အစားအသောက်များကို စီမံချက်ပြုတ်ကာ ညစာအဖြစ်
သောက်ကြသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ မြေပြင်နှင့် တညီတ
မှာ နေရသောကြောင့် စိတ်ချလက်ချ မအိပ်ဝံ့ကြဘဲ အလှည့်
ကင်းစောင့်ပေးကြရသည်။

ထိုအဖွဲ့တွင် အကြမ်းခံနိုင်ဆုံးမှာ နီမောင်၊ စော
ငမဲအောင်တို့ သုံးယောက်ပါသဖြင့် သူတို့သုံးယောက်ကပင်
စောင့်ပေးပြီး အခြားသူများကို အိပ်စေသည်။

ညဉ့်နက်တော့ ဒေါက်တာမင်းထင်ကျော် ထလာ
သူတို့ကို အိပ်ခိုင်းလေသည်။

“မင်းတို့သုံးယောက် သွားနားကြတော့”

စောထီးနှင့် ငမဲအောင်တို့က အိပ်ကြသော်လည်း





နီမောင်က မအိပ်ချင်သေးသောကြောင့်. . ၊

“ကျွန်တော် မအိပ်ချင်သေးပါဘူး၊ ဆရာနဲ့ စကားပြော
ရင်း စောင့်ပေးပါမယ်”

ဟုပြောသဖြင့် မီးဖိုပေါ်မှာ ကျိုထားသော လက်ဖက်
ရည်သောက်ရင်း စကားပြောနေကြသည်။

“မင်းက မြန်မာလူမျိုးတစ်ယောက်ဖြစ်ရက်နဲ့၊ ဘယ်လို
ကနေဘယ်လို ရှမ်းပြည်ရောက်ပြီး ဓာတ်မြှုပ်နေရတာလဲ”

ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်သောက်
ရင်း မေးလိုက်သည်။

“ဒီရောက်နေတာ တခြားအကြောင်းကြောင့်မဟုတ်ပါ
ဘူးဆရာ၊ ဝရမ်းပြေးဘဝနဲ့ ပြေးရင်းလွှားရင်း ရောက်ခဲ့ရတာပါ”

“မင်းက ဘာတွေလုပ်ခဲ့လို့ ဝရမ်းပြေးဘဝ ရောက်ခဲ့ရ
တာလဲ”

“ကျွန်တော်တို့က မြစ်ဝကျွန်းပေါ်ဘက်မှာ နေကြပါ
တယ်၊ မိဘတွေက ဆင်းရဲတော့ သစ်ခုတ်၊ ငါးရှာအလုပ်တွေ
လုပ်ပြီး အသက်မွေးကြရတယ်၊ ကျွန်တော်လည်း အရွယ်ရောက်
လာတော့ မိဘတွေကို ဝိုင်းကူပေးရပါတယ်”

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

နီမောင်က ဆက်ပြောပြသည်။

၄င်းတို့ နေသော အရပ်မှာ မော်ကျွန်းနယ်ဘက်မှ ရွာ
ကလေးတစ်ရွာ၌ ဖြစ်သည်။

နီမောင် အရွယ်ရောက်လာတော့ ထိုရွာမှာ ရင်မေဆို
သော မိန်းကလေးနှင့် ချစ်သူဘဝရောက်ကြသည်။



www.burmeseclassic.com

ထိုရွာကိုအုပ်ချုပ်သော သူကြီးဖိုးထွန်းသားဖြစ်သူ ရွှေမိုး က ရင်မေကို သဘောကျနေသည်။

ရွှေမိုးက ဖခင်ဖြစ်သူ အရှိန်အဝါဖြင့် ရွာသူရွာသားများ ကို နည်းအမျိုးမျိုးဖြင့် နှိပ်စက်ရုံမကပဲ ရွာမှာရှိသော မိန်းမပျို များကို ဖျက်ဆီးနေသူဖြစ်သည်။

တစ်နေ့တော့ သူကြီးဖိုးထွန်းက ဓားပြမှုတစ်ခုနှင့် ပတ် သက်ပြီး မသင်္ကာဟုဆိုကာ နီမောင်ကို ဖမ်းခေါ်သွားပြီး ထိပ်တုံး ခတ်ထားလေသည်။

ထို့နောက်မှာတော့ ရွှေမိုးက ရင်မေကို ဖျက်ဆီးလိုက် လေရာ ရင်မေလည်း အရှက်ကြီးရှက်ကာ ကြိုးဆွဲချကာ သေဆုံး သွားလေတော့သည်။

နောက်ပိုင်း ရက်အတော်ကြာတော့မှ နီမောင်ကို ပြန် လွှတ်ပေးလိုက်ကြသည်။

နီမောင်မှာ ချစ်သူအတွက် ကြေကွဲဝမ်းနည်းမှုများဖြင့် အိမ်ပြန်ရောက်ကတည်းက လူကြီးများမသိအောင် နှစ်ဖက်ချွန် ဓားမြှောင်ကိုသာ သွေးနေလေတော့သည်။

တစ်နေ့မှာတော့ ကလဲစားချေရန် အကြောင်းပေါ်လာ သည်။ ရွှေမိုးကိုဖမ်းမိရန် ကြံစည်ရာ သေဆုံးသွားသော ရင်မေ ညီမနှင်းမေက အကူအညီပေးလေသည်။

နှင်းမေက ရွှေမိုးကို ကြိုက်ဟန်ပြုပြီး ညဘက်ချိန်းသည်။ ရွှေမိုးရောက်လာသောအခါ အသင့်စောင့်နေသော နီမောင်နှင့် အခြားတစ်ယောက်တို့က သတိမေ့အောင် ဟုတ်ဖြင့်ရိုက်ဖမ်း သည်။





ပြီးမှ လည်ပင်းကိုကြိုးဖြင့်ရစ်ပတ်ပြီး တောစပ်မှသစ်ပင် ကြီးတစ်ပင်မှာ သွားဆွဲထားလိုက်သည်။

ရွှေမိုးသေသောအကြောင်းကို တစ်ယောက်ကသွား ပြောသောအခါ သူကြီးဖိုးထွန်းကိုယ်တိုင် ညတွင်းချင်း လိုက် လာလေသည်။

တောစပ်ရောက်တော့ လေထဲမှာ တွဲလောင်းကြီးဖြစ် တာ သေဆုံးနေသော ရွှေမိုးအလောင်းကို မြင်သောအခါ ယူကြုံး မရစိတ်ဖြစ်နေစဉ် နီမောင်က နောက်မှရောက်လာပြီး သွေး ထားသောဓားဖြင့် ကျောကိုနှစ်ချက်သုံးချက် စိုက်သွင်းချလိုက် ရာ ကျယ်ကျယ်ပင် မအော်နိုင်ဘဲ နေရာမှာလဲကျသွားလေတော့ သည်။

ထိုအခါမှ နီမောင်လည်း ဝရမ်းပြေးဘဝဖြင့် ထိုအရပ်မှ ဝေးရာသို့ စွန့်ခွာထွက်ပြေးခဲ့ရခြင်းဖြစ်ပေသည်။

အထက်ပါအဖြစ်အပျက်များ နီမောင်က ဒေါက်တာ မင်းထင်ကျော်ကို ပြန်ပြောပြသော အကြောင်းအရာအချို့ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက် တစ်လိပ်ကို စိမ် ပြေနပြေဖွာနေရာမှ နီမောင်စကားဆုံးသောအခါ မှတ်ချက်ချ လေသည်။

"လောကမှ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတာ အတိုင်း အတာတစ်ခုပဲ ရနိုင်မယ်၊ မခံနိုင်လောက်အောင် နှိပ်စက်လာ မယ်ဆိုရင်တော့ တုံ့ပြန်မှုရှိလာမှာပဲ၊ ဒီအခြေအနေမှာတော့ လက်စားချေခြင်းဆိုတာ မကောင်းဘူးဆိုပေမယ့် မင်းဘက်က

www.burmeseclassic.com



မလွန်ပါဘူး. ."

"ကျွန်တော်လည်း တစ်ဖက်သားကို ဒီလိုမလုပ်ချင်ပါ ဘူး ဒါပေမယ့်"

"ပွဲကြည့်ကြတော့ မင်းသားကို ပုဏ္ဏားက နှိပ်စက်ရင် မကြိုက်ကြဘူး၊ မင်းသားကို တစ်ချက်ရိုက်ရင် စိတ်ထဲမှာ မကျေ နပ်တဲ့ အလုံးတစ်လုံးတိုးလာတယ် နောက်ဆုံးမခံနိုင်ရင် ဇာတ် စင်ပေါ်က ပုဏ္ဏားကို တက်ရိုက်တာတောင် ရှိသေးတာပဲ၊ ဇာတ် ကတယ်ဆိုတာ တကယ်မှမဟုတ်တာ. .၊ တကယ်မဟုတ်တာ တောင် တကယ်လိုခံစားရရင် တုံ့ပြန်သေးတာ၊ မင်းက တကယ်ခံ ပြီး တကယ်နစ်နာခဲ့တာပဲ ဒီလိုပဲတုံ့ပြန်ရမှာပေါ့၊

တုံ့ပြန်ခြင်းဆိုတာ ကြုံတွေ့ရင်ဆိုင်ရတဲ့ အခြေအနေ ပေါ်မှာ မူတည်ပြီး ပေါ် ပေါက်ကြရစမြဲပါပဲ မင်းအသုံးပြုတဲ့ မြားလိုပဲပေါ့၊ လေးညို့ကြိုး ဆွဲအားများရင်များသလောက်၊ တင်း ရင်းတင်းသလောက် မြားရဲ့ စူးစိုက်အားပြင်းထန်မှာပဲ. . ."

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော့်ချစ်သူ အတွက် လက်စားချေခဲ့ရလို့ ဝရမ်းပြေးဘဝနဲ့ ဒီလိုနေရလည်း ကျေနပ်ပါတယ်"

"ဝရမ်းပြေးဆိုတာ ဝေါဟာရတစ်ခုပါကွာ၊ သတ်မှတ် ချက်မဟုတ်ပါဘူး၊ တော်လှန်ရေးသမားတွေကို အင်္ဂလိပ်ဘက်က ကြည့်တော့ လူဆိုးတွေ၊ သူပုန်တွေပေါ့၊ ငါတို့ဘက်ကကြည့်ရင် တော့ သူတို့က တိုင်းပြည်ရဲ့ သူရဲကောင်းတွေလိုပါပဲ၊ မင်းလည်း ချစ်သူအတွက် သူရဲကောင်းဖြစ်သလို ချစ်ခြင်းမေတ္တာရဲ့ သူရဲ ကောင်းတစ်ယောက်ပါပဲ"





ဟု အားပေးစကားပြောလေသည်။

"ဆရာ့စကားကြားရတာ ကျွန်တော်စိတ်ထဲမှာ အားရှိ သလိုခံစားရတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ မိဘတွေ ရှိတဲ့ နေရပ်ကို ပြန်ခွင့်ရမှာ မဟုတ်တော့ပါဘူး"

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့၊ တိုင်းပြည်အခြေ အနေက ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှ ကြိုတင်မပြော နိုင်ကြသေးဘူး၊ တကယ်လို့ အင်္ဂလိပ်တွေ ပြေးရင်တော့ မင်း လည်းလွတ်လပ်ရေးရပြီး ဒီဘဝကလွတ်မြောက်မှာပါ"

ဟုပြောရာ နီမောင်စိတ်ထဲမှာတော့ မျှော်လင့်ချက် တစ်ခု ရှိလာသကဲ့သို့ ခံစားရလေသည်။

နှစ်ယောက်သား စကားပြောနေကြရာ. . အချိန်က တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာပြီဖြစ်သော ကြောင့် နှင်းကျသံက ပိုများလာလေသည်။

ရွက်ဖျင်တဲများအပေါ်သို့ နှင်းစက်များ တပေါက်ပေါက် တဖြောက်ဖြောက် ကြားလာရသည်။

နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှ လွဲပြီး ကျန်လူများကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ လေပြီ။ ထိုအခိုက်မှာပင် မနီးမဝေးမှ လူသံသူသံများ ပေါ်ထွက် လာသဖြင့် နှစ်ယောက်သား နားစွင့်လိုက်ကြသည်။

ကြားရသောအသံများက တဖြည်းဖြည်းနီးလာရာ. . တောတိုးသံများ၊ အော်သံဟစ်သံများပါ ကြားရလေသည်။

ပထမတော့ နောက်ကလိုက်လာသော အဖွဲ့များဖြစ် နေမလားဟု ထင်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်နိုင်လောက်ပေ။

နောက်ကလိုက်လာလျှင် ထိုသို့ဆူဆူညံညံဖြင့် လိုက်လာမည်မဟုတ်ဘဲ ခြေသံလုံလုံဖြင့် နောက်ယောင်ခံလျှက် လိုက်လာကြမည်မှာ သေချာသည်။

သူတို့မဟုတ်လျှင်တော့ ညအချိန်မှာ ခရီးသွားကြသော တရုတ်ဖြူအဖွဲ့များ ဖြစ်ဖို့များသည်။

တရုတ်ဖြူအဖွဲ့ဖြစ်လျှင်လည်း ဒီလောက်နီးနေမှတော့ ရှောင်တိမ်းချိန်မရတော့ပေ။

ပထမတော့ အိပ်ပျော်နေသူများကို နှိုးလိုက်ဖို့ စိတ်ကူးကြသေးသည်။

ထိုအချိန်မှာပင် ပြေးလွှားလာသော ခြေသံများက သူတို့စခန်းချနေသော နေရာတစ်ဝိုက်သို့ ရောက်လာကြလေတော့သည်။

နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်စလုံး အသင့်ရှိနေသော လက်နက်များကိုကိုင်ကာ စောင့်ကြည့်နေကြလေသည်။

ထိုအခိုက်မှာပင် သူတို့တဲနှင့် မနီးမဝေးနေရာမှ ဖြတ်ပြေးလာသော လူလေးယောက်ကို စတင်မြင်ရသည်။

"ဟင်. . ."

"ဟာ. . ဘယ်လိုတွေလဲ"

ပြေးလာသူလေးယောက်မှာ ယခုခေတ်ဝတ်ဆင်သော အဝတ်အစားမျိုးနှင့်မဟုတ်ပဲ ရှေးခေတ်ဘုရင်တပ်မတော်တွင် အမှုထမ်းသော စစ်ဗိုလ်များဝတ်ဆင်သော အဝတ်အစားမျိုးဖြင့်





တွေ့ရခြင်းပင်ဖြစ်သည်။

"ဘယ်လို အဝတ်အစားတွေလဲ ဆရာ"

"အသံမထွက်နဲ့ အသာကြည့်နေ. ."

ဟု တိုးတိုးပြောလိုက်မှ အသံတိတ်သွားသည်။

ပြေးလာသော လေးယောက်က သူတို့ရှိနေသောနေရာနှင့် မနီးမဝေးရောက်လာသော်လည်း မြင်ပုံမရဘဲ တစ်ချက်ကလေးမှ လှည့်မကြည့်ကြပေ. .။

ခဏကြာတော့ နောက်ဘက်မှ ဆူဆူညံညံ အသံများကြားရပြန်လေသည်။

ထိုအသံများကြားတော့ တဲနှင့်မနီးမဝေးရောက်နေသော လူလေးယောက်က တဖက်တောတွင်းသို့ ဝင်ပြေးသွားကြလေသည်။ မနှေးမနှောင်းမှာပင် ထိုနေရာသို့ လူများထပ်ရောက်လာကြပြန်သည်။

(၁၅)ယောက်ခန့်ရှိပြီး ဘုရင့်တပ်သားအဝတ်အစားများနှင့် ဓားလှံလက်နက်များ အသီးသီးကိုင်ဆောင်ထားကြလေသည်။

အချင်းချင်း အော်ဟစ်ပြောဆိုနေကြပြီး တစ်စုံတစ်ခုကို ရှာဖွေနေကြဟန် ရှိလေသည်။

နီမောင်တို့ရောက်နေသောနေရာနှင့် အတော်ပင် နီးနေသော်လည်း တစ်ချက်ကလေးမှ လှည့်မကြည့်ကြဘဲ ၎င်းတို့အချင်းချင်းသာ ပြောဆိုနေကြသည်။

နီမောင်မှာတောတောင်များနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသည်ဆိုသော်လည်း. . ထိုကဲ့သို့သော မြင်ကွင်းမျိုးကို


www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဘူး မကြုံဘူးသေးသောကြောင့် များစွာအံ့ဩနေမိလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထူးခြားသော အမူအရာဖြင့် ထိုလူများရှိနေရာဘက်သို့ လှည့်ကြည့်နေသည်။

ခဏကြာတော့ ထိုနေရာတွင် ရောက်နေကြသော ဘုရင့်တပ်သားများက စောစောကလူလေးယောက် ပြေးသွားသော နေရာဘက်သို့ ပြေးလိုက်သွားကြရာ ခဏကြာလျှင် အသံများပျောက်သွားလေသည်။

ထိုအခါမှ နီမောင်က အိပ်ပျော်နေသူများကို ကြည့်ပြီး မကျေမနပ် ပြောလိုက်လေသည်။

"ဒီလောက် လူတွေအများကြီးရောက်လာပြီး ဆူညံနေတာတောင် တစ်ယောက်မှ မနိုးကြဘူး၊ ရန်သူတွေသာဆိုရင်တော့ အခက်ပဲ"

"သူတို့မှ မကြားရတာ ဘယ်နိုးပါ့မလဲ"

ဒေါက်တာမင်းထင်ကျော်က အဓိပ္ပါယ်တစ်မျိုးဖြင့် ပြောလိုက်သော်လည်း နီမောင်ကတော့ သဘောမပေါက်ပေ။

"ရှေ့ကလူလေးယောက်တော့ နောက်ကလိုက်တဲ့လူတွေနဲ့ တစ်နေရာမဟုတ်တစ်နေရာ တွေ့ပြီးသေမှာပဲ"

"သူတို့က သေပြီးတာ နှစ်ပေါင်းတစ်ရာကျော်လောက်ရှိရောပေါ့၊ အခုမှတော့ ထပ်သေစရာမှ မရှိတော့တာ. . "

နီမောင်က ဒေါက်တာမင်းထင်ကျော်ကို အံ့ဩသော အမူအရာဖြင့်ကြည့်လိုက်လေသည်။

"ရှေ့မှာပြေးသွားတဲ့ လေးယောက်က အခြားမဟုတ်





ဘူး လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀)လောက်က နန်းစဉ်ဓားနဲ့ နန်းစဉ်ရတနာတွေယူပြီး ထွက်ပြေးလာတဲ့ ဗိုလ်လေးယောက်ပဲ"

"ဟင်. . . "

"နောက်ကလူတွေက သူတို့နောက်ကို သဲကြီးမဲကြီးလိုက်နေတဲ့ ဘုရင့်တပ်သားတွေပဲပေါ့၊ သူတို့အားလုံး သေခဲ့ကြတာ အတော်ကြာရောပေါ့"

"ဒါဖြင့် ကျွန်တော်တို့ကို သရဲလာခြောက်နေတာပေါ့ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ မင်းကိုကြောက်အောင် လန့်အောင်ခြောက်လှန့်ချင်ရင် ဒီလိုဘယ်လာပါ့မလဲ၊ ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတွေပုံစံမျိုး ဖန်ဆင်းပြီးလာမှာပေါ့၊ အခုဟာက ဒီလိုမဟုတ်ဘူး၊ ငါတို့ကို အတိတ်နိမိတ် လာပြတာဖြစ်မယ်"

"ဘယ်လို အတိတ်နိမိတ်မျိုးလဲဆရာ"

"အခုငါတို့သွားနေတဲ့ လမ်းကြောင်းမှန်တယ်ဆိုတာကို လာပြပေးတာဖြစ်မှာပါ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀)လောက်တုန်းက သူတို့ပြေးခဲ့တာ ဒီလမ်းကြောင်းဆိုတာ နိမိတ်ပြပေးကြတာပါ"

"ဒီလိုဆိုတော့လည်း ဟန်ကျတာပေါ့ ဆရာရယ်၊ စောစောကတော့ ခက်ပဲခက်တော့မလားလို့ ထင်နေမိတာ. . အတော့်ကို ထူးဆန်းတာပဲနော်"

"လောကမှာ ဉာဏ်တစ်ထွာတစ်မိုက်လောက်နဲ့ လိုက်မမှီနိုင်လောက်အောင် ထူးခြားဆန်းကြယ်မှုတွေ အများကြီးရှိ



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့ကွာ၊ ဒါကြောင့် 'သိတိုင်းလည်း ပုံပြီးမယုံနဲ့၊ မသိတိုင်းလည်း မယုံမရှိနဲ့' ဆိုတဲ့ စကားမျိုးရှိခဲ့တာပေါ့"

ဟု နှစ်ယောက်သား လက်ဖက်ရည်သောက်ရင်း ပြောဆိုနေကြလေသည်။

အပြင်ဘက်မှာတော့ နှင်းများ ထူထပ်စွာကျနေပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။





# အခန်း (၁၆)

# ကနှစ်ထပ်၊ တနှစ်ထပ် နေရာမှ ဝိညာဉ်များ

နောက်တစ်နေ့နံနက်ပိုင်းအချိန်ရောက်သောအခါ မြဝင်းသူကိုယ်တိုင် စီစဉ်ပေးသော အစားအသောက်များကို စားသောက်ရင်း ညကမြင်တွေ့ခဲ့ရသော အဖြစ်အပျက်တို့ကို ပြန်ပြောဲကိုက်သောအခါ ကျန်လူများက အံ့သြသွားကြလေသည်။

စားသောက်ပြီးသောအခါ ခရီးဆက်ရန်အတွက် မြေပုံလေးပိုင်းကို ဆက်စပ်ပြီးကြည့်ကြရာ လွယ်နေတောင်သို့ ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်နေသော လမ်းကြောင်းပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း ခန့်မှန်းမိကြသည်။

"လွယ်နောတောင်ကတော့ အခုလှမ်းမြင်နေရပြီဆို တော့ မကြာခင်ရောက်သွားမှာပဲ၊ ဒါပေမယ့် ဒီလောက်ရှည်တဲ့ တောင်ကြောကြီးပေါ်မှာ. . ကျုပ်တို့သွားချင်တဲ့ စမလိုဏ်ဂူကို ဘယ်လိုရှာကြမလဲ"

ဦးစိုင်းနောင်ကမေးလိုက်သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရှင်းပြသည်၊

"မြေပုံအပြင် ဒီမှာ စာညွှန်းတစ်ခုရှိသေးတယ်၊

(က,နှစ်ထပ် ၊ တ,နှစ်ထပ်၊ တစ်ထပ်တည်းဖြောင့်၊ ထ ဖြောင့်တည်းရှာ၊ အဆုံးနေရာ ရတနာ)

ဆိုတဲ့ အညွှန်းက ဂူနဲ့အနီးတစ်ဝိုက်မှာရှိတဲ့ ထူးခြားတာ ကို ညွှန်ပြထားတာလို့ ထင်ပါတယ်"

"ဒါပေမယ့် အဓိပ္ပါယ် ဘယ်လိုဖော်မလဲ"

ဦးဒီပက မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ရှေ့ မှာချထားသော မြေပုံကို အသေအချာကြည့်နေသည်။ ပြီးမှ. .

"ဒီကြက်ခြေခတ်ပြထားတာ ဂူပေါက်နေရာဖြစ်နိုင် တယ်၊ ဂူပေါက်ဝနဲ့ မနီးမဝေးမှာ အနီစက် လေးစက်ပြထားတာ အကြောင်းရှိမယ်၊ ကျွန်တော်အထင်တော့. . သစ်ပင်လေးပင် ကျောက်တောင်လေးလုံးလို့ ထင်တာပဲ၊ တောင်ပေါ်ရောက်မှပဲ တွေ့ရတော့မှာပဲ၊ ကဲ. . . စားသောက်ပြီးကြရင် ခရီးဆက်ကြရ အောင်"

ဟုပြောပြီး ထိုနေရာတစ်ဝိုက်မှာရှိသော သဲလွန်စများ





ကို ဖျောက်ဖျက်ပြီးနောက် လွယ်နောတောင်ရှိရာသို့ ဦးတည် သွားကြလေသည်။

တောင်ကိုမြင်နေရပြီဖြစ်သောကြောင့် မြေပုံလမ်းညွှန် ကြည့်စရာမလိုဘဲ သင့်တော်သော လမ်းများမှ ရွေးချယ်သွား ကြရာ များစွာခရီးတွင်ကြလေသည်။

နောက်မှာတော့. . ကြားမှာလျှိုတစ်ခုသာခြားသော တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သွားသောအခါ နီမောင်က ထူးခြားမှုတစ်ခုကို လှမ်းမြင်သဖြင့် ဒေါက်တာမင်းထင်ကျော်ကို ပြောသည်။

"ဆရာ လွယ်နောတောင်ရဲ့ ဟိုထိပ်နားမှာ ပေါက်နေ တဲ့ သစ်ပင်ကြီးလေးပင်ကို ကြည့်ပါဦး၊ ထူးခြားတယ်လို့ မထင် ဘူးလား"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အဝေး ကြည့်မှန်ပြောင်းဖြင့် ကြည့်သည်။

စတုဂံပုံသဏ္ဌာန်မျက်နှာချင်းပေါက်နေသော သစ်ပင် ကြီးလေးပင်မှာ အထိကရသစ်ပင်ကြီးများ ဖြစ်ဟန်ရှိသည်။ အခြားသစ်ပင်များအပေါ်သို့ ကျော်တက်နေပြီး ပေါက်နေပုံက လည်းထူးခြားသည်။

"ဟုတ်တယ် သစ်ပင်ကြီးလေးပင်ပေါက်နေပုံက ထူးခြား တယ်၊ နောက်ပြီး. . မြေပုံမှာ လမ်းညွှန်ပြထားတာတွေနဲ့လည်း နီးစပ်တော့ အဲဒီနေရာကို အရင်သွားကြည့်ကြမယ်"

ဟုပြောသည်။

ထို့နောက်. . တောင်ကုန်းပေါ်မှာပင် ခရီးနှင့်အစားအ



www.burmeseclassic.com

www.burmeseclassic.com



သောက်အချို့ကို ထပ်မံစားသောက်ပြီးမှ တောင်ကုန်းပေါ်မှ လှိုဏ်အတွင်းသို့ ဆင်းကြသည်။

တောင်ဆင်းလမ်းဖြစ်သော်လည်း မတ်စောက်လှသောကြောင့် သတိဖြင့်ဆင်းကြရသည်။

ခြေချော်သွား၍သော်လည်းကောင်း . . အရှိန်လွန်၍သော်လည်းကောင်း ချောက်ထဲကျသွားပါက အန္တရာယ်များလွန်းသည်။ ဒီနေရာမှာတော့ စောထီးနှင့် ငမဲအောင်က အားကိုးရသည်။ နွယ်ကြိုးများဆက်၍ တန်းပေးထားသဖြင့် လူများသာမက ဝန်တင်လားနှစ်ကောင်ကိုပါ ကြိုးဖြင့်ထိမ်းကာ တဖြည်းဖြည်း ချင်းဆင်းကြရလေသည်။

နောက်ဆုံးမှာတော့ ဘေးအန္တရာယ်တစ်စုံတစ်ရာ မတွေ့ကြရဘဲ လှိုဏ်ထဲရောက်သည်။

ထိုနေရာမှ လွယ်နောတောင်ခြေပင်ဖြစ်သည်။

လှိုဏ်အတွင်း တစ်နေရာမှာ စမ်းချောင်းတစ်ခု တွေ့ရသောကြောင့် သောက်ရေဖြည့်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများ ပြုလုပ်ကြသည်။

တစ်လမ်းလုံးပင်ပန်းလာသမျှ ရေခဲရေတမျှအေးသော ရေနှင့်ထိလိုက်တော့မှ လန်းဆန်းသွားကြလေသည်။

တောင်ခြေမှာရှိသော လှိုဏ်ထဲတွင် အတော်ကြာအောင် နားကြပြီး မွန်းလွဲပိုင်းအချိန်ရောက်သောအခါမှ တောင်ပေါ်သို့ ဆက်တက်ကြလေသည်။

လွယ်နောတောင်မှာ ပေ(၅၀၀၀)ကျော်ခန့်မြင့်ပြီး . . ကျောက်တောင်အမျိုးအစားဖြစ်သည်။





တောင်တစ်တောင်လုံး သစ်ပင်မျိုးစုံတို့ ပေါက်ရောက်လျက်ရှိရာ နေပြောက်မထိုးအောင်ရှိလေသည်။

တောင်တက်လမ်းတို့၏ သဘာဝအတိုင်း အချို့နေရာများမှာတက်ရဆင်းရ လွယ်ကူသော်လည်း အချို့နေရာများမှာတော့ မတ်စောက်ပြီး တက်ရဆင်းရခက်ခဲ့သည်။

မည်သည့်တောင်ကိုတက်ရသည်ဖြစ်စေ လမ်းတွင်အတက်ရခက်ခဲသော မတ်စောက်သည့်နေရာမျိုး နှစ်နေရာ၊ သုံးနေရာ တွေ့ရလေ့ရှိရာ လွယ်နောတောင်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်ပေသည်။

လူချည်းဆိုလျှင်တော့ တက်ရမခက်သော်လည်း ဝန်တင်လားနှစ်ကောင် ပါနေသောကြောင့် အချို့နေရာများမှာ ခက်ခဲလှသည်။ ထိုလားများကို တောထဲမှာ ထားခဲ့၍လည်း မဖြစ်ပေ၊ ထားခဲ့သည်နှင့် . . မကြာခင် တောကောင်ကြီးများလက်ချက်ကြောင့် အစပျောက်သွားပေမည်။

ထို့ကြောင့် ခက်ခက်ခဲခဲနှင့်ပင် ရအောင်ခေါ်ဆောင်သွားကြရသည်။

ထိုနေရာမှာတော့ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က များစွာအားကိုးကြရသည်။

လမ်းခရီးတလျှောက်လုံး လူများရော လားနှစ်ကောင်အတွက်ပါ အဆင်ပြေအောင် လုပ်ပေးနိုင်ကြသည်။

နွယ်ကြိုးများတန်းပေးခြင်း၊ ဝါးလုံးတန်းများချပေးခြင်း၊ အချို့နေရာများတွင် သစ်ပင်များလှဲပြီး တံတားခင်းပေးခြင်းများ ပြုလုပ်ပေးသဖြင့် များစွာအဆင်ပြေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းအချိန်လောက်မှာတော့ လွယ်နေသောတော[illegible]
ထိပ်ပေါ်သို့ ရောက်သွားကြလေသည်။

ထိုတောင်ထိပ်ပေါ်ရောက်တော့ သဘာဝကျောက်[illegible]
ပေါက်များရှိသဖြင့် အဆင်ပြေသည်။

ဂူပေါက်တစ်ခုထဲမှာ တစ်ညဝင်နားပြီး နောက်တ[illegible]
ရောက်မှ တောင်ထိပ်ပေါ်မှာ ထီးထီးကြီးပေါက်နေသော [illegible]
ပင်မြင့်ကြီးလေးပင်ရှိရာသို့ သွားကြသည်။

သစ်ပင်ကြီးများ ပေါက်နေသောနေရာမှာ တောင်[illegible]
ထိပ်အမြင့်ပေါ်မှာရှိသည်။

ထိုတောင်ကုန်းထိပ်မှကြည့်လျှင် မဲခေါင်မြစ်ကြီး[illegible]
အဝင် ယိုးဒယားနိုင်ငံ၊ လာအိုနိုင်ငံဘက်ကို လှမ်းမြင်ရသည်[illegible]

အရပ်လေးမျက်နှာကို မြင်ရသည်။

တောင်ကုန်းပေါ်ရောက်တော့ သင့်တော်သောနေ[illegible]
မှာ စခန်းချပြီး သစ်ပင်ကြီးလေးပင်ကို အသေအချာကြည့်[illegible]
လေ့လာကြည့်သည်။

သစ်ပင်ကြီးလေးပင်မှာ လေးထောင့်ပုံသဏ္ဍာန်မျက်[illegible]
ချင်းဆိုင်ရှိနေကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က သစ်ပင်အမျိုးအစားမျ[illegible]
ကိုကြည့်သည်။

အရှေ့ဘက်မှာရှိသော ကျွန်းပင်၊ အနောက်ဘက်၌ [illegible]
ညင်ပင်၊ တောင်ဘက်မှာ ထိန်ပင်၊ မြောက်ဘက်၌ တော[illegible]
သရက်ပင်ကြီးတို့ဖြစ်ကြသည်။

သစ်ပင်လေးပင်စလုံး လုံးပတ်၊ သစ်ပင်အမြင့်တို့မှာ





တညီတည်းတရွယ်တည်းဖြစ်သောကြောင့် ထူးခြားလေသည်။

"ဒီသစ်ပင်ကြီးလေးပင်ဟာ မြေပုံပေါ်မှာ အနီစက်လေး စက်ပြထားတဲ့နေရာပဲဖြစ်ရမယ်၊ ဒီသစ်ပင်ကြီးတွေမှာ ဘယ်လို ထူးခြားမှုတွေ ရှိသလဲဆိုတာ ရှာကြည့်ကြပါ. . ."

ဟုပြောသဖြင့် နီမောင်၊ ကျော်စွာ၊ စောထီး၊ ငမဲ အောင်တို့လေးယောက်က သစ်ပင်ကြီးများ၏ ပင်စည်နှင့် နေရာအနှံ့ကို ကြည့်ရှုကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မြေပုံကိုကြည့်လိုက် ကနှစ်ထပ်၊ တနှစ်ထပ်ဆိုသော လက်ာကို ကြည့်လိုက်နှင့် လုပ် နေရာ အနီးမှာရှိနေသော ဦးဇန်ကောင်းကပေါ ကွမ်းဝါးရင်းနှင့် အဖြေရှာကြည့်နေသည်။

"ကျုပ်သဘောပေါက်ပြီး မောင်ထင်ကျော်"

"ဘယ်လိုလဲအဘ"

"သစ်ပင်ကြီးလေးပင်က ကျွန်းပင်၊ ကညင်ပင်၊ ထိန်ပင်၊ တောင်သရက်ပင်ဆိုတော့ ရှေ့စာလုံးတွေယူရင် သူပြောတဲ့ က နှစ်ထပ် တနှစ်ထပ်ဖြစ်တယ်"

"ရှင်းပါဦးအဘရဲ့"

"ကနှစ်ထပ်က တနင်္လာနံ ကကြီးနှစ်လုံးကို ပြောတာ ဖြစ်သလို၊ တနှစ်ထပ်က စနေနံ တဝမ်းပူနဲ့ ထဆင်ထူးကို ညွှန်း တာဖြစ်မယ်၊ ကနှစ်ထပ် တနှစ်ထပ်ဆိုတာ ဒီသစ်ပင်ကြီးလေး ပင်ကို ညွှန်းခဲ့တာ သေချာတယ်"

"ဒါဖြင့် ရှေ့ကစကားဝှက်တွေကိုလည်း ဆက်ရှင်းပါဦး"

"ရှေ့စာပိုဒ်ကဘာတဲ့လဲ. ."



www.burmeseclassic.com

www.burmeseclassic.com

"တစ်ထပ်တည်းဖြောင့်၊ တဖြောင့်တည်းရှာ. . . တဲ့"

"ဒါကရှင်းပါတယ် သစ်ပင်ကြီးလေးပင်စလုံး တစ်ထပ်တည်းဖြစ်ဖို့က ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့၊ သူတို့အရိပ် ဘယ်လိုကျသလဲဆိုတာ စောင့်ကြည့်ကြသေးတာပေ့ါ။ မဟုတ်တော့မှ နောက်တစ်နည်း စဉ်းစားရင် ပိုမကောင်းဘူးလား"

"ကောင်းပါတယ်အဘ၊ နေဝင်ချိန်အထိ စောင့်ကြည့်ကြတာပေ့ါ"

ထိုသို့ပြောနေစဉ် နီမောင်တို့ရှိသော နေရာဘက်မှ အော်ပြာသံကြားရသည်။

"ဆရာရေ ဒီမှာလာကြည့်ပါဦးဗျ၊ ထူးခြားတာ တွေ့နေလို့"

ဟုလှမ်းပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်က ကဗျာကရာ ထသွားကြသည်။

ကျွန်းပင်ကြီးနားရောက်တော့ နီမောင်က ကျိုးပေါင်းတက်နေသော နေရာကို ဓားဖြင့်ခွာချရာမှ ပေါ်နေသော စာလုံးတစ်လုံးကိုပြသည်။

ဓားဖြင့်ထွင်းထားသော (စ) စာလုံးပင်ဖြစ်သည်။

သို့ကြောင့် ကျန်လေးပင်၏ ပင်စည်တွင် ကျိုးပေါင်းတက်နေသော နေရာများကို ဓားဖြင့် ခွာကြည့်ရာ. . ခ အက္ခရာ ဗ အက္ခရာနှင့် ဝ အက္ခရာတို့ကို တွေ့ရလေသည်။

" စ. ခ. ဗ. ဝ အက္ခရာတွေပါလား"

"ဟုတ်တယ် ဒီ စ. ခ. ဗ. ဝ အက္ခရာတွေက တခြားမဟုတ်ဘူး ဗိုလ်စက္က၊ ဗိုလ်ခသ၊ ဗိုလ်ဗလ၊ ဗိုလ်ဝဏ္ဏတို့ လေး





ယောက်ရဲ့ နာမည်အစစာလုံးတွေပါပဲ၊ ဒီသစ်ပင်က စာလုံးတွေလည်း သူတို့ထွင်းခဲ့တာပဲဖြစ်မှာပါ. . ၊ နှစ်ပေါင်း (၁၄၀)ကျော်ပြီဆိုတော့ ကျိုးပေါင်းတက်ပြီး ပျောက်သွားခဲ့တာပါ. . "

"ဒါဖြင့် ဒီနေရာက သူတို့လေးယောက်ရောက်ခဲ့ကြတာသေချာပြီပေ့ါ၊ အံ့သြစရာပါပဲ"

"သစ်ပင်ကြီးလေးပင်တွေ့ပြီဆိုတော့ စမလိုက်ဂူဆိုတာလည်း ဒီနေရာတစ်ဝိုက်မှာပဲ ရှိမှာပေ့ါနော်"

"ရှိနိုင်ပါတယ်၊ နောက်အညွှန်းတစ်ခုကို အဖြေရှာလို့ရရင် စမလိုက်ဂူကိုတွေ့ကြမှာပါ. . "

ဟုပြောပြီး စခန်းချနေသောနေရာသို့ ပြန်လာပြီး ဦးစိုင်းနောင်နှင့် ဦးဒီပတို့နှစ်ယောက်ကို အကျိုးအကြောင်းပြောပြရာ နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။

ဒေါက်တာမင်းထင်ကျော်ကိုလည်း ချီးကျူးကြသည်။

"ကျွန်တော်တစ်ယောက်တည်းတော်လို့ မဟုတ်ပါဘူး၊ အားလုံး တက်ညီလက်ညီလုပ်လို့ ဒီလိုအောင်မြင်ကြတာပါ"

ဟုပြောပြီး စားရင်းသောက်ရင်း နားကြလေသည်။

မွန်းလွဲချိန်ရောက်တော့မှ နေရောင်က ထွန်းလင်းတောက်ပလာသည်။

သစ်ပင်ကြီးများအရိပ်ကလည်း တဖြည်းဖြည်း ထွက်လာရာမှ ရှည်လာလေသည်။

ပထမတော့ တစ်ပင်ချင်းစီအရိပ်များထွက်နေသည်။ နေစောင်းသွားသောအခါ သစ်ပင်အရိပ် လေးခုက အဖျားချင်းဆိလာသည်။ နောက် ပူးကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ကလည်း စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်နေကြလေသည်။

နေဝင်ကာနီးနောက်ဆုံးအချိန်မှာတော့ သစ်ပင်အရိပ်လေးခုစလုံး တထပ်တည်းဖြစ်သွားလေတော့သည်။

ထိုသစ်ပင်ရိပ်ကျသောနေရာတလျှောက်ကို အသေအချာ မှတ်သားထားလိုက်ကြသည်။

"က,နှစ်ထပ်၊ တ,နှစ်ထပ်
တစ်ထပ်တည်းဖြောင့်
တဖြောင့်တန်းရှာ. .
အဆုံးနေရာ. . . ရတနာ. . ."

ဟူသော စာညွှန်း၏ အဖြေကိုတွေ့ကြရလေပြီ. . .။

နေဝင်သွားပြီဖြစ်သောကြောင့် ဂူပေါက်တစ်ခုတည်းမှာဝင်ပြီး စခန်းချလေသည်။

လားနှစ်ကောင်ကိုပါ ဂူပေါက်အတွင်းသို့ ထည့်ထားလေသည်။ ညဥ့်နက်ချိန်ရောက်တော့ ဦးဗန်ကောင်းကပြောသည်။

"ဒီနေရာရောက်မှတော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ခေါ်မေးကြည့်ရင် မကောင်းဘူးလား"

"ဘယ်သူတွေကိုလဲ"

"ဗိုလ်လေးယောက်ကိုပေါ့"

"ဒီလောက်နှစ်ကြာမှ သူတို့ဝိညာဉ်တွေက ရှိပါတော့မလား"

"လူ့ဘဝရဲ့ နှစ်ပေါင်း တစ်ရာဆိုတာ ဝိညာဉ်လောကရဲ့





တစ်ရက်ပဲကြာတယ်၊ ရှိချင်လည်း ရှိနေနိုင်ပါတယ်"

ဟုပြောပြီးနောက် အစီအစဉ်များ စလုပ်လေသည်။

ဦးဗန်ကောင်းပြုလုပ်သော အစီအစဉ်များက ထွေထွေထူးထူးတော့ မဟုတ်ပေ။

အစားအသောက်အချို့ကို ဖက်စိမ်းများပေါ်တွင် လေးပုံပြီးနောက် ဂူပေါက်ဝနှင့် မနီးမဝေးကျောက်တုံးတစ်တုံးပေါ်သို့ တင်ထားသည်။

ပြီးမှ အပေါ်မှ မြေပုံလေးပိုင်းကို တစ်ပိုင်းစီ တင်ထားပေးလိုက်သည်။ မြေပုံပေါ်မှာရေးထားသော အက္ခရာများကိုတော့ သေသေချာချာ မှတ်ထားလိုက်သည်။

သူတို့စခန်းချနေသော ဂူပေါက်ဝမှကြည့်လျှင်. . . ၁. ၈. ၀. ၀ စာလုံးများထွင်းထားသော အထိကရသစ်ပင်ကြီးလေးပင်တို့ကို လှမ်းမြင်ကြရလေသည်။

ဦးဗန်ကောင်းပြုလုပ်နေသည် ကျန်လူများကလည်း စိတ်ဝင်စားကြသောကြောင့် မအိပ်ဘဲ စောင့်ကြည့်နေကြလေသည်။ ညဥ့်နက်ပိုင်းရောက်တော့ စလုံးအက္ခရာရှိသော အရှေ့ဘက်၌ရှိသည် ကျွန်းပင်ကြီးအောက်တွင် ရပ်နေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုသူရပ်နေသည်ကို မြင်သောအခါ စကားသံများရပ်သွားကြသည်။

ထိုသူကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်အစားများမှာ ယခုကာလဝတ်သော အဝတ်အစားများမဟုတ်ဘဲ ရှေးအခါက စစ်ဗိုလ်စစ်သားများဝတ်ဆင်သော အဝတ်အစားမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓားရှည်တစ်လက်ကို လွယ်ထားလေသည်။

သစ်ပင်အောက်မှာ ရပ်နေသူက ဦးဇန်ကောင်းချထား သော အစားသောက်ရှိရာသို့ လျှောက်လာပြီး အပေါ်မှ တင်ထားသော မြေပုံစာရွက်ကိုဖယ်ပြီး အစားအသောက်တို့ကို ယူစားသည်။

ထိုအခါ . . ဦးဇန်ကောင်းက မနီးမဝေးနေရာအထိ လျှောက်သွားပြီး မေးလိုက်သည်။

"ဗိုလ်စက္ကမဟုတ်လား"

"ဟုတ်ပါတယ်"

"မြေပုံနဲ့ သက်ဆိုင်တဲ့သူက အဆက်အနွယ် အမှန်ပဲလား"

"မှန်ပါတယ်"

"ဒါဖြင့် ရတနာတွေကို ယူခွင့်ပေးပါ"

"ထိုက်တန်တဲ့သူမှသာ ယူနိုင်တဲ့ပစ္စည်းတွေဖြစ်လို့ ယူနိုင်ပါတယ်"

"ခင်ဗျားအတွက် ဘာတွေလုပ်ပေးစေချင်ပါသလဲ"

"ကောင်းမှုကုသိုလ်တွေ လုပ်ပေးပြီးတော့ အမျှအတန်းသာဝေပေးပါ ကျေနပ်ပါပြီ"

ဟု ပြောဆိုကာ အစားအသောက်များ စားသောက်ပြီး ကျွန်းပင်ကြီးရှိရာသို့ ပြန်လှည့်သွားလေသည်။

သူပျောက်သွားတော့ တောင်ဘက်မှာရှိသော ထိန်ပင်ကြီးအောက်မှ လူတစ်ယောက်ထွက်လာပြီး ခ အက္ခရာပါသော မြေပုံစာရွက်ကို ဖယ်ပြီး အစားအသောက်များကို စားနေစဉ်





ဦးဇန်ကောင်းက မေးမြန်းသည်။

"ဗိုလ်ခသ ထင်ပါရဲ့"

"မှန်ပါတယ်"

"မြေပုံနဲ့သက်ဆိုင်တဲ့သူ မကျန်ခဲ့ဘူးလား"

"ကျုပ်က ယိုးဒယားနယ်ဘက်ကဆိုတော့ ဒီဘက်နယ်မှာ မရှိဘူး၊ ဟိုဘက်နယ်မှာပဲရှိတယ်"

"ရတနာတွေကို ယူခွင့်ပေးပါသလား"

"ထိုက်တန်တဲ့သူမှသာ ယူနိုင်တဲ့ပစ္စည်းတွေမို့ ယူနိုင်ပါတယ်"

"ခင်ဗျားအတွက် ဘာတွေလုပ်ပေးရပါမလဲ"

"ကောင်းမှုကုသိုလ်တွေလုပ်ပေးပြီး ကျုပ်တို့အတွက် အမျှအတန်းဝေပေးပါ၊ ယိုးဒယားမှာရှိတဲ့ ကျုပ်ရဲ့အဆက်အနွယ်တွေကို စုံစမ်းပြီး ရတနာပစ္စည်းအချို့ပေးပေးရင် ကျေနပ်ပါပြီ"

"ကောင်းပါပြီ ဆောင်ရွက်ပေးပါ့မယ်"

ထိုသို့ပြောပြီးနောက် . . ထွက်လာသော ထိန်ပင်ကြီးရှိသောနေရာသို့ ပြန်လျှောက်သွားပြီး အနားရောက်တော့ ပျောက်သွားလေသည်။ ခဏကြာတော့ မြောက်ဘက်မှာရှိသော တောင်သရက်ပင်ကြီးအောက်မှ လူတစ်ယောက်ထွက်လာပြီး လျှောက်လာသည်။ ဗ အက္ခရာမြေပုံစာရွက်ကို ဖယ်ပြီး အစားအသောက်များကို စားသောက်နေစဉ် ဦးဇန်ကောင်းက မေးလိုက်သည်။

"ဗိုလ်ဗလ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်"

"မြေပုံနဲ့ သက်ဆိုင်သူက အဆက်အနွယ် အမှန်ပါပဲလား"

"မှန်ပါတယ်"

"ဒါဖြင့် ရတနာတွေကို ယူခွင့်ပြုပါ"

"ထိုက်တန်တဲ့သူမှသာ ယူနိုင်တဲ့ ပစ္စည်းတွေမို့ ထိုက်တန်ရင် သက်ဆိုင်ရင် ယူခွင့်ပြုပါတယ်"

"ခင်ဗျားအတွက် ဘာများလုပ်ပေးစေချင်ပါသလဲ"

"ကျုပ်တို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတော့ အမျှဝေပေးပါ"

"ကောင်းပါပြီ. . ."

ထိုသို့ပြောပြီး စားသောက်ပြီးနောက် တောင်သရက်ပင်ကြီးရှိရာပြန်လျှောက်သွားကာ အနီးရောက်တော့. . ဖျက်ခနဲပျောက်သွားပြန်လေသည်။

နောက်ဆုံးထွက်လာသူမှာ အနောက်အရပ်မှာရှိသော ကညင်ပင်ကြီးရှိရာမှ လူတစ်ယောက်ထွက်လာပြီး နောက်ဆုံးကျန်သော ဝ အက္ခရာမြေပုံတင်ထားသော အစားအသောက်များကို ယူငင်စားသောက်လေသည်။

"ဗိုလ်ဝဏ္ဏ မဟုတ်လား"

"ဟုတ်ပါတယ်"

"အခုလာတာ မြေပုံနဲ့ သ်ဆိုင်တဲ့ အဆက်အနွယ်မှန်ပါသလား"

"အမှန်ပါပဲ"





"ဒါဖြင့် ရတနာတွေကို ယူခွင့်ပေးပါ"

"ထိုက်တန်တဲ့သူမှသာ ယူခွင့်ရနိုင်တာမို့ သင်တို့ ထိုက်တန်ရင် ယူဆောင်ခွင့်ပေးပါတယ်"

"ခင်ဗျားအတွက် ဘာများဆောင်ရွက်ပေးစေချင်ပါသလဲ"

"ကုသိုလ်ကောင်းမှုတွေပြုလုပ်ပြီးနောက် ကျုပ်တို့လေးယောက်အတွက် အမျှအတန်းဝေပေးစေချင်ပါတယ်"

"ကောင်းပါပြီ ဆောင်ရွက်ပေးပါမယ်. . ."

ထိုသို့ပြောပြီး အနောက်ဘက်၌ရှိသော ကညင်ပင်ကြီးရှိရာဘက်သို့ လျှောက်သွားပြီး ဖျက်ခနဲပျောက်သွားလေသည်။

ထိုအခါမှ ဦးဇန်ကောင်းက မြေပုံစာရွက်လေးပိုင်းကို ကောက်ယူပြီး ဂူအတွင်း ပြန်ဝင်လာလေသည်။

သူကိုယ်ပေါ်မှာလည်း နှင်းစက်များဖြင့် စိုရွှဲနေလေပြီ။ ဦးဒီပက လက်ဖက်ရည်ပူပူတစ်ခွက်ငှဲ့ထည့်ပေးရင်း မေးလိုက်သည်။

"စောစောက ခင်ဗျားနဲ့ စကားပြောနေကြတာ ဘယ်သူတွေလဲဗျ. ."

"ဒီမြေပုံနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ခင်ဗျားနဲ့ ဆွေမျိုးတော်စပ်တဲ့ ဗိုလ်ဗလတောင် ပါလာသေးတယ်"

"ဟင်. . ."

ထိုစကားကြောင့် ဦးဒီပအပါအဝင် ကြားရသူများမှာ အံ့ဩသွားကြလေသည်။

"သူတို့က ဘယ်ဘဝရောက်နေကြတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဝိညာဉ်ဘဝမှာပဲ ရှိပါသေးတယ်"

"ဝိညာဉ်ဆိုမှတော့ ဘယ်သိနိုင်ပါတော့မလဲဗျာ. ."

ဟုပြောလိုက်လေသည်။

ဦးဗန်ကောင်းက လက်ဖက်ရည်ပန်းကန်ကို သောက်ရင်းပြောပြသည်။

"ဝိညာဉ်ဘဝရောက်နေတယ်ဆိုပေမယ့်၊ အဆင့်အတန်းပေါ်မှာ မူတည်ပြီး မသိနိုင်တာတွေရှိသလို သိနိုင်တာတွေလည်းရှိပါတယ်၊ တချို့ဝိညာဉ်တွေဆိုရင် လူနဲ့နီးစပ်လို့ လူတွေနဲ့တောင် အတူတကွ လာနေနိုင်ကြတာမျိုးတွေ ရှိကြပါတယ်"

"မသိပါဘူး ဆရာကြီးရယ်၊ ကျုပ်တို့ကတော့ ဝိညာဉ်ဆိုတာနဲ့ တစ္ဆေသရဲတွေပဲ သိကြတာဆိုတော့. ."

"ဝိညာဉ်ဘဝရောက်နေတဲ့ ပြိတ္တာလို့ခေါ်တဲ့ ပရလောကသားတွေမှာလည်း သူ့အဆင့်နဲ့သူ ကွဲပြားမှုရှိကြပါတယ်"

ဟုအောက်ပါ အကြောင်းအရာအချို့ကို ပြောပြလေသည်။

လူ့ဘုံ၊ လူ့ဘဝ၊ လူဖြစ်စဉ် ကာလက အကုသိုလ်အမျိုးမျိုးကို ကျူးလွန်ခဲ့ကြသည့်အတိုင်း ယင်းအကုသိုလ်ကံ အမျိုးမျိုးအားလျော်စွာ အကျိုးပေးသော ပြိတ္တာတို့မှာလည်း အမျိုးအစားအားဖြင့် အမျိုးမျိုးများပြားလှသည်။

သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ) အနူရာဓမြို့နေ အသမယောသဆရာက ပြိတ္တာအမျိုးအစားများကို ခွဲခြားပြဆိုခဲ့သည်။





* သူစိလောမ ပြိတ္တာမျိုး၊
* ခရလောက ပြိတ္တာမျိုး၊
* ဒီဃနခ ပြိတ္တာမျိုး၊
* ကေပါဒ ပြိတ္တာမျိုး၊
* အနေကပါဒ ပြိတ္တာမျိုး၊
* ကေဟတ္တ ပြိတ္တာမျိုး၊
* အနေကဟတ္တ ပြိတ္တာမျိုး၊
* ကေနေတ္တ ပြိတ္တာမျိုး၊
* အနေကနေတ္တ ပြိတ္တာမျိုး၊

ထိုပြင် ဗုဒ္ဓဘုရားရှင်ကလည်း ပါရာဇိကဏ် ပါဠိတော်နှင့် သံယုတ်ပါဠိတော်များတွင်လည်း ပြိတ္တာအမျိုးအစားပေါင်း (၂၁)မျိုး ဟောကြားထားတော်မူခဲ့သည်ကို တွေ့ရှိရသည်။

ယင်းသို့ပြိတ္တာအမျိုးအစားများ အလွန်များပြားလှသော်လည်း သဂါယနာဝင် အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများ၌ ယင်းပြိတ္တာ အမျိုးမျိုးတို့မှာ အောက်ပါပြိတ္တာလေးမျိုးတို့တွင် ထိုက်သည့်အားလျော်စွာ အကျုံးဝင်ကြကုန်သည်ဟု ဖော်ပြထားပေသည်။ ယင်းလေးမျိုးမှာ. . .

* ပရဒတ္တူပဇီဝိက ပြိတ္တာ
* ခုပ္ပိပါသိက ပြိတ္တာ
* နိဇ္ဈာမတဏှိကပြိတ္တာ
* ကာလကဉ္စကပြိတ္တာ တို့ဖြစ်ကြသည်။

အဆိုပါ ပြိတ္တာလေးမျိုးတို့တွင် --

* သူတစ်ပါးတို့ပေးအပ်သော အစားအစာကို အမှီပြု၍



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေရသော ပြိတ္တာသည် ပရဒတ္တူပဇီဝိက ပြိတ္တာ ဖြစ်သည်။

* ထမင်းငတ်ဆာဆောင်ခြင်း၊ ရေမွတ်သိပ်ဆာလောင်ခြင်း စသော အစာအာဟာရ ဆာလောင်ခြင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက်ခြင်း ခံစားနေရသော ပြိတ္တာသည် ခုပ္ပိပါသိက ပြိတ္တာ ဖြစ်သည်။

* အမြဲအကြွင်းမဲ့ လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်း ရှိနေသော ပြိတ္တာသည် နိဇ္ဈာမတဏှိက ပြိတ္တာဖြစ်သည်။

* 'အသုရာကာယ်'သည်. . အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာ အသုရကာယ်သည် ကာကဥ္စိက ပြိတ္တာဖြစ်သည်။

ကာလကဥ္စိကပြိတ္တာမှာ ပြိတ္တာဟူ၍ အမည်တပ်ခေါ်ဝေါ်နေသော်လည်း အသုရကာယ်အမျိုးအစားအဖြစ်ဖြင့်သာ ထင်ရှားသည်။

ပရဒတ္တူပဇီဝိက ပြိတ္တာအမျိုးအစားမှာ လူ့ဘဝ၌ ကျန်ရစ်ခဲ့ကြသူ သားသမီး၊ မွေးချင်းသားချင်း၊ ဆွေမျိုး ဉာတကာ တို့က 'ပေတဒါန' အဖြစ်ဖြင့် ရည်ညွှန်းလှူဒါန်းသည်ကို ဝမ်း မြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်ခွင့်ရလျှင် သာဓု ခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် စားသောက်စရာအစာအဟာရ များ၊ အဝတ်တန်ဆာများ၊ နေထိုင်စရာ ဘုံဗိမာန်များကို ချက် ချင်း လက်ငင်းရရှိနိုင်ပေသည်။

ဖော်ပြခဲ့သည့် ပြိတ္တာလေးမျိုးတွင် နိယတဗျာဒိတ် ခံယူ ပြီးသည့် ဘုရားလောင်းတို့သည်. . .

* ခုပ္ပိပါသိက ပြိတ္တာမျိုး





* နိဇ္ဈာမတဏှိက ပြိတ္တာမျိုး

* ကာလကဥ္စိကပြိတ္တာမျိုး. . တို့၌ လုံးဝမဖြစ်ကြောင်း ဖော်ပြချက်များရှိသည်။

သို့ဖြစ်ရာ ဗျာဒိတ်ရပြီးသော ဘုရားလောင်းများ အနေ ဖြင့် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုး၌မူ ဖြစ်နိုင်သေးသည်ဟု ယူဆ နိုင်ပေသည်။

သာဓု မခေါ်နိုင်သော ပြိတ္တာများဖြစ်သည့် အကုသိုလ် ကံ အလွန်ကြီးလေးသော ပြိတ္တာများမှာကား လူ့ဘဝမှ ဆွေမျိုး ဉာတကာများက 'ပေတဒါန'အဖြစ် ရည်ညွှန်းလှူဒါန်းကာ အမျှ ပေးဝေပါသော်လည်း သာဓုပင်မခေါ်နိုင်ရှာကြပေ။

ရင်နာစရာကောင်းသည့်ဘဝမျိုးသို့ ရောက်ရှိပြီး သာဓု ပင် မခေါ်နိုင်သော ပြိတ္တာများသည် ရှေးရှေးခေတ်များ၌သာမက ယခုမျက်မှောက်ခေတ်၌ လူ့ပတ်ဝန်းကျင်တွင်လည်း တွေ့ရှိနေ ရပေသည်။

ဦးဗန်ကောင်းက ထိုကဲ့သို့ပြောပြသောအခါမှ နား ထောင်နေသူများမှာ ပြိတ္တာလောကသို့ ရောက်နေကြသူများ၏ အကြောင်းကို သိသင့်သလောက်သိကာ အသီးသီး သက်ပြင်းချ လိုက်ကြလေတော့သည်။ အပြင်ဘက်မှာတော့ ညဉ့်နက်ပိုင်း အချိန် ရောက်လာပြီဖြစ်သောကြောင့် နှင်းများပိတ်မှောင်နေ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

# စမ လိုက်ဂူမှ နှင်းဝင်ရတနာများ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ စမလိုက်ဂူ ရှာဖွေရန်အတွက် စတင်ပြင်ဆင်ကြလေသည်။

ယခင်နေ့ရက်များကကဲ့သို့ ခရီးဆက်ကြရန် မရှိတော့သဖြင့် ပစ္စည်းများသယ်ယူရခြင်းဟူသော အလုပ်များခြင်းမျိုး မရှိကြတော့ပေ။

ပစ္စည်းများကို စတည်းချသော ဂူပေါက်အတွင်းမှာပင် ထားခဲ့ပြီး အသုံးပြုရန်လိုအပ်သော ပစ္စည်းများကို အသီးသီး



www.burmeseclassic.com

www.burmeseclassic.com



ယူဆောင်ခဲ့ကြလေသည်။

ပထမဆုံးပြုလုပ်ရမည့် ကိစ္စကတော့ သစ်ပင်လေး တို့၏ အရိပ်လေးခု တစ်ထပ်တည်းကျနေသောဘက်သို့ ဦးတည် ပြီး လိုက်လံရှာဖွေကြခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ ရှာဖွေနေကြစဉ်မှာပင် သူတို့ရောက်နေသော လွယ်နောတောင်နှင့် မနီးမဝေး အနောက်ဘက်ဆီမှ သေနတ် သံများကို ကြားကြရလေသည်။

ထို့ကြောင့် အခြေအနေကို နားစွင့်ကြည့်ကြသည်။

"ဒီနေရာတွေ ဘိန်းကုန်ကူးတဲ့လူတွေ၊ တရုတ်ဖြူတွေ သွားလာနေကြတော့ ဒီလိုပဲ တိုက်ပွဲတွေ မကြာခဏ ဖြစ်နေကြ တာပါပဲ"

ဟု ဦးစိုင်းနောင်က ပြောသည်။

"ဒီနယ်ဘက်မှ တရုတ်ဖြူတွေက ရှိနေကြသေးတာပဲ လား"

"ရှိတာပေါ့. . ဒီဘက်က သူတို့စားကျက်တွေပဲ၊ စစ်တပ် တွေနဲ့ နီးတဲ့နေရာတွေလောက်သာ မလာတာ တခြားနေရာ တွေကတော့ လစ်ရင်လစ်သလို ဝင်နေကြသေးတာပဲ"

ဟု ပြောပြသည်။

ကြားနေရသော သေနတ်သံများက အတော်များသည်။

သာမန်တစ်ချက်ချင်း၊ နှစ်ချက်ချင်း ကြားနေရသည်မျိုး မဟုတ်ဘဲ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲဖြစ်နေသကဲ့သို့ ကြားနေ ရသောအသံမျိုးဖြစ်သည်။

"သေနတ်သံတွေက သိပ်မဝေးဘူး၊ တောင်တစ်လုံး





လောက်ပဲခြားတယ်. . ဒီတော့ ကျုပ်တို့ရှိတဲ့ဘက်က အသံထွက် လို့မဖြစ်ဘူး၊ သေနတ်သံကြားရင် သူတို့ရောက်လာကြလိမ့်မယ်"

ဟု ဦးဒီပကပါ ဝင်သတိပေးသည်။

"နောက်တစ်ချက်က မီးခိုးလည်း မထွက်စေနဲ့၊ ညကဖို ထားတဲ့မီးပုံကို ရေနဲ့ငြိမ်းထားရင်ကောင်းမယ်၊ ပြီးတော့ အလုပ် လုပ်တဲ့သူကလုပ်၊ ဂူပေါက်ရှာတဲ့လူကရှာ ကျန်တဲ့လူတွေက လက်နက်တွေအဆင်သင့်ပြင်ပြီး အခြေအနေစောင့်ကြည့်နေ ရင် မကောင်းဘူးလား"

ဟုပြောသဖြင့် လူစုခွဲကြသည်။

ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ ဦးဗန်ကောင်းတို့ သုံးယောက်က ဂူပေါက်ရှာဖွေရန် တာဝန်ယူပြီး. . ကျော်စွာနှင့် ကျန်ခဲ့သော (၆)ယောက်က သေနတ်များကို အဆင်သင့်ပြင်ပြီး အခြေအနေစောင့်ကြည့်ရန်အတွက် သစ်ပင်ကြီးလေးပင်ရှိသော နေရာမှာ ကျန်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာလည်း သေ နတ်နှစ်လက်နှင့် အခြားလက်နက်ပစ္စည်းများ အစုံအလင်ပါကြ လေသည်။

မနေ့က ညနေပိုင်းအချိန်တွင် သစ်ပင်ရိပ်လေးခု တစ် ထပ်တည်းကျပြီး အရိပ်ဆုံးသောနေရာကို အသေအချာ မှတ် သားထားပြီးဖြစ်ရာ အရှေ့ဘက်သို့လာကြလေသည်။

တဖြည်းဖြည်းနှင့် လျှောက်သွားရာ နောက်ဆုံးတော့ ကျောက်တုံးကြီးတစ်တုံးရှိသောနေရာ ရောက်သွားပြီး ရှေ့ဆက် သွား၍ မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ချောက်ကြီးသာ ရှိနေလေတော့သည်။

"ရှေ့ဆက်သွားလို့မရတော့ဘူး"

နီမောင်ကပြောသဖြင့် ဒေါက်တာမင်းထင်ကျော်
ရှေ့တိုးလာပြီးကြည့်သည်။

ချောက်ကမ်းပါးစွန်း၌ သစ်ပင်တစ်ပင်ရှိနေပြီး ထိုသ
ပင်နေရာမှကြည့်လျှင် အောက်ဘက်၌ ဂူပေါက်ဝလိုလို တွေ့
လေသည်။

"ရှေ့ဆက်သွားလို့မရတော့ပေမယ့်၊ အောက်ကို ဆင်း
လို့တော့ရသေးတယ်၊ အောက်ဘက်ကျောက်နံရံမှာ ဂူပေါက်
တွေ့တယ် ဘယ်လိုဆင်းမလဲ"

"နွယ်ကြိုးနဲ့ဆင်းရင်ရတယ်ဆရာ"

ဟုပြောပြီး နီမောင်က အတော်အသင့်ကြီးသော ဂုံညင်း
နွယ်ကြီးများကို ခုတ်ဖြတ်ယူလာပြီး သစ်ပင်မှာ တစ်စချည်သည်
ကျန်တစ်စကို ဂူပေါက်ဝရှိသော ချောက်ထဲသို့ လျှော့ချလိုက်
သည်။

"ကျွန်တော်အရင်ဆင်းကြည့်မယ်"

"သတိတော့ထားနော်"

နီမောင်က ခေါင်းညိတ်ပြပြီး နွယ်ကြိုးကိုခိုပြီး အောက်
သို့ဆင်းသွားရာ အောက်ဘက်မှာရှိသော ဂူပေါက်ဝသို့ ရောက်
သွားလေသည်။

သူရောက်သွားတော့မှ . အပေါ်မှာကျန်ခဲ့သော နှ
ယောက်ကို အချက်ပေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်နှ
ဦးဗန်ကောင်းတို့ ဆင်းလာကြသည်။



ဂူပေါက်ဝရောက်တော့ အခြေအနေကြည့်ရာ ဂူပေါက်
မှာ အတော်ကျယ်ပြီး အထဲမှာလေတိုက်နေသည်။

ထိုလေနှင့် အတူပါလာသော အနံ့အသက်များက
ကောင်းလှပေ။ ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးဖြင့်
ထိုးကြည့်လိုက်တော့ လင်းနို့များပျံထွက်လာသည်။

အနံ့အသက်များက လင်းနို့ချေးများမှ နံနေခြင်းဖြစ်
သည်။ လက်နှိပ်မီးရောင်ကိုပင် အသုံးပြုပြီး ဂူထဲသို့ဝင်သည်။
ခြေလှမ်းလေးငါးလှမ်းဝင်လိုက်တော့ ကျောက်တုံးလေးတုံး စီချ
ထားသည်ကို တွေ့ရလေသည်။

နီမောင်က သူယူလာသော ကညင်ဆီမီးတိုင်ကို မီး
ထွန်းလိုက်ပြီး ကျောက်တုံးများကို အသေအချာကြည့်ကြသည်။

"ကျောက်တုံးပေါ်မှာ စာလုံးတွေ ထွင်းထားတယ် ရေ
ညှိတွေတက်နေတော့ မသဲကွဲတော့ဘူး၊ ရေညှိတွေ ခြစ်ဖယ်
ကြည့်ရအောင်"

ဟုပြောပြီး ဓားများဖြင့် စာလုံးရှိသောနေရာကို ခြစ်
ဖယ်ကြရာ နောက်ဆုံးတော့ ကျောက်တုံးပေါ်မှာ ရေးထွင်းထား
သော စာလုံးလေးလုံးပေါ်လာလေတော့သည်။

စ. မ. ဗ. ဝ စာလုံးလေးလုံးပင်ဖြစ်သည်။

"ဒါ စမလိုဏ်ဂူပဲ၊ နောက်ဆုံးတော့ စ. မ. ဗ. ဝ စမ
လိုဏ်ဂူကို ကျွန်တော်တို့ရောက်ကြပြီ"

ဟု ဒေါက်တာမင်းထင်ကျော်က ကျေနပ်ဝမ်းသာသော
အမူအယာဖြင့် ပြောလိုက်လေသည်။

ထို့နောက် ကျောက်တုံးလေးတုံးကိုကျော်ပြီး အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဝင်ရာ မီးရောင်ကြောင့် ပျံထွက်လာသော လင်းနို့တစ်အုပ်ကြောင့် ရှောင်တိမ်းပေးကြရသေးသည်။

လင်းနို့အုပ် အပြင်သို့ထွက်သွားတော့မှ အတွင်းသို့ ဆက်ဝင်လာကြသည်။

အတွင်းဘက်ရောက်တော့ ဂူကြမ်းပြင်ပေါ်မှာ လင်းနို့ချေးအခြောက်များရော အစိုများပါရှိနေသဖြင့် အနံ့အသက် မကောင်းလှပေ. . .။

အထဲဆက်ဝင်သွားတော့မှ အသက်ရှူရတာ သက်သာလာသည်။ အဘယ်ကြောင့်ဆိုသော်. .

အတွင်းဘက်တစ်နေရာမှ လေဝင်နေသောကြောင့် ဖြစ်လေသည်။

အထဲရောက်တော့ ထုံးကျောက်ဂူတစ်ခုကဲ့သို့ ရှိနေသောနေရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့. . အဖြူရောင်ဖြစ်နေသော ကျောက်နံရံပေါ်မှာ အနီရောင်ဆေးဖြင့်ရေးထားသော မြားပုံသင်္ကေတကို တွေ့ရသည်။

ထိုဆေးရောင်မှာ မြေပုံပေါ်မှ ဆေးရောင်နှင့် တူလေသည်။ ထိုမြားပြထားသည့်အတိုင်း လိုက်ရှာရာ နောက်တစ်နေရာရောက်တော့ ဂူနံယံမှာရေးထားသော စ. မ. ပ. ဝ စာလုံးလေးလုံးနှင့် မြားပုံတစ်ခုထပ်တွေ့ရသည်။

မြားပုံက မြေပြင်သို့စိုက်လျှက် အနေအထားဖြစ်လေသည်။

သို့ကြောင့် သုံးယောက်သား မြားဦးကျသော နေရာ





တစ်ဝိုက်ကို တူးဖော်ကြည့်ကြလေသည်။

အောက်သို့ နှစ်ပေသုံးပေခန့် တူးလိုက်သောအခါမှာတော့ ဆီစိမ်အဝတ်များဖြင့် အထပ်ထပ်ပတ်ထားသော ဓားတစ်လက်နှင့် ကျွန်းသေတ္တာတစ်လုံးကို တွေ့ကြရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ဓားကိုယူပြီး အထပ်ထပ်ပတ်ထားသော ဆီစိမ်အဝတ်များကို ဖယ်ချလိုက်သည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် အပေါ်မှ အဝတ်များမှာ ဆွေးမြေ့နေချေပြီ။

အပေါ်မှပတ်ထားသော အဝတ်များ ဖယ်လိုက်သောအခါ နန်းစဉ်ဓားတစ်လက်ကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ဓားအိမ်ထဲမှဓားကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။

မီးရောင်ဖြင့် အရောင်တလက်လက် တောက်ပသွားသော ဓားပေါ်မှာ ယိုးဒယားဘာသာဖြင့် ရေးထားသော စာတမ်းတစ်ခုကို တွေ့ရလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်"

"သူတို့မှတ်တမ်းထဲက အတိုင်းဆိုရင်တော့ ဒီဓားဟာ စက္ကောပါလ နန်းစဉ်ဓားပဲ ဖြစ်မှာပါ"

ဟုပြောပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် အပေါ်သို့ရောက်နေပြီဖြစ်သော ကျွန်းသေတ္တာကို ဖွင့်ကြည့်ရာ သေတ္တာနှင့်တစ်လုံး အပြည့်ရှိနေသော နန်းစဉ်ရတနာတို့ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

မီးရောင်ကြောင့် နန်းစဉ်ရတနာများမှ အရောင်များ ဝင်းလက်တောက်ပနေသည်။

နှစ်ပေါင်း (၁၄၀)နီးပါး ဂူထဲမှာ နစ်မြုပ်နေခဲ့သော စက္ကောပါလ နန်းစဉ်ဓား နှင့် နန်းစဉ်ရတနာများက သူတို့ လက်သို့ ရောက်ရှိလာခဲ့ပေပြီ. . . ။

ထို့နောက် သုံးယောက်သား အပြင်သို့ပြန်ထွက်ကာ တစ်ယောက်ပြီးတစ်ယောက် အပေါ်သို့တက်သည်။

ရတနာသေတ္တာကိုတော့ အပေါ်မှ နွယ်ကြိုးဖြင့် သိုင်းချည်ကာ ဆွဲတင်ကြလေသည်။

အပေါ်သို့ပြန်ရောက်တော့ မိမိတို့စခန်းချနေသော ဂူဘက်မှ သေနတ်သံကြားလိုက်ရသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က. .

"ဟိုမှာ ပြဿနာပေါ်နေပြီထင်တယ်၊ ရတနာသေတ္တာနဲ့ နန်းစဉ်ဓားကို တစ်နေရာမှ ဝှက်ထားမှဖြစ်မယ်"

ဟုပြောပြီး လုံခြုံသောနေရာမှာ ဝှက်ထားခဲ့ကြလေသည်။

ပစ္စည်းများ ဝှက်ထားပြီးတော့ နီမောင်ကမေးသည်။

"ဘယ်လိုလုပ်မလဲဆရာ"

"ဟိုနေရာကို ပြန်သွားရမယ်၊ ဟိုမှာ ငါတို့လူတွေ ရှိနေတယ်"

ဟုပြောကာ ဂူပေါက်စခန်းသို့ ပြန်ဆင်းခဲ့ကြသည်။ မလှမ်းမကမ်းနေရာရောက်တော့. . သေနတ်ကိုယ်စီကိုင်ထားသော လူအချို့ကိုသာတွေ့ရပြီး သူတို့လူများကိုတော့ တစ်





ယောက်မှမတွေ့ရသဖြင့် စိတ်ပူသွားသည်။

သူတို့ဆင်းလာတာမြင်တော့ သေနတ်များဖြင့် ဝိုင်းချိန်ထားသည်။

ပြီးမှ တစ်ယောက်ကအနားလာပြီး သူတို့ထံမှလက်နက်များကို သိမ်းယူလိုက်သည်။

ထိုအချိန်မှာ. . ဂူထဲမှ လူတစ်ယောက်ထွက်လာလေသည်။

မြနှင်းဖြူ၏ဖခင် ဦးစပ်ဝဏ္ဏပင်ဖြစ်သည်။

ရှမ်းဘောင်းဘီတစ်ထည်ဝတ်ပြီး ခါးပတ်ပတ်ကာ သေနတ်တစ်လက် ချိတ်ထားသည်။

ဆွယ်တာအကျီ၊ သားရေဂျာကင်များဝတ်ပြီး ဦးခေါင်းပေါ်မှ မွေးပွကက်ဦးထုပ်တစ်လုံး ဆောင်းထားသည်၊

ထုံးစံအတိုင်းပါးစပ်မှာ ဆေးပြင်းလိပ်တစ်လက် ခဲထားသည်။

"လက်စသပ်တော့ ခင်ဗျားတို့ကို"

"ဒါပေါ့ကွာ မင်းတို့က ခြေရာဖျောက်သွားတော့လည်း ဒီလိုပဲ မှီအောင်လိုက်ခဲ့ရတာပေါ့၊ မင်းတို့နောက်လိုက်ရတာ. . လွယ်တော့ မလွယ်ဘူးဟေ့၊ လမ်းမှာ တရုတ်ဖြူတွေနဲ့ တွေ့လို့ ဆော်ခဲ့ရသေးတယ် ငါ့လူလေးငါးယောက်တော့ ကျန်ခဲ့တာပေါ့"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ရန်သူအခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ဦးစပ်ဝဏ္ဏအပါအဝင် (၁၀)ယောက်ခန့်သာ တွေ့ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် ကျုပ်တို့နောက်လိုက်လာတာလဲ”

“မင်းတို့ နန်းစဉ်ရတနာတွေနဲ့ နန်းစဉ်ဓားရှာဖွေဖို့ သွားတယ်ဆိုတာ မင်းတို့ချည်း သိတာမှမဟုတ်ဘဲ ငါလည်း ဒီအကြောင်းတွေ သိနေတာပဲ”

“ခင်ဗျားက ဘယ်လို အဆက်အသွယ်လဲ၊ ဗိုလ်မသေနဲ့ ပတ်သက်တဲ့လူလား”

“မဟုတ်ပါဘူးကွာ ထွက်ပြေးတဲ့ ဗိုလ်လေးယောက်နဲ့ ငါက ဘာမှမပတ်သက်ပါဘူး”

“ဒါဖြင့် ဘယ်လိုသိတာလဲ”

“သိတာပေါ့ကွာ အဲဒီဗိုလ်လေးယောက်နောက်ကို လိုက်ရှာတဲ့ ဗိုလ်ဗျူ့ဂွဆိုတာ ငါတို့ရဲ့ အဆက်အနွယ်ပဲ”

ထိုသို့ပြောတော့မှပင် သဘောပေါက်သွားလေတော့သည်၊

“ကောင်းပြီ ခင်ဗျားက ဘယ်လိုရချင်တာလဲ”

ထိုစကားကြားတော့ ဦးစပ်ဝဏ္ဏက သဘောကျစွာဖြင့် တဟားဟားရယ်လိုက်သည်။ သူရယ်သံက ပတ်ဝန်းကျင်ကိုပင် ပွဲတင်ထပ်သွားသည်။

“သူတို့လေးယောက် ဘယ်လိုပစ္စည်းတွေ မြှုပ်ထားခဲ့တယ်ဆိုတာ ငါလည်းသိပါတယ်၊ ဒါပေမယ့်. . ငါက လောဘမကြီးပါဘူးကွာ အကုန်မယူပါဘူး၊ မျှမျှတတယူမှာပါ”

“ဘယ်ပစ္စည်းယူမှာလဲ”

“ငါက တခြားပစ္စည်းတွေ မယူပါဘူး၊ စက္ကောပါလ နန်းစဉ်ဓားတစ်လက်ပဲ ယူမှာပါ လောဘမကြီးပါဘူး”





“ဘာကြောင့် ဒီဓားကို လိုချင်ရတာလဲ”

“ယိုးဒယားဘက်ကလူတွေက ဒီဓားကို ရအောင်ပြန်ရှာပေးနိုင်ရင် ငါလိုချင်တာတွေ တောင်းသလောက်ပေးမယ်လို့ ပြောထားတယ်၊ ဒါကြောင့် ငါ့အတွက်ကတော့ ကျန်တာတွေ မလိုတော့ပါဘူး”

ဟုပြောရာ ဒီတော့မှ သဘောပေါက်သွားလေတော့သည်၊

“တကယ်လို့ မပေးနိုင်ဘူးဆိုရင်ကော. .”

“မင်းအနေနဲ့ ကိုယ်နဲ့မဆိုင်တဲ့ ဓားတစ်လက်နဲ့ မင်းလူတွေအားလုံးရဲ့ အသက်ကိုလဲမယ် မထင်ပါဘူး”

ဟု အေးအေးဆေးဆေးပြောရာ ဒေါက်တာမင်းထင်ကျော်မှာ အခက်တွေ့သွားလေတော့သည်။

အတန်ကြာအောင် စဉ်းစားနေစဉ် ဦးစပ်ဝဏ္ဏက သူ့အနားကပ်လာပြီး တိုးတိုးပြောသည်၊

“မင်းနဲ့ငါနဲ့ အပေးအယူလုပ်ကြရအောင်”

ဟုပြောတော့ ဒေါက်တာမင်းထင်ကျော်က သူ့ကိုကြည့်လိုက်လေသည်။

“ဓားကိုပေးရင် မင်းလူတွေအားလုံးကို အသက်ချမ်းသာခွင့်ပေးမယ်၊ နောက်တစ်ခုက. . ငါ့သမီး မြနှင်းဖြူကိစ္စကို သဘောတူပေးမယ်၊ မင်းအနေနဲ့ သားရွှေအိုးထမ်းလာတာကို မြင်ချင်သလား၊ မြွေကိုက်ပြီး ချောက်ထဲပြုတ်ကျပြီး သေတာကို လက်ခံမလား”

ဟုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မတတ်နိုင်တော့ပေ။ သူ့လူတွေအားလုံးက ဂူထဲမှာ ပိတ်မိနေကြပြီဖြစ်သဖြင့် တခြားရွေးချယ်စရာ မရှိတော့ပေ။

ဒေါက်တာမင်းထင်ကျော်က စိတ်လျှော့ချလိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကောင်းပြီလေ ခင်ဗျားကတိသာ တည်ပါစေ . . ။

ဟုပြောကာ နန်းစဉ်ဓားဝှက်ထားသော နေရာသို့ တစ်ခေါက်ပြန်သွားပြီးယူကာ ဦးစပ်ဝဏ္ဏလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"ရော့ ခင်ဗျားလိုချင်တဲ့ စက္ကောပါလ နန်းစဉ်ဓား"

ဦးစပ်ဝဏ္ဏမှာ သူအနှစ်နှစ်အလလက အလိုရှိနေသော စက္ကောပါလ နန်းစဉ်ဓားကို ရခဲ့ပြီဖြစ်သောကြောင့် ဝမ်းသာမှုများနှင့် အကျေနပ်ကြီး ကျေနပ်နေလေသည်။

ထို့နောက် သူ့လူများကို အမိန့်ပေးလိုက်သည်နှင့် ဂူထဲ၌ ဖမ်းဆီးချုပ်နှောင်ထားသူများကို လွှတ်ပေးလိုက်ရာ ဂူအပြင်သို့ ထွက်လာကြလေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်လာလေတော့သည်။

ဦးစပ်ဝဏ္ဏ၏ တပည့်တစ်ယောက်က ပြေးဆင်းလာပြီး သတင်းပို့လေသည်။

"ဆရာကြီး . . ဆရာကြီး တောင်အောက်ကနေ တရုတ်ဖြူတွေ တက်လာတာတွေ့ရတယ်၊ ကျွန်တော်တို့ နောက်လိုက်လာတာဖြစ်မယ်"

ထိုစကားကြောင့် ဦးစိုင်းဝဏ္ဏ မျက်စိမျက်နှာပျက်သွား





လေသည်။

ထိုအခြေအနေကြောင့် ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"တရုတ်ဖြူတွေ ရောက်လာရင် ခင်ဗျားတို့ရော ကျွန်တော်တို့ပါ အသတ်ခံရမှာပဲ ဒီအခြေအနေမှာ ရန်သူ ဖြစ်နေလို့ မရဘူး နှစ်ဖွဲ့ပေါင်းတိုက်မှရမယ်"

ဦးစပ်ဝဏ္ဏကလည်း သဘောပေါက်သဖြင့် ချက်ချင်း ခေါင်းညိတ်ပြလိုက်သည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က မိမိလူများကို ပါလာသော လက်နက်များ အဆင်သင့်ပြင်ခိုင်းလိုက်သည်။

"တရုတ်ဖြူတွေ ဘယ်လောက်များသလဲ"

"လူ (၂၀)လောက်ရှိမယ်ထင်တယ်"

"ဒီလိုဆိုရင် သေနတ်ရှိတဲ့ လူတွေက တောင်ကုန်းထိပ်တွေက နေရာယူထားကြ၊ လေးနဲ့မြားပါတဲ့ သူတွေက နောက်ဘက်ကနေ ပြောက်ကြားစနစ်နဲ့ ဝင်ပစ်မယ်"

နီမောင်၊ စောထီး ငမဲအောင်တို့ သုံးယောက်က လေးဒူးလေး၊ မြားဘူးများကိုယူသွားပြီး တောင်ကြောတဖက်သို့ ဆင်းသွားကြသည်။ ဒေါက်တာမင်းထင်ကျော်က သေနတ်မရှိသော ဦးဒီပ၊ ဦးဖန်ကောင်း၊ ဦးစိုင်းနောင်၊ မြဝင်းသူတို့ကို လုံခြုံသော နေရာသို့ ပို့ပေးထားလိုက်သည်။

"ကိုကျော်စွာ မိုင်းထုပ်တွေပါ တပါတည်းယူလာခဲ့"

"စိတ်ချဆရာ ယူလာခဲ့ပြီ . ."

ထို့နောက် ဒေါက်တာမင်းထင်ကျော်ကပင် လူများကို

www.burmeseclassic.com

www.burmeseclassic.com



လူစုခွဲပြီး အသင့်စောင့်နေလိုက်သည်။

နေ့လယ်ပိုင်းအချိန်ရောက်သော လက်နက်ကိုယ်စီ ကိုင်ထားသော တရုတ်ဖြူများ တောင်ပေါ်တက်လာကြသည်။

ဦးစပ်ဝဏ္ဏတို့နှင့် လမ်းမှာတွေ့ပြီး တိုက်ခိုက်ခဲ့သော ဘိန်းကုန်ကူးသောအဖွဲ့များပင် ဖြစ်သည်။

ထိုအဖွဲ့တွင် ဒေသခံအချို့လည်းပါလာကြသည်။

အခြားမဟုတ်ပေ. . .

ကမန်ရွာဘက်မှ စိုင်းလီတို့အဖွဲ့ပင်ဖြစ်သည်။

စိုင်းလီတို့အဖွဲ့မှာ နီမောင်ထံမှ ကျားသစ်နက်သားရေ လာဝယ်သော အဖွဲ့ဖြစ်သည်။

၄င်းတို့မှာ လူ(၂၀)ခန့်ရှိသည်။

ဒေါက်တာမင်းထင်ကျော် နေရာချပေးထားသည့်အတိုင်း သေနတ်များကို အဆင်သင့်ပြင်ပြီး စောင့်နေရာ ပစ်ကွင်းသို့ရောက်သောအခါ မိုင်းထုပ်များကို စနစ်တံမီးရှို့ပြီး ပစ်ချပေးလိုက်သည်။

"ဝုန်း. . ဒိုင်း. . ."

ဟူသော မြည်သံနှင့်အတူ အချို့မှာ လွင့်စင်ထွက်သွားကြလေသည်။ ထိုအခွင့်ကောင်းကိုယူပြီး တစ်ယောက်ချင်း ပစ်ချသည်။

တိတ်ဆိတ်နေသော တောကြောပေါ်မှာ ပေါက်ကွဲသံ သေနတ်သံများ ဆူညံသွားလေသည်။

ရန်သူများမှာ ညပ်ပူးညပ်ပိတ် ဝိုင်းဝန်းတိုက်ခိုက်ခံရသောကြောင့် သွေးပျက်ကာ ရန်သူကို မမြင်ရဘဲ စွပ်ပစ်နေကြ





လေသည်။

သေနတ်သံများနှင့်အတူ အော်ဟစ်သံ၊ ဆဲဆိုသံများကလည်း ဆူညံနေလေတော့သည်။

သေနတ်ကျည်ဆံထက် ကြောက်စရာကောင်းသည်က အသံတိတ် ကျည်ဆံများဟု ခေါ်သော အဆိပ်လူးမြားတံများပင်ဖြစ်ပေသည်။ နီမောင်၊ စောထီး၊ ငမဲ့အောင်တို့မှာ မြားပစ် လက်ဖြောင့်ကြသူများဖြစ်ရာ တစ်ချက်ပစ်လျှင် တစ်ယောက်သေဆုံးသွားလေသည်။

ကျည်ဆံကမှ သေကွင်းသေကွက်မထိလျှင် အသက်ရှင်နိုင်သေးသော်လည်း ထိုသေအဆိပ်လူးထားသော [illegible] လို့ကတော့ ဘယ်နေရာထိထိ သွေးစီးရုံဖြင့် [illegible] လေသည်။

တောင်ကြောပေါ်တက်လာသော ရန်သူများမှာ သေနတ်နဲ့ရော မြားနှင့်ပါ အတိုက်ခံရသဖြင့် သိပ်မကျန်တော့ပေ။ ထိုအခါ နောက်ကြောင်းပြန်လှည့်ပြေးလာသော လူသုံးယောက်ကို အသင့်စောင့်နေသော နီမောင်တို့သုံးယောက် တစ်ယောက်စီ တာဝန်ယူပြီး သုတ်သင်ပစ်လိုက်လေသည်။ ထိုအထဲတွင် ကမန်ရွာမှ စိုင်းလီလည်း ပါသွားလေသည်။ နီမောင်ကတော့ မသိတော့ပေ။

ရန်သူများ ရှင်းသွားသောအခါမှ ဦးစပ်ဝဏ္ဏက ဒေါက်တာမင်းထင်ကျော်တို့ကို ကျေးဇူးတင်စကားဆိုလေသည်။

"အခုလို အကူအညီပေးတာ. . ကျေးဇူးတင်ပါတယ် မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ဦးတို့ကို ရန်သူလို့ သဘောမထားပါဘူး အကြောင်းရှိရင်တော့ ဒီလိုပဲ အကူအညီပေးရမှာပေါ့"

"ကျုပ်လည်း သဘောပေါက်ပါပြီ။ စက္ကောပါလ နန်းစဉ်ဓားက ယိုးဒယားတွေ အမွန်အမြတ်ထားတဲ့ ဓားတစ်လက်ပါ။ ဒါကြောင့် ဒီဓားကိုပြန်အပ်တဲ့အခါ ရရှိလာမယ့် အကျိုးအမြတ်တွေကို ကျုပ်တစ်ယောက်တည်း မယူတော့ပါဘူး၊ မောင်ရင်တို့ကိုလည်း ပေးပါရစေ. . ."

"ကျေးဇူးတင်ပါတယ် ကျွန်တော်အတွက်ကတော့ တခြားဘာတွေဘာမှ မလိုတော့ပါဘူး၊ ဦးပေးတဲ့လက်ဆောင်နဲ့တင် ကျေနပ်ပါပြီ"

ထိုစကားကြောင့် ဦးစပ်ဝဏ္ဏကလည်း သဘောပေါက်သွားဟန်ရှိလေသည်။

BURMESE CLASSIC

"ကျုပ်သဘောပေါက်ပါတယ်၊ မောင်ရင်လို အရည်အချင်းပြည့်ဝတဲ့ လူတစ်ယောက်အတွက်တော့ ဘာမှကန့်ကွက်စရာမရှိပါဘူး၊ ကျိုင်းတုံပြန်ရောက်တဲ့အခါ ကတိပေးထားတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

ထို့နောက်. . ရတနာသေတ္တာဝှက်ထားသော နေရာသို့ တစ်ခေါက်သွားပြီး သယ်ယူလာကြလေသည်။

စက္ကောပါလ နန်းစဉ်ဓားကိုတော့ ယိုးဒယားနိုင်ငံမှ တာဝန်ရှိသူများထံ ပြန်လည်ပို့ပေးရန်အတွက် ဦးစပ်ဝဏ္ဏလက်သို့ အပ်လိုက်လေတော့သည်။





ယခုတော့ အရာအားလုံးက ပြီးဆုံးသွားခဲ့ပေပြီ. .။

အပြန်ခရီးမှာတော့ ကျော်စွာနှင့် မြဝင်းသူတို့မှာ တတွဲတွဲရှိနေကြရာ ကျန်သူများက သဘောပေါက်စွာဖြင့် ပြုံးနေကြလေတော့သည်။

ဦးစပ်ဝဏ္ဏတို့ကပါ သူတို့နှင့်အတူတူ ပြန်လာသောကြောင့် တပျော်တပါးရှိနေတော့သည်။

အားလုံးမှာ ရည်ရွယ်ချက်များပြည့်မြောက် အောင်မြင်ပြီဖြစ်သောကြောင့် လာစဉ်ကလို မဟုတ်တော့ပဲ ပျော်ရွှင်နေကြလေသည်။

ထိုအထဲမှာတော့ ချစ်သူအတွက် မျှော်လင့်ချက်ရှိလာပြီဖြစ်သော ဒေါက်တာမင်းထင်ကျော်မှာ အပျော်ဆုံးဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

## ချစ်ခြင်းမေတ္တာနှင့် လောက၏အလှတရား

ဤဝတ္ထုရှည်ကို ဤအခန်းမှာပင်အဆုံးသတ်ရပေတော့မည်။ ရရှိလာသော ရတနာများကို ခရီးသို့လိုက်ပါသူအားလုံး ခွဲဝေယူကြခြင်း၊ စက္ကောပါလ နန်းစဉ်ဓားကိစ္စကို ဦးစပ်ဝဏ္ဏက တာဝန်ယူဆောင်ရွက်ခြင်းကိစ္စနှင့်၊ ကျော်စွာနှင့် မြဝင်းသူတို့ နှစ်ယောက်ကို ဦးဒီပကိုယ်တိုင် လက်ထပ်ပေးခြင်း စသောကိစ္စများကတော့ အသေးစိတ် ရေးစရာမလိုတော့ပါပေ။ ။

ကျိုင်းတုံပြန်ရောက်တော့ ဒေါက်တာမင်းလင်ကျော်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူနှင့် လွတ်လွတ်လပ်လပ် တွေ့ခွင့်ရလေသည်။

"ဖေဖေကတော့ ပြန်ရောက်ကတည်းက မောင့်အ ကြောင်းကိုပဲ ပြောနေတော့တယ်၊ အတော်ကလေး သဘောကျ နေပုံရတယ် သူ့အသက်ကို ကယ်ခဲ့လို့လည်း ကျေးဇူးတင်နေပုံ ရတယ်"

"ယောက္ခမကြီး သဘောကျပြီဆိုရင် ပြီးတာပါပဲ"

"လက်မထပ်ရသေးပဲ ပိုင်စိုးပိုင်နင်းပြောလိုက်တာ အနေ ဘယ်လို စီစဉ်မှာလဲ"

"မြ ဖေဖေနဲ့ မေမေကို ခွင့်တောင်းပြီး လက်ထပ်မယ် လေ၊ ပြီးရင် မြကို ရန်ကုန်ခေါ်သွားမှာပေါ့ မကောင်းဘူးလား"

"မောင့်သဘောပါပဲ ကျွန်မကတော့ ချစ်တဲ့သူခေါ်ရာ နောက်ကို လိုက်ခဲ့ဖို့ အဆင်သင့်ပါပဲ"

"မြ မပျော်ဘူးလား"

"ဘယ်လိုမေးလိုက်တာလည်း မောင်ရယ် ပျော်တာပေါ့ မောင်ရော. ."

"မောင်လည်း ပျော်တာပေါ့ ရတနာတွေရတာထက် တောင် ပျော်သေးတယ်၊ ဘာကြောင့်လည်းဆိုတော့ မြက မောင့် အတွက်တော့ ရတနာအားလုံးထက် တန်ဖိုးရှိတဲ့ ရတနာတစ် ပါးပါပဲ"

"ပြောတတ်လိုက်တာ. . ."

ဟုပြောကာ ချစ်စဖွယ် မျက်စောင်းလေးတစ်ချက် ထိုး လိုက်လေသည်။ ပြီးမှ ကြည်နူးစွာဖြင့် ပြိုင်တူရယ်လိုက်ကြသည်။

နီမောင်နှင့် ဦးစိုင်းနောင်တို့လည်း နန်းလိမ်းခံရွာသို့





ပြန်ရောက်သောအခါ ဦးစိုင်းနောင်ကမေးသည်။

"ငါတို့သားအဖ ရတနာတွေရပြီဆိုတော့ မင်းဘယ်လို လုပ်ချင်သလဲ"

"ကျွန်တော်သဘောကတော့ အခုရထားတဲ့ ရတနာ တွေကို ထုခွဲပြီး မြို့တစ်မြို့မှာ သွားနေချင်တယ်"

"မင်းနေလို့ဖြစ်တယ်ဆိုရင် ငါကတော့ အရေးမကြီးပါ ဘူး၊ ဘယ်နေရာဖြစ်ဖြစ် လိုက်နေနိုင်ပါတယ်၊ ဒါထက် မင်းကို မေးရဦးမယ် ဒီလိုပဲ နေမှာလား. . မိန်းမ မယူတော့ဘူးလား"

"ရှိတော့ရှိပါတယ် ဒါပေမယ့် သူ့ကိုမေးကြည့်ရဦးမယ်"

"လက်ဖက်ခူးတာနဲ့ မိန်းမယူတာ အတူတူပဲ၊ မြန်လွန်း ရင်လည်း မကောင်းဘူး၊ နောက်ကျလွန်းရင်လည်း မကောင်း ဘူး၊ ကြိုက်တာတွေ့ရင် မြန်မြန်သာယူပေ့ာ"

ဟု အားပေးလေသည်။ သို့ကြောင့် တစ်နေ့တွင် မြသင်း ကြူတို့နေသော ကမန်ရွာဘက်သွားလေသည်။

ထိုရွာရောက်တော့ မြသင်းကြူတစ်ယောက် အဖော် များနှင့် ဘိန်းခင်းထဲရောက်နေပြီဆိုသဖြင့် လိုက်သွားသည်။ ရွာအပြင်ဘက်မှာရှိသော ဘိန်းခင်းများက မျက်စိတဆုံးရှိနေ သည်။ ဘိန်းပန်းများကလည်း ဖွေးဖွေးဖြူနေသည်။ အဖြူရောင် ပန်းခင်းကြီးက လှပသော်လည်း ဘိန်းနှင့်ပတ်သက်သည့် ဆိုးကျိုး များကတော့ မလှပပေ။

ဘိန်းခင်းထဲမှာတော့ ဘိန်းခူးနေသော မိန်းကလေးများ ကို ဟိုတစ်စုဒီတစ်စု လှမ်းမြင်ရလေသည်။

၎င်းတို့သီဆိုလိုက်သော သီချင်းသံလွင်လွင်များကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ကြားကြရလေသည်။

နီမောင်က တဖြည်းဖြည်းစုံစမ်းပြီး လိုက်သွားရာ တစ်နေရာရောက်မှ မြသင်းကြူနှင့်တွေ့ရသည်။ မြသင်းကြူက သူ့လာတာမြင်တော့ အံ့သြနေဟန်ရှိသည်။

"နင်ဘယ်ကိုလာတာလဲ"

"နင်ဆီလာတာပေါ့"

"ငါတလောက နင်တို့ရွာဘက်ရောက်တော့ နင့်အိမ်ဝင်ကြည့်သေးတယ် နင်တို့မရှိကြဘူး၊ ဘယ်သွားနေကြတာလဲ"

"ကျိုင်းတုံဘက်သွားနေတာ ဒီမှာ နင့်ဖို့လက်ဆောင်တွေ ယူလာတယ်"

ဟုပြောပြီး နောက်မှလွယ်လာသော အိတ်ထဲမှ လက်ဆောင်ပစ္စည်းများကို ထုတ်ပေးတော့ များစွာအံ့သြဝမ်းသာနေလေသည်။

"ငါ့အတွက် တကူးတက ဝယ်လာပေးတာ ကျေးဇူးတင်လိုက်တာ"

"နောက်ထပ် လက်ဆောင်ပေးစရာတစ်ခုလည်း ရှိသေးတယ် နင်ကိုယ်တိုင်လိုက်ယူရမယ်"

"ဘာပစ္စည်းမို့လဲ"

"ဟိုရောက်တော့ တွေ့မှာပေါ့၊ အခုလိုက်ခဲ့မလား"

"ဒီမှာ ဘိန်းခူးရဦးမယ်"

"မခူးပါနဲ့တော့ အဲ့ဒီရတဲ့ငွေ ငါပေးပါ့မယ်"

"အောင်မယ် နင်က ဘယ်လောက်ချမ်းသာနေလို့လဲ"

ထိုသို့ မျက်စောင်းထိုးပြီးပြောသော်လည်း နီမောင်နှင့်





အတူ လိုက်လာလေသည်။

အိမ်ရောက်တော့မှ သူ အမြတ်တနိုးသိမ်းထားသော ပစ္စည်းကို လက်ဆောင်ပေးလေသည်။ အခြားမဟုတ်ပေ။

သူကိုယ်တိုင် ပစ်၍ရသော 'သစ်နက်ရေ' ပင်ဖြစ်သည်။ နီမောင်က သစ်နက်ရေလက်ဆောင်ပေးတော့ မြသင်းကြူက တအံ့တသြဖြစ်သွားလေသည်။

"ဒါက ဘာလုပ်တာလဲ"

"နင့်ကို လက်ဆောင်ပေးတာလေ. ."

ဟိုတစ်ခါတုန်းကပြောတော့ နင်ချစ်တဲ့သူမှ ပေးမယ်လို့ ပြောထားခဲ့တယ်မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်၊

"ဟုတ်တယ် နင်ကိုချစ်လို့ ပေးတာ. . ."

ထိုစကားကြောင့် မြသင်းကြူ၏ ဖြူဖွေးသော မျက်နှာလေးမှာ ပန်းနုရောင်သမ်းသွားလေသည်။

"နင်ကလည်း လူပျိုစကားပြောတာ ဆိုင်းမဆင့် ဗုံမဆင့်နဲ့"

"ငါက သွယ်သွယ်ဝိုက်ဝိုက် စကားတွေ သိပ်မပြောတတ်ဘူး၊ ငါ နင့်ကိုတကယ်ချစ်တယ်၊ အရင်ကတော့ ဆင်းရဲလို့ ဒီစကားမျိုး မပြောဝံ့ဘူး၊ အခုတော့ ငါနင့်ကို တင့်တင့်တယ်တယ်ထားနိုင်တဲ့ အခြေအနေမျိုး ရောက်နေပြီမို့ ဖွင့်ပြောရတာ၊ နင့်သဘောကရော ဘယ်လိုလဲ"

ဟုမေးလေသည်။

"အခုလူပျိုစကားပြော အခုအဖြေတောင်းလို့ကတော့

www.burmeseclassic.com



ဘယ်ရပ်ပါမလဲ ငါစဉ်းစားရဦးမယ်၊ မိဘတွေအသိပေးရဦးမယ်"

"ဒါပေမယ့် . . ငါတို့က ဒီရွာမှာမနေတော့ဘူး၊ မိုင်းယောင်း ဒါမှမဟုတ် ကျိုင်းတုံလောက်မှ သွားနေကြတော့မှာ နင်အကြာကြီးတော့ အချိန်မဆွဲပါနဲ့"

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ မြသင်းကြူက အတော်ကြာအောင် စဉ်းစားနေပြီးမှ . .

"ငါက လက်ခံရင် ဘယ်လိုလုပ်မှာလဲ"

ဟုမေးသည်။

"နင့်မိဘတွေဆီမှာ ခွင့်တောင်းပြီး မင်္ဂလာဆောင်မယ်၊ တစ်နယ်လုံး ဖိတ်ကျွေးမယ်၊ ပြီးတော့ မြို့ကိုခေါ်သွားမယ်"

နီမောင်က သူ့အစီအစဉ်များကို ပြောပြလိုက်သည်။

ပြီးမှမေးသည် . . .

"နင် ငါပေးတဲ့သစ်နက်ရေကို လက်ခံမလား၊ ငါမေတ္တာကိုရော လက်ခံပေးနိုင်မလား"

"ငါအပေါ်မှာ တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ချစ်တာပေါ့ မြသင်းကြူရယ်၊ တကယ်မချစ်ပဲ ဒီလိုစိတ်ကူးမျိုးတွေ စိတ်ကူးထားပါ့မလား"

"တကယ်ချစ်ရင် ပခုံးဖက်ပြီး လူပျိုစကားပြော"

"ဟင် . . ဘာဖြစ်လို့လဲ"

"ကိုယ်ချစ်တဲ့ မိန်းကလေးကို တန်ဖိုးထားတဲ့အနေနဲ့ ပခုံးဖက်ပြီး စကားပြောလေ . . ."

ဒီတော့မှ သဘောပေါက်သွားပြီး မြသင်းကြူပခုံးကို ဖက်လိုက်ရာ သူမကိုယ်ကလေးက ယိုင်ကျလာသည်။

☺ အောင်မြင်စာပေ ☺



ထိုအခါ ရင်ခွင်ထဲရောက်လာသော မြသင်းကြူကိုယ်လေးကို တင်းတင်းဖက်ပြီး ပန်းနုရောင် သမ်းနေသော ပါးပြင်ကို တစ်ချက်နမ်းလိုက်သည်။

"ပြောဖို့လိုသေးလား . . "

မြသင်းကြူက ရယ်နေရင်းနှင့် ခေါင်းခါပြသည်။

သို့သော် နီမောင်ရင်ခွင်ထဲမှ ပြန်မထတော့ပေ။ အချစ်သည် . . ချစ်သူတို့အတွက် ဘဝတစ်ခုဖြစ်သည်။ ဘဝနှင့် ထပ်တူတန်ဖိုးရှိသော ချစ်ခြင်းမေတ္တာကို ချစ်သူတိုင်း ပိုင်ဆိုင်ခွင့်ရှိကြသည်။ ဒါကပင် လောက၏ အမှန်တရားဖြစ်ပေ၏။

ယခုတော့ . . ကျော်စွာနှင့် မြဝင်းသူတို့သည်လည်းကောင်း၊ ဒေါက်တာမင်းထင်ကျော်နှင့် မြနှင်းဖြူတို့သည်လည်းကောင်း၊ နီမောင်နှင့် မြသင်းကြူတို့သည်လည်းကောင်း စစ်မှန်သော ချစ်ခြင်းမေတ္တာတို့ကို အသီးသီးပိုင်ဆိုင်ခွင့် ရခဲ့ကြပြီဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (စက္ကောပါလ စမလိုက်ဂူ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း . . နိဂုံးတမှတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနီယာဟော္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်၊ တနင်္ဂနွေနေ့၊ ည (၇)နာရီ...။